
www.burmeseclassic.com

SHWE THAMIEE PUBLISHING HOUSE

တနင်္ဂနွေ ဒါလင်





# သူဝေး

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com




SHWE THAMIEE PUBLISHING HOUSE

01 242219 / 09 5101890

SHWE THAMIEE PUBLISHING HOUSE

တနင်္ဂနွေ ဒါလင်




# သူဝေး

ရွှေသမီးစာပေ
အမှတ်၊ ၁၉၂ (၃၉)လမ်း ကျောက်တံတား၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁ ၂၄၂၂၁၉ ၊ ၀၉ ၅၁၀၁၈၉၀။

www.burmeseclassic.com

www.burmeseclassic.com

သားသား စီစဉ်၍

ရွှေ သ မီး စာ ပေ မှ
တင်ဆက်သည်။

အကြိမ်
ပထမအကြိမ်

ထုတ်ဝေသူ
ဦးတင်ကိုကို (ရွှေသမီးစာပေ)
အမှတ်-၁၂၅၊ ၃၉ လမ်း ကျောက်တံတား ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည့်ဟိန်း ။(၀၉၉၅၈)
၂၁၄ အမှတ်(၂)ဗိုလ်တထောင်ဈေးလမ်း၊
ရန်ကုန်။

စာအုပ်ချုပ်
ရွှေသမီး
အဆင့်မြင့်စာအုပ်ချုပ်လုပ်ငန်း

ပုံနှိပ်ခြင်း
၂၀၁၃ ခုနှစ် ၊ ဩဂုတ်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၅၀၀ ကျပ်

ူဝေး ၈၉၅.၈၃

( တနင်္ဂနွေဒါလင် ) သူဝေး ။ ရန်ကုန်၊
ရွှေသမီးစာပေ၊ ၂၀၁၃

-စာ၊ ၁၂၈၊ ၁၉.၅ စင်တီ။ (၁) တနင်္ဂနွေဒါလင်

BURMESE CLASSIC .com

# တနင်္ဂနွေ ဒါလင်

www.burmeseclassic.com

www.burmeseclassic.com

# တနင်္ဂနွေ ဒါလင်

## နိဒါန်း (က)

### မှုခင်း (၁)

ကျိုးကန်းတွေက သူတို့အတိတ်ကို ပြန်မပြောချင်ကြဘူးတဲ့။ ပြန်ပြောရင် ရင်နာရလို့တဲ့။ အဲ . . . အရင်တုန်းက ကျိုးကန်းတွေရဲ့ နှုတ်သီးက တိုတိုလေးတဲ့။ နောက်မှ ဘာကြောင့် နည်းနည်းရှည်လာရ တဲ့ဆိုတော့ အကြောင်းက . . .

ကျိုးကန်းကို ဒေါင်းတွေက အဖက်မလုပ်ဘူး။ 'သွား . . . မင်းက ပုံပြင်ထဲကလိုပဲ အယောင်ဆောင်တတ်တဲ့ ကောင်တဲ့'။ ပြီးတော့ ကျိုးကန်းကို ဇီးကွက်ကလည်း နှိမ်တယ်။ 'မင်းဟာ ပုံပြင်ထဲကလို အမြှောက်ကြိုက်ပြီး အသားတစ်ကို လွှတ်ကျတဲ့ ငမိုက်သားကောင်ပဲနေ မှာပါ။ ငါ့လိုပညာရှိငှက်နဲ့ အပေါင်းအသင်းလုပ်ဖို့ မကြံကြီးစည်ရာ။ မင်းနယ် . . . သွားစမ်း' တဲ့။ နောက် . . . ဗျိုင်းကလည်း မတူမတန် ဘဲ ဆက်ဆံတယ်။ 'အရောင်မတူရင် ဘောင်မတူဘူး မလာနဲ့' တဲ့။

ဒီလို နှိမ်ခံရတာကြာတော့ ကျိုးကန်း မခံနိုင်တော့ဘူး။ ငှက် တောတိုးနိုင်ဖို့ အသားဖြူမှဖြစ်မယ်လို့ တွေးမိတယ်။ ဒါကြောင့် သူဟာ



www.burmeseclassic.com

www.burmeseclassic.com

ရေကန်ထဲမှာ ရေအကြာကြီး ချိုးတော့တာပဲ။ ရေချိုးပေးလို့ ကျီးတကယ်ဘဲ မဖြူခဲ့ပါဘူး။ မဖြူတဲ့အပြင် . . .

"ဟတ်ချိုး . . . ဟတ် . . . ချိုး . . ."

နှာတွေ တစ်လလောက်စေးပြီး နှာချေရလွန်းလို့ နှုတ်သီးကြီးတောင် ရဲပြီး ရှည်လာခဲ့တယ်။ အဲ့ဒီနေ့ကစပြီး ကျီးကန်းတွေဟာ နှုတ်သီးတွေ နီရဲပြီး ရှည်လာခဲ့တော့တာပဲတဲ့။

ကျီးကန်းဟာ ဒီအကြောင်းတွေ ဘယ်သူ့ကိုမှ မပြောခဲ့ပါဘူး။

ခုမှ . . .

လူစုံတုန်း ရှင်းပြတာပါတဲ့။

* * *



## ပြင် (၂)

ဘွတ်ဖိနပ်ကြီး ကတ္တီပါဖိနပ်မလေး၊ သားရေဖိနပ်နဲ့ ခုံဖိနပ်လေးတို့ဟာ ခရီးအတူထွက်ခဲ့ကြတယ်။ အတူဆိုပေမဲ့ တစ်တန်းတည်းနေကြတာတော့ မဟုတ်ဘူး။

ဘွတ်ဖိနပ်ကြီးက ညစာစားပွဲတွေ မကြာခဏ တက်ရတဲ့ သူဆိုတော့ ဂုဏ်နေကြီး၊ မျက်နှာတည်ကြီးနဲ့ပေါ့။ ကတ္တီပါဖိနပ်မလေးကလည်း သိပ်လှတဲ့ တော်ဝင်ခြေထောက်ပိုင်ရှင်တွေမှ စီးနင်းခဲ့ရသူဆိုတော့ သူလည်း မာနတစ်ခွဲသားနဲ့ပါပဲ။ ဆိတ်သားရေဖိနပ်ကလည်း ခုနက ဖိနပ်နှစ်မျိုးလောက်မဟုတ်ပေမဲ့ သူ့ထက်နိမ့်ကျတဲ့ ခုံဖိနပ်လေးပါတော့ အသားလွှတ် ဘဝမြင့်နေပြန်တယ်။ ခုံဖိနပ်လေးကတော့ ရေအိမ်နဲ့ အိမ်နောက်ဖေးဝ ကူးသန်းနေရတာဆိုတော့ နွမ်းနွမ်းဖတ်ဖတ်ပေါ့။ ဒီဖိနပ်လေးတွေရဲ့ စိတ်ထဲမှာ တူညီနေတာ တစ်ခုတော့ ရှိကြတယ်။ ဒါကတော့ သူတို့ကိုစီးနင်းမဲ့ ခြေထောက်ပိုင်ရှင်ချင်း ယှဉ်ပြိုင်လိုကြတဲ့ စိတ်ပဲ။ ဘယ်သူဟာ အကောင်းဆုံး ခြေထောက်နဲ့ အစီးနင်း ခံရမလဲပေါ့။

ဖြုန်း !!!! ဟော . . .

မိုးကြီးရွာခဲ့ပြီ။ ဖိနပ်တွေ ခရီးလမ်းမှာ မိုးမိပြီလေ။

"ငါ့ကို စောင့်ကြပါဦး၊ ငါ့ကို စောင့်ကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com

ဘွတ်ဖိနပ်ကြီး သူ တစ်လမ်းလုံး အဖက်မလုပ်ခဲ့တဲ့ ခရီးဖော်တွေကို လက်ကလေးကမ်းပြီး လှမ်းပြောနေတယ်။ 'ငါ့ခန္ဓာကိုယ် လေးလာလို့ပါကွာ' တဲ့။

ဘွတ်ဖိနပ်ကြီးရဲ့ ကိုယ်ထဲမှာ မိုးရေတွေ စီးဝင်ပြည့်နှက်နေခဲ့ပြီကော။ သူ ဆက်မသွားနိုင်ဘဲ ကျန်ခဲ့ရရှာတယ်။ ကတ္တီပါဖိနပ်နဲ့ ဆိတ်သားရေဖိနပ်က မေးချိတ်ပြီး ဆက်လျှောက်သွားတာပဲ။ ခုံဖိနပ်လေးကတော့ ဘွတ်ဖိနပ်ကြီးကို ကယ်ချင်ပေမဲ့ မတတ်သာလို့ လှည့်ကြည့်လှည့်ကြည့်နဲ့ ထားခဲ့ရရှာတာပေ့ါ။

ခရီးတစ်ထောက်ကြာတော့ . . .

"အိုး . . . ငါ့အဝတ်တွေ ဘယ်လိုဖြစ်ကုန်တာတုံး"

ကတ္တီပါ ဖိနပ်မလေးဟာ သူ့ကတ္တီပါစတွေ တွန့်ရှိကုန်လို့ အရှက်သည်းစွာ ကိုယ့်ကိုယ်ကိုယ် ပြန်ဆွဲဖုံးနေရတယ်။ ဆိတ်သားရေဖိနပ်ကြီးက မျက်လုံးရွဲကြီးနဲ့ လှည့်ကြည့်တော့ ဘာကြည့်တာလဲလို့ ပြန်အော်သေးတယ်။ နောက်တော့ ဟိုနေရာက 'ဖွာ'၊ ဒီနေရာက 'ကွာ' နဲ့ ကတ္တီပါဖိနပ်မလေး မိုးရေဒဏ်ကို မခံနိုင်ခဲ့ပါဘူး။ မိုးသည်းထဲမှာ ငိုရှိုက်ရင်း ကျန်ခဲ့ပါတော့တယ်။

နောက်ထပ် ခရီးတစ်ထောက်မှာတော့ ကျန်တဲ့ ဖိနပ်နှစ်ရံဟာ မိုးခိုစရာတစ်ခုအောက်မှာ ရောက်နေခဲ့ပါပြီ။ ဒီအထိတောင် ဆိတ်သားရေဖိနပ်ကြီးဟာ ခုံဖိနပ်လေးကို အရေးမလုပ်ခဲ့ပါဘူး။ ဒီအချိန်မှာပဲ ခွေးမည်းကြီးတစ်ကောင်ဟာ သူတို့အနားကို နှာယောင်ရှုံ့ပွရှုံ့ပွနဲ့ ရောက်လာတယ်။ ဆိတ်သားရေဖိနပ်ဆီ နှာခေါင်းကြီးရောက်လာပြီး တရှုတ်ရှုတ်နဲ့ ရှုကြည့်တော့ သားရေအနံ့မှန်း ခွေးကသိသွားတော့သည်။ ဒီတော့ တစ်ခါတည်း ကိုက်ဆွဲပြီး ချီသွားပါတော့တယ်။

"အား . . . ငါ့ကိုကယ်ပါဦး ခုံဖိနပ်လေး"

ဘယ်ကယ်တင်နိုင်ခဲ့မှာလဲကွယ်။



မိုးလည်း တိတ်ပြီ။ ခရီးဖော်တွေလည်း ဆုံးရှုံးခဲ့ပြီ။ ခုံဖိနပ်လေး ဝမ်းနည်းစွာနဲ့ ခရီးဆက်ခဲ့တယ်။ ခုံဖိနပ်လေးဟာ စိတ်ထားမကောင်းတဲ့ မိုးရေတွေထဲ ခေါင်းငုံ့လျှောက်လာရင်း တစ်နေရာမှာတော့ တုံ့ခနဲ ရပ်သွားတယ်။ သူ့ရှေ့ဆီမှာ ခြေထောက်ဖြူဖြူလေးတစ်စုံ ရပ်နေလို့ပါ။ ခြေထောက်လေးက ဖြူပေမဲ့ သွေးတွေလည်း ပေကျံနေတယ်။ ခုံဖိနပ်လေး ချက်ချင်း မော့ကြည့်လိုက်တယ်။ သွေးတွေပေနေတဲ့ ခြေထောက်ဖြူလေးရဲ့ပိုင်ရှင်က နွမ်းနယ်နေတဲ့ မိန်းကလေး ငယ်ငယ်လေးပါ။ အဲ့ဒီမိန်းကလေးက . ..

"ခုံဖိနပ်လေးရေ . . . ငါ့မှာ ဖိနပ်မရှိတော့ လမ်းခရီးမှာ သဲတွေ၊ ခဲတွေစူးပြီး ဒဏ်ရာတွေလည်း များခဲ့တယ်။ ငါဟာ ငြိမ်းချမ်းတဲ့ဆီကို သွားမလို့ပါကွယ်။ ဒါကြောင့် သင့်ကို စီးနင်းပြီး ရှေ့ဆက်ခရီးကို သွားခွင့်ပြုပါလား"

မိန်းကလေးဟာ သူတို့မြို့မှာ စစ်ကြီးဖြစ်လို့ ထွက်ပြေးခဲ့ရသူပေါ့။ မြို့ထဲမှာ အားလုံး ပျက်စီးခဲ့ပြီလေ။ ခုံဖိနပ်လေးဟာ မျက်တောင်ပုတ်ခတ်ပုတ်ခတ်နဲ့ မိန်းကလေးကို သနားသွားတယ်။ ဒီမိန်းကလေးဟာ သူ့ကို စီးနင်းသင့်တဲ့ ခြေထောက်ပိုင်ရှင်ပဲလို့လည်း အလိုလို သိလိုက်တယ်။

"လာပါ . . . ကျွန်တော့်ကို စီးနင်းပါ။ လိုရာသွားပါ"

လို့ အလိုလားဆုံး ပြန်ပြောလိုက်တယ်။ မိန်းကလေးက ဝမ်းသာလွန်းလို့ မျက်ရည်လေးတွေ လိမ့်ကျသေးတယ်။ နောက်တော့ ခုံဖိနပ်လေးကို စီးလို့ သူမ ငြိမ်းချမ်းတဲ့နေရာသို့ ခရီးဆက်သွားပါတော့တယ်။

ပုံပြင်အဆုံးမှာ သင်တို့အနေနဲ့ ငြိမ်းချမ်းတဲ့နေရာဆိုတာ ဘယ်နေရာလဲ၊ ဆုတောင်းတိုင်း ပြည့်လို့လားဆိုတာတွေ မမေးဘဲ၊ မတွေးဘဲ သူတို့ကိုသာ ငြိမ်းချမ်းတဲ့နေရာဆီ မြန်မြန်ရောက်ပါစေလို့ ဆုတောင်းပေးနိုင်ကြပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com

## ပုံပြင် (၃)

အေးမြတဲ့ ဆောင်းရာသီဟာ ဘယ်သူ့ကိုမှ မညှာတာခဲ့ဘူး။ ဒီလို ချမ်းချမ်းစီးစီးညထဲမှာ ဘာမှမစားရသေးတဲ့ လူကလေးတစ်ယောက်လည်း ရှိတယ်။

အခု သူဟာ မြို့တော်ရဲ့လမ်းအလယ်မှာ လျှောက်လာခဲ့ပေါ့။ ချမ်းလွန်းလို့ လက်ချောင်းလေးတွေ မပြတ်လှုပ်နေတယ်။ သူ တစ်ယောက်တည်း မဟုတ်ပါဘူး။ သူ့ဘေးမှာ သူ့ခွေးပိန်လေးပါ ပါသေးတယ်။ သူ့ခွေးလေးလည်း သူ့လိုပဲပေါ့။ ဘာစားရဦးမှာလဲ။

"ဗိုက်ဆာလွန်းလို့ သေတော့မှာပဲ"

ဒီလို ညည်းညူရင်း မည်းမှောင်နေတဲ့ မြို့လမ်းထဲ တုံ့နှေးတုံ့နှေး လျှောက်လာခဲ့တာပေါ့။

ကံကောင်းတယ်ပဲ ဆိုမလား။ သူဌေးအိမ်တစ်အိမ်က ဟင်းကျန် ထမင်းကျန်တွေ သွန်နေတာကို တွေ့လိုက်ရတယ်။ သူဌေးအိမ်က သူ့အိမ်ထဲ သူပြန်ဝင်သွားတော့မှ လူကလေးနဲ့ ခွေးကလေးဟာ အဲဒီနေရာကို ဝမ်းပန်းတသာ အပြေးသွားတာပေါ့။

ဒါပေမဲ့ ဟင်းကျန်လေးတွေက သိပ်နည်းနေပါတယ်။ သူနဲ့ ခွေးလေးနဲ့ ခွဲဝေစားဖို့ ခက်ခဲအောင်ကို နည်းလွန်းအားကြီးနေတယ်။



ဒါပေမဲ့ ဉာဏ်ကောင်းတဲ့ လူကလေးက ထမင်းကျန်ဟင်းကျန်တွေကို သူတစ်ယောက်တည်း အကုန်စားလိုက်တယ်။ သူစားလို့ဝမှ အာခေါင်ထဲ လက်ညှိုးထိုး ဗိုက်ညှစ်ပြီး ပြန်အန်ချတယ်။ ဒီတော့မှ ခွေးပိန်လေးဟာ အမြီးယမ်းပြီး အန်ဖတ်တွေကို လျက်စားတော့တာပေါ့ကွယ်။ ဒီနည်းနဲ့ သူတို့ အဆာဖြေခဲ့ကြတယ်။

သူတို့အိပ်တော့ မြို့ပြင်က အကာအကွယ်မရှိတဲ့ ဇရပ်ထဲမှာ အိပ်ကြတယ်။ ချမ်းလွန်းလို့ တုန်ယင်ရင်းနဲ့ပဲ လူကလေး အရင် အိပ်ပျော်သွားတယ်။ ဒီတော့မှ ခွေးပိန်လေးဟာ သူ့အမွေးကျဲကျဲလေးတွေနဲ့ ညဉ့်နက်တဲ့အထိ မအိပ်ဘဲ လူကလေးကို ပွတ်သပ်ပြီး အနွေးဓာတ်ပေးနေခဲ့တယ်တဲ့။

အဲဒီအချိန်ပဲ ညဟာ ဘာကြောင့်မှန်းမသိ ရုတ်ခြည်း နွေးထွေးလာခဲ့တယ်တဲ့။ မြေပေါ်ကျပြီးသား နှင်းစက်တွေဟာ သိပ်မြန်လွန်းတဲ့အချိန်နဲ့ ကောင်းကင်ကို ပြန်လည် ပျံတက်ကုန်ကြတယ်တဲ့။

ဒါဟာ ဘာကြောင့်များလဲကွယ်။

သင်တို့ သိပါသလားလေ။



www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း (ခ)

သူ ဆတ်ခနဲ မေးထောက်ထားတဲ့ လက်ချော်သွားမှ အိပ်ငိုက်ရာက နိုးလာတယ်။ မျက်လုံးကို ပွတ်သပ်ပြီး ရထားပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်တယ်။ ဩော် . . . ဆင်းရမဲ့နေရာတောင် ရောက်ချေပြီပဲ။ ကံကောင်းလို့ အိပ်ပျော်ပြီး မပါသွားတာ။

သူ ဆတ်ခနဲထရပ်တယ်။ ရထားက အရှိန်လျှော့နေပါပြီ။ သူ ရထားတွဲရဲ့ တံခါးဆီသွားပြီး အကျသက်သာမဲ့နေရာကိုရွေးကာ ညာသံမပေးဘဲ လွှားခနဲ ခုန်ချလိုက်ပါတယ်။ ကျွမ်းနှစ်ပတ်လောက် လိမ့်သွားပေမဲ့ သက်သောင့်သက်သာပါပဲ။

"ဟာ . . ."

"ဟင် . . ."

ရထားပေါ်က လူတွေက ခေါင်းထွက်ပြီး သူ့ကို ကြည့်ကြတယ်။ ပြူးစိပြူးစိ ဖြစ်ကုန်ကြတယ်။ ဘာကြောင့် ပြူးစိပြူးစိဖြစ်တာမှန်း သူမသိ။ သူကတောင် ရထားပေါ်ကလူတွေကို လက်ယမ်းပြီး နှုတ်ဆက်လိုက်သေး။ ဒီတော့ လူတွေက ပြူးစိစိဖြစ်နေရာက ဝါးခနဲ ရယ်ကြတော့တယ်။



ဒီဘူတာသေးသေးလေးမှာ ရထားက ရပ်မပေးပါဘူး။ အရှိန် လျှော့ပေးပြီး ခုတ်မောင်းသွားမှန်း သူသိပြီးသားလေ။ ဒါကြောင့် သူ ခုန်ချခဲ့တာပေါ့။

ဒါပေမဲ့ အခု ရထားကြီးက ရပ်သွားပါတယ်။

"ဟင် . . ."

သူ ရထားကြီးကို ကြောင်တင်းတင်း ကြည့်နေမိတယ်။ ရထားပေါ်က ခရီးသည်တချို့ သူ့လို လေထီးစစ်သား ဝင်စားစရာမလိုဘဲ အေးအေးလူလူ ဆင်းလာကြတယ်။

"ဘယ်လိုဖြစ်တာလဲဗျ . . . ရထားကပြီးခဲ့တဲ့ နှစ်ပတ်သုံးပတ်လောက်ကတောင်မှ ဒီဘူတာမှာ မရပ်ပေးသေးပါဘူး"

ခရီးသည်တွေက ခုန သူခုန်ချသွားပုံကို မြင်ယောင်ပြီး ပြုံးစေ့စေ့ဖြစ်နေကြဆဲ။ ခရီးသည်တစ်ဦးက . . .

"အခု ရထားက ဒီဘူတာမှာ ရပ်ပေးပြီကွ။ မောင်ရင်က ဒါကိုမသိဘဲ တက်တက်ကြွကြွကြီး ခုန်ချလိုက်တော့ အားလုံးက ရယ်ချင်သွားတာပေါ့ကွ"

"အာ . . . ဒုက္ခပါပဲ၊ ကျွန်တော် ငပေါဖြစ်သွားတာပေါ့။ ကျွန်တော်လည်း ဟိုတလောကမှ ဒီဘူတာရောက်သေးတာ ခုန်ဆင်းရတော့သာ"

"ဟိုတလောဆိုတာနဲ့ အခုဆိုတာနဲ့က တူမှမတူဘဲကိုးကွယ့်"

"ဩော် . . ."

ခရီးသည်က ရိုးရိုးပြောသွားတာပါ။ ဒါပေမဲ့ သူ တော်တော် အသွားတယ်။ ဟိုတလောက အခုမဟုတ်ဘူး။ ဟိုတလောနဲ့ အခုနဲ့ ဘာမှမဆိုင်တော့ဘူး။ ဟိုတလောကဆိုတာ ပြီးသွားပြီ။ ဒါဆို အတိတ်ပေါ့။ ဟင်း . . . ။



www.burmeseclassic.com

www.burmeseclassic.com

သူ ခေါင်းငိုက်စိုက်ရင်း ရထားလမ်းဘေးအတိုင်း ဆင်းလျှောက်လာခဲ့တယ်။ မိနစ်နှစ်ဆယ်လောက်လျှောက်တော့မှ သစ်ပင်တစ်ပင်အောက် ရောက်သည်။

သစ်ပင်က ခပ်ရှယ်ရှယ်ဆိုပေမဲ့ ဒီနေရာတစ်ပိုက်မှာ အရိပ်အလှဆုံးပဲ။ သူ ဒီနေရာကို တစ်ချက်ကြည့်ပြီး ဆက်လျှောက်သွားတယ်။ ဆယ်မိနစ်လောက် ထပ်လျှောက်တော့ သစ်စက်တစ်ခုရောက်တယ်။ အဲ့ဒီသစ်စက်ကနေ သစ်သားပျဉ်တချို့ဝယ်ပြီး လက်နဲ့ သယ်ခဲ့တယ်။ ခုနက သစ်ပင်ဆီကို တစ်ခေါက်တည်းနဲ့ မနိုင်လို့ နှစ်ခေါက်သုံးခေါက် သွားရတယ်။

နောက်ဆုံးအခေါက်မှာ တူတွေ၊ သံတွေ၊ လွှတွေ၊ ဆောက်တွေပါ ငှားခဲ့တယ်။ မောမောနဲ့ သယ်လာတာတွေကို ပစ်ချလိုက်တယ်။

"အမယ်လေးဗျ . . ."

တူက သူ့ခြေထောက်ပေါ် ပစ်ချမိတော့ သူ ဆွေ့ဆွေ့ခုန်သွားတာပေါ့။

ကြာကြာမညည်းနိုင်ဘဲ အလုပ်စတယ်။ သူ သစ်ပင်မှာ ခုံတန်းလျားလေးတစ်ခု ဆောက်လုပ်မလို့ပါ။ လွှနဲ့ဖြတ်တယ်။ တဗျိဗျိနဲ့ ဂျင်းဘောင်းဘီအနားစတွေပါ ဖြတ်မိကုန်တယ်။

ပျဉ်ပြားကို သံရိုက်တယ်။

"အ . . ."

လက်မကို ထုမိတယ်။ အိုး . . . အီသွားတာပဲ။

နောက် ချွေးတလုံးလုံးနဲ့မို့ စီးကရက်လေးခဲပြီး ခဏအနားယူတုန်း

"ဟ . . . သောက်ချွေး"

သစ်ပင်ပေါ်က မြွေပြုတ်ကျလာတယ်။ တုတ်ချောင်းနဲ့ ရှူး . . .



ရှူး . . . မောင်းထုတ်ရတယ်။ မောမောနဲ့ ပြန်ထိုင်တယ်။ ဖင်ကို သံဆူးတယ်။

"အား . . . လား . . . လား . . ."

အဲ့ဒီအခိုက်ပဲ သစ်ပင်ဘေးက ချုံပုတ်က မီးထတောက်တယ်။ ခုနက မြွေပြုတ်ကျလို့ ယောင်ယမ်းပြီး လွှင့်ပစ်မိတဲ့ စီးကရက်မီးက တစ်ဆင့်။ ကဲကွာ . . . ကဲကွာ . . . ဆိုပြီး သစ်ကိုင်းတွေချိုးပြီး ရိုက်ငြိမ်းလိုက်ရတယ်။ ဟူး . . . ။

ဒီလို အဲ့ဒီလိုအဖြစ်တွေနဲ့ ညနေကျမှ ခုံတန်းလျားလေးပြီးမယ်။ သပ်သပ်ရပ်ရပ်တော့ ပြီးသွားပါတယ်။ သူ ခုံမှာ ထိုင်ကြည့်ပြီး အမောဖြေမိတယ်။ ဒါပေမဲ့ တစ်ခုခုကို သတိရသွားပြီး ဆတ်ခနဲ ပြန်ထလိုက်တယ်။ သူ အရေးကြီးတာတစ်ခုကို လုပ်ရဦးမယ်။

ပျဉ်ပြားကို အရွယ်တော်လေး ဖြတ်လိုက်တယ်။ ဆိုင်းဘုတ်အရွယ်လောက်ပေါ့။ ပြီးတော့ ကျောပိုးအိတ်ထဲက အသင့်ယူလာတဲ့ သဘော်ဆေးဘူးလေးနဲ့ စုတ်တံကို ထုတ်လိုက်တယ်။ ပြီးတော့ ပျဉ်ပြားပေါ်မှာ စုတ်တံနဲ့ စာသားတစ်ခု ရေးပါတော့တယ်။ ရေးပြီးတော့ မြန်မြန်ခြောက်အောင် လေနဲ့မှုတ်တယ်။ ပြီးတော့ ခုံတန်းလျားရဲ့ အပေါ်ဘက် သစ်ပင်ပင်စည်မှာ အဲ့ဒီဆိုင်းဘုတ်ကို တဒုတ်ဒုတ်နဲ့ ရိုက်ပါတော့တယ်။ ပြီးမှ အားလုံးပြီးသွားသလို သူ ခုံတန်းလျားမှာ ပြန်ထိုင်တယ်။

ဒီအချိန် . . . ဟိုး . . . မိုးကောင်းကင်တိမ်မြုတွေထဲမှာ လေယာဉ်ပျံမှုန်မှုန်ကလေး ပျံနေတာကို တွေ့လိုက်ရတယ်။ ဒီမြင်ကွင်းက သူ့ကို ဘာစိတ်ထိခိုက်စေပါသလဲ။ သူ အလိုလို ပူဆွေးမောပန်းလာတယ်။

" . . . ရေ . . . နင်ဖြစ်ချင်တဲ့အတိုင်း ဒီနေရာမှာ ခုံတန်းလျားလေးတော့ ရှိခဲ့ပြီလေ။ တစ်ချိန်ချိန်မှာ ငါတို့ အတူတူထိုင်နိုင်ခွင့်ရှိမှာလား"



www.burmeseclassic.com

www.burmeseclassic.com

ဒူးပိုက်ထိုင်ထားတဲ့ လက်တွေပေါ် သူ မျက်နှာကို မှောက်ချ လိုက်မိတယ်။

နေက တရွေ့ရွေ့နဲ့ ဆည်းဆာဆီ နိုးလာပြီ။

သစ်ပင်အောက်မှာ ခုံတန်းလျားတစ်ခု၊ခုံတန်းလျားတစ်ခုပေါ် လူငယ်လေးတစ်ယောက်၊ လူငယ်လေးရဲ့ ခေါင်းအထက်မှာ ဆိုင်းဘုတ် တစ်ခု၊ ဆိုင်းဘုတ်ထဲက စာသားကတော့ . . .

No Fool Zone

ᯤ ᯤ ᯤ



နှင်းမိုးရာသီ အစကတည်းက
တစ်ယောက်ထဲလမ်း
　　မွေးရာပါ မီးနိုပြခံထားရတဲ့သူပါပဲ။
　　အတွင်းမကြေပါဘူးလို့ ဘယ်လိုငြင်းငြင်း
　　အပြင်နံရံတွေက မျက်ဝါးထင်ထင်ပြိုလို့။
ခဏလေးပါဟာ
မကြာစေရပါဘူး
နင့်ရင်နုံ့လေး အလွတ်ရခါနီးပါပြီ . . . ချစ်သူရဲ့။
　　နောက်ပိုင်း . . .
　　လမင်းကို လုံးချေမိလည်း အပြစ်မရှိ
　　သီချင်းတွေ သွေးလွန်သွားလည်း အပြစ်မရှိ
　　နင့်ကို ချစ်မိတာသာ အပြစ်နည်းနည်းရှိရဲ့လို့
　　ငါ သိလိုက်တယ်။
နည်းနည်းပါဟာ
အများကြီးမဟုတ်ပါဘူး
ဒါပေမဲ့ အဲ့ဒီနည်းနည်းက
ငါ သေဖို့လည်း လုံလောက်နေ။
ငါရှင်ဖို့လည်း လုံလောက်နေ။
အခုလို မသေမရှင်ဖြစ်နေဖို့လည်း
ကောင်းကောင်းလုံလောက်စေခဲ့ပေါ့ . . . ။



www.burmeseclassic.com

www.burmeseclassic.com

(1)

သူ ခြေဖျားထောက်၍ လှမ်းလှမ်းဖတ်နေမိသည်။ သူက တုရာသီ။ ထို့ကြောင့် ချိန်ခွင်ကလေးကို အားကျ၍ အရာရာကို ညီညွတ်မှုတချင်နေတတ်သည်။ ဂျာနယ်ထဲမှ (Libra) ဟူသည့် ချိန်ခွင်ပုံဘေးမှ ဟောစာတမ်းစာပိုဒ်ကလေးကို သူ မြင်နေရသည်။

ကောင်းသော အပြောင်းအလဲနှင့် ကြုံမည်။ သူတစ်ပါးအပေါ် လွန်လွန်ကျူးကျူး အားနာတတ်ခြင်း ရှောင်ပါ။ချစ်သူရည်းစား မရှိသေးသူများ ဖူးစာဖက်နှင့် တွေ့မည်။ လူမျိုးခြား အကျိုးပေးမည်။ ဆုံးပြီဟု ထင်ထားသောငွေများ ပြန်ရမည်။

"ရှက် . . . "

ရှေ့မှလူကြီး၏ စာရွက်လှန်သံ။

သူ ဖတ်ကောင်းတုန်းရှိသေး ရှေ့မှ ဂျာနယ်ပိုင်ရှင်လူကြီးက နောက်တစ်မျက်နှာ လှန်လိုက်ပြီ။ သူ့ ဂျာနယ်သူ ဖတ်နေတာဆိုတော့ ကိုယ်က ခေါင်းထခေါက်လိုက်၍လည်းမဖြစ်။ ကိုယ်ကသာ နောက်ကနေ လှမ်းဖတ်နေသူ မဟုတ်လား။

သူ ဂျာနယ်လည်း လှမ်းမဖတ်တော့ဘဲ ဘတ်စ်ကားကိုသာ မုန့်ဖိုးပေးမည်ဟု အတိအကျပြောထားသော မတော်ရသေးသည့် ယောက်ဖချီ မျှော်နေသလို တင်းတင်းနှင့် ဆက်မျှော်နေမိသည်။ ခုနက ဟောစာတမ်းထဲမှာ စာတစ်ကြောင်းကို ပြန်သတိရမိ၍လည်း သူ ပြန်ကျေနပ်နေသည်။ 'ဆုံးပြီဟု ထင်ထားသော ငွေများ ပြန်ရမည်' တဲ့။ သူ့အာရုံထဲ ဝင်းပပမျိုးကို မှောင်ခနဲ မြင်ယောင်လိုက်မိသည်။ တကယ်ဆို လင်းခနဲ မြင်ယောင်လိုက်သင့်သော်လည်း ဝင်းပပမျိုး၏ ကိုယ်ရောင်ရှိန်ဝါကြောင့် မှောင်ခနဲ မြင်ယောင်လိုက်ရခြင်းသာဖြစ်သည်။

"လုပ်ပါ . . . မင်းဘွဲ့ရယ်၊ ငါ့ဦးလေး မျက်စိနာနေတာဟ။ သူ့အတွက် ဆေးဝယ်သွားချင်လို့ပါ။ ပိုက်ဆံက ဧသချာထည့်ခဲ့ရဲ့သားနဲ့ ဘယ်လိုမေ့ကျန်ခဲ့မှန်း မသိပါဘူး . . . ကျွတ်"

"အာ . . . ငါလည်း . . . ဟိုဟာ . . . "

"ကူညီပါဟာ . . . ငါ့အဒေါ်က အချိန်မီဆေးရမှကို သူ့ခါးနာတာ ပျောက်မှာဟ"

"ဟင် . . . နင်အခုနက ပြောတော့ နင့်ဦးလေး မျက်စိအတွက် ဆေးဝယ်မှာဆို"

"အေးလေ . . . ငါ့ဦးလေးက မျက်စိနာနေတော့ ကြမ်းပြင်မှာ လှဲနေတဲ့ ငါ့အဒေါ်ကိုမမြင်ဘဲ သူ့ဘာသာသူ လမ်းသွားရင်း အပေါ်ကနေ တက်ကြိတ်နင်းမိသွားတယ်ဟ။ အဲ့ဒီမှာ ငါ့အဒေါ် ခါးနာသွားတာပဲ"

"ဟင်း . . . အဖြစ်ကလည်း။ နင့်ဦးလေးက မမြင်ချင်ယောင်ဆောင်ပြီး နင့်အဒေါ်ကို သပ်သပ် လုပ်ကြံတာလည်း ဖြစ်နေနိုင်တယ်နော်"

"အေး . . . အဲ့ဒါကတော့ သူတို့ အတွင်းရေးပေါ့ဟာ။ ဘာပဲဖြစ်ဖြစ် ငါ့ကိုတော့ ပိုက်ဆံချေးပါ . . . မင်းဘွဲ့ရယ်"

"ဟူး . . . "

ယုံကြည်စိတ် တစ်စက်ကလေးမျှမရှိပေမဲ့ နာရီဝက်လောက်ခွဲကောင်းကောင်းနှင့် ပူညံပူညံလုပ်နေမှုကြောင့် အားနာ[illegible]သည်းလာ





www.burmeseclassic.com

www.burmeseclassic.com

၍ အိတ်ထဲမှ မြန်မာငွေစစ်စစ် နှစ်သောင်းကျပ်ကို မြန်မာလိုပင် ထုတ်ချေးလိုက်ပါသည်။ စိတ်လည်း ညစ်ပါသည်။ ချေးပြီး နောက်ရက် ပြန်ပေးမယ်ဆိုပြီး နောက်ရက်ကနေစပြီး သင်တန်းလစ်နေတာ တစ်ပတ်လောက်ရှိပြီ။ အခုထိ အရိပ်လေး အရောင်လေး ထဘီစ အင်္ကျီစလေးလောက်ပင် မြင်ရအောင် ပေါ်မလာတော့။

ထို့ကြောင့် ယခု ဟောစာတမ်းထဲတွင် 'ဆုံးပြီဟု ထင်ထားသောငွေများ ပြန်ရမည်'ဆိုတော့ ကိုယ့်ပိုက်ဆံ ကိုယ်ပြန်ရမည့်အရေးအတွက်ပင် လက်ဖဝါးယားရင်း ပျော်နေမိသည်။

ရေဆိုးမြောင်းထဲ 'ထွီ' ခနဲ ထွေးလိုက်ရင်း သူ့ဖိနပ် ကြိုးပြေနေသည်ကို တွေ့၍ မြားသည်တော်လိုထိုင်ပြီး ဖိနပ်ကြိုးချည်လိုက်သည်။ ထို့နောက် ပြန်ရပ်၍ ရှေ့ဆီ မျက်နှာပြန်မူလိုက်တော့ သူတွေ့လိုက်ရသည်။

"ဟင် . . ."

ဝင်းပပမျိုးကို တွေ့လိုက်ရခြင်းဖြစ်သည်။ နောက်ကနေ လှမ်းမြင်သော်လည်း ဝင်းပပမျိုးမှန်း သူသိသည်။ ဝတ်ထားသည့် အင်္ကျီကမြင်းချေးရောင်၊ ဒါ ဝင်းပပမျိုးတစ်ပတ်မှာ ငါးရက်ခွဲလောက် ဝတ်နေကျ အင်္ကျီပဲ။ ဟော . . . ဟိုဘက်လမ်း ကူးသွားပြီ။

သူပါ အမြန်ကားလမ်းကူး၍ လိုက်တော့သည်။ သူ တစ်ဖက်လမ်းရောက်တော့ ဝင်းပပမျိုးက ပလက်ဖောင်းမှာ လျှောက်နေကြသောလူသူအများနှင့် ရောနှောဝင်၍ လျှောက်နေပြီဖြစ်သည်။

"ဟေ့ . . . ဝင်းပပမျိုး . . . ဟေ့ . . ."

"ဟေ့ . . . ဝင်းပပမျိုး . . . ဝင်းပပမျိုး . . . ဟေ့ ဟေ့ "

သူ အကြိမ်ကြိမ် အခါခါ အာသီးခါအောင်အော်ခေါ်ပြီး သူလိုက်သော်လည်း ဝင်းပပမျိုးက လှည့်မကြည့်။ ခြေလှမ်းပင် သွက်သွက်လျှောက်သွားသည်။ သူလည်း ထပ်၍ မြန်နှုန်းမြင့်လိုက်ရင်း . . .



"ဟေ့ . . . ဝင်းပပမျိုး သွားရည်ထွက်မ"

မဟာတ်နိုင်။ ပျားသကာလို ချိုလှစွာ ခေါ်နေတာကို မကြားချင်ယောင်ဆောင်နေမှတော့ နာမည်ပုပ်တွေ ဖော်ရတော့မည်။ ဝင်းပပမျိုးအိပ်ငိုက်လျှင် သွားရည်တွေ ခရုပတ်သဏ္ဍာန် ထွက်ကျတတ်ကြောင်းကို သူတို့သင်တန်းရှိ အယုတ်၊ အလတ်၊ အမြတ်မရွေး သိကြသည်မဟုတ်လား။ ဒါကြောင့် ယခု သူလည်း လူကြားထဲမှာပဲ နာမည်ဆိုးနဲ့လှမ်းခေါ်လိုက်သည်။

ဒါလည်း ဝင်းပပမျိုးက ဆက်၍သွားဆဲ။ ခအေးဆေးပင်။

"ဟေ့ . . . ဝင်းပပမျိုး . . . ဗုံလုံသီး . . . ငုံမ"

ဗုံလုံသီးကို တကယ်မမြင်ဖူးသော်လည်း ဝင်းပပမျိုး၏ အဆီတွေဖြင့် ပိတ်တင်းပြည့်အစ်နေသော ပါးနှစ်ဖက်မှာ ဗုံလုံသီး ငုံထားသလိုမျိုးပဲဟု သူက ထင်ပစ်ထားသည်။

"ဟေ့ . . . ဝင်းပပမျိုး . . . တစ်ကိုယ်လုံး ကင်ဆာမ"

ဒါကတော့ သက်သက်ဆဲတာ။ သူများသားသမီးတွေ ဘာတွေနားမလည်တော့။

ဒီလောက် မိုးမွှန်မြေမွှန်အောင် ဆဲနေတာတောင် အသွားမပျက်၊ လှည့်မကြည့်၊ သူ မဟုတ်သလိုပုံနှင့် လျှောက်သွားနိုင်သေးသည်။ သူ့စိတ်အတိုဆုံးအနေအထားအထိ တိုသွားပြီး သည်လောက်မှ ဖြစ်လှတာဟုဆိုကာ ဝင်းပပမျိုးဆီ တစ်ဟုန်ထိုးပြေးပြီး ပခုံးဆွဲလှည့်ပစ်၍ . . .

"ဟေ့ . . . ဝင်းပပမျိုး"

ဟု အရှေ့တောင်အာရှတစ်ခုလုံး တုန်သွားရအောင် အော်လိုက်တော့ . . .

"အာ . . ."

ခက်ပြီ။

ဖြစ်ကုန်ပြီ။ ဖြစ်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com

သူ အားရှိပါးရှိ ခပ်ကြမ်းကြမ်းဆွဲလှည့်လိုက်သူက ဝင်းပပမျိုး မဟုတ်။ ထို့ကြောင့် သူ့မျက်နှာ မဝင်းဘဲ အမ်းတမ်းတမ်းဖြစ်ကာ တန့်သွားသည်။

သူ ကြောင်သွားသည်။ သူဆွဲလှည့်လိုက်၍ လှည့်ကြည့်လာသော ဝင်းပပမျိုးမဟုတ်သည့် မိန်းကလေးကလည်း ဆံပင်ကလေးတွေ ဖရိုဖရဲဖြစ်သွားလျက်နှင့် ကြောင်သွားသည်။

သူ ဘာပြောရမှန်းမသိ၊ ကိုယ်ဘာပြောရမှန်းမသိ သူလည်း ကြောင်၊ ကိုယ်လည်း ကြောင်၊ နှစ်ဦးသား အတူတူ ကြောင်သွားသည်။ တော်တော်ကြာအောင် ကြောင်ပြီးမှ သူမတော့ သူ့ကို လေထဲ အားရပါးရ လက်လွှဲမြှောက်ပြီး ပါးရိုက်တော့မည်ဟု သူ ထင်လိုက်သော်လည်း သူ့အထင် မမှန်ပါ။ သူ မည်သို့မျှ ထင်မထားသော ဖြစ်ခြင်းတစ်ခုသာ ဖြစ်၍လာပါသည်။ မိန်းကလေးက ထိုင်ငိုလိုက်ခြင်းဖြစ်သည်။

"ဟာ . . ."

"ဦး . . . ဟီး . . ."

မိန်းကလေး၏ ငိုသံက တော်တော်ကျယ်သည်။ မျက်ရည်ပေါက်တွေကလည်း တော်တော်ကြီးသည်။ ဘူးသီးလုံးလောက် မရှိသော်လည်း ဘူးသီးစေ့လောက်တော့ တကယ်ရှိမည်။ ကြွေကြွေကွဲကွဲကြီးကို ငိုချလိုက်တာ။ နေရာက မှတ်တိုင်အနီး ပလက်ဖောင်းစင်္ကြံဆိုတော့ လူတွေဟာလည်း ကိုယ့်လမ်းကိုယ် ပုံမှန်အတိုင်း ဆက်မသွားနိုင်ဘဲ ခြေလှမ်းတွေနှေးကာ စပ်စပ်စုစု ကြည့်ကုန်ကြသည်။

"ဟာ . . . ဟော့ . . . ဘာလို့ ငိုလိုက်တာလဲ။ ငါက လူမှား နှုတ်ဆက်မိတာပဲဟာ"

"ဟော့ . . . ငိုစရာမလိုဘူးလေ . . . ဟော့"

"ဦး . . ."

သွားပြီ၊ ကွိုင်ကြီးကြီးတော့ ခြေငြိပြီထင်သည်။



ကမ္ဘာပေါ်မှာ သည်လိုအဖြစ်မျိုး ဘယ်နှခု ဖြစ်ဖူးသလဲ။ လူမှား နှုတ်ဆက်မိရုံနဲ့ ထိုင်ငိုသတဲ့။

"ဟော့ . . . ပြောနေတယ်လေဟာ . . . မငိုနဲ့လို့။ အာ . . . ဒုက္ခပါပဲကွာ၊ လမ်းပေါ်ကြီးမှာ"

ဘယ်လိုမှ ပြောမရ၊ သူ ခြေမကိုင်မိ လက်မကိုင်မိ ဘယ်နေရာမှလည်း မကိုင်မိဖြစ်နေသည်။

ဝန်းကျင်မှ လူအများကလည်း သူမကို အားနာသလို၊ ထူးဆန်းသလိုကြည့်ကာ သူ့ကိုတော့ ရာဇဝတ်သားလို ရှုတင်းတင်းကြည့်နေကြသည်။ အကြောင်းရင်းလည်း မသိဘဲနှင့် သူ့အလွန်ဟု ထင်နေကြသည်။ (အင်း . . . သူ့အလွန်တော့ သူ့အလွန်ပေပဲ။ ) သူမသာ နောက်ငါးမိနစ်အတွင်း အငိုမတိတ်ပါက သူ့ကို ဝိုင်းပြီး နားရင်းကြိတ်မည့် ရုပ်တွေနှင့် ခါးထောက်၊ လက်ပိုက်၊ ပါးစောင်ထဲ လျှာကန့်လန့်ထိုးပြီး ဖိုက်တာကြည့်ကြည့်နေသူများလည်း ရှိနေကြပြီ။ မျက်စိနောက်နေကြခြင်းဖြစ်သည်။

သူ့အာရုံတွေ ထူပူပြီး ခေါင်းချွေးတွေ ပြန်လာသည်။ အသက်ရှူရုံ နှာခေါင်းပဲချန်ကာ မျက်နှာတစ်ခုလုံးအား ကြားတစ်ခုခုထဲ ညှပ်ကာ ဖွက်ထားလိုက်ချင်နေသည်။

"ဟူး . . . ကဲကွာ . . . လာ . . . ဟိုနားက ကော်ဖီဆိုင်ကို သွားရအောင်။ အဲ့ဒီရောက်မှ ငါမှားတာရှိရင် ငါ့ကိုပြော၊ ငါ တောင်းပန်မယ်ကွာ။ မင်းလည်း ဝဝလင်လင် ဆက်ငို"

ရွတ် . . . ရွတ် . . . မြည်အောင်ငိုလျက် မျက်ရည်စီးနေသည့် ပါးပြင်လေးဖြင့် ခေါင်းညိတ်ပြသည်။

ထို့နောက် ကော်ဖီဆိုင်ရောက်သည်။

သူက ဘာသောက်တတ်တာမှန်းမသိတာနှင့် ကော်ဖီနှစ်ခွက် အဝင် လက်နှစ်ချောင်းထောင်ပြ၍ မှာမလို့ရှိသေး သူ့စကားသံ ပထမဆုံးအကြိမ် ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"စတော်ဘယ်ရီတစ်ခွက်"တဲ့။

သူ သူမကို ကြည့်လိုက်သည်။ သောက်စရာမှာပြီးတော့ သူမက လက်ညှိုးလေးနှစ်ချောင်းကို ကွေး၍ မျက်လုံးလေးနှစ်လုံးကို ပွတ်ကာ ပြန်ငိုနေပြန်သည်။

"ရော် . . . ဘယ်လိုဖြစ်လို့ ငိုနေတာတုန်း။ ငါက လူလေးပဲ မှားနှုတ်ဆက်မိတာကို။ ငါ့သူငယ်ချင်း ဝင်းပပမျိုးမှတ်ပြီး ခေါ်မိတာပါ။ ဒီလို လူမှားနှုတ်ဆက်ရုံနဲ့ မငိုသင့်ဘူးမို့လား"

သူမ မျက်ရည်ကို လက်ဖနောင့်ဖောင်းဖောင်းလေးနှင့် တစ်ချက်သုတ်၍ သူ့ကိုကြည့်သည်။

"ရှင် လူမှားတဲ့လူနဲ့ ကျွန်မနဲ့က ရုပ်ချင်းတူနေလို့လား"

"ဒီလိုမြင်ရတော့လည်း မတူပါဘူး။ အသားအရေကော ရုပ်ရည်ကော တခြားစီပါပဲ။ ဒါပေမဲ့ နောက်က ကြည့်တုန်းက မင်းဝတ်ထားတဲ့အင်္ကျီက ဝင်းပပမျိုးဝတ်လေ့ရှိတဲ့ မြင်းချေးရောင်အင်္ကျီနဲ့ တူနေလို့ကွ"

"ဘာ . . . မြင်းချေးရောင်အင်္ကျီ"

"အင်းလေ . . ."

"ဟမ်း . . . သူများအင်္ကျီကို မြင်းချေးရောင် အင်္ကျီတဲ့ ငီး . ."

ထငိုပြန်သည်။ သူ့အင်္ကျီကို မြင်းချေးရောင်လို့ပြောလို့တဲ့။

"ဟာ . . . ဆော် . . . ဆော်ရီးပါကွာ။ ငါက အရောင်တွေ ထူးဆန်းလာရင် နာမည်တွေ သိပ်မခေါ်တတ်လို့ပါ။ ပြော . . . အဲ့ဒီ အရောင်ကို ဘယ်လိုခေါ်ရမလဲပြော . . . ပြန်ပြင်ခေါ်ပါ့မယ်"

"ဟင့် . . . ထင်းရှူးသီးခြောက်အရောင်လို့ ခေါ်တယ်ရှင့် . . ဟင့် . . ."

"အေး . . . အေး . . . ထင်းရှူးသီးခြောက်အရောင် . . . ဟုတ်ပြီလား . . . ဟူး . . ."



သူ တော်တော်လေနေသည်။ ဘယ်လိုကောင်မလေးမျိုးနှင့် ဘယ်လိုအခြေအနေကြီးမှာ ဘယ်လိုရင်ဆိုင်နေရမှန်းမသိ။ အရင်ဘဝက နံကောင်တစ်ကောင်ကို ဖန်ခွက်နှင့် အုပ်ခဲ့ဖူးလို့ ယခု ဒီလို အကြောင်းကြောင်း အကျဉ်းအကြပ်ထဲ ရောက်ရှိနေခြင်းဖြစ်မည်ဟု သူတွေးမိသေးသည်။

ကောင်မလေးက တဟင့်ဟင့်ရှိုက်ရင်းပင် သူ ငိုကြွေးရခြင်းအကြောင်းကို ရှင်းပြလာသည်။

"ကျွန်မငိုရတဲ့ အကြောင်းအရင်းက ရှင်ကတူနေလို့ရှင့်"

"ဘာတူတာလဲ"

"ရှင့်ရုပ်က ကျွန်မရည်းစားနဲ့တူနေပြီး ရှင် ကျွန်မပခုံးကို ဆွဲလှည့်လိုက်တဲ့ပုံစံက ကျွန်မရည်းစားက ကျွန်မကိုစိတ်ဆိုးရင် သူနဲ့ မျက်နှာချင်းဆိုင်ဖြစ်အောင် ဆွဲလှည့်လိုက်တဲ့ပုံစံနဲ့ တူနေတာကိုးရှင့်။ အဲ့ဒါကြောင့် ကျွန်မရည်းစားကို သတိရသွားပြီး . . . ငို . . . ငို . . . မိတာပါ"

စကားဆုံးတော့ ထပ်၍ ငိုနေပြန်ပါသည်။

ကောင်မလေးသည် ကလေးတစ်ယောက်၏ မျက်နှာမျိုးဖြစ်ပြီး နှုတ်ခမ်းနှင့် နှာခေါင်းအကြား၊ ပါးပြင်၏ အမို့ဆုံးနေရာ၊ နားရွက်အဖျားများ အစရှိသော နုနယ်သော အသားရှိသည့် နေရာတိုင်းတွင် အဖြူထက် လွန်ကာ သွေးရောင်ခပ်နီနီလေးများ ယှက်သန်းနေသည်။ ဆံပင်က အတန်ငယ်ရှည်ပြီး ခွဲကြောင်းတစ်ခုမှာ ညာဘက်မျက်လုံးပေါ် ဖြတ်သန်း၍ တစောင်းခွဲကျလျက်ရှိပြီး ကျန်ဆံပင်ခွဲကြောင်းကိုတော့ ဘယ်ဘက်နားရွက်ကြားညှပ်၍ ထားသည်။ မျက်ဖန်ငယ်များမှာ ငါးမွေးကန်လုံးလုံးလေးနှင့် အင်မတန်တူလှပြီး မေးစေ့မှာ ကြွေခွက်လက်ကိုင်ကဲ့သို့ ကွိုက်ဝိုက်လေး ဖြစ်နေသည်။

ဘာကြောင့်မှန်းမသိ၊ ခဏခဏငိုနေသော ကောင်မလေးကို သူ သနားသလိုဖြစ်မိလာသည်။



www.burmeseclassic.com

www.burmeseclassic.com

"တောင်းပန်ပါတယ်ကွာ၊ ဒါ တိုက်ဆိုင်သွားတာပါ။ အင်း . . . မင်းမှာလည်း မင်းအကြောင်းနဲ့ မင်းဆိုတော့ ငိုစရာဖြစ်သွားတာပေါ့လေ။ ဒါနဲ့ မင်းရည်းစားက ဘာဖြစ်နေလို့ ဒီလို သတိရတာလေးနဲ့ ချုံးပွဲချ ငိုရတာတုံး"

"ဦး . . ."

မေးမိတာ မှားလေသည်။ မျက်ရည်တွေ ရှရှားရေနံတွေလို တပွက်ပွက် ထွက်နေသည်။ ဆိုင်ထဲက တချို့ကလည်း လှမ်းကြည့်သည်။ ဒီနေ့တော်တော် လူကြည့်ခံရသည်။ အကောင်းကြည့်တော့ မဟုတ်။ မှာထားသည့် သောက်စရာတွေလာချပေးတော့ စတော်ဘယ်ရီဖျော်ရည်ကို ချက်ချင်းပင် ပိုက်နှင့် ကောက်စုပ်လိုက်ပြီး . . .

"ရှင် ဘာမှလာပြီး ကျွန်မ ရည်းစားအကြောင်း စပ်စုစရာမလို ဘူး"

"ဟုတ်ပါပြီဗျာ . . . ဒါဆိုလည်း ပြဿနာက ရှင်းပြီနော်။ ဘာမှ ရှော့ခ်မရှိတော့ဘူးနော်။ အခုကစပြီး မင်းငိုတာ ငါ့ကြောင့်မဟုတ် ဘဲ မင်းစိတ်ကြောင့် မင်းငိုတာ ဖြစ်သွားပြီနော်။ ငါ သွားတော့မယ် နော်"

"ဦး . . ."

ငိုမြဲငိုနေပြန်သည်။ သူက ပြဿနာပြီးပြီထင်သော်လည်း သူမ ဘက်က ပြီးချင်သေးပုံမရ။ နှုတ်ခမ်းလေး ဂငယ်ကွေ့ကာ မဲ့နေခြင်းဖြင့် မကျေနပ်ချက်တစ်ခုရှိသေးကြောင်း ခန့်မှန်းရသည်။

"ဟာ . . . မငိုနဲ့တော့လေကွာ၊ မျက်ရည်တွေ အလကားရတာ မဟုတ်ဘူး"

သူ ဒီစကားပြောမှ သူမက ခေါင်းမော့လာပြီး ဘုန်းခနဲ စားပွဲ ကို လက်နဲ့ အားရပါးရရိုက်ချလိုက်သည်။ မျက်နှာက ကျေနပ်မှုရသွား သည့် အမူအသွင်နှင့်။



"ဟူး . . . အခုမှ ကြားချင်တဲ့ စကားရောက်တော့တယ်။ ဟုတ် တယ် မျက်ရည်တွေ အလကားမရဘူး"

သူ နားမလည်သလိုကြည့်တော့ သူမက ဆက်ပြောသည်။

"ဒါကြောင့် အလကားမရတဲ့ မျက်ရည်တွေအတွက် ရှင် လျော် ကြေးပေးရမယ်"

"ဗျာ . . ."

"မဗျာနဲ့၊ မိန်းကလေးတစ်ယောက်ကို ဘယ်သူမှန်း သေသေချာ ချာ မသိဘဲ ပိုင်စိုးပိုင်နင်းနဲ့ ပခုံးဆွဲလှည့်ပြီး ငိုအောင်လုပ်တဲ့အတွက် ရှင် လျော်ကြေးပေးရမယ်"

သူမစကားကြောင့် သူ ဇက်လေးပုသွားသည်။ ထူးထူးဆန်း ဆန်း ကြားလိုက်ရ၍ အံ့ဩသွားခြင်းလည်းဖြစ်သည်။ သူ မျက်မှောင် ကြုတ်လျက်နှင့် ကော်ဖီသောက်ပြီး . . .

"ပြောစမ်းပါဦး ငါက ဘာလျော်ရမှာလဲ"

"ပိုက်ဆံလျော်ရမှာ"

"ဟင် . . ."

ကော်ဖီခွက်ပင် တုန်သွားသည်။ ဆက်လည်း မသောက်နိုင် တော့။ ကြည့် ငွေစကားက ပါလာပြီ။ ဟောစာတမ်းထဲမှာတော့ ဈေး ချတာလေး ပြန်ရမည်တဲ့။ အခုတော့ အိတ်ထဲက အခြေစိုက် ပိုက်ဆံလေး ပင် ခုန်ဆွခုန်ဆွ ဖြစ်လာပြီ။ ဒီရုပ်ဒီရည်နဲ့ ဒီလို ငွေညစ်စကား ထွက် လာမည်မထင်ခဲ့။ ဘယ့်နှယ် . . . ။

"ဘာလို့ လျော်ရမှာလဲကွ"

"ဟော . . . ပြောပြီးပြီလေ။ မိန်းကလေးတစ်ယောက်ကို ပိုင်စိုး ပိုင်နင်း ပခုံးဆွဲတဲ့အတွက်ပါဆို"

"ဟာ . . . အဲ့ဒါလည်း ငါ ရှင်းပြီးပြီလေ။ ငါက ဝင်းယမျိုး မှတ်လို့ပါဆို။ အသားယူတာလည်း မဟုတ်ဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဘာမှ ဝင်းပပမျိုးတွေ သင်းပျပျ ဂျပိုးတွေ လာရှင်းမနေနဲ့။ လျှော်ရမှာပဲ။ အသားပုံ့တာ မပုံ့တာလည်း လာမပြောနဲ့။ အသားပုံ့ရင် ပြန်ကာဗ်လို့ရတယ်။ အခုဟာက သိက္ခာပုံ့တာ။ ဘယ်ဆူပါဂလူးနဲ့မှ ပြန်ကာဗ်မရဘူး။ လူကြားထဲ ပခုံးဆွဲခံရတာလေ။ နောက်ပြီး ဒါ ဘုရားသခင်ပါ နာကျင်စေမှုပဲ"

"လာပြီဟေ့ . . . ဘာတွေလျှောက်ပြောနေမှန်းလည်း မသိဘူး"

"ဘာမှ လျှောက်မပြောဘူး။ အီဂျစ်တွေရဲ့ ယုံကြည်မှုရှိတယ်။ လူတွေဟာ 'ရီ' (Re)ဆိုတဲ့ နေနတ်ဘုရား၊ ကမ္ဘာဖန်ဆင်းရှင်းရဲ့ ကျဆင်းလာတဲ့ မျက်ရည်တွေကနေတစ်ဆင့် ဖြစ်တည်လာရတာတဲ့။ ဒါကြောင့် သူ့မျက်ရည်တွေနဲ့ ဖြစ်တည်လာတဲ့လူတွေ ငိုကြွေးရင် သူလည်း နာကျင်ခံစားရမှာပဲ"

သူ ခေါင်းကြာကြာ ကုတ်သွားမိသည်။ ဘာတွေ ကြားလာရမှန်း မသိ။ ဆိုင်နံရံက နာရီကို လှမ်းမြင်ရတော့ သူသွားတက်ရမည့် သင်တန်းချိန်က အတော်လေးကပ်နေပြီ။ သည်နေ့ သင်မည့်အချိန်က သူနှစ်သက်သော ဆရာတစ်ယောက်၏ အချိန်ဖြစ်သဖြင့် သူ လက်လွှတ်မခံချင်။ ထို့အတွက် အရှုပ်ထုပ်မလေးလက်မှလည်း လွတ်မှဖြစ်တော့မည်။ ထို့ကြောင့် သူ့သဘောအတိုင်းသာ လုပ်ပေးရတော့မည်။

"ကဲ . . . ဒါဆို . . . ပြော၊ ဘယ်လောက်လျော်ရမှာလဲ"

ပိုက်ဆံပေါ်လို့တော့မဟုတ်။ စိတ်မရှည်တော့သဖြင့် ခပ်မိုက်မိုက် မေးလိုက်ခြင်းသာ။ သူမက တန်းမဖြေဘဲ မျက်လုံးထောင့်ကပ် စဉ်းစားတွက်ချက်နေသေးသည်။

"မျက်ရည်တစ်စက်ကို ငွေတစ်ရာဆိုလည်း ရှင်က တတ်နိုင်မယ် မထင်ဘူး။ ကျွန်မက အများကြီးငိုထားတာ"



ကိုယ့်မျက်လုံးထဲက ထွက်သည့် မျက်ရည်ဆိုပေမဲ့ မရေတွက်ဘဲ အလိုလို မသိနိုင်။

ကောင်မလေးက လက်မြန်သည်။ စားပွဲပေါ်တင်ထားသည့် သူ့အိတ်နားက ပိုက်ဆံအိတ်ကို ဆတ်ခနဲဆွဲယူကာ (ဟေ့ . . . ဟေ့ . . . သူတားလိုက်သော်လည်း မမီ) အထဲက ပိုက်ဆံတွေကို ပိုက်ဆံအိတ် လက်ညှိုးလေးထည့်ပြီး ရေတွက်နေတော့သည်။ သူ စိတ် ရေရေလည်လည်လေသွားကာ ကောင်မလေးကို မနိုင်သလိုသာ ကြည့်နေလိုက်တော့သည်။ တအောင့်ကြာတော့ အသံထွက်လာသည်။

"သုံးထောင့်ခြောက်ရာ"

ဟုတ်သည်။ ဒါ သူ့အိတ်ထဲက ငွေကြေးအရေအတွက်စစ်စစ်။ ဖြည့်သလို တစ်ဝက်၊ နာခေါင်းရှုံ့ချင်သလို ငြိုငြင်သွားပုံတစ်ဝက်နှင့် ကောင်မလေး သူ့ကို ပြူးကြည့်လာပြီး . . .

"ဟင်း . . . လူပျိုဖြစ်နေပြီကို၊ ဘာလို့ အိတ်ထဲ ဒီလောက်ပဲ ပါရတာလဲ"

"ဟာ . . . ငါ့ဘာသာ ဘယ်လောက်ပါပါပေါ့ကွာ။ ဒုက္ခပါပဲ . . . ကျွတ် . . ."

"ကျွတ် . . ."

သူမကလည်း အပြိုင်စုတ်လိုက်သတ်ပြီး မျက်နှာကိုရှုံ့ကာ ခေါင်းခါနေသည်။ သို့သော် မှုရင်းရည်ရွယ်ရာတော့ အပျက်မခံဘဲ တစ်ထောင်တန်နှစ်ရွက်နှင့် ငါးရာတန်တစ်ရွက်ကို ဆွဲယူကာ . . .

"လျော်ကြေး နှစ်ထောင့်ငါးရာပဲ ယူလိုက်ပါတော့မယ်"

ဟု သူ့မျက်လုံးဆီ ခပ်စူးစူး လှမ်းကြည့်ရင်းပြောသည်။

သူ သူ့ပိုက်ဆံအိတ်ကို ပြန်ဆွဲယူပြီး . . .

"ကဲ . . . အခု မင်းလိုချင်တာ ရပြီနော်။ အားလုံးပြီးပြီနော်။ . . . ငါသွားမယ်"



www.burmeseclassic.com

သူ စိတ်ပျက်စွာ တစ်စက်မှ မကြည့်စွာ စိတ်တိုရကောင်းနိုး၊ မတိုရကောင်းနိုးနှင့် တနုံ့နုံ့ ခံရခက်စွာဖြင့် ဆိုင်ထဲမှ ထွက်ခဲ့တော့သည်။

အအေးဆိုင် ပန်းရောင်ခုံလေးပေါ်တွင် ကျန်ခဲ့သော ကောင်မလေးက သူ့ကို တစ်မျိုးသော မျက်နှာလေးနှင့် လှမ်းလှည့်ကြည့်နေပါသေးသည်။ လက်ထဲတွင် ငွေစက္ကူလေးတချို့ ကိုင်ထားလျက်နှင့်။

**(2)**

"ပုံပြင်ဆိုတာ စိတ်ကူးယဉ်နိုင်စွမ်းကို ဖြန့်ကျက်ပေးနိုင်တဲ့ လေ့ကျင့်ခန်းလည်း ဖြစ်တယ်။ စိတ်ကူးဆိုတာ လက်တွေ့ဆီသွားဖို့ ပထမအဆင့် ခြေလှမ်းလို့လည်း မှတ်ယူထိုက်ပါတယ်။ လေးစားရပါသော ဘိုးဘွားများနဲ့ ချစ်ခင်ရသော ညီအစ်ကို မောင်နှမအားလုံး ယခု တင်ဆက်နေတဲ့ ကြားဖူးနားဝ ပုံပြင်ကဏ္ဍက ပုံပြင်တွေကိုနားဆင်ပြီး ကောင်းသော အကျိုးကျေးဇူးတွေ ထုတ်နှုတ်သုံးစွဲ ခံစားအတုယူနိုင်ကြပါစေလို့ Story FM ကနေ နှုတ်ဆက်လိုက်ပါတယ် ခင်ဗျာ။ ပရိသတ်များအားလုံး ရုပ်နာမ်နှစ်သွယ် ကောင်းကျိုးကြွယ်ပြီး မကောင်းအဆိုးတွေကို ပယ်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်ခင်ဗျား"

သူ တင်ဆက်မှုဆုံးတော့ စောချိုဝင်းက လက်မထောင်ပြသည်။ သူလည်း ခေါင်းအသာ ညိတ်ပြလိုက်သည်။ ပြီးလျှင် မှန်နံရံများဖြင့် ဖွဲ့စည်းထားသော ထိုအခန်းမှ သူတို့ အတူတူ ထွက်ခဲ့ကြသည်။

"အဆင်ပြေတယ် . . . မင်းဘွဲ့၊ ဟိုတစ်နေ့ကလို ကယောင်မခတ်တော့ဘူး"

စောချိုဝင်းကပြောတော့ သူ ခေါင်းခါရယ်မိသည်။ ဖော်ပြပါအတိုင်း သူ့နာမည်က မင်းဘွဲ့။ ဟိုတစ်နေ့က မင်းဘွဲ့ ပြဿဒါးရက်

www.burmeseclassic.com

တွက် ကပ်တာအားဆိုက်ခဲ့သည်။ အလွဲတွေ အမှားတွေနှင့် သောက်သောက်လဲတိုးသည်။

သင်တန်းသွားသည့်လမ်းမှာ လူမှားနှုတ်ဆက်တာကို အလျော်ဆောင်းသည့် ကောင်မလေးတစ်ယောက်နှင့် တွေ့သည်။ သင်တန်းရောက်တော့ ကိုယ့်ဖိနပ်ကြိုး ကိုယ်ပြန်တက်နင်းမိပြီး သင်တန်းထဲ ဒိုင်ဗင်ပစ်ဝင်သည်။ အရှက်တွေ ကွဲလိုက်သည့်ဖြစ်ခြင်း။ ညနေ ကိုယ်ဝင်ရမည့် ဂျူတီကျတော့လည်း 'အိပ်ရာဝင်ပုံပြင်' ကဏ္ဍအတွက် အသံသွင်းရင်း ကိုယ်ကချည်း ခဏခဏ သမ်းနေမိသည်။ တစ်နေ့လုံး နတ်ဆိုးခြေထိုးတာခံရသလို ခလုတ်တံသင်းတွေပဲ တွေ့ခဲ့သည်။

"ကဲ . . . မင်းရဲ့ အစီအစဉ်အသစ်အတွက်လည်း ပြောပါဦး"

"အေး . . . ဒါဆို meeting ထိုင်ကြစို့"

သူတို့ meeting လုပ်သည့် နေရာကလည်း ခုံတန်းရှည်နှင့် ပရိဂျက်တာနှင့် တစ်ယောက်ချင်း ထ,အစီရင်ခံရသည့် ပုံစံမျိုးမဟုတ်။ ရုံးခန်း ထောင့်က ကစားပွဲပေါ်တွင်သာ ဝိုင်းထိုင်ကြ၍ သူငယ်ချင်းတွေ စုရုံးစကားပြောဖြစ်ကြသည့်ပုံမျိုးသာ။

ထိုသို့ဖြစ်ရသည်မှာလည်း သည် Story F.M ဆိုသည်မှာ သူတို့သူငယ်ချင်းတွေ စုပေါင်းလုပ်ဆောင်နေကြသည့် လုပ်ငန်းဖြစ်နေသောကြောင့်ပင်ဖြစ်သည်။ ကျောင်းပြီးတော့ ဘာလုပ်ရမလဲတိုင်ပင်ကာ နောက်ဆုံး သည်အလုပ်လေးကို ရွေးချယ်ဖြစ်ကြသည်။ တက်ကြွပြီး ကိုယ့်လုပ်ငန်းကိုယ် စိတ်ပါဝင်စားသည်မို့ ခဏအတွင်း လူသူအများက လက်ခံအားပေးခဲ့သည်။ ကြော်ငြာများစွာလည်းရ၍ ကောင်းမွန်စွာ လည်ပတ်နိုင်သည်။

ထူးခြားသည်က သူတို့ Story F.M တွင် သီချင်းများ၊ သတင်းများ၊ ထုတ်လွှင့်ခြင်းမဟုတ်ဘဲ ပုံပြင်များသာ ထုတ်လွှင့်ခြင်းဖြစ်သည်။ အိပ်ရာဝင်ပုံပြင်ကဏ္ဍ၊ ပုံပြင်သစ်ကဏ္ဍ၊ မြန်မာ့ရိုးရာ ပုံပြင်ကဏ္ဍ၊ နိပါတ်



ဆော်လာ ပုံပြင်ကဏ္ဍ၊ နိုင်ငံရပ်ခြား ပုံပြင်ကဏ္ဍ၊ သီချင်းပုံပြင်ကဏ္ဍ (ပုံပြင်ကို သံစဉ်နှင့်တွဲ၍ သီချင်းပုံစံ စီစဉ်တင်ဆက်ခြင်း၊ ကဗျာပုံပြင်ကဏ္ဍ (ပုံပြင်ကို ကဗျာပုံစံ သီကုံး၍ ရွတ်ဆိုပြခြင်း)၊ သရုပ် ဖော်ပုံပြင်ကဏ္ဍ (ပုံပြင်ကို လူတစ်ဦးတည်းက ပြောခြင်းမဟုတ်ပဲ ရေဒီယိုဇာတ်လမ်းကဲ့သို့ အခြားသူများကပါ အသံနှင့် ဝင်ရောက်သရုပ်ဆောင်ကြသော ကဏ္ဍ) အသဖြင့် ကဏ္ဍများစွာနှင့်ဖြစ်သည်။

"ဆွေဆွေနဲ့ နန်းပိုင်က ကြော်ငြာကိစ္စနဲ့ အပြင်သွားဝယ်ဟ"

"ရှိတဲ့လူနဲ့ပဲ လုပ်ကြတာပေါ့"

ရှိတဲ့လူတွေဝိုင်းပြီး ဆွေးနွေးပွဲစသည်။ မင်းဘွဲ့က ဦးဆောင်သည်။ စောချို့ဝင်း၊ ကြီးဖေ၊ လှဲ့ဝါဆို၊ ဝင်းဝင်းဖြိုးနှင့် စုစုပေါင်း ငါးယောက်။

"နောက်ပိုင်းလတွေမှာ မေးလ်ထဲကနေကော၊ စာနဲ့ကော အကြံပေးစာတွေ တော်တော်များများရောက်လာကာ အားလုံးသတိထားမိမှာပေါ့။ စာတွေ ဖတ်ကြည့်တော့ အများစုက ငါတို့ရဲ့ မနက်ပိုင်းအစီအစဉ်ကို သိပ်အားမရသလိုပဲဟ။ ပုံပြင်စာအုပ်အညွှန်းတွေ၊ ကြော်ငြာတွေပဲ အများကြီးလွှင့်နေလို့တဲ့"

ကျန်လူများက ခေါင်းညိတ်ပြကြသည်။ ဝင်းဝင်းဖြိုးက . . .

"အေးလေ . . . နံနက်ပိုင်းဆိုတော့ အားလုံးက အလုပ်သွားဖို့ ပြင်ဆင်နေကြပြီလေ။ ဘယ်လိုလို့ ပုံပြင်လွှင့်လို့ အဆင်ပြေမှာလဲ"

"အင်း . . . ဒါပေမဲ့ ကြော်ငြာတွေချည်းပဲ လွှင့်နေရင်လည်း ကြာရင် မဟန်ဘူး။ ဒါကြောင့် ငါတို့ခေါင်းစဉ်တစ်ခုတပ်ပြီး နံနက်ပိုင်းကိုလည်း ပုံပြင်တွေ လွှင့်ရအောင်"

မင်းဘွဲ့က ဆိုလာသည်။ အားလုံးက မင်းဘွဲ့ဆီက ထွက်လာသည့် အကြံမျိုးဆိုလျှင် သိပ်သံသယဖြစ်စရာမလိုဘဲ လက်ခံစရာများမှန်း သိရှိပြီးဖြစ်သည်။ ထို့ကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com

"မင်း ပြောကြည့်လေ။ မင်း စဉ်းစားပြီးသားဆို"

"နံနက်ပိုင်းဆိုတာ ပုံပြင်နားထောင်ရမယ့်အချိန်မျိုးမဟုတ်တော့ ခေါင်းစဉ်က ခပ်ဆန်းဆန်းဖြစ်နေမှ အဆင်ပြေမှာနော်"

"အင်း . . . ဟုတ်တယ်"

"ဒါဆိုပြော . . . အဲဒီအစီအစဉ်နာမည်က"

မင်းဘွဲ့အားလုံးကို တစ်ချက်ကြည့်ပြီးမှ အသံငြိမ်ငြိမ်နှင့်။

"အိပ်ရာနိုးပုံပြင်များလို့ နာမည်ပေးထားတယ်"

"ဟင် . . . "

"အဟား . . . တစ်မျိုးပဲ"

ကြီးဖေက သဘောကျသလို ထရေရွတ်သည်။ အားလုံးလည်း တစ်မျိုးလေးခံစားရကာ ပြုံးကြသည်။ မင်းဘွဲ့က ဆက်ရှင်းသည်။

"အိပ်ရာဝင် ပုံပြင်ဆိုတာကတော့ လူတိုင်းကြားဖူးနေကျ အသုံးအနှုန်း၊ လူတော်တော်များများ ပြုလေ့ရှိတဲ့ အလေ့အထပဲ။ အိပ်ရာဝင်ရင် ကိုယ့်သားသမီးကိုယ် ပုံပြင်ပြောပြတယ်။ သူတို့ အိပ်ပျော်တဲ့အခါ သူတို့စိတ်ထဲမှာ ပုံပြင်ထဲက သူရဲကောင်းတွေ၊ စိတ်ကောင်းရှိတဲ့ ဇာတ်ကောင်တွေကို စိတ်ကူးယဉ်မှုသက်သက်နဲ့ ရှေ့ဆက်နေရင်တော့ ဘာမှထူးလာမှာ မဟုတ်ဘူး။ နေ့သစ်ကို မျက်နှာချင်းဆိုင်ပြီး လက်တွေ့လုပ်ဆောင်ရတော့မယ်။ ဒါကြောင့် နေ့သစ်တစ်ခုကို စမယ့် လူတွေအတွက် တက်ကြွပေမယ့် ပုံပြင်တိုလေးတွေ ပြောပြချင်တယ်။ အိပ်ရာထပုံပြင်များပေါ့ဗျာ။ အိပ်ရာဝင်ရင် စိတ်ကူးယဉ်ပုံပြင်နဲ့ အိပ်တယ်။ အိပ်ရာကထရင် လက်တွေ့ပုံပြင်နဲ့ထပေါ့။ ဒီလိုသဘောပေါ့။ နားကော ရှင်းကြရဲ့လား"

"အင်း . . . ရှင်းပါတယ်"

"ရှင်းတယ် . . . ဆက်ပြော"

"အင်း . . . နံနက်ခင်းဆိုတော့ လူတိုင်းလုပ်ငန်းခွင်ဝင်ဖို့ အာရုံများနေတဲ့ အချိန်ဆိုတော့ ငါတို့တိုတိုနဲ့ လိုရင်းရောက်မယ့် ပုံပြင်တိုလေး



တွေ ရွေးထုတ်တင်ဆက်ရမယ်။ ကြော်ငြာတွေကိုတော့ မှျလွှင့်ရမှာပဲ . . . ငါ့အစီအစဉ်အပေါ် ဘယ်လိုမြင်လဲ"

"ကောင်းတယ် . . . အဲ့ဒီအတိုင်းချမယ်"

"အိုင်ဒီယာသင့်တယ်၊ အဓိပ္ပာယ်ရှိတဲ့ ကဏ္ဍပဲ"

အကုန်လုံး ကျေနပ်ထောက်ခံကြသည်။ လှဲ့ဝါဆိုက တစ်ချက်ဆော့ ထောက်ပြောသေးသည်။

"ဒါနဲ့ မင်းဘွဲ့၊ ပုံပြင်တွေရဖို့လည်း ခက်မယ်နော်။ အခုတောင် ပုံပြင် စာမူတွေက အချိန်မီအောင် မနည်းလုပ်နေရတာ"

သူတို့ F.M မှ လွှင့်သည့် ပုံပြင်များအတွက် တခြားပုံပြင်ရေးဆရာများထံမှ စာမူတွေ တောင်းရသည်များရှိသည်။ ကိုယ်တိုင်ဘာသာပြန်ရသည်များရှိသည်။ ကိုယ်တိုင် ပင်ကိုရေးရသည်များရှိသည်။ လူကြီးသူမများ၊ နှံ့စပ်သူများထံမှ ဆည်းပူးစုဆောင်းရသည်များရှိသည်။

Meeting ကို အဆုံးသတ်လိုက်ကြသည်။

လှဲ့ဝါဆိုနှင့် ဝင်းဝင်းဖြိုးက လုပ်စရာရှိတာ သွားလုပ်ကြပေမဲ့ သူတို့က ညာတာပါတေးနှင့် ဆက်ထိုင်နေပြီး အပြင်က ပြန်လာသည့် နန်းပိုင်နှင့် ဆွေဆွေနှင့် စကားလက်ဆုံကျသွားသည်။ သူတို့ မကြိုက်သည့် ပုံပြင်များအကြောင်း စကားတွေ စပ်မိကြသည်။

"ငါက ဟိုပုံပြင် မကြိုက်ဘူးကွာ။ အခုတော့ မသိဘူး၊ ငါတို့ ငယ်ငယ်ကတော့ ကျောင်းစာအုပ်ထဲပါတယ်လေ။ ခေါင်းတစ်ရာအသားကို စားပါ၊ တစ်နေ့ ပုဆိုးသုံးခါလဲပါ။ အိမ်နောက်ဖေး ဈေးဆိုင်တည်ပါ၊ ဦးခေါင်းသုံးလုံးရှိသူထံ ပူဇော်ပါ . . . စသဖြင့်ဟာ သူ့သားနှစ်ယောက်ကို သေခါနီးပုံပြင်လေ"

"အေး . . . ဟုတ်တယ်။ ငါလည်း သဘောမကျဘူးဟာ။ သူက သေခါနီးကျမှ ဘာလို့ ကလေးတွေကို ပဟေဋ္ဌိလိုလိုတွေ ပြောသွားရတာလဲ။ ပညာစမ်းခဲ့တာလား။ လူက သေခါနီးပြီဉစ္စာ၊ ရိုးရိုးနဲ့ လူနားလည်အောင် ထိထိရောက်ရောက် ပြောလို့မရဘူးလားဟာနော့။ နောက်



www.burmeseclassic.com

www.burmeseclassic.com

ပြီး ဟိုညီအစ်ကိုနှစ်ယောက် အငယ်ကောင်လေးက ဘယ်အရွယ်ရှိပြီလဲ ဟ။ သူက နားမလည်တော့ သူ့အဖေစကား အတိအကျနားထောင်တာ ပေါ့ဟာ။ ဒါပေမဲ့ မွဲသွားတော့လည်း ဘာဖြစ်တာလဲဟာ ကိုယ့်အစ်ကို ရှိတာပဲ။ သူ့အစ်ကိုက တင်ကျွေးစောင့်ရှောက်ရမှာပေါ့"

"အေးလေ . . . ငါပြောချင်တာလည်း အဲဒါပဲ။ ညီအစ်ကိုနှစ်ယောက် အတူတူ တိုင်ပင်လုပ်ကိုင်ကြပါလား။ အခုလို သူ့ညီက လမ်းမှားတော့လည်း ပြုပြင်ရအောင် ပြောပြပါလားကွာ။ အတင်းအကြပ် သွန်သင်ပေါ့။ နောက်ပြီး အဘိုးကြီးမှာသွားတဲ့စကားတွေက ဉာဏ်စမ်းတာမဟုတ်ဘဲ သေခါနီး ကယောင်ကတမ်းနဲ့ ပြောသွားတာလည်း မဖြစ်နိုင်ဘူးလား"

စောချိုဝင်းက Logic နည်းနှင့် ချဉ်းကပ်တာကို မင်းဘွဲ့ပြုံး၍ နားထောင်မိသည်။ မင်းဘွဲ့ကတော့ ပုံပြင်ကို ပုံပြင်လိုပဲ မြင်ပါသည်။ ဘာမျှဝင်မပြော။ ကြိုက်သလားဆိုရင်တော့ ပုံပြင်ကို သူလည်း မကြိုက်ပါ။ လောလောဆယ် ကြီးဖေ၏ပုံကြီးကို ပိုမကြိုက်။

နန်းပိုင်နှင့် ဆွေဆွေ သူတို့ အလုပ်စားပွဲဆီပြန်သွားမှ မင်းဘွဲ့ ပြောရတော့သည်။

"ကြီးဖေ . . . မင်း အဲဒီခါးပုံစကြီး ချွန်ချွန်နေတဲ့အကျင့် ပြင်ဦးကွ။ ကောင်မလေးတွေရှေ့ကျတော့ တစ်မျိုးကြီးဖြစ်နေတယ်"

ကြီးဖေက ဘာအကျင့်ပါနေမှန်း မသိ။ လက်အားလျှင် ပုဆိုးခါးပုံစကြီးကို လက်တစ်ဖက်နှင့် သပ်သပ်၍ ချွန်နေတတ်သည်။

"ငါက ရိုးရိုးသားသားပါကွာ၊ငါ ငယ်ငယ်က ဗိုက်မှာ အဲ . . ချက်နားလောက်မှာပေါ့။ အမွေးရှည်ရှည် နှစ်ချောင်းပေါက်ဖူးတယ်။ အဲ့ဒီ အမွေးကို ဆွဲဆွဲနေရရင် ငါက အရမ်းပျော်တာကွ။ အခု အဲ့ဒါမရှိတော့ မနေတတ်တာနဲ့ ခါးပုံစလေး အာသာပြေဆွဲနေမိတာပါ။ ရိုးရိုးသားသား ပါ"



"မင်းက ရိုးရိုးသားသားဆိုပေမဲ့ နဂါးမှန်းသိအောင် အမောက်..."

စောချိုဝင်း ခိုင်းနှိုင်းချက်ကြီးက မမိုက်သဖြင့် မင်းဘွဲ့ ခပ်သွက်သွက် ဝင်ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ်ကွာ၊ အားလုံးက သူငယ်ချင်းတွေဆိုပေမဲ့ သူတို့က မိန်းကလေးတွေကွ။ မင်းက အဲ့ဒီလိုကြီးလုပ်လုပ်နေတော့ မသင့်ပါဘူးကွာ။ မလုပ်နဲ့။ မနေနိုင်ရင် ငါ နည်းလမ်းပေးမယ်"

"အေး . . . မနေနိုင်ဘူး။ နည်းလမ်းပေး"

"ခါးပုံစထဲ မြွေပွေးထည့်ထားကွာ"

နှမထိအောင် ကြီးဖေ ဆဲပါတော့သည်။ သို့သော် မင်းဘွဲ့မှာ နမော်ရှိတော့ မထိ။

"ကဲ . . . ညနေ သင်တန်းပျက်ဖို့ စိတ်မကူးနဲ့နော်။ ဟိုတစ်နေ့က ငါတစ်ယောက်တည်းသွားရတာ ဘယ်လောက် ဒုက္ခရောက်ရတယ် မှတ်လဲ။ ငွေညစ်တဲ့ကောင်မလေးတစ်ယောက်နဲ့ သွားတိုးတယ်ဟ"

"ဟုတ်လား . . . ဘယ်လိုငွေညစ်တာလဲ။ စားသောက်ပြီး ညစ်တာလား"

"အဲ့လိုတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ကွာ . . . သူကကွာ"

ဝုန်းခနဲ စောချိုဝင်းနှင့်ကြီးဖေက ထိုင်ရာက ထပစ်ကြသည်။

"ဘာဖြစ်သွားကြတာလဲဟ"

"နားမထောင်တော့ဘူး။ မင်းက တအားငမ်းငမ်းတက် တက်ကြွစွာ ပြောချင်နေတော့ ငါတို့ နားမထောင်တော့ဘူးကွ"

ဆိုပြီး တကယ်ပင် ထထွက်သွားကြသည်။ မင်းဘွဲ့မှာ မာဝတီ ဆော့ ငုတ်တုတ်ကြီး ကျန်ခဲ့သည်။ ကြည့်စမ်း ညစ်သွားကြပုံများ။



www.burmeseclassic.com

www.burmeseclassic.com

## (3)

ရွှေလှာတစ်ယောက်တည်း လမ်းလျှောက်နေခဲ့သည်။ ဒီလို တစ်ယောက်တည်း လမ်းလျှောက်နေခဲ့ရတာ။ နွေ၊ မိုး၊ ဆောင်းရာသီတွေ ခေါက်တုံ့ခေါက်ပြန် ကြာညောင်းနေခဲ့ပါပြီ။ နံဘေးမှာ ပခုံးမှီဖော်၊ လက်တွဲဖော် အကြည့်ချင်းဆုံးဖော် မရှိတာ ကြာလင့်ခဲ့ပေါ့။

လက်ထဲမှ ကိုင်ထားရတာ ချွေးစေးပြန် ညောင်းညာနေပြီဖြစ်သည့် အလုပ်လျှောက်ရန် လျှောက်လွှာဖိုင်တွဲတွေကိုလည်း လွှင့်ပစ်လိုက်ချင်သည်။ ဘွဲ့တွေ၊ Certificate တွေ ဖနောင့်နှင့် ခုန်ခုန်ပေါက်ပစ်ချင်သည်။ တကယ့်အရေးကျတော့ လက်တွေ့ဆန်ဆန် အားကိုးမရ။ သို့သော် သူမ အလုပ်မရတာ ဘာကြောင့်မှန်း သူမသိပါသည်။ ပညာရေးတွေ၊ လုပ်ငန်းအတွေ့အကြုံတွေ ဘာလက်မှတ်၊ ညာလက်မှတ်တွေကြောင့်မဟုတ်ဘဲ ဖေဖေ့လက်ချက်မှန်း ရွှေလှာ ကောင်းကောင်းသိသည်။

"ဟင် . . . ဒါဆို ငွေများများရဖို့ ဘယ်လိုလုပ်ရမှာလဲ"

သူမ စိတ်ဓာတ်ကျလျက် ရေရွတ်သည်။ ဟိုတစ်နေ့ကလို အူကြောင်ကြောင်ကောင်လေးမျိုး တစ်ယောက်လောက်နှင့်တွေ့လျှင် ကောင်းမည်။ အကြောင်းတစ်ကွက်လောက်ရိုက်ပြီး အလျော်လေးဘာလေး တောင်းရမည်။ မတတ်နိုင်။ ရသည့်နည်းနှင့် တစ်စက်ချင်း စုဆောင်းမှ ရမည့်အဖြစ်က သူမတွင်ရှိနေသည်။



သူမ ခုံးတံတားအတိုင်း လျှောက်လာခဲ့သည်။ စိတ်ညစ်လွန်းအခြင့် ရှုသွင်းရှုထုတ်လုပ်နေသော လေသည်ပင် အပူဓာတ်ကဲနေသယောင်။

သူမ လမ်းလျှောက်လာရင်း ခုံးတံတားထိပ်ရောက်တော့ ထူးဆန်းသော လူနှစ်ယောက်ကို တွေ့လိုက်ရသည်။ ထူးဆန်းသောဟု ဆိုခြင်းမှာ ဝက်တစ်ပိုင်း၊ လူတစ်ပိုင်းဖြစ်ပြီး အမြီးထွက် ချိုပေါက်နေခြင်းကို ဆိုလိုခြင်းမဟုတ်။ သူတို့အပြုအမူတွေက ထူးဆန်းနေခြင်းသာဖြစ်သည်။

တံတွေးတွေကို အားရပါးရ ထွေးနေကြခြင်းဖြစ်သည်။ ထိုလူနှစ်ယောက်ကို ရွှေလှာ ဘေးတစောင်း မြင်နေရသည်။ တစ်ယောက်က အသားညိုကြာ ခေါင်းနည်းနည်းကြီးသည်။ တစ်ယောက်က ခန္ဓာကိုယ်သွယ်ပုံရကာ ဦးထုပ်ဆောင်းထားသည်။ ခပ်ငိုက်ငိုက်ဆောင်းထားသောဦးထုပ်ကြောင့် ထိုလူ့မျက်နှာ မမြင်ရ။

အခြေအနေကို ကြည့်ပြီး သူတို့ တံတွေးပြိုင်ထွေးနေကြခြင်းဖြစ်မည်ဟု ရွှေလှာ ခန့်မှန်းမိသွားသည်။

သူတို့ ပွဲပြန်စပြီ။ ခေါ . . . ခွီး . . . အသံကြီးနှင့် အာခေါင်ကိုခြစ်ထုတ်ကာ သလိပ်တွေ ဆွဲထုတ်လိုက်သည်။ နောက် ပါးစပ်ထဲတွင် ကျစ်လျစ်သွားအောင် လုံးပြီးမှ 'ထွီး'ခနဲ ထွေးလိုက်ရာ တံတွေးသလိပ်အလုံးကြီးသည် လိမ့်ကာဝဲကာနှင့် ခုံးတံတားအောက်ဘက်သို့ ဘတ်ခနဲကျသွားသည်။ ဒါ ခေါင်းကြီးကြီးနှင့်လူ၏ ထွေးချက်။

"ဝိုး . . . ဟိုး . . . ဟိုး . . . ငါ့ကောင်ရေ . . . မင်းတော့ဒီတစ်ခါလည်း အရှုံးနဲ့ စိုစွတ်ချေဦးတော့မယ်ထင်တယ်ဟေ့"

သူ့တံတွေးအကွာအဝေးကို ကြည့်ကာ ခေါင်းကြီးကြီးနှင့်လူ အားတက်နေသည်။ ဦးထုပ်နှင့် လူကလည်း လွယ်လွယ်နှင့် အားမလျှော့ဟန်။ ဟိုလူကဲ့သို့ သလိပ်တွေ၊ နှပ်တွေ ရွှံလို့မခြစ်ထုတ်တော့သော်မှ တံတွေးကိုတော့ များများစုကာ တစ်ကိုယ်လုံး အတွင်းအားတွေကို ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com

မှာ လာစုမိုင်းပြီး ခုံးတံတား၏ သံပေါင်တန်းကို အားဖြင့် ဆုပ်ကိုင်ကာ ထွီခနဲ ရှေ့သို့ကိုင်းကာ ထွေးပစ်လိုက်သည်။

"ဟာ . . ."

"အင် . . ."

ရေလဖော့တစ်သိုက် အင်အားကြီးစွာ ဝိုက်၍တိုက်ခတ်သွားသည်။ တံတွေးစက်က ခုံးတံတားအောက်မသွားတော့ဘဲ လေထဲတွင်ပဲ လားရာပြောင်းကာ သက်တံကိုင်းပုံစံ ပြန်ကွေ့လာပြီး ဗိုး . . . ဘတ် . . . ဆိုပြီး သွားကပ်တော့သည်။

"ဟာ . . . သွားပြီ၊ သူများလက်သလုံးပေါ် ကျသွားပြီ"

"လက်ဖျံလုပ်ပါကွာ . . . ကျွတ် . . ."

တံတွေးစက်က ရွှေလွှာ့လက်ပေါ် လာကပ်လေခြင်းဖြစ်သည်။ ရွှေလွှာ သူ့လက်ကိုသူ အကြောင်သား ငုံ့ကြည့်သည်။ ဟိုနှစ်ယောက်ကလည်း ရွှေလွှာ့အတိုင်း လိုက်ငုံ့ကြည့်သည်။ ရွှေလွှာတံတွေးစက်ကို ကြည့်ပြီး အသည်းယားလာကာ . . .

"ဟာ . . . တံတွေးစက်ကြီး . . . တံတွေးစက်ကြီး"

ဟု အော်ဟစ်တော့သည်။

ထိန်းသိမ်းအော်ပေမဲ့ တော်တော်ကျယ်ပါသည်။ ဝန်းကျင်မှ လူတွေကလည်း ဖြုန်းစားကြီး လှမ်းကြည့်ကြပြန်သည်။ ဦးထုပ်နဲ့ လူငယ်က ကပျာကယာ သူမထံ ပြေးကပ်လာပြီး . . .

"ဟော့ . . . ဟော့ . . . မအော်ပါနဲ့။ ငါ ပြန်သုတ်ပေးပါ့မယ်"

အခုမှ ရွှေလွှာက ဦးထုပ်နှင့်လူကို တိတိပပမြင်ရပြီး ဒီတံတွေးစက်ပိုင်ရှင်မှန်းသိသလို ဟိုတစ်နေ့ကမှ သူမကို လူများနှုတ်ဆက်သည့်လူမှန်းလည်း သိသွားသည်။ ဟုတ်ပါသည်။ ထိုလူငယ်က မင်းဘွဲ့။

သူမ မျက်လုံးအရောင် တစ်မျိုးဝင်းသွားပြီး . . .

"ဟင် . . . ဟိုတစ်ခါ ပန်းဆွဲတဲ့လူ"

"အဟင်း . . ."



"အခု တံတွေးနဲ့ထွေးပြန်ပြီ"

"အဟဲ . . ."

"လျော်ပေး . . . လျော်ပေး . . . ပိုက်ဆံလျော်ပေး"

"ဟ . . . စပြီဟေ့"

ရွှေလွှာ အရင်တစ်ခါကအတိုင်း တကြော်ကြော်အော်ကာ လျော်ခိုင်းတောင်းနေပြန်တော့သည်။ မင်းဘွဲ့ ချွေးပေါက်ကြီးကြီး ထွက်ရပြန်ပြီ။ သူမကိုပဲ ပါးစပ်လှမ်းပိတ်ရမလား။ ခေါင်းပဲကုတ်ရမလား မသိနိုင် လက်တွေခြေတွေ ဆန့်လိုက်ကောက်လိုက်ဖြစ်နေသည်။ သူမသာ Sound Box ဆိုလျှင် နားရွက်ကို ဆွဲရစ်ကာ အသံတိုးပစ်မိမည်။

"လျော်ပေး . . . လျော်ပေး"

ဟု အဆက်မပြတ်တောင်းရုံမက လက်ထဲပိုက်ထားသည့် ဖိုင်တွဲဖြင့်သည်း တဖြောင်းဖြောင်း ကျွေးသေးသည်။ မင်းဘွဲ့ခံလိုက်ရသည့်ဖိုင်ခြင်း။ နံဘေးက ကြိုးဖေကလည်း ဘာမှ ကူဖော်မရ။

"အယ် . . ."

ဆိုပြီး ပါးစပ်ကြီးဖြဲကာ ရွှေလွှာ့ကို ငမ်းနေသည်။

"ဘာလို့ တံတွေးကို ကိုယ့်ဘာသာကိုယ်မငုံထားဘဲ သူများလက်ပေါ် လာထွေးတာလဲ။ အင့် . . . အင့် . . . လူယုတ်မာကြီး လျော်ပေး"

သူမ၏ ရိုက်ချက်တွေကို လက်တစ်ဖက်နှင့်ကာပြီး ရှင်းပြရန်အားသုတ်နေရသည်။ နောက် ရိုက်ရင်းရိုက်ရင်း ဖိုင်တွဲက လွတ်ကျတော့မှ အရိုက်ရပ်တော့သည်။

"ဒီမှာ ရှင်းပြတာ နားထောင်ဦး . . . ကျွတ်"

မင်းဘွဲ့ အခုမှ ပထမတစ်ခွန်း ပြန်အော်နိုင်သည်။

ပြီး . . . လွတ်ကျသွားသည့် ဖိုင်တွဲကို သူပဲ ပြန်ကောက်ပေးသည်။ ဖိုင်တွဲထဲမှ စာအုပ်တစ်အုပ်ထဲ ထွက်ကျနေသည်။ စာမျက်နှာတွေ ဖရိုဖရဲလှန်သွားသော စာအုပ်ကို ဖိုင်တွဲထဲပြန်ထည့်ဖို့ ပြင်တော့



www.burmeseclassic.com

www.burmeseclassic.com

သူတွေ့လိုက်ရသည်။ သူ့မျက်လုံး အနည်းငယ်ဝင်သွားပြီး စာအုပ်နှင့် နီးကပ်အောင် တိုး၍ကြည့်မိသွားသည်။

စာအုပ်အတွင်း ရေခံစာမျက်နှာတွင် ရေးထားသောစာ။ 'တူမလေးအတွက် အမှတ်တရ' ဟုရေးကာ အောက်၌ ထိုစာအုပ်ရေးသူ စာရေးဆရာ၏ လက်မှတ်ထိုးထားသည်။ မင်းဘွဲ့ ချက်ချင်း စာအုပ်အဖုံးကို လှန်ကြည့်လိုက်တော့ နိုင်ငံတကာ ဘာသာပြန်ပုံပြင်များဟူသည့် စာအုပ်အမည်နှင့် ထိုအောက်မှ ဘာသာပြန်သူအမည် 'မြတ်ထွန်းသစ်ဇော်' ဟူသည့်အမည်ကို တွေ့လိုက်ရသည်။

မင်းဘွဲ့ မျက်နှာတစ်ခုလုံး လင်းဝင်းသွားသည်။

ဆူပုပ်ပုပ်မျက်နှာထားနှင့် ရွှေလွှာကလည်း တစ်မျိုးတစ်သွင် အရောင်ပြောင်းသွားသော သူ့မျက်နှာကိုမြင်တော့ ကြောင်လျက် ကြည့်နေသည်။

"ကဲ . . . မင်းတောင်းသလောက် လျော်ကြေးလည်း ပေးမယ်။ အော်တော့ မအော်နဲ့တော့။ အရင်တစ်ခါလိုပဲ အအေးဆိုင်သွားပြီး ရှင်းရအောင်"

မင်းဘွဲ့ကပြောတော့ သူမက သူ့ရှေ့သံစက်ရုပ်ကို လက်တစ်ဖက် တောင့်တောင့်ကြီး ဆန့်ထုတ်ပြ၏။

"ကျွန်မက ဒီလိုတံတွေးစက်ကြီး ကပ်လျက်နဲ့ သွားရမှာလား။ ဒါ အရင်သုတ်ပေး"

"အင်းပါဗျာ"

ခုံးတံတားထိပ်တည့်တည့်မှာဆိုတော့ တစ်သျှူး၊ လက်ကိုင်ပဝါစသဖြင့် အလွယ်ဝယ်စရာ ဆိုင်မရှိ။ ထို့ကြောင့် အကျႌအစနှင့် သုတ်ပေးရန် ပြင်ရသည်။ ဒီလိုကျတော့လည်း ရွှေလွှာ အားနာပါသည်။

"အာ . . . ရှင်အကျႌကြီးနဲ့တော့ မသုတ်နဲ့လေ"

"ဩော် . . . ဒါပဲရှိတာကိုး။ ရပါတယ် . . . ကိုယ့်တံတွေးကိုယ်သုတ်တာပဲ"



"ဟာ . . . မဖြစ်ပါဘူး။ အကျႌနဲ့ သုတ်မယ့်အစား ပုဆိုးနဲ့ သုတ်ပါလား။ ဒီလူဝတ်ထားတဲ့ ပုဆိုးခါးပုံစနဲ့ သုတ်လေ"

"ဟင် . . . "

ကြီးဖေ ဟင်းခနဲ မျက်နှာကြီးနောက်ရှုံ့ပြီး ငြိုငြင်သွားသည်။ သူ့ အမြဲတမ်း လက်နှင့်သပ်သပ်ပြီး ချွန်နေသည့် ခါးပုံစကို ချက်ချင်း ခါးကြားထဲ လုံးထည့်လိုက်ပြီး။

"မင်းတို့ပြဿနာ မင်းတို့ရှင်းပါလား၊ ငါနဲ့ ဘာဆိုင်လဲ"

"ဩော် . . . ရှင်က ခေါင်းကြီးကကြီးသလောက် သဘောထား ကျတော့ သေးလိုက်တာ။ ရှင့်ပုဆိုးက ပေရေလည်း သိပ်မသိသာဘူး လေ။ ဟိုကအကျႌဆိုတော့ လူတောတိုးဖို့ အနံ့အသက်မကောင်းဘူး လေ"

"အေးလေ . . . ကြီးဖေကလည်း မင်းငါ့ဆီက နှစ်ရာတောင် နိုင်ထားတာကို"

မင်းဘွဲ့ကပါ ဝင်ပြောတော့ ကြီးဖေ မင်းဘွဲ့ကို မျက်စောင်း နှစ်ခု ထိုးသည်။ သို့သော် ခါးပုံစကို ပြန်ဖြန့်ကာ သုတ်တော့ သုတ်ပေး ရှာပါသည်။

"ငါ့ပုဆိုးက ခန့်ချောကြီးကွ"

ဟုလည်း အသံပွပွနဲ့ ပြောသေးသည်။

ထို့နောက် အအေးဆိုင်သို့။



www.burmeseclassic.com

www.burmeseclassic.com

အအေးဆိုင်ရောက်တော့ သူမက ထုံးစံအတိုင်း စတော်ဘယ်ရီ ဖျော်ရည်ကို မက်မက်မောမောမှာ သောက်သည်။ ကြီးဖေက သူ့ပုဆိုးနှင့် တံတွေးသုတ်ခံထားရ၍ တင်းနေသည်။ မင်းဘွဲ့က သူသိချင်တာတွေ စတင်မေးတော့သည်။

"မင်းက ဆရာမြတ်ထွန်းသစ်ဇော်ရဲ့ တူမလား"

"ဘာလို့မေးတာလဲ"

"ခုနက မင်းဖိုင်ထဲကထွက်ကျတဲ့ စာအုပ်ရဲ့ရှေ့မှာ ဆရာ့ရဲ့ လက်မှတ်နဲ့ တူမလေးအတွက် အမှတ်တရဆိုတဲ့ စာတမ်းပါလို့ မေးကြည့်တာပါ။ ဆရာက ငါအနှစ်သက်ဆုံး ပုံပြင်ရေးဆရာတစ်ယောက်ပဲ။ ဆရာ့ရဲ့ ပင်ကိုရေးပုံပြင်တွေကော ဘာသာပြန်ပုံပြင်တွေကော ငါကြိုက်ခဲ့တာ။ ဆရာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးသွားတာကို ငါဖြင့် နမြောလို့ မဆုံးဘူး"

သူမက သူ့ကို စေ့စေ့ကြည့်သည်။ တစ်စုံတစ်ရာ စဉ်းစားဟန်ဖြင့်လည်း မျက်လုံးအောက်စိုက်ကာ နည်းနည်းငြိမ်နေသေးသည်။ ပြီးမှ . . .

"ဟုတ်တယ် . . . ဆရာ မြတ်ထွန်းသစ်ဇော်ဆိုတာ ကျွန်မရဲ့ ဦးလေးပဲရှင့်"



"ဟား . . . တကယ်ပဲကို ဝမ်းသာတယ်ဗျာ။ ဒါနဲ့ မင်းလည်း ဦးလေးလို ပုံပြင်တွေ ရေးသေးတယ်မို့လား။ ဘာတဲ့ . . . မင်း ကလောင်နာမည် ငါသိပါတယ်၊ ရွှေ . . . ဘာဆိုလား"

"ရွှေလွှာဆိုတဲ့အမည်နဲ့ ရေးတာပါ။ ဒါပေမဲ့ ကျွန်မ မရေးဖြစ်တာ ကြာပါပြီ။ ဘယ်နှနှစ်ရှိပြီလည်းတောင် မသိတော့ဘူး"

"ဟုတ်တယ် . . . ဟုတ်တယ် ရွှေလွှာဆိုတဲ့ အမည်နဲ့။ မရေးတာတော့ ကြာပြီ"

"ကဲ . . . အဲဒါတွေ ထားပါ။ ရှင်စကားလမ်းကြောင်း လွှဲမနေနဲ့။ ကျွန်မကို တံတွေးနဲ့ထွေးထားတာ လျော်ကြေးပေးရမယ်"

"ပေးပါ့မယ်ဗျာ။ ဘယ်လောက်တုန်း ဟိုတစ်ခါတုန်းကလို နှစ်ထောင့်ငါးရာပဲလား"

"ရလိမ့်မယ် အားကြီးကြီး။ ဟိုတစ်ခါက ပခုံးဆွဲလှည့်တာ အခု ဟာက တံတွေးနဲ့ထွေးတာ တူမလား။ ဟိုတစ်ခါ နှစ်ထောင့်ငါးရာတောင်း တာတောင် နည်းသွားတယ်။ အအေးဖိုး ရှင်းလိုက်ရတော့ ဘယ်လောက်မှ အသားတင် မကျန်လိုက်ဘူး။ အဲ့ဒါ ရှင်မသိဘူးလား"

"ဟင့်အင်း"

"မသိလည်းနေ"

ဟုဆိုကာ ရွှေလွှာက စားပွဲပေါ်မှ သူ့ပိုက်ဆံအိတ်ကို ဆွဲယူကာ ဟိုတစ်နေ့ကအတိုင်း ခေါက်ချိုးပိုက်ဆံအိတ်အပြားလေးကိုဖြန့်ကာ ရုပ်ညိုးဖြန့်၍ ငွေရေတွက်နေပြန်သည်။ မင်းဘွဲ့ ပိုက်ဆံအိတ်ကို စားပွဲပေါ်တင်သည့်အကျင့်အား ကြပ်ကြပ်ပြင်ရဦးမည်။

ကြီးဖေက သွက်လက်ရဲတင်း၍ ချစ်စဖွယ်ကောင်းသော သူမကို ခိုးခိုးအကဲခတ်နေသေးသည်။

မင်းဘွဲ့လည်း စားပွဲလက်ထောက်၍ ငေးရင်း အတွေးအချို့လည်း တွေးဖြစ်သည်။ ဒီကောင်မလေးက ဘာလို့ ဒီလို ငွေတကဲတဲ



www.burmeseclassic.com

www.burmeseclassic.com

အငမ်းမရ လိုချင်နေရတာလဲ။ လူတိုင်းလိုအပ်မှုအရ လောဘသဘာဝအရ ငွေအလိုရှိကြပေမယ့် သူ့ပုံက ပိုပြီး ဆူပွက်နေတယ်။ သူ့မှာ သိပ်အရေးကြီးတဲ့ အခက်အခဲတစ်ခု ရှိနေပုံပဲ။ ဘာအခက်အခဲလဲ။ ငါ မေးမြန်းကြည့်ပြီး ကူညီနိုင်ရင် ကူညီဖို့ စကားပြောကြည့်ရမလား။ မဖြစ်။ သူ့ပုံက ဝေးဝေးရှောင်ရမယ့်ပုံမျိုး။ သူ့ကြည့်ရတာတော့ နွမ်းပါးပုံမပေါ်၊ သွက်လက်ပြီး အထက်တန်းလွှာတစ်ခုက ဆင်းသက်လာဟန်မျိုး။ မျက်နှာအမူအရာက ကလေးဆန်ပေမယ့် လှုပ်ရှားဟန်တွေက စမတ်ကျတယ်။ ဒါနဲ့များ သူ ဒီလို တစ်ခုခုဆို ငွေပဲလျှောက်တောင်းနေတာလဲ။ ငါက အလျှော့ပေးလို့သာ သူက ဒီလို တောင်းလို့ရမှန်းသိလို့ အတင့်ရဲပြီး တောင်းတာပဲ။ အင်း . . .

မင်းဘွဲ့အတွေးက အလျင်မပြတ်တော့ချေ။

"ဟာ . . . ဒီတစ်ခါ နည်းနည်းများသွားပဲ။ ငါးထောင်တောင်ရှိတယ်"

"အဲ့ဒါ ငါ့ခစ်ရှင်နရီ ဝယ်ဖို့ကွ"

"အဲဒါ ရှင့်ကိစ္စလေ။ ကျွန်မကတော့ တန်ရာတန်ကြေး ယူရမှာပဲ။ ဟုတ်တယ်မို့လား နော့်"

ဟုတ်တယ်မို့လား . . . နော့် ဆိုတာ ကြီးဖေကို မေးဆတ်ပြပြီး အဖော်ဆွဲလုပ်လိုက်တာ။ ကြီးဖေတောင် ယောင်ယမ်းခေါင်းညိတ်မိသွားသေး။ ပြီးတော့မှသာ ကောင်မလေးကို နားလည်ရခက်သော သင်္ချာပုစ္ဆာလုံးလုံးလေးတစ်ပုဒ်လို ပြုံးကြည့်နေမိသည်။ မင်းဘွဲ့ကိုလည်း 'ဘာလဲ' ဟူသည့် အကြည့်နှင့် လှမ်းကြည့်သေးသော်လည်း မင်းဘွဲ့ကလည်း ဆလဲပေးထားသော မူအရာနှင့်သာ ပခုံးကို လျှော့လျှော့ရဲရဲ တွန့်ပြလိုက်သည်။

"ကဲ . . . ဒီတစ်ခါတော့ လေးထောင်ယူလိုက်ပြီ"

သူမ တိတိကျကျပင် တစ်ထောင်တန်လေးရွက်ကို နှုတ်ယူလိုက်သည်။ ငွေစက္ကူများနှင့်အတူ ကတ်ပြားတစ်ခုပါ ရောပြွန်ထွက်လာသော



သည်နှင့် သူမ ကောက်ယူကြည့်လိုက်သည်။ ကတ်ပြားလေးက အင်္ဂလိပ်စာသင်တန်း လိပ်စာကတ်လေး။

"ရှင်က အင်္ဂလိပ်စာ ဆရာလား"

"ဟင့်အင်း . . . သင်တန်းသားပါ"

"ဟာ . . . ဒါဆိုအတော်ပဲ။ ရှင်တို့သင်တန်းမှာ အလုပ်တွေဘာတွေ မလိုဘူးလား။ ဝန်ထမ်းအလိုရှိသည်ဆိုတဲ့ စာတွေဘာတွေ ကပ်ထားတာကော တွေ့မိလား"

"မကြားမိပေါင်ဗျာ"

"ဟွန်း . . ."

သူမ မျက်နှာလေး ရှုံ့၍ ငယ်သွားသည်။

သူမလက်ထဲမှ C.V Form များ၊ အမြဲတမ်း ငွေလိုချင်နေသော သူမ၏ ပျာယီးပျာယာ မျက်နှာထား စသည်မှတစ်ဆင့် သူမ မည်မျှ အလုပ်လိုချင်နေကြောင်းကို မင်းဘွဲ့တို့ ခန့်မှန်းမြင်နိုင်သည်။

သူမ ဘာမျှ မပြောတော့ဘဲ ထိုင်ရာက ဖြည်းဖြည်းလေး ပြန်ထရာ ထိုနေရာမှ ထွက်ခွာရန်ပြင်သည်။

"ဟေ့ . . ."

မင်းဘွဲ့၏အသံကို ကြားရသည်။ သူမက မျက်လုံးပင့်၍ ကြည့်သော့ မင်းဘွဲ့က ဆက်ပြီး . . .

"မင်းကို အလုပ်ပေးနိုင်တဲ့သူရှိတယ်"

"ဟင် . . . ဟုတ်လား"

သူမ ဝမ်းသာအားရဖြင့် ဆတ်ခနဲ ပြန်ထိုင်ချကာ မေးသည်။

"ဘယ်သူလဲ"

မင်းဘွဲ့က ပြုံးပြီး . . .

"ငါပဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဖြေတော့ သူမ မျက်နှာလေး တွေဝေသွားသည်။ အတန်ကြာအောင် တွေဝေနေသေးပြီးမှ မျက်နှာကို ဆူပုပ်ပုပ်ဖြစ်အောင် ပြန်ပြင်ပြီး . . .

"ရှင့်ဆီမှာတော့ မလုပ်ရေးချ မလုပ်"

ဟုဆိုကာ 'တောက် တောက် တောက် တောက်' မြည်အောင် ဒေါက်ဖိနပ်ဂီတသံလေးပေး၍ ထွက်သွားပါတော့သည်။



**(4)**

အခန်းထဲတွင် Avril Lavinge ၏ Happy ending သီချင်းကို အသံထွက်ရုံလေး ဖွင့်ထားသည်။ အခေါက်ခေါက် နားထောင်ပြီးမှ ရွှေလွှာ ပြီး ထိုသီချင်းကို ပိတ်လိုက်သည်။ ထိုသီချင်းကို ရွှေလွှာ မကြိုက်။ သော် ကြိုက်သည်။ သီချင်းကို ကြိုက်သော်လည်း နိမိတ်ပုံကို မကြိုက်။ ပျော်ရွှင်စရာတွေကို မည်သူက အဆုံးသတ်ချင်ပါသနည်း။

"ကိုရေ . . . ဒီနေ့လေ ကိုနဲ့ ခပ်ဆင်ဆင်တူတဲ့ ကောင်လေးနဲ့ တွေ့ခဲ့တယ်။ ဒီကောင်လေးနဲ့တွေ့တာ နှစ်ခါရှိပြီ . . . ကိုရဲ့။ သူက သဘောကောင်းတဲ့ပုံနဲ့။ ရွှေလွှာလေ သူ့ကို ဖျံကျပြီး အလျော်တောင်း တာလည်း သူကပေးတယ် သိလား။ အင်း . . . သူက ရွှေလွှာ့ကို အလုပ်ပေးဦးမယ်တဲ့ ပြောသေးတယ်။ သူ့ဆီမှာ အလုပ်လုပ်ရင် ကို သဘောတူမှာလား။ ဘာအလုပ်လုပ်ရမလဲတော့ ရွှေလွှာလည်း မသိသေးဘူး။ ဟင် . . . ကို . . . ရွှေလွှာ သူ့ဆီမှာလုပ်ရင် သဘောတူမှာလား။ သဝန်တိုနေမလား။ ရွှေလွှာကတော့ ရတဲ့အလုပ် လုပ်ချင်ပြီ။ ဒါမှ ပိုက်ဆံ မြန်မြန်ရပြီး နင်ရှိတဲ့နောက် လိုက်လာနိုင်မှာပေါ့ . . . ကိုရဲ့။ ကို . . .



www.burmeseclassic.com

www.burmeseclassic.com

နှင့် ငါ့ကို သတိရရဲ့လား။ ရွှေလှာကတော့ နေ့တိုင်းလွမ်းနေတာပဲ။ ကို ဆိုပြနေကျ ဒါလင်သီချင်းလေးကိုလည်း တနင်္ဂနွေနေ့တိုင်း ရွှေလှာ နားထောင်နေတယ် . . . သိလား။ လူချင်းပြန်တွေ့ရင် ရွှေလှာက တစ်လှည့် ပြန်ဆိုပြမယ်လေ . . . နော် . . . မကောင်းဘူးလား”

သူမ တစ်ဦးတည်း စိတ်ထဲမှာ သူ့ချစ်သူကို မြင်ယောင်ပြီး စကားတွေ အများကြီး ပြောနေမိသည်။ သူမ စာကြည့်စားပွဲမီးလုံးကို ပိတ်ဖို့ပြင်တော့ မေမေ့ဓာတ်ပုံကို တွေ့ရပြန်ပါသည်။

မေမေ့ဓာတ်ပုံတွေ့တော့ သူမစိတ်က မေမေ့ဆီ ရောက်သွားပြန်သည်။ ဓာတ်ပုံထဲမှာ မေမေက သိပ်လှနေပြီး ပါးအစ်အစ်လေးများမှာလည်း ရွှေလှာနှင့် တူညီနေသည်။

“မေမေရယ် . . . မေမေက ဘာလို့ အစောကြီး ထွက်သွားခဲ့ရတာလဲ။ အခု ရွှေလှာတစ်ယောက်တည်း သိပ် အထီးကျန်ရတာပဲ။ မေမေရှိရင် သမီး မေမေ့ကို တိုင်ပင်စရာတွေ အများကြီး။ ပြီးတော့ တိုင်ပြောစရာတွေကော။ ဖေဖေက သမီးအပေါ် မကောင်းဘူး။ သူ့မှာ ဘဏ်ပေါက်စေ့အပ်ထားတဲ့ ငွေတွေ အများကြီးပဲ။ တိုင်းကျော်ပြည်ကျော် အပ်ထားတဲ့ ငွေတွေလည်း မနည်းမနောပဲကိုတောင် သမီးကို ပိုက်ဆံမပေးဘူး။ မပေးဘူးဆိုတာမှ တစ်ပြားမှကို မပေးတော့တာ မေမေ။ သမီးကို ဆင်ပေးထားတဲ့ ရွှေတွေဘာတွေလည်း အကုန်ပြန်သိမ်းသွားတယ်။ ကြည့်၊ ဘယ်လောက်ဆိုးလဲ။ သမီးက သူမပေးဘူးဆိုလို့ ကိုယ့်ဘာသာ အလုပ်လုပ်ပြီး ရှာမယ်ဆိုတော့လည်း အလုပ်လုပ်လို့မရအောင် နောက်ကွယ်ကနေ တားတားနေတယ်။ သမီး မသိတာမှတ်လို့။ ပြောပေးပါဦး မေမေရယ်။ သမီးမှာ ငွေတွေ အရမ်းလိုနေလို့ပါ။ မြန်မြန်နဲ့များများ လိုအပ်နေတာ . . . မေမေရဲ့။ မေမေသာရှိရင် မေမေကတော့ သမီးကို ဒီလိုထားမှာ မဟုတ်ပါဘူး။ သမီး လိုချင်တာပေးမှာပါနော် . . . ဟုတ်တယ်မို့လား မေမေ”



သူမ မေမေ့ဓာတ်ပုံကို နမ်းရှုံ့၍ မီးရောင်ပြာပြာအောက်တွင် မျက်ရည်ဝဲနေသည်။ မကြာပါ။ မျက်ရည်တွေ စီးကျလာသည်။ လက်ခုံနှင့် ဆွဲသုတ်လိုက်သည်။ တော်တော်ကြာအောင် သူမ မေမေ့ကို အောက်မေ့နေခဲ့ပါသည်။

ထပ်ပြီး တော်တော်ကြာမှ သူမ အာရုံပြောင်းသွားပြန်သည်။ အတွေးက ငွေများများရရှိရေးထဲ ရောက်သွားပြန်ပြီ။ သူမ လိုချင်သလောက် ငွေပေးနိုင်သူတစ်ယောက် ရှိသေးမှန်း သူမသိသည်။

ထိုသူက ဘိုးဘိုး။

ဘိုးဘိုးဆိုတာ သူမအဖေ၏ အဖေ။ ဘိုးဘိုးက ချွေးမဖြစ်သော မေမေ့ကို ချစ်သလို သူမကိုလည်း အရာရာ အလိုလိုက်၍ ချစ်လေသည်။ သူမလိုအပ်လျှင် ငွေဘယ်လောက်တောင်းတောင်း အဘိုးက ငြူစူမည် မဟုတ်။ ဘိုးဘိုးက ကတိပေးထားသေးသည်။ လက်ထပ်ဖို့ရည်ရွယ်သည့် ရည်းစားရသည်နှင့် ဘိုးဘိုးဆီ ခေါ်လာခဲ့။ အမွေတွေ လွှဲပေးမည်ဟု ခင် သူမလည်း မပူဆာဘဲ ကတိပေးထားသည်။

သို့သော် အခု အဘိုးဆီက ငွေသွားတောင်းရမည်ဆိုပါက သူမ စိတ်သန့်မည်မဟုတ်။ အဘိုး၏ ကြည်လင်သော ချစ်ခင်မှုအပေါ် သူမ ဆိုချင်စိတ် တစ်ခုခုဖြင့် မချဉ်းကပ်ချင်။ ဒီငွေတွေနှင့် ဘာလုပ်မည်ဆိုတာ သိလျှင်ကော အဘိုးက ပေးပါ့မလား။ အကြောင်းတစ်ခုခုပြပြီး လိမ်ဆောင်းရမလား။ သူမ အာရုံတွေ ရှုပ်ထွေး၍ လာသည်။

ထိုစဉ် တံခါးခေါက်သံကို ကြားလိုက်ရသည်။

“ခေါက် . . . ခေါက် . . . ခေါက် . . .”

တံခါးခေါက်သံကြားသည်နှင့် သူမ စောင်နှင့်လျှင်မြန်စွာ ခေါင်းမြီးခြုံပစ်လိုက်သည်။

“သမီးလေး . . . တံခါးဖွင့်ပါဦး။ ဖေဖေနဲ့ ဒီနေ့တစ်နေ့လုံး မတွေ့ရသေးဘူးလေ။ ပြီးတော့ ထမင်းလည်း မစားသေးဘူးဆို”



www.burmeseclassic.com

www.burmeseclassic.com

အခန်းအပြင်မှ တံခါးခေါက်သူ၏ အသံ။

"ဖေကြီးနဲ့လည်း မတွေ့ချင်ဘူး။ ထမင်းလည်း မစားချင်ဘူး။ အိပ်ပြီ။ အိပ်မက်ထဲမှာ မေမေနဲ့တွေ့ရင် ဖေကြီးကို တိုင်ပြောမယ် ဒါပဲ"

မှောက်ခနဲမြည်အောင် အခန်းမီးကို မှိတ်ပစ်ပြီး သူမ ခေါင်းအုံးထဲ ခေါင်းထိုးဝင်ကာ တကယ်ပင် အိပ်ပစ်လိုက်တော့သည်။

အခန်းအပြင်မှ သူမအဖေသည် လေးတွဲ့စွာ ခေါင်းယမ်း၍ အခန်းရှေ့မှ ထွက်ခွာသွားသည်။



## (5)

"ဘာ . . . မင်းက ဝင်းပပမျိုးကို ကြိုက်လို့"

သင်တန်းချိန်စောသေးသဖြင့် အတန်းထဲမှာ လူသူမစုံလင်သေး။ ဒါကြောင့် သူ့စိတ်ထဲက Password ခံပြီး ပိတ်ပိတ်ထားသည့် စကားလုံးတွေကို မအောင့်နိုင်တော့သလို လော့ဂ်ဖွင့်ပြီး စောချိုဝင်းက ပြောချလိုက်ခြင်းဖြစ်သည်။

မင်းဘွဲ့အပေါင်းသားဆိုသည့် အနေအထားမျိုး ရောက်ခါနီး ပါးစပ် နည်းနည်းဟသွားသလို ကြီးဖေကလည်း ခဏငြိမ်ပြီးမှ အီလည်လည်ကြီး ပြုံးနေသည်။

"မင်းတို့ မျက်နှာတွေက ဘာဖြစ်သွားတာလဲကွ။ ဝင်းပပမျိုး ဘ ငါ့အတွက်ဆို အမရာ၊ ကိန္နရီ၊ မဒီ၊ သံ . . . သံ . . . သံ . . . ဘာဖြစ်တယ် . . . ဟော့ကောင်"

"သံပုနဲ့ထိုး"

သမ္ဘုလကိုမေ့နေသည့် စောချိုဝင်းကို ကြီးဖေက ဝင်ရွဲ့သည်။ စောချိုဝင်းမျက်နှာလည်း သံပုနဲ့ထိုးခံရသလို ရဲခနဲ တစ်ချက်ဖြစ်သွားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"အေး . . . သံပူတော့ သံပူပဲ။ နောက်က တစ်လုံးကျန်သေးတာ ငါခေ့နေတာ။ ဘာပဲဖြစ်ဖြစ် ဝင်းပပမျိုးကတော့ အဲ့ဒီလေးယောက်လို တော်လေးဝ ဝင်တာပဲ . . . ဟော့ကောင်"

တော်လေးဝ ဝင်မဝင်တော့ မသေချာ။ သင်တန်းရှိတော်တော်လေးဝသည့် လေးယောက်စာရင်းတွင်တော့ ဝင်လိမ့်မည်ဟု မင်းဘွဲ့ တွေးကာ ပြုံးမိလေ၏။

"ဘာပြုံးတာလဲ . . . မင်းဘွဲ့၊ မင်း ငါ့ကို နှိမ်တာလား"

"ဟာ . . . ငါ့အပြုံးက အဲ့လို ဖြစ်နေလို့လား"

"ဖြစ်နေတယ် . . . ဟော့ကောင်၊ ဒီနေ့ကစပြီး မင်းအတွင်းခံဘောင်းဘီ ငါ မယူဝတ်တော့ပါဘူးလို့ ကတိပေးတယ်။ ဒါကြောင့် မင်း ငါ့အချစ်ကို လာမနှိမ်နဲ့တော့"

"ဟာ . . . ဘလိုင်းကြီးပါလား။ မင်းယူဝတ်တဲ့ ဘောင်းဘီတိုင်းကိုလည်း ငါက ပြန်လျှော်ဝတ်တယ်လို့ မင်းထင်နေလား။ တုတ်နဲ့ထိုးကော်ပြီး နောက်ဖေမှာ ကျင်းတူးပြီး မြေမြှုပ်စစ်တာကွ နားလည်လား"

မင်းဘွဲ့ ဒါတော့ ဖြစ်ရပ်မှန်ကို ပြောခြင်းဖြစ်သည်။

ကြီးဖေက ဝိုးခနဲ ဝိုးခနဲ ဖားပြုံးချိုကြီးလို ရယ်နေသည်။ စောချိုဝင်းက ပတ်ရမ်းပြန်သည်။

"ဟော့ကောင် . . . မင်းက ဘာရယ်ပြန်တာလဲ . . ခေါင်းကြီး"

"အဟီး . . . ငါရယ်တာက တခြားကြောင့် မဟုတ်ပါဘူး။ ဝင်းပပမျိုးက အိပ်ဒိုက်ရင် လက်ကြီးမေးထောက်ပြီး သွားရည်တွေ အတန်းလိုက် ကျတတ်တာမို့လား။ မင်းအိပ်ဒိုက်ရင်ကျတော့ ခုံပေါ်မှာ တစောင်းကြီး မှောက်နေပြီး ပါးစပ်ကြီးက အဟောင်းသား ဖြစ်နေတတ်တာမို့လား။ ဒါကြောင့် မင်းတို့နှစ်ယောက် အတူတူထိုင်ပြီး အိပ်ငိုက်ရင် ဝင်းပပမျိုးရဲ့ သွားရည်တွေက မင်းရဲ့ ဟောင်းလောင်းပါးစပ်ကြီးထဲကို တန်းလန်းယို . . ."

"ဟာ . . . ဟော့ကောင် . . . ထွီး . . ."



ထိုစဉ် ဝင်းပပမျိုးဝင်လာ၍ နှုတ်များ ပိတ်လိုက်ကြသည်။ စောချိုဝင်းက ဝင်းပပမျိုးကို ကလည်ကလည် ရောင်စဉ်သွယ်မျက်လုံးဖြင့် ရှုံ့ကြည့်နေအောင် ငေးသည်။ ဝင်းပပမျိုးဝင်လာပြီးတော့ ဝင်းပပမျိုး၏ အနောက်ဘက်တွင်ရှိသော တံခါးဝတွင်ရပ်နေသည့် မိန်းကလေးတစ်ဦးကိုလည်း တွေ့လိုက်ရသည်။

"ဝိုး . . . မြောက်ကျွန်းသူများလား"

စောချိုဝင်းက ရေရွတ်တော့ မင်းဘွဲ့နှင့်ကြီးဖေ၏ မျက်လုံးကလည်း အခန်းဝသို့ အော်တိုရောက်သွားသည်။

"ဟင် . . ."

"ဟာ . . . သူ . . ."

မင်းဘွဲ့ မျက်ခုံးပေါ်က ကုတ်ဆွဲလိုက်သလို မြင့်သွားသည်။ မြောက်ကျွန်းသူတော့ မဟုတ်။ ချောက်တွန်းသူပဲဖြစ်ချင်ဖြစ်မည်။ သူနဲ့ဆုံလျှင် ချောက်ထဲ ပလွတ်ခနဲ ပြုတ်နိမ့်ကျသွားသလို ရင်လှိုက်ဖိုစရာကောင်းလွန်းလို့၊ သူ . . . သူ . . . သူမ။

သူမက ကျောပိုးအိတ် သေးသေးလေးကို လွယ်ထားသည်။ ရှေ့ဘက်မှ ကြည့်လျှင် ကျောပိုးအိတ်ကို မမြင်ရ။ လွယ်ကြိုးဖြူသွယ်သွယ်လေးကိုသာ မြင်ရ။ သူမက လက်ယပ်ခေါ်နေသည်။ မျက်နှာကလည်း အချိုရဲဆုံးဖြစ်အောင် ပြုံးပြလို့။ ဒီလို မျက်နှာသွေးမျိုး ဒီတစ်ခါပဲ မြင်ခွင့်ရသေးသည်။ ဆူပုပ်ဝိုရှိုက်နေကျ မျက်နှာလေးကို မြင်တွေ့နေကျမှ ဒီလိုမျိုး ရွှန်းဆိုနူးအိနေသော မျက်နှာလေးကို မြင်လိုက်ရတော့ ရင်ထဲက အတွင်းကြိတ် ထရန်စဖာအိုးပေါက်ကာ အသည်းပန်းပြာပြာလေး ဖြစ်ရဖြာသွားသလို ခံစားလိုက်ရသည်။

သူမ ပြုံး၍နေရာမှ မျက်မှောင်ကြုတ်သွားပြီး . . .

"ဟော . . . နင့်ကို ခေါ်နေတာလေ။ လာဦးလေ"

နှုတ်ဖြင့်ပင် လှမ်းပြီးခေါ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မင်းဘွဲ့ ထရပ်ကာ မိမိရင်ကို လက်နှင့်ညွှန်းပြီးပြသည်။ ငါ့ကို ခေါ်လာတာ ဆိုပြီးတော့။ သူမက စိတ်မရှည်သလိုဟန်နှင့် ခေါင်းညိတ်ပြသည်။ မင်းဘွဲ့ မရဲတရဲထပြီး သူ့ဆီသွားရသည်။ ဒီတော့မှ အတန်းထဲက သူ့ကျောင်းသားတွေ၏ မျက်လုံးအားလုံးက ဗိုအားပြင်းပြင်းနှင့် ခေါ်သောတွေ ဖြစ်နေတာကိုလည်း သတိပြုမိသည်။ မသိစိတ်ထဲမှ ဝန်တိုစိတ်က သိသိသာသာ ကြီးတင်းသွားသည်။

"ပြော . . . ဘာလဲ။ ဘာအလျော်တောင်းစရာရှိလို့လဲ"

ကျောပိုးအိတ်ကြိုးလေး နှစ်ဘက်ကို ကိုင်ပြီး ဟိုဒီယိမ်းကာ ဟီး ဟု အသားလွတ် ရယ်ပြသည်။ မင်းဘွဲ့ စိတ်ထဲက သူ့အပြုံးမျက်နှာလေးကို ရင်သပ်ရှုမောဖြစ်နေပေမဲ့ မျက်နှာကိုတော့ တင်းအောင်ပြင်ထားမိသည်။

"အလုပ်ကိစ္စပြောမလို့ လာတာပါ"

"ဘာ . . . အလုပ်ကိစ္စလဲ"

"နင်ပဲ ဟိုတစ်နေ့က ငါ့ကို အလုပ်ခန့်မှာဆို"

"နင်ပဲ မလုပ်ဘူးဆို"

"အဲ့ဒါ ငါအလောတကြီး ဆုံးဖြတ်မိသွားတာ။ အခု ငါသေချာ ပြန်စဉ်းစားပြီးပြီ။ နင့်ဆီမှာ အလုပ်လုပ်မယ်။ ငါငွေရမှဖြစ်မယ် . . . နော် . . . နင် ငါ့ကို အလုပ်ပြန်ခန့်"

ထိုအချိန်ပဲ အတန်းသင်မည့်ဆရာက ကြွလာပြီဖြစ်သည်။ အခန်းဝတွင် စကားပြောနေသော မင်းဘွဲ့တို့ကို တစ်ချက်ကြည့်ပြီး အခန်းထဲဝင်သွားသည်။

"ကဲ . . . ငါ သင်တန်းရှိသေးတယ်ဟာ။ နောက်မှ ပြောကြတာပေါ့"

"ဟေ့ . . . ဟေ့ . . ."

သူမ နောက်က လှမ်းခေါ်ပေမဲ့ မင်းဘွဲ့ အခန်းထဲ ပြန်ဝင်ခဲ့လိုက်သည်။ တော်တော်ရှုပ်သည့် ကောင်မလေး။



စောချိုဝင်းဘေးနား ဝင်ထိုင်တော့ လျှာယားနေသည့် ဒီကောင်က ဒူးနဲ့တိုက်ပြီး လေသံသဲ့သဲ့နှင့် . . .

"မင်း လျှိုထားတယ်နော်။ ပြောစမ်း . . . မင်းနဲ့သူ ဘယ်လိုလုပ် ကြိုက်သွားကြတာလဲ"

"ငါက 'ထွီ' ဆိုပြီး တံတွေးနဲ့ ပိတ်ထွေးပစ်လိုက်တော့ သူက ငါ့ကိုချစ်သွားရောကွ ရှင်းပြီလား"

"ဟင်း . . . ဘယ်လိုကြီးလဲဟ"

FBI လို စစ်ကြောရေးထူမည့် စောချိုဝင်းကို အူကြောင်ကြောင် အားနှင့် ဆက်မမေးနိုင်အောင် ပိတ်ပစ်လိုက်သည်။

နောက် . . . ရှေ့က ဆရာစာသင်တာကို သူတို့ အာရုံစိုက် လိုက်ကြသည်။ စာသင်တာ တော်တော်ကြာသွားသည်။ ကောင်မလေး အကြောင်း တစ်ချက်တစ်ချက် တွေးမိပေမဲ့ အခုအချိန်တော့ ပြန်သွား လောက်ပါပြီဟုလည်း တွေးမိသည်။ သူမအကြောင်းက မိုးတိမ်နိမ့်နိမ့် လေးတွေလို အတွေးထဲ အိအိကျနေတော့ ဆရာရေးရေးပြနေသည့် Whiteboard ကြီးကိုလည်း White-boat လေးအဖြစ် သူ ပြောင်းမြင်နေ မိသည်။ White boat ဆိုတော့ အဖြူရောင်လှေကလေးပေါ့။ ထိုလှေ ကလေးဖြင့် ပင်လယ်ဖြူဖြူထဲ ရွက်လွှင့်၊ ငါးဖြူဖြူလေးတွေ မျှားရင်း ငှက်ဖြူဖြူ လေးများကို ကြည့်ငေးလို့ပေါ့။ ကြည့် . . . အတွေးထဲမှာ ကောင်မလေးကရှိတော့ ကမ္ဘာတစ်ခုလုံးပင် တညီတညွတ်တည်း ဖြူကုန် သည်။

ထိုစဉ်ပဲ ဝင်းပပမျိုး၏ လည်ပင်းချေး(ဂျီး) ကြောင်းများကို သွေး ကြောစိမ်းများအမှတ်နှင့် ကြည့်ပြီး ကြည်နူးနေသော စောချိုဝင်းမှာ နောက်တရက် နှာခေါင်းက ရှုံ့ပွရှုံ့ပွ ဖြစ်လာသည်။

"ရှုတ် . . . ရှုတ် . . ."

အားနှင့် ရှုကြည့်သည်။ တစ်ခုခုပဲ တစ်ခုခု။

"ညှော် . . . ညှော်သလိုပဲဟ"



www.burmeseclassic.com

www.burmeseclassic.com

ရှေ့က ဆရာစာသင်တာ ခဏတန့်သွားသည်။ အားလုံး နှာခေါင်းများလည်း တရှုတ်ရှုတ် ရှုံ့ကုန်သည်။

မင်းဘွဲ့လည်း ယခုမှ ဂန္ဓာရုံက သတိထားမိသည်။ ဟုတ်သည် ညှော်နံ့။ တစ်ခုခုလောင်ပြီး ညှော်သည့်အနံ့။

"ဟုတ်တယ် . . . ညှော်တယ်ဟေ့"

"ဘယ်သူ ဆေးလိပ်သောက်သလဲဟေ့"

"ခြင်ဆေးခွေတွေယူလာပြီး ထွန်းနေကြတာလား"

"တစ်ခုခု လောင်နေတာထင်တယ်"

တစ်ယောက်တစ်ပေါက် အသံတွေ ထွက်လာကြပြီ။ မျက်နှာကျက်တို့ နံရံတို့က ရှော့ဖြစ်နိုင်ချေရှိသော ဓာတ်ကြိုးများဆီကြည့်ကြသည်။

ရှေ့ကဆရာကလည်း ဘာမှန်း သေချာမသိသေးသော်လည်း မဟာနဖူးမှာ ချွေးသီးတွေ ကပျာကယာစုနေပြီ။ ဒီအချိန်ပဲ စာသင်ခန်းဘေး ပြတင်းပေါက်မှာ မီးခိုးငွေ့တစ်မျိုး ဝေ့ဝဲဖြတ်သန်းလာသည်။

"ဟာ . . . မီးခိုးတွေ"

သည်လို ရေရွတ်မိစဉ်နှင့် တစ်ဆက်တည်းပင် တီ . . . ဟုသည့် လျှပ်စစ်အချက်ပေး ခေါင်းလောင်းသံကြီးက ထစ်ငေါ့တုန်ခါ လွင့်ပျံ့လာသည်။ မီးအချက်ပေးခေါင်းလောင်း။

"ဟာ . . . မီး . . . မီးတဲ့ဟ"

ရှေ့က စာသင်သည့်ဆရာက တပည့်များကို ဘေးရန်ဆီးကာဖို့ နည်းနည်းလေးမျှ သတိမရဘဲ ဦးစွာ ပုဆိုးကြီးမြှောက်ပြီး ပြေးတော့သည်။ ကျန်တဲ့သူတွေလည်း ဘာရမလဲ၊ တဝုန်းဝုန်းပေါ့။ အပေါက်တစ်ပေါက်တည်း ပြုကြ၊ တစ်ကြ၊ နောက် . . . အောက်ဆင်းသည့် တစ်ခုတည်းရှိသော လှေကားကျဉ်းလေးမှာ ပိတ်ကြ၊ ညှပ်ကြ။

မင်းဘွဲ့လည်း ဘေးဘီကိုကြည့်တော့ စောချိုဝင်းနှင့် ကြီးဖေကိုမတွေ့တော့။ ဘယ်အချိန်က ပြေးသွားမှန်းမသိ။ ဒီတော့ ကိုယ့်ဘာသာ



ကိုယ်ပြေးရန် လှေကားနား အပြေးရောက်ခဲ့သည်။ ရှေ့မှာ လူတွေ လုံးထွေးအော်ဟစ်နေကြသည်။

မင်းဘွဲ့လည်း သေငယ်ဇောနှင့် ချွေးပြန်လာသည်။ အခုသေရင် ငရဲမှလွဲ၍ ရောက်မည့်နေရာအပြင်လည်း တခြားမရှိနိုင်။ လက်ချောင်းကြားက ချွေးအေးများဖြင့် စေးကပ်ကပ်ဖြစ်ကာ ဂဏာန်ကယင် ဖြစ်လာသလို။

ဒီလို သွေးပျက်နေစဉ်ပဲ . . .

"ဟေ့ . . ."

နောက်ဆီက အသံဖွဖွ အထိအတွေ့ဖွဖွနဲ့ ပခုံးပုတ်ခေါ်လိုက်သူ လှည့်ကြည့်တော့ အလျော်တောင်းမလေးဖြစ်နေသည်။

"ငါတို့ အလုပ်စကား ပြောကြမယ်လေ"

"အာ . . . ဒီမှာ မီးလောင်လို့မှ ပြေးပေါက်ပိတ်နေတယ်ဆို"

ဟိ . . . ခနဲ ပခုံးလေးနှစ်လက်မလောက် တွန့်လျက် ရယ်သည်။ . . . နှုတ်ခမ်းကို လက်ဖဝါးလေးအုပ်၊ မင်းဘွဲ့နားရွက်နားကို ကပ် . . .

"အဲ့ဒါ ငါလုပ်လိုက်တာ" တဲ့။

မင်းဘွဲ့ ဟင် . . . ခနဲ မျက်လုံးပြူးသွားသည်။ တော်တော်ကြာကြာကို ပြူးသွားသည်။ သူမက အသံပိစိလေးနဲ့ပဲ ဆက်ပြောသည်။

"Toilet ထဲမှာ အမှိုက်တွေ မီးရှို့ထားခဲ့တာ။ စိတ်မပူနဲ့။ ငါငြိမ်းခဲ့ပြီ။ ပြီးတော့ ရေပန်းတွေကိုလည်း ဖွင့်ခဲ့ပါတယ်။ အချက်ပေးခေါင်းလောင်းလည်း ငါပဲနှိပ်ခဲ့တာ"

"ဟာ . . . ဘာဖြစ်လို့ အဲ့လိုလုပ်ရတာလဲ"

"နင်တို့ သင်တန်းမြန်မြန်ဆင်းအောင်လေ။ ဒါမှ အလုပ်စကား မြန်မြန်ပြောလို့ရမှာပေါ့"

"အာ . . . ဒုက္ခပါပဲ။ နင် တော်တော်မီးမွှေးတာပဲ"

"အေး . . . မွှေးတယ်လို့ ပြောပြီးပြီလေ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွတ် . . . ဒါ မင်းလုပ်တာမှန်းသိသွားရင် အားလုံးက-မင်းကို ဝိုင်းသတ်လိမ့်မယ်"

"နင် မပြောရင် ဘယ်လိုလုပ်သိမှာလဲ"

"ဟူး . . ."

သူ ဟိုဘက်ကမ်းအထိ စိတ်လေသွားသည်။ ဘာကြောင့်မှန်းမသိ ရယ်လည်း ရယ်ချင်သွားသည်။

သူမသည် တစ်စုံတစ်ရာကို အပြင်းအထန်လို ချင်လာပြီဆိုလျှင် သိပ်စဉ်းစားမနေဘဲ ရရာပေါက်ကရလေးဆယ် နည်းလမ်းများကိုပင် အသုံးပြုရန် ဝန်မလေးသော ဉာဏ်နီဉာဏ်နက်မလေးတစ်ယောက်မှန်း သူ သိခဲ့ရပါသည်။

❧ ❧ ❧



ဘာပဲဖြစ်ဖြစ် ထိုနေ့က အလုပ်အကြောင်း ပြောဖြစ်ခဲ့ပါသည်။

ဒီတစ်ခါတော့ အအေးဆိုင်တွင်မဟုတ်။ မင်းဘွဲ့တိုက်ခန်းရှိရာ အပေါ်ဆုံး ခေါင်မိုးအထပ်ဆီတွင်ဖြစ်သည်။ အမြင့်တွင် ရောက်ရှိနေ၍ [illegible]တွေနှင့် ပိုနီးလာသည်ဟုလည်း ခံစားရနိုင်သည်။ နူးညံ့သောလေက သူမ ဆံနွယ်များကို တသုန်သုန် လွင့်နေစေသည်။ နောက်သို့ စုစည်း[illegible]ဝဲသွားသော ဆံနွယ်များကြောင့် ခါတိုင်း ဖုံးကွယ်နေသော သူမ၏ ပါးအစ်အစ်နှင့် မေးရိုးအဆုံးနေရာကို ရှင်းလင်းမက်မောစွာ မြင်နေရသည်။

"နင့်ဦးလေး မြတ်ထွန်းသစ်ဖော်ကလည်း ပုံပြင်တွေ အဓိက ရေးတဲ့ စာရေးဆရာ။ နင်ကလည်း ပုံပြင်တွေ ရေးခဲ့ဖူးတဲ့ စာရေးဆရာမ ဆိုတော့ နင်လုပ်နိုင်တာနဲ့ နင်လုပ်ရမဲ့အလုပ် ညီမျှပါတယ်။ နင့်အလုပ်က ပုံပြင်ပြောပြရမဲ့ အလုပ်ပဲ"

"ပုံပြင်ပြောပြရမယ်"

"အင်း . . ."

သူမ မျက်နှာ ထူးဆန်းမှုအရောင်တစ်မျိုး ဝင်သွားသည်။ သူ ဆိုတော့ မထူးဆန်းသလို ပြန်ကြည့်ရင်း . . .

"မင်း Story FM ဆိုတဲ့ ရေဒီယိုလိုင်းကို မကြားဖူးဘူးလား"

သူမ တစ်ချက် မျက်မှောင်ကုတ်ကာ စဉ်းစားဟန်ဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com

"ဩော် . . . အဲ့ဒီ FM က ရှင်တို့လုပ်နေတာလား"

သဘောပေါက်လွယ်သည့် သူမကို သူပြုံး၍ ခေါင်းညိတ်ပြပြီး–

"ဟုတ်တယ် . . . နားထောင်ဖူးတယ်ပေါ့"

"နားထောင်ဖူးပါတယ်။ ရှင်တို့ တော်သားပဲ။ ဟုတ်တယ်၊ လူငယ်ဆိုတာ အဲ့လိုဖြစ်နေရမှာ ကွက်လပ်တွေကို မြင်အောင်ကြည့်ပြီး လိုက်ဖြည့်စွက် လုပ်ကိုင်တတ်ရမယ်။ ရှင်တို့ဟာ ပုံပြင်တွေကို တစ်ခေတ်စမ်းအောင် ကြိုးစားနေတဲ့ အဖွဲ့ပဲ။ လေးစားပါတယ်ရှင်"

"အံမယ်လေး . . . လေး . . . လေး . . . ဟက် . . . ဟက်"

ဒီလို ကောင်မလေးဆီက ဒီလို လေးနက်ချီးကျူးတဲ့ စကားမျိုး ကြားတော့ မင်းဘွဲ့ မအောင့်နိုင်အောင် သဘောကျမိသွားသည်။ ပြီးမှ–

"ကဲ . . . ဘယ်လိုလဲ၊ မင်း ငါပြောတဲ့အလုပ်ကို လုပ်နိုင်လား"

"ငါက ဘယ်လိုပုံပြင် ပြောပြရမှာလဲ။ အီစွပ်ပုံပြင်လား၊ ဂျပန်ပုံပြင်လား၊ တစ်ထောင့်တစ်ညတွေလား၊ သမိုင်းပုံပြင်တွေလား၊ နိပါတ်တော်တွေလား"

"နင်ကြိုက်တဲ့ ပုံပြင်ပြော။ ဒါပေမဲ့ ငါ မကြားဖူးသေးတာ ဖြစ်ရမယ်။ နင့်ရဲ့ ကိုယ်ပိုင်ပုံပြင်တွေကို ပြောပြရင်တော့ ငါ ပို စိတ်ဝင်စားမိမှာပဲ"

"အဟင်း . . . ဒါဆို လခကကော၊ ဘယ်လိုလုပ်ရမှာလဲ"

"လခရယ်တော့ မဟုတ်ဘူးလေ . . . ပညာပူဇော်ခမျိုး ရမှာ စာမူခပေါ့ဟာ။ ငါတို့ တခြားစာရေးဆရာတွေဆီက သူတို့ စာမူအသုံးပြုဖို့ တောင်းတဲ့အခါ ပုံပြင်တစ်ပုဒ်အတွက် ငါးထောင်ကနေ တစ်သောင်းကြား ပေးတတ်လေ့ရှိတယ်။ တစ်ခါတလေ ငါတို့ကြော်ငြာတွေ အခြားအထွေထွေ စပွန်စာတွေ ပိုရတဲ့အခါ စာမူခကို ဒီထက် များများပို့ပေးတတ်ပါတယ်"

"အဲ့ဒီတော့ . . ."



"အဲ့ဒီတော့ . . . ငါတို့ FMက တစ်နေ့ ပုံပြင် အပုဒ် (၁၀) ပုဒ်လောက် ပုံစံအမျိုးမျိုးနဲ့ လွှင့်နေရတာ။ အခုဆို ကဏ္ဍသစ်တွေကလည်း တိုးချဲ့လာတော့ ပိုပြီး ပုံပြင်တွေကို လိုအပ်လာတယ်။ ဒါကြောင့်နင့်ဆီကလည်း ပုံပြင်စာမူလေးတွေ အခုလို တောင်းရတာပေါ့။ နင့်ဆီက တစ်နေ့ ပုံပြင်တစ်ပုဒ်၊ နှစ်ပုဒ်လောက်ရရင် ကောင်းတာပေါ့။ နင်လည်း အနည်းဆုံး တစ်သောင်းဝန်းကျင်လောက်ရမှာပေါ့"

"တစ်နေ့တစ်သောင်းဆိုတော့ . . . တစ်လ သုံးသိန်း၊ အင်းဆိုးပါဘူး"

သူမ တွက်ချက်၍ နေသည်။

"ငါက စာမူကို ရေးပေးရမှာလား၊ ပါးစပ်နဲ့ ပြောရမှာလား"

"နင် အဆင်ပြေသလို လုပ်ပေါ့။ ပါးစပ်နဲ့ပြောရင်လည်း ငါက Record လုပ်ပြီး ယူထားမှာပေါ့"

"ဒါဆို ငါက တစ်နေ့ကို ပုံပြင်နှစ်ပုဒ်လောက် ပြောပြီးရင် ဘာအလုပ်မှ လုပ်စရာမလိုတော့ဘူးပေါ့ ဟုတ်လား"

"အင်းပေါ့ . . . နင်လည်း အားလပ်ချိန် ပိုရတာပေါ့"

သူမ သူပေးသည့်အလုပ်ကို သဘောတွေ့နေသည်။ ထိုအလုပ်ကို သူမ ငြင်းပယ်ရန် အတွေးမရှိ။ သူမ လိုချင်နေသည့် ငွေပမာဏမျိုးနှင့် ခဲခနဲမရသော်လည်း လောလောဆယ်အတွက်တော့ ဒါ အကောင်းဆုံးဖြစ်သည်။ သူမ တသိမ့်သိမ့် ပျော်နေမိသည်။ ထိုအပျော်ကို ဖန်တီးပေးသော သူ့ကိုလည်း ကျေးဇူးတင်ရပေမည်။ ကျေးဇူးမတင်ခင် သူမသိချင်တာတစ်ခုဖြင့် မျက်မှောင် အရင်ကြုတ်သွားသေးသည်။

"ဒါနဲ့ ရှင်က ပုံပြင်တွေကို တော်တော် နှစ်သက်တဲ့ပုံပဲ။ ဘာလို့ အဲ့ဒီလောက် ကြိုက်ရတာလဲ ဟင်"

"အဟင်း . . . ငါငယ်ငယ်က ပုံပြင်တွေ နားမထောင်ခဲ့ရလို့နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

သူက အားဖျော့ဖျော့ဖြင့် ရယ်သွမ်းသွေးကာ အသက်မပါလှ စွာ ပြောတော့ သူမ ပိုစိတ်ဝင်စားသွားသည်။ မျက်နှာလေး ရှေ့တိုးလာသည်။

"ငါ ငယ်ငယ်ကတည်းက ငါ့မိဘတွေက ဆုံးသွားတာလေ။ ဦးလေးတစ်ယောက်နဲ့ အတူနေခဲ့ရတာ။ ငါ ကလေးဘဝ အိပ်ရာဝင်ချိန် ကတည်းက ဖက်အိပ်စရာ အဖေအမေ မရှိခဲ့ဘူး။ ဖက်လုံးကြီးပဲ ဖက်ရ တာပေါ့ဟာ။ အဟင်း . . . ဒီတော့ ငါ့ကို ပုံပြင်ပြောမဲ့သူလည်း မရှိဘူး ပေါ့"

"သြော် . . ."

သူမ စိတ်မကောင်းသလို အသံပြု၍ မျက်နှာ ငုံ့သွားခဲ့သည်။ ပြီးမှ

"ဆောရီးနော် . . . Personal တွေ စပ်စုလိုက်မိပြီထင်တယ်"

"ရတယ် . . . ရတယ်"

သူက အရေးမကြီးသလို တစ်ဖက်လူ၏အနေခက်မှုကို ဖော ကာ ဖျောက်ပစ်ပေးလိုက်သည်။ ပြီးတော့ အတွေးကိုယ်စီနှင့် စကားတွေ ခဏတိတ်သွားသည်။

တိုက်အောက်ဘက်လမ်းဆီ ငုံ့ကြည့်တော့ လူတွေ ရုတ်ရုတ် ရုတ်ရုတ် (ခုနက မီးလောင်သည်အထင်ဖြင့် ရှုပ်ထွေးနေခဲ့) ဖြစ်မနေ တော့ပါ။ ဘယ်သူမှလည်း ဖုန်းမဆက်လို့ထင်သည်။ မီးသတ်ကားတွေ လည်း ရောက်ချမလာပါ။

သူက ခေါင်းပြန်မော့လာပြီး . . .

"ဒါပေမဲ့ကွာ . . . အခုခေတ်က မိဘတွေရှိလည်း ပုံပြင်တွေ သိပ်ပြောပြကြပုံ မပေါ်တော့ပါဘူး။ မိဘတွေကလည်း တစ်နေကုန် စီး ပွားတွေချည်း လိုမ့်ရှာနေရပြီး ညအချိန်တန်ရင် မောမောနဲ့အိပ်သွားကြ ပြီ။ ပုံပြင်ငတ်တဲ့ကလေးတွေ အခုခေတ်မှာ တော်တော်များလာတယ်။ ပုံပြင်တွေဟာ ကလေးတွေအတွက် ဘယ်နည်းဘယ်ပုံ အကျိုးရှိစေတယ်



ဆိုတာကို ဒီခေတ်ကြီးက မေ့လျော့ပစ်ခဲ့တာကြာပြီ။ အဲဒီ မေ့လျော့သူ တွေထဲမှာ ငါမဝင်ချင်ဘူး။ ပုံပြင်ဆိုတာကလေးတိုင်း နှစ်သက်ဖျော်ရွှင် တဲ့ စာသင်ခန်းပဲ။ ပုံပြင်တွေထဲမှာ မေတ္တာတရားတွေရှိတယ်။ ပုံပြင်တွေ ထဲမှာ ညီမျှမှုတွေရှိတယ်။ တိရစ္ဆာန်တွေကလည်း လူတွေနဲ့ စကားပြော နိုင်တယ်။ လူတွေကလည်း ကိုယ့်ထက်အင်အားကြီးမားတဲ့ မကောင်း ဆိုးဝါးတွေ၊ နဂါးကြီးတွေကို အနိုင်ယူနိုင်တယ်။ ကြွက်ကလေးတွေက လည်း ကြယ်တွေလတွေအပေါ် တက်ဆော့ကစားနိုင်တယ်။ ဒီနေရာမှာ ဆုတ္တိယုတ္တာ တန်မတန်တော့ မဆွေးနွေးချင်ဘူး"

စိတ်ပါလက်ပါ ပြောလာသည့်သူ့ကို သူမကလည်း မျက်လုံး လေးလိုက်ပါ၍ နားထောင်နေမိသည်။

"ကလေးတွေ ဘာလို့ အိပ်ရာဝင်ရင်း ပုံပြင်ပြောပြတာလဲဆို တာ . . . သိလား"

"ပုံပြင်ထဲက ကောင်းတဲ့အချက်တွေကို အိပ်မက်ထဲအထိ စွဲနေ အောင်ပေါ့ရှင်။ အိန္ဒိယသမ္မတ အဗ္ဗဒူကလမ်က ပြောဖူးတယ်မို့လား။ အိပ်မက်မက်မှ အိုင်ဒီယာရမှာ၊ အိုင်ဒီယာရမှ အလုပ်ဖြစ်မှာ၊ အလုပ်ဖြစ် မှ အောင်မြင်မှာတဲ့။ ဒါကြောင့် အောင်မြင်ခြင်းရဲ့ အရင်းအမြစ်ဖြစ်တဲ့ အိပ်မက်စိတ်ကူးတွေကို ရင့်သန်ရင့်ကျက်စေဖို့ အိပ်ရာဝင်ချိန်မှာ ပုံပြင် ပြောပြကြတာပဲ"

နဂိုကတည်းက အထင်မသေးထားသော သူမအပေါ် သူအထင် ကြီးလာသလိုလို။ သူမက ပခုံးတစ်ချက်တွန့်ပြီး။

"သြော် . . . အလုပ်ပိတ်ရက် ညှိရဦးမယ်"

"ပြက္ခဒိန်ထဲမှာပါတဲ့ အစိုးရပိတ်ရက်အတိုင်း ပိတ်ပေးမယ်"

"ခက်တာပဲ အဲ့ဒါခက်တာပဲ။ ကျွန်မက လူအများသုံးနေတဲ့ ပြက္ခဒိန်အတိုင်း လည်ပတ်နေတာ မဟုတ်ဘူး။ ကျွန်မက ကျွန်မ ပြက္ခဒိန် နဲ့ ကျွန်မနေတာ"

"ဟမ် . . . ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com

"ထားပါတော့။ နောက်တော့ အဲဒီပြက္ခဒိန်ကိစ္စ ရှင်အလိုလို သိလာရှာဝါ"

ဒီလို ထူးထူးဆန်းဆန်း ကောင်မလေးကို စိတ်ကောင်းဝင်ပြီး အလုပ်ခန့်ချင်မှတော့ ဒီလိုထူးဆန်းထွေလာသော အဖြစ်သနစ်တွေလည်း ကြုံလာရတော့မှာပေါ့။ သူမက နောက်မှသိမည်ဆိုလာတော့ သူလည်း ယခု ထိုကိစ္စကို အတွေးထဲက ထုတ်လိုက်သည်။

"ဒါနဲ့ မေးစရာရှိသေးတယ်။ မင်းက ငါသင်တန်းတက်တဲ့နေရာကို ဘယ်လိုလုပ်သိပြီး အခုလိုလိုက်လာတာလဲ"

"ဒါများ ကျွန်မက ရှင့်ပိုက်ဆံအိတ်ကို ဒီလောက်မွှေနေမှတော့၊ ရှင့်သင်တန်းသားကတ်ထဲက သင်တန်းလိပ်စာကို မမြင်ဘဲနေမလား၊ ကိုမင်းဘွဲ့ရဲ့"

"ဟာ . . . နာမည်လည်း သိတယ်"

"ရော် . . . တုံးပါ့ . . . ကိုမင်းဘွဲ့ရယ်။ ရှင့်ပိုက်ဆံအိတ် ဒီလောက်မွှေနေမှတော့ ရှင့်မှတ်ပုံတင်ပါ မြင်ဖူးပြီး ရှင့်နာမည်လည်း သိနေရောပေါ့ရှင်"

" . . . . . . . . . . . . "

ဟုတ်တော့ ဟုတ်သား။ ကမ္ဘာပေါ်မှာ သူ့ပိုက်ဆံအိတ်အမွှေဆုံး ကောင်မလေးမှာ သူမဖြစ်ကြောင်း သူမေ့နေသည်။ ကောင်မလေးက သူ့အကြောင်း ဝေလငါးလောက် သိနှင့်နေပြီး သူကမှ သူမအကြောင်း ပုစွန်ဆိတ်ကလေးမျှသာ သိရသေးသည်။ သူလေးစားသည့် ဆရာတစ်ယောက်၏ တူမဖြစ်တာ၊ ငွေအမြဲတမ်းလိုအပ်နေတာ၊ အငိုသန်တာ၊ လိုချင်တာရှိရင် စိတ်ရှည်စောင့်ဆိုင်းမနိုင်ဘဲ ဖွတ်တရွတ်လုပ်တတ်တာ၊ ထူးဆန်းသော အမူအကျင့်လေးများ ရှိနေတတ်တာ စသဖြင့်သာ သူ သိရသေးသည်။ ဒါနဲ့တောင် သူနှင့်ကိုယ်က အလုပ်တွဲလုပ်ရတော့မည်။

"ကဲ . . . ဘာညှိချင်တာရှိသေးလဲ ကောင်မလေး"

"ဟင့်အင်း . . . ရှိတော့ဘူး"



"အင်း . . . ဒါဆို သန်ဘက်ခါ ကိုးခွဲလောက် ငါတို့ Story FM ရုံးကို အင်တာဗျူးဖို့ လာခဲ့လိုက်တော့။ သပ်သပ်ရပ်ရပ် ဝတ်ခဲ့နော်။ စကားပြောရင် တစ်ဖက်လူ လက်ပေါက်ကပ်အောင် မပြောနဲ့နော်။ ဗျူးမယ့်သူတွေကလည်း ငါ့သူငယ်ချင်းတွေဆိုတော့ လူငယ်တွေပဲဆိုပြီး ပမာခန့်ပုံစံမျိုးတွေ မလုပ်နဲ့နော်"

"သိပါတယ် . . . ကျွန်မ ကလေးမဟုတ်ပါဘူး"

ထိုသို့ ကလေးမဟုတ်ဘူးဟု ပြောသည့်ဟန်လေးကပင် ကလေးငယ်လေးလို ကြည်လင်လင်းဖန့်နေသည်။ ပြီး ထိုလင်းဖန့်နေသည့် မျက်လုံးနှင့် သူ့ကို မေးထောက်ငေးကြည့်နေသေးသည်။

"ရှင့်မျက်နှာကလေ တစ်ချက်တစ်ချက် ကျွန်မရည်းစားမျက်နှာနဲ့ ဆော်တော်လေး လာဆင်နေသလိုပဲ"

"ဟင် . . . "

သူမ စကားက သူ့ကို အနေရခက်စေသည်။ ပြီး . . . လက်နှင့်သောက်မပြနိုင်သော နေရာတစ်ခုမှ 'ဆူးခနဲ' နာကျင်မှုကိုလည်း ဖြစ်သွားစေခဲ့သည်။

"ကဲ . . . ပြောစရာလည်း ကုန်ပြီဆိုတော့ ကျွန်မ သွားတော့မယ်"

"အား . . . ဟော့ . . . နေဦးလေ။ မင်းနာမည်အရင်း အခုထိ ငါ မသိရသေးဘူး"

သူမက ဘာကြောင့်မှန်းမသိ မပွင့်တစ်ပွင့် တစ်ချက်ပြုံးသေးသည်။ ထိုအပြုံးသည် အသားမစားတတ်သည့် ပိုးမွှားငယ်လေးတစ်ကောင် ပန်းအိုးဖြူကလေးပေါ်မှာ တွားသွားနေသည်နှင့် တူလှ၏ဟု သူ ထင်သေသည်။

"ကျွန်မကို ရင်းနှီးတဲ့ သူတွေကတော့ ရွှေလွှာလို့ခေါ်ကြတယ်။ နာမည်အပြည့်အစုံက 'ရွှေသဝဏ်လွှာ' တဲ့"



www.burmeseclassic.com

www.burmeseclassic.com

## (6)

အင်တာဗျူးသည့်နေ့က သူမ မွေးကာစပင်လယ်သေးသေးလေးတစ်ခုလို သိပ်လှသည်။ အပြာရောင်များများပါသည့် ပါတိတ်ဝမ်းစက်ကို ချပ်ချပ်ရပ်ရပ် ဝတ်ဆင်၍ လာခဲ့သည်။ ဆံပင်များကိုလည်း ညီညီညာညာ စုစည်းသိမ်းနှောင်ထားသေးသဖြင့် နဖူးလေးက ဝင်း၍ ပေါ်နေသည်။

သူမ ရုံးထဲဝင်လာကတည်းက လူတိုင်းက ဝိုင်းငေးကြသည်။ ဝိုင်းငေးပြီး အငြိမ်လည်းမနေ။ မင်းဘွဲ့ကို လက်မလှမ်းထောင်ပြ၊ ပြုံးဖြီးပြကြသေးသည်။ မျက်နှာပိုးထနေသည့် သူတို့ကို သူက မျက်လုံးပြန်ပြူးပြရသေးသည်။

အင်တာဗျူးကြတော့လည်း အဆင်ပြေပါသည်။

နန်းပိုင်၊ ဆွေဆွေနှင့် စောချိုဝင်းတို့က ဗျူးသည်၊ ဗျူးသည့်အခန်းအပြင်ဘက်တွင် ခေါက်တုန့်ခေါက်ပြန်လျှောက်နေရသူက မင်းဘွဲ့။ ဂနာမငြိမ်သည့် မင်းဘွဲ့ကိုကြည့်ပြီး လှဲ့ဝါဆိုနှင့် ဝင်းဝင်းဖြိုးက မျက်စိနောက်နေသည်။ ကြီးဖေကလည်း 'ဟော့ကောင် အင်္ဂလိမာလသုတ် ရွတ်နေတာလား' ဟု လှမ်းအော်နောက်သေးသည်။ သို့သော် သူက မကြား။ သူ့ပုံက တကယ်ပဲ ခွဲခန်းဝင်နေသည့် အမျိုးသမီးအတွက် စိတ်ပူနေသည့်



အမျိုးသားနှင့် တူနေသလား။ တကယ်တော့ သူစိတ်ပူတာက သပ်သပ်။ အင်တာဗျူးတွင် ရွှေလွှာက ကောင်းကောင်းမဖြေဘဲ ပေါက်ရတွေလျှောက်ထုတ်ကာ သူ့ဝါသနာအတိုင်း အလျော်တွေ လျှောက်တောင်းလိုက်မှာကို စိုးရိမ်နေခြင်းဖြစ်သည်။

သူက စိုးရိမ်နေပေမယ့် အထဲမှာက အဆင်ပြေနေပါသည်။ ရွှေလွှာကို မင်းဘွဲ့မျက်နှာကြောင့်လည်း ဖြစ်သလို အရည်အချင်းကို သိပြီးဖြစ်၍လည်း အလုပ်ခန့်မှာ သေချာသလို သူမမျက်နှာကို ယခုလိုမြင်ရပြီး စကားပြောရသည့်အခါတွင်လည်း နန်းပိုင်နှင့် ဆွေဆွေတို့က ခင်မင်မိသည်။

"ကဲ . . . ဒီလောက်ဆိုရင် ရွှေလွှာဆီက ပင်တိုင်စာမူတွေရယူနိုင့် ကျွန်မတို့ ယုံကြည်နိုင်ပါပြီ။ ရွှေလွှာဘက်ကကော ဘာမေးချင်တာ၊ ဘာင်းဆိုချင်တာ ရှိသေးလဲ"

'မရှိဘူး' ဟု သူမ မပြော။ သူမ ပြောသင့်မပြောသင့်ကို စဉ်းစားပြီးမှ . . .

"ကျွန်မ ပုံပြင်စာမူတွေကို စာနဲ့မရေးဘဲ နှုတ်နဲ့ပြောလို့ ရတယ်လို့ ကိုမင်းဘွဲ့က ပြောထားတာရှိတယ်"

"ဟုတ်ပါတယ်၊ နှုတ်နဲ့ ပြောလို့ရပါတယ်။ ကျွန်မတို့က Record ယူထားပြီး အသံလွှင့်ဖို့အတွက်တော့ ကျွန်မတို့အသံနဲ့ ကျွန်မတို့ဆီလျော်တဲ့ Presentation နဲ့ ပြန်ပြီးလွှင့်မှာပါ"

"ဟုတ်ကဲ့ . . . ဒါဆို ကျွန်မလည်း ပုံပြင်တွေကို နှုတ်နဲ့ပဲပြောပါ့မယ်။ ဒါပေမဲ့ တစ်ခုမေးချင်သေးတယ်ရှင့်။ ကျွန်မပြောပြမယ့် ပုံပြင်တွေကို နားထောင်ပြီး Record ယူပေးမှာက ဘယ်သူလဲဆိုတာ သိလို့ရမလားရှင့်"

"ဩော် . . . နဂိုက စာမူလက်ခံတာကလည်း မင်းဘွဲ့ တာဝန်ဆိုင်းဆိုတော့ အခုလည်း ရွှေလွှာပြောပြမယ့် ပုံပြင်တွေကို မင်းဘွဲ့ပဲ တာဝန်ခံနားထောင်ပေးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုဘာကဲ့ . . . ဒါဆို ပုံပြင်ပြောပြတဲ့အခါ ကျွန်မက ဒီရုံးခန်းထဲမှာ လာပြောရမှာလား။ ကိုမင်းဘွဲ့ကို တခြားနေရာတွေဆီ ခေါ်ပြီးပြောလို့ မရဘူးလားရှင့်"

နန်းပိုင်၊ ဆွေဆွေနှင့် စောချိုဝင်းတို့ ပြိုင်တူကြီး မျက်လုံးပြူးသွားသည်။ ဆွေဆွေက ထစ်ထစ်ငေါ့ငေါ့နှင့် . . .

"ရွှေလွှာက . . . ဘယ် . . . ဘယ် နေရာတွေကို ခေါ်သွားပြီး ပြောပြချင်လို့လဲ"

"ဘယ်မှမဟုတ်ပါဘူး။ ဥယျာဉ်တို့၊ ပန်းခြံတို့ထဲမှာ ထိုင်ပြီး (Mood) အပြည့်နဲ့ ပြောပြချင်လို့ပါ"

ဆွေဆွေတို့ ရုတ်တရက် ဘာပြန်ပြောရမှန်းပင်မသိ။

မင်းဘွဲ့ပြောတုန်းက သိပ်မယုံ။ ယခုလို ကိုယ်တွေ့ကြုံမှ သူမကို ခပ်ဆန်းဆန်းလေး၊ ပေကပ်ကပ်လေးမှန်း သူတို့ လက်ခံရတော့သည်။

"ဒါကတော့ ကာယကံရှင် မင်းဘွဲ့ကို မေးကြည့်ပေါ့။ သူလက်ခံရင် ရွှေလွှာ့သဘောအတိုင်းပါပဲ"

နန်းပိုင်က ဒီလိုပြန်ပြောတော့ သူမ ပြုံးတုံးပြုံးလဲ့မျက်နှာလေးနှင့် လက်ဖျောက်ထတီးကာ . . .

"ကျေးဇူးပဲရှင့်။ ဟင်း . . . ဟင်း . . . သူ့ကို ကျွန်မ ပိုင်ပါတယ်" တဲ့။



ဖူးခနဲ မျက်ခုံးပေါ်တင်နေသည့် ဆံပင်မွေးကို သူမ ပင့်မှုတ်လိုက်သည်။ မင်းဘွဲ့က ရေသန့်ဘူးဝယ်ရာမှ သူမရှိရာ ခုံတန်းလျားဆီ ပြန်လာသည်။ သူမက ရေဘူးအဖုံးအသစ်ကို ကော်အဆက်ကလေးများ ဖြတ်သွားသံ တဖျောက်ဖျောက်မြည်အောင် ဖွင့်ဖောက်ကာ သောက်သည်။

ရေကို ကောင်းကောင်းမသောက်ဘဲ တစ်ဝက်ပဲမျိုချကာ ကျန် [illegible]တစ်ဝက်ကို ဖူး . . . ဆိုပြီး ပန်းထုတ်သည်။ ရေစီးကြောင်းလေးတစ်ခု [illegible]နှုတ်ခမ်းအစွန်းမှ လိမ့်ယိုလာတော့ သူမ လက်ခုံနှင့်ဖြစ်သလို ဆွဲ[illegible]လိုက်သည်။ ထိုအမူအရာလေးသည် အင်မတန်အပြစ်ကင်းသည် [illegible] မင်းဘွဲ့ထင်နေသည်။

သူမသည် ခုနကအတိုင်း ရေကိုမော့သောက်ကာ တစ်ဝက်ကို [illegible]တတ်ဆန်း ပန်းထုတ်ပြန်သည်။ ထိုသို့ သုံးကြိမ်လောက်လုပ်သည်။ [illegible]ပုံစံက လွတ်လပ်မှုနှင့် ပြည့်ဝနေသော ဂျစ်ပစီလေးနှယ်။

"နောက်ဆို မှတ်ထားနော်။ ငါ ပုံပြင်ပြောရင် ဒီနေရာမှာ ပြော[illegible]"

"အေးပါဟာ . . . နင့်သဘောပါ။ ဒါနဲ့ ဒီခုံတန်းလျားက နင့် [illegible]နဲ့ ထိုင်ခဲ့တဲ့ နေရာများလား"

". . . . . . . . . . . ."



www.burmeseclassic.com

www.burmeseclassic.com

သူမငြိမ်သွားသည်။ မျက်လုံးပင် ခဏငယ် မှေးစင်းသွားပြီးမှ ရုတ်ခနဲ ပြန်ဖွင့်လာကာ . . .

"မစပ်စုနဲ့။ ကဲ . . . ပုံပြင်စပြောပြီ"

သူမ အောက်ပါပုံပြင်ကို စပြောပြပါတော့သည်။

"ရှေးတုန်းက ရွာတစ်ရွာမှာ ပူတူးတူနဲ့ နန်းပြာလေးဆိုတဲ့ မောင်နှမနှစ်ယောက် ရှိတယ်တဲ့။ သူတို့ဟာ တစ်နေ့ ထင်းခွေသွားရင်းနဲ့ စုန်းမကြီးတစ်ယောက်နဲ့ တွေ့ရောတဲ့။ စုန်းမကြီးက သူ့ကိုယ်ကို သစ်ပင်နဲ့ကွယ်ပြီး သူ့ခြေထောက်ရှည်ကြီးကို မောင်နှမနှစ်ယောက်ရဲ့ရှေ့ဆီ ဆန့်ထုတ်ပြီး . . .

'ပူတူးတူနဲ့ နန်းပြာလေး ငါ့ခြေထောက်ကို ကုတ်ပေး' ဆိုပြီး ပြောတယ်တဲ့။ ပူတူးတူနဲ့ နန်းပြာလေးဟာ နံစော်ပြီး ရုပ်စိုးတဲ့ခြေထောက်ကြီးကို ကြောက်လန့်သွားတာပေါ့။ ပုဆိန်တွေကို ထားခဲ့ပြီး ထွက်ပြေးကြပါရော။ ဒါပေမဲ့ သူတို့ဘယ်လိုပြေးပြေး မလွတ်ဘူး။ ခြေထောက်ရှည်ကြီးက ရှေ့က ဆီးပိတ်နေပြီး . . .

'ပူတူးတူနဲ့ နန်းပြာလေး ငါ့ခြေထောက်ကိုကုတ်ပေး' ဆိုပြီး ပြောပြန်ရောတဲ့။ ပူတူးတူနဲ့ နန်းပြာလေးဟာ ဖတ်ဖတ်မောအောင် ပြေးခဲ့ပြီးပြီမို့ မောပန်းလာခဲ့တယ်။ နောက်ဆုံး ဘယ်လိုမှ မပြေးနိုင်တော့ဘဲ စုန်းမကြီးကို အရှုံးပေးလိုက်ရပြီး ခြေထောက်ကို ကုတ်ပေးရရောတဲ့။ စုန်းမကြီးက သူ့ဘာသာသူ ဆေးတွေဖော်၊ သူ့ဘာသာသူ ဆေးတွေ မှားသောက်ပြီး ရောဂါရနေတာလား မသိဘူး။ ခြေထောက်က အမြဲတမ်း ယားနေတာပဲ။ ပူတူးတူနဲ့ နန်းပြာလေးဟာ မနက်ကနေ ညနေစောင်းတဲ့အထိ ညောင်းညာအောင် ကုတ်ပေးခဲ့ရတယ်။ ညနေတော်တော်စောင်းမှ သူတို့ကို ပြန်လွှတ်တယ်။

ပူတူးတူနဲ့ နန်းပြာလေးဟာ ရတတ်သလောက် ထင်းခြောက်လေးတွေကောက်ပြီး အိမ်ပြန်ခဲ့ရတာပေါ့ကွယ်"

ရေတစ်ကျိုက်မော့သောက်ပြီး ဆက်ပြောသည်။



"အိမ်က မိဘတွေကလည်း ထင်းတွေပါလာတာ နည်းပေမယ့် ဘာမှမပြောကြဘူး။ စုန်းမကြီးနဲ့ တွေ့ခဲ့တဲ့ကြောင်းကိုတော့ မိဘတွေ စိုးရိမ်မှာစိုးလို့ ပူတူးတူနဲ့ နန်းပြာလေးဟာ အသိမပေးခဲ့ကြဘူး။ နောက်တစ်နေ့ မိုးလင်းတော့လည်း ပူတူးတူနဲ့ နန်းပြာလေးဟာ ခါတိုင်းလိုပဲ ထင်းခုတ်ထွက်ခဲ့ကြတယ်။ ဒီတစ်ခါတော့ စုန်းမကြီးနဲ့ မတိုးတော့ပါဘူး ဆိုလည်း ထင်ခဲ့ကြတယ်။ ဒါပေမဲ့ တောစပ်ရောက်တုန်းပဲ . . .

"ပူတူးတူနဲ့ နန်းပြာလေး ငါ့ခြေထောက်ကို ကုတ်ပေး"

ဆိုပြီး ခြေထောက်ကြီး ထွက်လာပြန်တယ်တဲ့။

ကုတ်ရပြန်ပြီပေါ့။ ပူတူးတူနဲ့ နန်းပြာလေး အီပြန်ပြီ။ စုန်းမကြီးက ခြေထောက်တွေ ဆန့်တန်းပေးပြီး မျက်နှာကတော့ သစ်ပင်နောက်မှာကွယ်လို့ ပြုံးပြီး ဇိမ်ခံနေတာပေါ့။

နောက်နေ့လည်း ပူတူးတူနဲ့နန်းပြာလေးက အမှတ်မရှိဘဲ စုန်းမကြီးနဲ့ မတိုးလောက်ပါဘူးဆိုပြီး လာပြန်ရောတဲ့။ ဒါပေမဲ့ စုန်းမကြီးနဲ့ တိုးပြီး နေကုန်တဲ့အထိ ကုတ်ရပြန်ရောတဲ့။

အဲ့ဒီလို သုံးလေးရက် ဆက်တိုက်ကြုံတွေ့တော့ ပူတူးတူနဲ့ နန်းပြာလေးဟာ တောထဲ မသွားရဲတော့ဘူး။ ပြီးတော့ အိမ်က မိဘတွေကိုလည်း ဖြစ်ကြောင်းအစုံ ပြောပြလိုက်တယ်တဲ့။ ဒီတော့ အဖေလုပ်သူက သူ့သားသမီးတွေကို ကာကွယ်ဖို့ စဉ်းစားရရော။ ဒီလိုနဲ့ နေမွန်းမတည့်ခင်မှာပဲ အကြံတစ်ခု ရခဲ့တယ်။

"ဘာမှ စိတ်မပူနဲ့ဟေ့ ငါစီစဉ်မယ်" တဲ့။

အဲဒီလိုပြောပြီးတော့ သူတို့အိမ်နဲ့ တံခါးပေါက်တွေကို အကုန်ပိတ်လိုက်တယ်။ ပြီးတော့ ပြတင်းပေါက်လေးတစ်ပေါက်ပဲ ချန်ထားလိုက်တယ်။ ပူတူးတူနဲ့ နန်းပြာလေးရယ်၊ သူတို့ အမေရယ်ကို အိမ်ထဲမှာ ပုန်းခိုင်းထားပြီး အဖေလုပ်သူကတော့ ပုန်းလျှိုးကွယ်လျှိုးနဲ့ ပြတင်းပေါက်နားက စောင့်နေတာပေါ့ကွယ်။ မွန်းတည့်လုလုမှာတော့ ပူတူးတူ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ နန်းပြာလေး ရောက်မလာတဲ့အတွက် စုန်းမကြီးက လိုက်လာခဲ့တာ ပေါ့ကွယ်။

"ပူတူးတူနဲ့ နန်းပြာလေး ငါ့ခြေထောက်ကို ကုတ်ပေး"

အဲဒီလို အသံလည်းပြုရော အိမ်ထဲမှပုန်းနေတဲ့ ပူတူးတူနဲ့ နန်းပြာလေးဟာ ကြောက်လွန်းလို့ ခြေချောင်းလေးတွေ ကုပ်ပြီး တုန်ယင်နေကြတယ်။ သူတို့အမေက ထွေးဖက်ပေးထားရတယ်။

"ပူတူးတူနဲ့ နန်းပြာလေး ငါ့ခြေထောက်ကို ကုတ်ပေး"

ဆိုပြီး ပွင့်နေတဲ့ ပြတင်းပေါက်ကနေ ခြေထောက်ကြီးတစ်ဖက် ထိုးသွင်းပေးပါရောတဲ့။

ဒီအခါမှာတော့ အသင့်စောင့်နေတဲ့ အဖေလုပ်သူက စုန်းမကြီးရဲ့ခြေထောက်ကို ဓားမနဲ့ ခုတ်ပစ်လိုက်တယ်။ အား . . . 'လို့ အကျယ်ကြီးအော်ပြီး စုန်းမကြီး သိပ်နာကျင်သွားတယ်။ စုန်းမကြီးရဲ့ခြေထောက်က ပြတ်ပြီး ကြမ်းပြင်ပေါ် ဘုတ်ခနဲ လိမ့်ကျသွားရောတဲ့။

"ငါ့ခြေထောက်ကို အချိုမချက်စားပါနဲ့။ အချဉ်ချက်စားပါလို့ အော်ပြောပြီး စုန်းမကြီးဟာ ထွက်ပြေးသွားရောတဲ့"

သူမ ရေတစ်ကျိုက်သောက်ပြီး ဆက်၍ပြောသည်။

"ပူတူးတူနဲ့ နန်းပြာလေးတို့ မိသားစုဟာ စုန်းမကြီးစကားကို နားမထောင်ဘဲ အချိုချက်စားပစ်တယ်တဲ့။ အဲဒီအခါမှ စုန်းမကြီးလည်း သေသွားရောတဲ့"

ဤတွင် ပုံပြင်ကလေး ဆုံးသွား၏။

Story F.M အတွက် သူမ၏ ပထမဆုံးနေ့မှာပင် ပထမဆုံး ပြောပြသည့် ပုံပြင်ကို မင်းဘွဲ့ ပုံမှန်ထက် ပိုနှစ်သက်နေမိသည်။

သူမက ရေတွေကို တဖူးဖူးမှုတ်ကာ ကစားနေပြန်ရာက . . .

"အဲ့ဒါ ရှမ်းပုံပြင်လေးဟ"

"အင်း . . . ငါတို့ ဗုဒ္ဓဟူးနေ့ ညပိုင်းလွှင့်မယ့် တိုင်းရင်းသားရိုးရာပုံပြင်ကဏ္ဍမှာ လွှင့်ရမယ်"



သူမက ဘာတွေးမိပြီးလဲမသိ၊ ခိခနဲ ရယ်သေးသည်။ ပြီးမှ . .

"မင်းဘွဲ့ ငါ့ကို ခြေဆုံးခေါင်းဆုံး ကြည့်စမ်း၊ ငါ ဘာများမှားနေသလဲလို့"

သူမ မပြောခင်ကပင် ခြေကောခေါင်းကော နားရွက်နှာခေါင်းအားလုံး အခါရှစ်ဆယ်လောက်ကြည့်ပြီးသား။ မင်းဘွဲ့က အခု သူကြည့်ဆိုလို့ ထပ်ကြည့်ရပြန်သည်။

"ဘာမှားလို့လဲ။ ဘာမှ မမှားပါဘူးဟ"

"ဟား . . . ဟား . . . ဒါဆို ငါကံကောင်းတာပဲ။ ငါ ဖိနပ်မှားစီးလာတာ ဟ။ ဘယ်တစ်ဖက် ညာတစ်ဖက်ကြီး ဖြစ်နေတာ"

"ဟင်"

သူပြောမှ ပြန်ငုံ့ကြည့်ရသည်။ ဟုတ်သည်။ ဖိနပ်တစ်ဖက်၏ သဲကြိုးနှစ်ခု ဆုံးသည့်အဆုံတွင် လိပ်ပြာရုပ်ကလေးပါရှိနေပြီး ဟိုဘက်ဖိနပ်၏ သဲကြိုးတွင် ပန်းပွင့်ရုပ်ကလေး ပါနေသည်။ ရုတ်တရက်ကြည့်လျှင် မသိသာ။ သူ့ဘာသာသူကို လိုက်ဖက်ညီနေသလို ထင်နေရသည်။

ဒါမျိုးကို 'ကျွဲတစ်ဖက် နွားတစ်ဖက်' ဟု ခေါ်တတ်ကြသော်လည်း အခုတော့ 'ပန်းပွင့်တစ်ဖက် လိပ်ပြာတစ်ဖက်' ဟု ဆိုရချေတော့သည်။ သူမသည် ဖိနပ်မှားစီးလျှင်ပင် ကဗျာဆန်သော မိန်းကလေးဖြစ်ပါသည်။

သူမ ခြေဖမိုးနှစ်ဖက်မှာတော့ အချဉ်ချက်စားလျှင်ပင် ချိုလိမ့်မည်ဟု မင်းဘွဲ့ တပ်အပ်ပြောနိုင်သည်။ ငုံ့ကြည့်ရင်းပင် ပုံပြင်ထဲက စုန်းမကြီးကို သူရေရွတ်မိတော့သည်။ စိတ်ထဲကပါ။

**ရွှေသဝဏ်လွှာ ကောင်မလေး**

**သူ့ခြေထောက်ကို ကျွန်တော်ငေး . . .**



www.burmeseclassic.com

www.burmeseclassic.com

**(7)**

နောက်ပိုင်းနေ့ရက်များတွင်တော့ သူတို့နှစ်ယောက်ကို အမြဲတမ်း တတွဲတွဲ တွေ့ရတော့သည်။

သူနဲ့သူမ 'ရှင်နဲ့ကျွန်မ' လည်း ပြောသည်။ 'နင်နဲ့ငါ' လည်း ပြောသည်။ အာရုံကျသလို ပြောဆိုဆက်ဆံနေကြသည်။

တစ်ခါတလေ ရုံးကို သူမ လူကိုယ်တိုင် လာခေါ်သည်။ တစ်ခါတလေ ဖုန်းဖြင့်လှမ်းခေါ်သည်။ အမြဲတမ်း ဥယျာဉ်ထဲမှာ ကျကျနနထိုင်ပြီးမှ သူက ပုံပြင်ပြောပြတတ်သည်။ ပုံပြင်မပြောခင် ရေတစ်ဘူး ဝယ်ပေးရသည်။ သူမနှင့် တွဲဖန်များမှ သူမသည် ထင်သလောက်မဆိုးကြောင်း သိရသည်။ သို့သော် ထိုသို့ တစ်ထစ်ချထင်မိလျှင်တော့ ထင်တာထက် ပိုဆိုးကြောင်းလည်း သိရသွားတော့မည်။ တစ်နေ့ကို ပုံပြင်တစ်ပုဒ် နှစ်ပုဒ်ထက် ပိုမပြော။ ပြောပြီးလျှင်လည်း 'ဒီနေ့အတွက် အလုပ်ပြီးပြီ' ဟု အသံဆာဆာဖြင့် ပြောတတ်သေးသည်။

သို့သော် သူမ ပြက္ခဒိန်အရ ထူးခြားသောနေ့များတွင်တော့ ပုံပြင်သိပ်မပြောတတ်ပါ။

"ငါ့ပြက္ခဒိန်အရဆိုရင် ဒီနေ့က သစ်ပင်မကြည့်ရနေ့ဟ"



"ဘာလဲဟ . . . သစ်ပင်မကြည့်ရနေ့က"

"သစ်ပင်လေးတွေက စိမ်းလန်းပြီး အပြစ်မဲ့တယ်ဟ။ ငါတို့လူသားတွေ မျက်လုံးကျတော့ အလိုရမ္မက်တွေနဲ့ အပူငွေ့တွေ ထောင်းထောင်းထနေတာဟ။ ဒါကြောင့် ငါတို့ လောင်မီးမျက်လုံးတွေနဲ့ ဒီအေးချမ်းတဲ့သစ်ပင်တွေကို ကြည့်ဖို့မတန်ဘူး"

"အင် . . . "

"မလှဲ့သာ မရှောင်သာလို့ မြင်နေတာမျိုးရှိပေမယ့် ငါကတော့ အနည်းဆုံး (၃)လကို သစ်ပင်မကြည့်ရနေ့တစ်နေ့ သတ်မှတ်ထားလိုက်တယ်။ ဒါကြောင့် ဒီနေ့ဆိုရင် ငါသစ်ပင်တွေနဲ့ ဝေးရာသွားနေတာပဲ"

သူ့အယူအဆနဲ့ သူပါ။

နောက်ပြီး သူ့ပြက္ခဒိန်နဲ့ သူပါ။ နောက်ထပ် သူ့ပြက္ခဒိန်အရ နေ့တွေလည်း ရှိသေးသည်။ 'ကြက်ဥနေ့' တဲ့။

"ငါကတော့ ကြက်ဥဆိုက တွေးစရာတွေ မကုန်နိုင်ဘူးဟ"

". . . . . . . . . . . . . ."

"ငါတို့ ကြက်ဥစားရင်ဟာ"

"အင်း . . . "

"ကြက်ဥက အကောင်အတိအကျ မဖြစ်သေးဘူးဆိုတော့ဟာ ငါတို့ ကြက်ဥစားရင်ဟာ ငရဲအပြည့်ကြီးမှာလား၊ တစ်ဝက်ကြီးမှာလား"

"အာ . . . "

မင်းဘွဲ့ မျက်နှာရှုံ့ကာ ခေါင်းကုတ်သွားသည်။ သူမကတော့ ခပ်သုန်မှုန်မှုန် အာရုံစိုက်လျက် မျက်နှာနှင့် . . .

"နောက်ပြီးဟာ ငါတို့လူတွေက ကိုယ်ဝန်ပျက်ကျသလိုဟာ ကြက်မတွေ ကိုယ်ဝန်ပျက်ကျရင် သူတို့ဗိုက်ထဲမှာရှိတဲ့ ကြက်ဥလေးက ကျွံသွားပြီး အနှစ်တွေထွက်ကျသလိုမျိုး ဖြစ်သွားတာလား၊ ဟုတ်လား"

"မသိဘူးလေ"

အဲဒီလိုမျိုး မင်းဘွဲ့ဖြင့် တစ်ခါမှ မစဉ်းစားဖူးပေ။



www.burmeseclassic.com

www.burmeseclassic.com

"နောက်ပြီးဟာ ကြက်မက ကြက်ဥကို သူ့ဗိုက်ထဲမှာ ဥနေ တုန်းက အဲ့လို အလုံးကြီးမှန်း သိလား"

"မသိဘူး၊ ငါမသိဘူး"

"နောက်ပြီးဟာ ကြက်မတွေ လေဥ ဥတယ်ဆိုတာ ဘာကြောင့် လဲဟ"

"ငါဘယ်သိမှာလဲဟ"

"နင်ကလည်း မေးလိုက်တိုင်း ဘာမှကို မဖြစ်မရှိဘူး"

ရွှေလွှာက ငြူစူတော့ မင်းဘွဲ့လည်း စိတ်ပေါက်ပေါက်နှင့် ဖြစ် အော်ပစ်လိုက်သည်။

"ဘယ်သိမှာလဲ ငါက ကြက်မမှ မဟုတ်တာ"

"ဩော် . . . အေး . . . ဟုတ်သားပဲ"

ဒီလောက်နှင့် ငြိမ်သွား၍ တော်သေးသည်။ ဒါ သူမ၏ 'ကြက်ဥ နေ့' ဖြစ်သည်။

နောက်ထပ် 'မအိပ်ရနေ့' ဆိုတာလည်း ရှိသေးသည်။

"ညတွေမှာ ငါတို့ အိပ်,အိပ်ပစ်နေတာ နှမြောစရာကြီးဟ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာကြီးက သူ့ရဲ့ လျှို့ဝှက်ချက်တွေ ကို ညအချိန်မှာ တိတ်တဆိတ်ပြောပြနေတတ်လို့ပဲ"

"အံမယ် . . . ကြီးကြီးကျယ်ကျယ်"

"ဟင့်အင်း . . . မကြီးကျယ်ဘူး၊ ဒါရိုးရိုးလေးပဲ ညဆိုရင် တစ်နေ့လုံး လောကကြီးကို မင်းမူထားတဲ့ လူတွေက အိပ်ပျော်သွားကြ ပြီ။ဒီအချိန်မှာ သူတို့အလှည့်ကို ရောက်ပြီလို့ထင်တဲ့ သတ္တဝါဆန်းလေး တွေ ထွက်လာကြတယ်ဟ။ နင် တစ်ညလောက် မအိပ်ဘဲ ခြံထဲဆင်း လမ်းလျှောက်ကြည့်။ နေ့ခင်းဘက်မှာ သတိမထားမိတဲ့ သတ္တဝါပိစိလေး တွေကို တွေ့ရလိမ့်မယ်။ ညမအိပ်တာဟာ သဘာဝတရားကြီးနဲ့ မျက်နှာ ချင်းဆိုင် အတူထိုင်လိုက်ရသလိုပဲဟ"



မင်းဘွဲ့ လိုက်မီအောင် အတော် နားထောင်ယူနေရသည်။ ထို 'အိပ်ရနေ့' ပြီးလို့ နောက်တစ်ရက်ဆို သူမ ခွင့်ယူသည်။ ညက မအိပ် လိုက်ရလို့ဟုဆိုကာ နေ့ဘက်တစ်နေ့လုံး ကွေးတော့မည့်အကြောင်း မင်း ဘွဲ့ဆီ ဖုန်းဆက်တတ်သည်။

နောက်ထပ်ရှိသေးသည်။ ထမင်းတစ်နပ် လျှော့စားရေးနေ့တဲ့။

ထိုနေ့က သူမ Story F.M ရုံးကို လေးဆင့်ချိုင့်ကြီးဖြင့် ရောက် လာသည်။

"ဟား . . . ရွှေလွှာ ချိုင့်ကြီးနဲ့ပါလား။ အိမ်မှာ မုန့်ဟင်းခါး ချက်လို့ လာပို့တာမို့လား။ ပေး . . . ပေး . . . ဟေး . . . ဟေး"

ကြီးဖေက တက်တက်ကြွကြွကြီး ပြေးယူသည်။ ရွှေလွှာက ချိုင့် ကို နောက်ကျောသို့ကွေ့ကာ ဝှက်လိုက်ပြီး . . .

"ဟုတ်ပါဘူး။ ဘာမှ မုန့်ဟင်းခါးမဟုတ်ဘူး။ ကိုကြီးဖေ . . ရှင့်ဟာလေ နာမည်မှာ 'ကြီး'ပါသလို ခေါင်းကြီးကလည်းကြီးပြီး အခု ဆာ 'ကြီး' ကလည်း ကျပြန်ပြီ။ အံ့ဩပါရဲ့ရှင်"

ဝါးခနဲ ဝင်းဝင်းဖြိုးတို့ မိန်းကလေးတစ်သိုက်က ဝါးလုံးကွဲကြ သည်။ ကြီးဖေ ရှက်ကာ စိတ်ဆိုးပြီး နောက်သို့ ဒိုးသွားတော့သည်။ အသံလွှင့်သည့် အခန်းမှ မင်းဘွဲ့ထွက်လာသည်။

"ဘာလဲ . . . ချိုင့်ကြီးနဲ့"

"ဒီနေ့ ထမင်းတစ်နပ် လျှော့စားရေးနေ့ဟ"

"ဘာလဲ အကြွေးဆပ်ဖို့ တစ်နပ်လျှော့စားမှာလား"

လှဲဝါးဆိုက လှမ်းနောက်တော့ ရွှေလွှာကလည်း ရယ်သေး သည်။ ပြီး . . . ခေါင်းယမ်းပြသည်။

မြို့ထဲရောက်မှ မင်းဘွဲ့ကို သူမက သူ့အယူအဆတွေ ရှင်းပြ သည်။



www.burmeseclassic.com

www.burmeseclassic.com

"လူတွေမှာ တစ်နေ့တစ်နေ့ တကယ်လည်း မဆာဘဲနဲ့ အင်း၊ ခန္ဓာကိုယ်မှာလည်း လုံလောက်တဲ့ အာဟာရတွေရှိရဲ့သားနဲ့ အလဟဿ စားနေတဲ့ အစာတွေရှိတယ်ဟ"

မင်းဘွဲ့ တစ်ချက်စဉ်းစားပြီး . . .

"အင်း . . . ဟုတ်တယ်၊ ရှိမှာပဲ"

"အင်း . . . အဲ့ဒီလို မလိုအပ်ဘဲနဲ့ မဆာဘဲနဲ့ စားတာဟာ တကယ် ဆာလျှက်သားနဲ့ မစားနိုင်တဲ့သူတွေကို တစ်မျိုးတစ်ဖုံ စော်ကားရာ ရောက်မနေဘူးလား"

"အမ်"

မင်းဘွဲ့ စဉ်းစားရပြန်သည်။ ရွှေ့လွှာစကားတိုင်းက သူ့အတွက် သိပ်ပေါ့ရွှတ်ရွှတ်မဟုတ်။ သူ စဉ်းစားပြီးမှ ခေါင်းညိတ်ပြလိုက်သည်။ သူမပြောတာ အမှန်။

"ဒါကြောင့် ငါတို့ကလည်း သူတို့ကို စာနာတဲ့အနေနဲ့ တစ်နေ့လောက် တစ်နပ်လျှော့စားပြီးတော့ ကိုယ်စားမယ့် ထမင်းတစ်နပ်ကို တခြားမစားရတဲ့ချို့တဲ့တဲ့ သူတွေကို သွားကျွေးရင်း မကောင်းဘူးလား"

နည်းနည်းတော့ တစ်မျိုးဖြစ်နေမလား မသိပေမယ့် . . .

"အေး . . . ကောင်းပါတယ်"

မြို့လယ်က တောင်းရမ်းစားကြသည့် ကလေးငယ်တွေကို သူမ ချိုင့်နှင့်ယူလာသည့် ထမင်းတွေဟင်းတွေကို သွားကျွေးကြသည်။ သူမက ထိုသို့ ကျွေးရင်းပင် ပုံပြင်တစ်ပုဒ်လည်း ပြောပြသေးသည်။ ပုံပြင်ထဲတွင် ငတ်မွတ်နေသည့် လူကလေးတစ်ယောက်က သူ့ခွေးကလေးကို ညဏ်ရှိ ရှိအစာခွဲကျွေးပုံကို နှစ်သက်ဖွယ်တွေ့ရသည်။

သူမ၏ ပြက္ခဒိန်ထဲတွင် ဒီလို . . . ဒီလို . . . နေ့တွေအများကြီးပါပင်။ မုန့်စားနေ့တွေ၊ လမ်းလျှောက်နေ့တွေ၊ တိရစ္ဆာန်အခွင့်အရေးနေ့တွေ (ထိုနေ့တွင် သူမက တိရစ္ဆာန်များကို အားမဲ့လွှတ်တတ်) စသဖြင့် များစွာရှိသည်။ ထိုအထဲတွင်မှ သူမအတွက် အဓိပ္ပာယ်အရှိဆုံးနေ့မှာ 'ဒါလင်နေ့' ဖြစ်သည်။

"ဒီနေ့ ဒါလင်နေ့ပဲ"

သူမ သတ်မှတ်ထားသော သူမ၏ ဒါလင်နေ့သည် အပတ်စဉ် အင်္ဂနွေနေ့တိုင်းဖြစ်သည်။

ထိုနေ့က သူမအတွက် အနားရသည့်ရက်ဖြစ်၍ ပုံပြင်ပြောပြရန် ဆို၏။

ဒါဆို 'ဒါလင်' နေ့တွင် သူမ ဘာလုပ်သနည်း။

သီချင်းတစ်ပုဒ်ကို မပြတ်တမ်း၊ သူနားထောင်နေတတ်သည်။ သီချင်းထဲမှာ 'ဒါလင်' ဆိုသည့် စာလုံးလေးသာပါဝင်ပြီး ထို 'ဒါလင်' ကိုပဲ အသံအမျိုးမျိုးနဲ့ ကြေကွဲဖွယ်ဆိုထားသည်။ ဆိုသည့်အဆိုတော်ကား မည်သူမှန်း မင်းဘွဲ့မသိ။ နားထောင်ကြည့်ရသလောက်တော့ အရှတ်အသံနှင့် တူသည်။ ကိုရီးယားလည်း ဖြစ်ချင်ဖြစ်မည်။ ဂျပန်တော့ မဖြစ်နိုင်ဟု ထင်မိသည်။ သို့သော် ဖြစ်လျှင် ဖြစ်သွားချေဦးမည်။

မင်းဘွဲ့အနေနှင့် သူမထိုနေ့တွင် တစ်ချိန်လုံး ထိုသီချင်းနားထောင်နေတာကို မကြိုက်သော်လည်း ထိုသီချင်းသက်သက်ကိုတော့ ချကြိုက်ပါသည်။ ကြိုက်လို့ သူ့ဖုန်းထဲတွင်ပင် ကူးထားလေ၏။

"ဒါလင် . . . ဒါလင် . . . ဒါလင် . . . ဒါလင် . . . ဒါလင် ဒါလင် . . . ဒါ . . . ဒါလင် . . . ဒါလင် . . . ဒါလင် . . . ဒါလင် ဒါဒါဒါ . . . ဒါဒါဒါ . . . ဒါဒါဒါ . . . . ဒါဒါဒါဒါဒါဒါ . . . ဒါလင့် ဒါဒါ ဒါလင့် ဒါဒါ . . . ဒါလင် . . . ဒါလင် . . . ဒါလင် . . . ဒါဒါ ဒါ . . . ဒါလင့် . . . ဒါ့ ဒါ့ ဒါ့ ဒါလင့် . . . ဒါလင့် . . . ဒါလင့် ဒါ . . . ဒါလင် . . . ဒါ . . . ဒါ"

ထိုသို့ပင် တစ်ပုဒ်လုံး သံစဉ် နိမ့်လိုက်မြင့်လိုက်ဖြင့် စီးဆင်းသွားသည်။ သီချင်းကြာချိန်က (၁)မိနစ်နှင့် (၅၄)စက္ကန့်သာ။ သေချာ

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်သက်၍ နားထောင်လေလေ သီချင်းက တော်တော်သနားစရာကောင်းလေလေပင်။ ထိုသီချင်း နားထောင်သော အခါတိုင်းလည်း ရွှေလွှာ့မျက်နှာက ဆွေးမြေ့နေပါသည်။ သူမ နှုတ်မှတော့ သီချင်းကို တစ်ခါမှ လိုက်မဆို။ သို့သော် စိတ်ထဲမှတော့ သီဆိုနေလိမ့်မည်။

သူမ ဘာကြောင့် ဒီလို ဆွေးမြေ့ဒဏ်ရာများ နေရတာလဲ။

တစ်ချိန်တုန်းက ဒီခုံတန်းလျားလေးတွင်ပဲ သူမ၏ချစ်သူက တနင်္ဂနွေရောက်တိုင်း ဒီသီချင်းလေး ဆိုပြနေကျဖြစ်သည်။

ထို့ကြောင့် ယခု သူမ တနင်္ဂနွေနေ့တိုင်း မျှော်လင့်ချက်များစွာနှင့် ဒီသီချင်းကို နားထောင်နေဆဲဖြစ်သည်။ ထိုနေ့တွင် သူမ ကျန်သည့်အရာများစွာကို ဘယ်အရာမှ ဂရုမစိုက်တော့။ ဒီသီချင်းလေးတွင်သာ စိတ်နှစ်ထားသည်။ ထိုနေ့သည် သူမ အတိတ်များကို တစ်စစီလိုက် ကောက်ပြန်တွေးကာ သူမ၏ချစ်သူကို သူမ လွမ်းဆွတ်နေမိသောနေ့တစ်နေ့လည်း ဖြစ်နေခဲ့ပါသည်။

ထိုနေ့တွင် မင်းဘွဲ့က ဘေးမှာ လူပိုတစ်ယောက်လိုပါပဲ။

ဒါလင်နေ့သည် သူမအတွက် ဘယ်လောက်ကြေကွဲဖွယ်တွေရှိကြောင်း မင်းဘွဲ့ သေချာမသိသော်လည်း သူမ သနားစရာကောင်းလွန်းလှသည်ဟု ထင်မိသည်။ ထို့ကြောင့် တနင်္ဂနွေတိုင်း သူမ မခေါ်ပေမယ့် သူမအနား သူ့ဘာသာသူ ရောက်ရောက်လာနေမိသည်။ သူမ သီချင်းနားထောင်သည့် အနားအနီးမှာ ကပ်ထိုင်ရင်း သူလိုက်ပါ အချိန်ဖြုန်းတတ်ခဲ့သည်။ အနည်းဆုံးတော့ သူမ မျက်နှာလေး အန္တရာယ်ကင်းကင်း ခိုးကြည့်နိုင်သေးသည်ဟူသည့်အသိဖြင့် မင်းဘွဲ့ သူမအနားအချိန်ဖြုန်းရတာကို ကျေနပ်ခဲ့သည်။

ထို တနင်္ဂနွေဒါလင်နေ့သည် သူ့ကို ကောင်းကောင်းကြီး ရင်နာလာစေနိုင်မှန်း သူထိုအချိန်က မသိခဲ့ပါချေ။



## (၈)

"ကဲ . . . ပြောစမ်းပါဦးလို့။ နင်ဘာလို့ နင်ပိုက်ဆံထဲကနေ ရွှေလွှာ့ကို စာမူခတွေ ပိုပေးနေရတာတုံး"

နန်းပိုင်က စတင်မေးပါသည်။ ဟုတ်သည်။ မင်းဘွဲ့ ရွှေလွှာကို နေ့စဉ်ပေးနေသည့် စာမူခဆိုသည့်ငွေတွေက သူ့တစ်လစာလောက်ရှိမည်။ ပုံမှန်အရ စာမူခမှာ ထိုမျှ မများပြားပါ။ ရွှေလွှာ့အတွက်သာ မင်းဘွဲ့က သူ့သဘောနှင့်သူ အိတ်စိုက်နေခြင်းဖြစ်သည်။

မင်းဘွဲ့က ရွှေလွှာ့မျက်နှာကို အလိုလို မြင်ယောင်ရင်း။

"တစ်ခွန်းတည်းပြောရရင် သနားလို့ဟ"

"မလုံလောက်ဘူး . . . သူငယ်ချင်းရဲ့၊ ထပ်ပြောကြည့်စမ်းပါဦး"

"အင်း . . . ထပ်ပြောရရင် သူ့မှာ အလျင်အမြန် ရှင်းဖို့လိုမယ့် အခက်အခဲတစ်ခု ရှိနေတဲ့ပုံပဲကွ။ အဲဒီပြဿနာကလည်း ငွေများများရှိမှ ပြေလည်မယ့်ပုံပဲ။ ဒါကြောင့် သူ အလုပ်တစ်ခုခုရဖို့ အသည်းအသန်ကြိုးစားနေရှာတာဟ။ ဒါကြောင့် ငါစာမူခတွေပိုပေးပြီး ကူညီမိနေတာပေါ့။ ပြီးတော့ သူ့ဦးလေးက ငါလေးစားခဲ့ရတဲ့ ဆရာတစ်ယောက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

နေတော့ သူ့ကို အလိုလို ခင်မင်ချင်စိတ် ပေါ်လာတာလည်း ပါတယ်။ ပြီးတော့ ငါသိပ်မပြောပြတတ်တဲ့ ခံစားချက်တချို့လည်း ပါမယ်ထင်တယ်"

"အေး . . . နင်သိပ်မပြောပြတတ်တဲ့ ခံစားချက်ကို ငါပြောတတ်တယ်။ နင် ရွှေလွှာကို စိတ်ဝင်စားနေပြီမို့လား"

နန်းပိုင်က ပိုင်ပိုင်နိုင်နိုင်ကြီး ပြောချလိုက်သည်။ ကျန်သည့် သူငယ်ချင်းတွေကလည်း ပြုံးစေ့စေ့ ဖြစ်သွားကြသေးသည်။

"အဟဲ . . . အမှန်အတိုင်းပြောရင်တော့ ဟုတ်လိမ့်မယ်ဟ"

"ဘာ ဟုတ်လိမ့်မယ်တုံး။ ဟုတ်တယ်လို့ ပြတ်ပြတ်သားသား ပြောစမ်းပါ"

လှဲ့ဝါဆိုကလည်း ထဟောက်သည်။

"အေး . . . ဟုတ်ပါတယ်ဟာ . . . ဟုတ်တယ်။ ငါ သူ့အနားနေရရင်ဟာ ဘာလက်နက်စက်ရုံမှမလို၊ ဘာကတိကဝတ်စာချုပ်မှ မလိုဘဲ ငြိမ်းချမ်းရေး ရနေသလိုမျိုး နုနည့်နည့် အေးအေးမြမြ ခံစားရတယ်"

အားလုံး ပြုံးနေသည့်အချိန် ဆွေဆွေက . . .

"ဒါဆို စောချိုဝင်း အနားနေတဲ့ အချိန်ကော"

"အာ . . . ရွံ့တယ်ဟ။ အလိုလို ပျို့လာတာ"

ချီး . . . ဟု စောချိုဝင်းက ကောက်ဆဲတော့ အားလုံး ရယ်ကြသေးသည်။ အရယ်ဆုံးလို့ အားလုံး ပြန်တည်တော့မှ . . .

"ဒါပေမဲ့ ရွှေလွှာမှာ ရည်းစားရှိတယ်ဟ။ သူ့ရည်းစားက ငါ့ရုပ်နဲ့လည်း နည်းနည်းဆင်တယ်တဲ့"

"ဟာ . . . သွားပြီပေါ့ ဒါဆို"

"ဟင်း . . . အဖြစ်ကြီးကလည်း"

"အင်း . . . အဲ့လို အဆန်းချည်းပဲ။ သူ့စကားနားထောင်ရတဲ့ပုံအရတော့ သူ့ရည်းစားက သူ့အနီးနားမှာ မရှိတော့တဲ့ပုံပဲကွ"

"နောက်တစ်ယောက်ရသွားလို့ သူ့ကို ထားခဲ့တာလား"



"ကားတိုက်၊ သစ်ပင်ပိပြီး သေသွားတာလား"

"အေး . . . အဲ့ဒီလိုတွေလည်း ဖြစ်နိုင်သလို၊ တခြား တစ်ခုခုလည်း ဖြစ်နိုင်မှာပါ။ သူက သူ့ရည်းစားသူ သူ့ဘာသာသူ လွမ်းနေတတ်ပြီး တခြားအကြောင်းတော့ သိပ်မပြောပြတတ်ဘူးလား။ ဘာပဲဖြစ်ဖြစ် ငါကတော့ ဆင်ခြင်ရမှာပဲ။ သူ့မှာ ရည်းစားရှိနေမှတော့ ယဉ်ကျေးမှုအရရော၊ တစ်ယောက်နှလုံးသားကို တစ်ယောက်လေးစားရမယ့် သဘောအရကော ငါ သူ့အပေါ်ထားတဲ့ သဘောထားကို ပြောဖို့မသင့်တော့ဘူး။ ဒါကြောင့် သူ့ကို စိတ်ဝင်စားဖို့ထက် သူပြောမယ့် ပုံပြင်လေးတွေကို ပိုစိတ်ဝင်စားဖို့ ငါကြိုးစားရတော့မယ်"

မင်းဘွဲ့စကားကို အားလုံး ခေါင်းညိတ်ကြသည်။ မင်းဘွဲ့အဖြစ်သင့်ဆုံးနှင့် ကိုယ်နေရမည်နေရာကို ကိုယ်သိသည်။

ဆက်ပြီး ကောင်မလေးနှင့် ပတ်သက်ပြီး မတင်မကျဖြစ်နေတာကိုလည်း ကြီးဖေက . . .

"ကောင်မလေးက ငွေသာသည်းကြီးမည်းကြီး လိုချင်နေတဲ့ ပုံစံပေါက်တာ။ လူပုံစံကတော့ နွမ်းပါးတဲ့ ပုံမပေါ်ဘူးနော်"

"ဟုတ်တယ် . . . ဟုတ်တယ်။ အဲဒါတော့ ဟုတ်တယ်။ စကားပြောရင်လည်း စနစ်ကျပြီး ချက်ကျလက်ကျရှိတယ်ဟ"

"C.V Form ထဲမှာ သူရခဲ့တဲ့ ဘွဲ့တွေကလည်း တန်းစီနေတာပဲ။ ပညာတတ်ကလေးပဲ"

"အေး . . . ဟုတ်တယ်။ ဒီလောက် ရုပ်ရည်ကနေ ပညာအရည်အချင်းအထိ အပြစ်ပြောစရာမရှိတဲ့လူက ဘာကြောင့်လုပ်စရာ အလုပ်ရှာနေတာတုန်းဟ"

မင်းဘွဲ့ ခေါင်းယမ်းပြသည်။ သူမအတွက် သူတော်တော်ခေါင်းယမ်းနေရသည်။

"ကောင်မလေးက ခပ်ဆန်းဆန်းလေးဖြစ်နေတယ်။ ဒါကြောင့် မင်းဘွဲ့ မင်းခပ်ခွာခွာခံစားဖို့ လိုမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် . . . မင်းဘွဲ့။ အဲဒါတော့ ဟုတ်တယ်"

သူငယ်ချင်းတွေက သတိပေးသလိုပြောကြသည်။ ဒီအချိန်ပဲ နန်းပိုင်က

"ကဲ . . . ကဲ . . . ကြာတယ်။ ငါတို့ မြို့ထဲကြေးအိုးသွားဆွဲ စို့။ ကျွေးမယ့် မင်းဘွဲ့ စိတ်မပြောင်းခင်"

"အေး . . . ဟုတ်တယ်၊ သွားဖို့ပြင်ကြဟေ့"

"ဟင် . . . ငါကျွေးမယ်လို့လည်း မပြောရပါလား"

မင်းဘွဲ့ ကြောင်ကြည့်ပြီး ငြင်းတော့ ဆွေဆွေက . . .

"အရင်က မပြောလည်း အခုပြောလိုက်တော့။ မဟုတ်လည်း နှင့်ပိုက်ဆံအိတ် ငါတို့လက်ထဲ ရောက်နေပြီ"

"တခြားကောင်မလေးကျတော့ အလျော်ပေးလိုက်၊ အလုပ်ပေး လိုက်နဲ့ ငါတို့ကျမှ တွန့်မနေနဲ့။ ငါတို့က ဆွဲမှာပဲ"

"ဟုတ်တယ် . . . ငါလည်း ဘီယာသောက်မယ်"

အားလုံးနှင့် တစ်ယောက်ဆိုတော့ မင်းဘွဲ့ ပြားပြားမှောက်ရ တော့သည်။

နောက်ပြီး စကြတာလည်း မဟုတ်။

ဆိုင်ရောက်တော့ တကယ်မှာ တကယ်စား တကယ်သောက် ကြတာ မင်းဘွဲ့ တကယ်ရှင်းလိုက်ရပါသည်။



**(9)**

မည်သို့ပင် ဆိုစေကာမူ ပန်းအကြောင်း မွေးမှသိ၊ လူအကြောင်း ဆေါင်းမှသိမည်သာ။ သူမသည် သူတို့အတွက် မစားကောင်းသောအသီး ဟုတ်ခဲ့ပါ။ သူမ ပြောပြသည့် ပုံပြင်များကို အသံလွှင့်သောအခါ လူ ကြိုက်များကြသည်။ မင်းဘွဲ့ အသစ်တိုးချဲ့သော အိပ်ရာနိုးပုံပြင်ကဏ္ဍ သည်း အောင်မြင်လာသည်။ ရွှေလွှာကလည်း တစ်ရုံးလုံးနှင့် အဖွဲ့ကျ အောင် ပေါင်းသင်းတတ်သည်။

ရွှေလွှာက ဝတ္ထုလင်္ကာရသဏ္ဍာန်ဟူသော သင့်တော်လျော်ကန် အောင် အဝတ်တန်ဆာဆင်ယင်တတ်သော အတတ်ကို ကောင်းစွာတတ် မြောက်သည်ထင်၏။ အဝတ်အစားအတွဲအစပ်အဆန်းလေးတွေကို ဝတ် သာတတ်၍ အားလုံးက ဒေးမောရသလို ဝင်းဝင်းဖြိုးတို့၊ ဆွေဆွေတို့ အချင်သော မိန်းကလေးအဖွဲ့ကလည်း နည်းယူမေးမြန်းခြင်းအားဖြင့် သူမ ကို ဆရာတင်နေရသည်။ တစ်ခါတလေ ရွှေလွှာက သူတို့ပြဿနာများ ကို ဖြေရှင်းပေးသော ရွှေဉာဏ်ရှင်မလေးပင် ဖြစ်လိုက်ပါသေးသည်။

မိန်းကလေးတွေပင်မဟုတ်။ စောချိုဝင်းကပင် အကူအညီ တောင်းရသည်။



www.burmeseclassic.com

www.burmeseclassic.com

စောချိုဝင်းက ဝင်းပပမျိုးနှင့် ရည်းစားဖြစ်သွားပြီဖြစ်သည်။ သင်တန်းမှာ (ရွှေလွှာစနက်ကြောင့်) မီးလောင်သည်အထင်နှင့် ပြေးကြရင်း နှစ်ယောက်သား ဝင်တိုက်ကာ တစ်ယောက်ပေါ်တစ်ယောက် ထပ်လျက်လဲကျရာမှ ရင်ခုန်လှိုက်မောသွားကြပြီး နောက်တစ်ပတ်တွင် အတိအလင်း ရည်းစားဖြစ်သွားကြသည်ဟု ဆို၏။

အခုမှ ရည်းစားရဖူးသော စောချိုဝင်းက အဖြစ်သည်းပြီး ပျာယာ ခတ်နေသည်။ ခဏခဏ 'ဒီနေ့ ငါ သူနဲ့ ချိန်းထားတယ်၊ ဘာလုပ်ရမလဲဟင်၊ ငါ သူနဲ့တွေ့ရင် ဘာလုပ်ရမလဲ' ချည်း မေးနေတတ်သည်။ မင်းဘွဲ့က အကြံပေးသည်။ 'တဲတွေးနဲ့ ထွေး' တဲ့။ ကြီးဖေကလည်း အကောင်းပြောသည်။ 'သံပူနဲ့ထိုး' တဲ့။ ထို့ကြောင့် စောချိုဝင်း ဘယ်သူ့စကားမှ ခံစားမရတော့ဘဲ ရွှေလွှာထံ ခိုလှုံရတော့သည်။

"ကိုဆားချိုသီး . . ."

"ကိုစောချိုဝင်းလုပ်ပါဟ"

"ဩော် . . . အမ်း . . . ဆော်ရီး . . . ကိုစောချိုဝင်းနဲ့ အဲ့ဒီမဝင်းပပမျိုးက ကြိုက်နေတာ ဘယ်လောက်ကြာပြီလဲ"

"အင်း . . . သင်တန်းမှာ နင် မီးရှို့ပြီး နောက်တစ်ပတ်မှာ ငါတို့ ကြိုက်သွားတာဆိုတော့ နှစ်လလောက်ရှိပြီပေါ့ဟ"

"ဒါဆို ကျွန်မ နံပါတ်စဉ်နဲ့ သေချာပြောပြမယ်နော်၊ မှတ်ထား"

ဆိုပြီး သူမ မေးစေ့လေးကို လက်ညှိုးနှင့်ကုတ်သည်။ မင်းဘွဲ့နှင့် ကြီးဖေကတော့ ဘာမှဝင်မပြောဘဲ စောင့်ကြည့်လျက်။

"ကောင်လေးနဲ့ ကောင်မလေး သမီးရည်းစားဖြစ်ပြီးနောက် ဘယ်လိုကျင့်သုံးသင့်သလဲဆိုတော့ . . . "

သူမက အောက်ပါအတိုင်း ဆက်ပြောပြပါသည်။

၁။ ရည်းစားဖြစ်ပြီး ပထမဆုံးအချိန် တွေ့သည့်ရက်တွင် တစ်ဦးနှင့်တစ်ဦး သေချာပြင်ဆင်ထားသော ချစ်သက်လက်ဆောင်ပါဆယ်ဘူးလေးများ အပြန်အလှန် ပေးရမည်။



၂။ ရည်းစားဖြစ်ပြီး ဒုတိယအကြိမ် ချိန်းတွေ့သည့်အခါတွင် ဘုရားသွားရမည်။ တစ်ယောက်ပေါ်တစ်ယောက် မည်မျှ သစ္စာရှိမည့်အကြောင်း ဘုရားတွင် ကိုယ်တိုင်ကိုယ်ကျ တိုင်တည်ပြသင့်သည်။

၃။ ရည်းစားဖြစ်ပြီး တစ်ပတ်အကြာတွင် စတင်နမ်းသင့်သည်။ 'အနမ်းနေ့' ဟု ခေါ်တွင်စို့။ (ကိုယ့်ယဉ်ကျေးမှုအရ မယဉ်မရိုင်း ပါးလေး၊ [illegible]လေး)

၄။ ရည်းစားဖြစ်ပြီး ဆယ်ရက်မြောက်တွင် တစ်ယောက်နှင့်တစ်ယောက် အချစ်စမ်းတာပဲဖြစ်ဖြစ်၊ တကယ်စိတ်ဆိုးလို့ပဲ ဖြစ်ဖြစ် စတင်စိတ်ကောက်၍ရပြီ။ ဆယ်ရက်မတိုင်ခင် မကျေနပ်တာရှိလျှင်ပင် စိတ်ကောက်သင့်သေး၊ စိတ်မကွက်သင့်သေး၊ ရည်းစားသက်တမ်း သွေးသားနုနုမို့ ခွာပြဲလွယ်တတ်သည်။ ထိုနေ့ကို 'စိတ်ကောက်နေ့' ဟု ခေါ်စို့။

၅။ ရည်းစားဖြစ်ပြီး ဆယ့်ငါးရက်မှစ၍ တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးရစေရန် ငြင်းခုန်ရသည့် ကစားနည်းများ ကစားရမည်။ စစ်တုရင်၊ [illegible]၊ ဒိုးဆက် စသည်ဖြင့် မျက်နှာချင်းဆိုင်ဖြစ်မည့် ကစားနည်းများ ရွေးချယ်သင့်သည်။

၆။ ရည်းစားဖြစ်ပြီး တစ်လအကြာ၊ ထိုနေ့မှစ၍ နှစ်ဦးစလုံး ပူးပေါင်း[illegible]ဆောင်ရပြီး နှစ်ဦးစလုံး အကျိုးခံစားနိုင်မည့် အလုပ်များကို ရွေးချယ်ကြရမည်။

(ဥပမာ – ထီအတူတူထိုးခြင်း၊ ငှက်လွှတ်ငါးလွှတ်ခြင်း၊ သွေးလှူ[illegible] [illegible] ခုတင်ချင်းကပ်လျက် နေရာယူကာ သွေးလှူကြခြင်း စသည်ဖြင့်)



www.burmeseclassic.com

www.burmeseclassic.com

၇။ ရည်းစားဖြစ်ပြီး သုံးလအကြာ၊ ထိုနေ့တွင် ချစ်သူချင်း ဒိုင်ယာရီ လဲလှယ်သင့်သည်။ တစ်ယောက်ကိုတစ်ယောက် ပိုးပန်းစဉ်က ရင်ခုန်အေးမြမှုလေးတွေကို ရေးသားထားသည့် ဒိုင်ယာရီမျိုးဖြစ်သင့်သည်။ ဆိတ်ငြိမ်သာယာသော နေရာမျိုးတွင် ထိုင်ကာ တစ်ဦးဒိုင်ယာရီကို တစ်ဦးက ဖတ်ပြသင့်သည်။

၈။ ရည်းစားဖြစ်ပြီး ခြောက်လ။ ထိုအချိန်တွင်တော့ လေးနက်သော စကားများအား လေးလေးနက်နက် ပြောသင့်ပြီ။ ကိုယ်တကယ်ရည်ရွယ်ထားသော အနာဂတ်အစီအစဉ်များအား ပွင့်ပွင့်လင်းလင်း နှစ်ဦးသား ဆွေးနွေးသင့်၏။

၉။ ရည်းစားဖြစ်ပြီးတစ်နှစ်၊ တစ်ဦးနှင့်တစ်ဦး လက်ထပ်ဖို့အထိ ရည်ရွယ်ပါက တစ်ဦး၏ မိသားစုနှင့်တစ်ဦး၏ မိသားစု အပြန်အလှန် အသိပေးခြင်း၊ မိတ်ဆက်ပေးခြင်းစသဖြင့် ပြုလုပ်ရန် သင့်တော်သော အချိန်ဖြစ်သည်။

၁၀။ ရည်းစားဖြစ်ပြီး နှစ်နှစ်၊ ကြောင့်ကြစရာမလိုသော စည်းစိမ်ရှိပါက စိုးရိမ်ဖွယ်မရှိသော အနာရောဂါကင်းပါက လက်ထပ်မည်ဆိုလျှင် လက်ထပ်သင့်သောအချိန်၊ သို့မဟုတ်ပါက ဥစ္စာများ သေချာဂရုစိုက် စုဆောင်းရမည့်အချိန်။

၁၁။ ရည်းစားဖြစ်ပြီး သုံးနှစ်၊ တစ်ဦးနှင့်တစ်ဦး လက်ထပ်ရန် အချိန်ကောင်းပင်ဖြစ်၏။ ရည်းစားသက်တမ်း သုံးနှစ်မှ ငါးနှစ်အတွင်းသည် လက်ထပ်ရန် အသင့်လျော်ဆုံးဖြစ်ကာ သည့်ထက်လွန်ပါက အချိန်ကောင်း အရွယ်ကောင်းများ ကျော်လွန်မည်ကို စိုးရိမ်ရ၏။



သူမသည် ထိုသို့ ရှည်လျားစွာ အဓိပ္ပာယ်ရှိရှိ ရှင်းပြသည်။

ရှင်းပြနေစဉ်အတွင်း နှလုံးသားရေးရာ ပါရဂူကြီးတစ်ယောက်လိုလို၊ ဘာလိုလို၊ ညာလိုလိုနှင့်။ မျက်နှာထားသေးသေးလေးမှာ သနပ်ခါး ဖွေးဖွေးလေးများဖြင့် တစ်တပ်တအား မွှေးအေး၍ နေသေးသည်။

သူမစကား နားထောင်ပြီး စောချိုဝင်းက ခေါင်းတဖျင်းဖျင်းကုတ်ကာ အလိုမကျအသံနှင့် . . .

"ဟာ . . . နမ်းခွင့်လေးရဖို့တောင် တစ်ပတ်လောက် စောင့်ရသလား"

"ကိုဆားချိုသီး ရှင်ကတော့ တကယ့်ကို နလပိန်းတုံး နှာဘူးပါ ပဲ"

ရွှေလွှာကတော့ မညှာမတာ ခွပ်ပစ်သည်။

စောချိုဝင်းက စိတ်ဓာတ်ကျသွားသလိုအသံနှင့် သူမ မကြားအောင် တီးတိုးညည်းသေးသည်။

"ကျွတ် . . . မမိုက်ပါဘူးကွာ၊ တိုက်တန်းနှစ်ကားထဲမှာ နှစ်ကောင်လောက်နဲ့ ပန်းချီဆွဲတာကွ။ ပြီးတော့ ကားမှန်ပေါ် လက်ဝါးရာကြီးတစ်ခုနဲ့ . . ."

"ဟာ . . . ဟော့ကောင် . . . ရှူး"

စောချိုဝင်းက စိတ်ချည်းပဲ။ ရွှေလွှာမကြားလို့ တော်သေး၏။ ရွှေလွှာက ရေနွေးကြမ်းကို နှုတ်ခမ်းလေးချွန်၍ ဒူးတလှုပ်လှုပ်နှင့် မှုတ်သောက်နေသည်။

"ရွှေလွှာ . . . ငါမသိလို့ မေးဦးမယ်"

"အေး . . ."

"နင်နဲ့ငါ လုပ်ဖော်ကိုင်ဖက်လိုကော သူငယ်ချင်းလိုကော ဖြစ်နေပြီနော်"

သူမ တစ်ချက်စဉ်းစားပြီး မေးစေ့လေးဖြင့် ညိတ်ကာ . . .

"အေး . . . အဲလိုဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com

"အေး . . . အဲ့ဒီလိုဖြစ်နေတာမှ နှစ်လတောင် ကြာပြီနော်"

သူမက မင်းဘွဲ့ တစ်ခုခုအတွက် စကားခင်းနေမှန်း သိနေ၍ မျက်ခုံးပင့် ကြည့်သေးသည်။ ပြီးမှ . . .

"အင်း . . ."

"အေး . . . ဒါဆို ငါမေးမယ်။ သူငယ်ချင်းဖြစ်ပြီး နှစ်လလောက်ကြာရင်ကော ဘာလုပ်ခွင့်ရှိလဲ"

သူမ ပြုံးသွားသည်။ မင်းဘွဲ့၏ မထင်မှတ်ထားသော အမေးကို သူသဘောကျ၍ သွားသည်။

ချက်ချင်း မင်းဘွဲ့ကို လက်ဆွဲကာ ထိုင်ရာမှထသည်။ ပြီးလျှင် မင်းဘွဲ့ကို လက်ဆွဲကာပင် ခေါ်သွားတော့လေသည်။ စောချိုဝင်းနှင့် ကြီးဖေက . . . 'ဟေ့ဟေ့ ဘယ်သွားကြမလို့လဲ' အော်တာကိုပင် ဂရုမစိုက်ကြတော့ဘဲ။ မြို့လယ်ခေါင်ကို ခေါ်သွားခြင်းဖြစ်သည်။ အင်မတန် ရွှေတာကုတ်ကပ်ပြီး တစ်ထောင်တန်မှာပင် ဘောလ်ပင်နှင့် သုညတစ်လုံးတိုးရေးကာ သုံးချင်တတ်သော သူမက သူ့ကို မုန့်တွေ အစုံ လိုက်ကျွေးသည်။

"သူငယ်ချင်းဆိုတာ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်အဆိုးတွေ့ပါစေ၊ အန္တရာယ်ရှိပါစေ အတူတူ ရင်ဆိုင်တတ်ရတယ်"

ဟု သူမကပြောတော့ သူကြောင်လျက် နားထောင်နေသည်။ သူမကတော့ သူပြောချင်တာကို ဆက်ပြောသည်။

"လာ . . . ကားတွေ ဘယ်လောက်ပဲ ကြမ်းအောင်မောင်းမောင်း ငါတို့ ဟိုဘက်ကမ်းကို တစ်ဟုန်ထိုး ပြေးသွားကြမယ်"

တကယ်တော့ ဒါ အသက်အန္တရာယ်ကြီးပါ။ မင်းဘွဲ့က တကယ်လမ်းဖြတ်ကူးပြေးတော့ သူမက နေခဲ့သည်။

မင်းဘွဲ့ကိုတော့ ကားသမားတွေက ဆဲလိုက်သည့်ဖြစ်ခြင်း။ ကားဘရိတ်နင်းသံတွေ တကျွီကျွီ၊ ဟွန်းသံတွေ တပွမ်ပွမ်နှင့် ညံသောကုန်သည်။ မင်းဘွဲ့ မချိသွားဖြဲလေးဖြင့် ကားသမားတွေကို ပြန်ပြန်ပြုံး



ပြခဲ့ရသည်။ သူ ဒီဘက် ပလက်ဖောင်းပေါ်ရောက်လို့ သူ လှည့်ကြည့်လိုက်မှ ဟိုဘက်ပလက်ဖောင်းပေါ်မှာ သူ အဆဲခံရတာကို အူနှိပ်ရယ်ပြီး ကြည့်နေသော သူမကို တွေ့လိုက်ရသည်။ သူ အပြစ်မတင်ရက်ခဲ့။ အပြစ်ဆို၍ ခဲသားဘော်လ်မှ ခဲဆံအကျိုးလေးလောက်ပင် မမြင်ခဲ့။ သူမ ရယ်မောပျော်ရွှင်နေတာတွေ့တော့ ရင်ထဲက အလိုလို ဝမ်းသာပြီး နေထိုင်ကောင်းလာတာပဲ သူသိသည်။ သူ သူမနှင့် ပတ်သက်ပြီး အများကြီး တွေးစားတော့တာ ကြာပြီ။ အတူရှိရိုန်ဖြစ်တည်မှုလေးကိုသာ သူ သာယာနေခဲ့ပြီ။

"သူငယ်ချင်းဖြစ်ပြီး နှစ်လလောက်ကြာရင် ဘာလုပ်ရမှာလဲ။ သူငယ်ချင်းက သူငယ်ချင်းပဲပေါ့။ ဒါပေမဲ့ ငါ ဒီနေ့ နင့်ကို မုန့်တွေ အများကြီး ဝယ်ကျွေးတယ်။ ပြီးတော့ ငါ့ရဲ့ လျှို့ဝှက်မျှော်လင့်ချက်လေး တစ်ခုအကြောင်း ပြောပြမယ်"

သူမ ပုံပြောပြနေကျ ခုံတန်းလျားလေးဆီရောက်မှ သူမက ပြောပြပါသည်။ ရေဘူးဝယ်လာပြီး အပြေးလာနေသည့် မင်းဘွဲ့ကို ခုံတန်းလျားပေါ်မှာ ထိုင်နေလျက်နှင့် မျက်လုံးအသားထဲတွင် မြင်နေရသည်။ 'မင်းဘွဲ့ရယ် . . .' ဟု သူမ မှည်းမိအောင် သူမ ထိန်းမိနေသည်မှာ ဘာယ်ကြောင့်နည်း။ ရွှေလွှာစိတ်ထဲတွင် မင်းဘွဲ့ကို သနားသလို ခံစားနေရပါသည်။

မင်းဘွဲ့ အနားရောက်လာသည်။

"ရော့ . . . ရေဘူး၊ ပြောတော့ နင်ပြောမဲ့ဟာ"

သူမ ချက်ချင်းမပြောသေးပါ။ ခါတိုင်းလို ရေဘူးကိုလည်း ဖွင့်မသောက်ပါ။

သူမ မျက်ဝန်းတွေ စိုစွတ်နေသလို ထင်ရသည်။ လေညင်းထဲမှာ ဝမ်းနည်းစရာ ရနံ့နှင့် ပန်းရိုင်းတွေ လွင့်ပျံ့နေပါသလား။ အသက်ရှူသံတော မောလိုက်တာ။ ရင်ထဲမှာ ကျိန်စာလူးထားသော ဆူးနီတင်းချောင်းရှုနေသည်။ ရွှေလွှာမျက်နှာ ရှုမ်းအိုမောပန်း၍ နေသည်။



www.burmeseclassic.com

www.burmeseclassic.com

“မင်းဘွဲ့ . . .”

“ဟင် . . .”

“ငါလေ . . . ကိုယ့်ခံစားချက်တွေကို သူတစ်ပါးရှေ့မှာ ဖွင့်ထုတ်ပြရတာမျိုးကို မုန်းတယ်ဟာ”

“ . . .”

“ဒါပေမဲ့ ငါပြောပြချင်တယ်။ ငါ့အကြောင်းကို ပုံပြင်လေးတစ်ပုဒ်နဲ့ ငါပြောပြချင်တယ်။ ပျင်းစရာကောင်းရင်လည်း သည်းညည်းခံပြီး နားထောင်ပေးမလား”

“နင့်ပုံပြင်တိုင်းက ငါ့အတွက် တစ်ခုခုတော့ ရစမြဲပါ”

နင် ဒီလိုပြောလာလိမ့်မယ်လို့ ငါ ဘာကြောင့် သိနေရတာလည်း မင်းဘွဲ့ရယ်။

ရွှေလွှာ သူ့ဆီမှ အကြည့်လွှဲပြီးမှ ပုံပြင်ကို စသည်။

※ ※ ※



ဘယ်ခေတ်ကလည်း မသိဘူး၊ ဘယ်မြို့တော်ကြီးမှာလည်း [..]သိဘူး။ သေချာတာတော့ အဲ့ဒီအချိန်တုန်းက မျှော်လင့်ချက်နဲ့ အသက်[..]တယ်ဆိုတဲ့စကားဟာ အခုလောက် လူသုံးမများသေးဘူး။

သူ စောင့်နေခဲ့တယ်။ ကောင်မလေးတစ်ယောက်ကို ခရေပင်ကြီးကို ကျောမှီရင်းနဲ့။

အဲ့ဒီလိုနဲ့ နွေဦး၊ နွေ၊ မိုးဦး၊ မိုး၊ ဆောင်းဦး၊ ဆောင်းရာသီတွေ [..]ပြောင်းဖျောင်း ကုန်လွန်ခဲ့တယ်။ ဒါပေမဲ့ သူကတော့ စောင့်နေလျက် [..]တစ်နေ့နေ့ဆိုတာကို သူ တော်တော် ယုံကြည်ထားသလိုပဲ။

မြို့သူမြို့သားတွေကလည်း ဒီလမ်းကဖြတ်ရင် သူ့ကိုကြည့်ရ[..]တာလို့။ တချို့က စားစရာတွေ သနားလို့ လာပေးကြတယ်။ တချို့[..]တော့ မသတီသလို ခပ်လှမ်းလှမ်းက ကွင်းသွားတတ်ကြတယ်။ အသိ[..]တဲ့ ကလေးတွေကတော့ အရူးကြီး . . အရူးကြီး . . . လို့ သံပြိုင်[..]ကြပြီး ခဲနဲ့ ထုပြေးတတ်ကြတယ်။

သူ ရူးသွားပြီလား၊ သူ့ကောင်မလေး မလာသေးဘူးလား။

သူ့အတွက် မေးခွန်းတွေက ရာဝင်အိုးနဲ့ အပြည့်ပေါ့။ သူက[..]တော့ စောင့်နေဆဲပါပဲ။ သူအမြဲ ကျောမှီနေခဲ့တဲ့ ခရေပင်ကြီးဟာလည်း [..]တော့ သူ့ကို ပြန်မှီနေသလိုပဲ ။ ရောဆိုတဲ့ တရားတိုက်ပွဲကို ခါးကိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကိုင်းနဲ့ ဓားသိုင်းတစ်ကွက်လိုက,ရင်း ခြစ်ကုတ်နေထိုင်နေရပြီ။ 'ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ' ဆိုတာ သူနဲ့ခရေပင်ကြီးကမှ အစစ်ပါ။ ဆံပင်တွေဖြူ၊ မှတ်ဆိတ်တွေရှည်၊ အသားအရေ ရှိရှုံ့ကျနေတဲ့ သူနဲ့ အရွက်တွေမစိမ်း၊ အသီးတွေမဝေ၊ အပွင့်တွေ မလှတော့တဲ့ ခရေပင်ကြီးဟာ ချည့်နဲ့အိုမင်းစွာ လိုက်ဖက်ညီနေခဲ့တယ်။ ဒီအထိတိုင် သူ့ကောင်မလေးက ရောက်မလာခဲ့သေး။

"ခင်ဗျားကောင်မလေး မလာသေးဘူးဗျ"

စပ်စပ်စုစုရှိတဲ့ မြို့သားတစ်ယောက်က အကဲစမ်းသလို မေး တယ်။

ဒီတော့ သူက အနောက်ယွန်းနေပြီဖြစ်တဲ့ နေလုံးကြီးကို မော့ကြည့်ပြီး . . .

"သူက နည်းနည်း နောက်ကျတတ်တယ်ဗျ"

လို့ ပြန်ဖြေတယ်တဲ့။ သူကသာ နည်းနည်းနောက်ကျတယ် ပြောနေတာ။ တကယ်တော့ နှစ်ပေါင်းများစွာ ကြာနေခဲ့ပြီလေ။ သူ မသိတာအမှန်လား။ ဒါမှမဟုတ် သိသိလျက်နဲ့ ဟန်ဆောင်နေတာလား။ သူနဲ့ ဘုရားသခင်ကလွဲလို့ မသိနိုင်ဘူးလေ။

လူတချို့ကလည်း ခန့်မှန်းကြတယ်။ သူ့ကောင်မလေးက သူ နှစ်တွေ အကြာကြီးစောင့်ခဲ့တဲ့ ကောင်မလေးဟာ ရင်ခွင်သစ်၊ ရင်ခွင်ဟောင်း၊ ရင်ခွင်မသစ်မဟောင်းတွေမှာ ကျင်လည်ကျက်စားနေလောက်ပြီတဲ့။

သူကတော့ မယုံပါဘူး။ စောင့်နေဆဲ။ တစ်ခါတလေ ကဗျာဆန်ဆန် စကားလုံးလေးတွေကို လွမ်းလွမ်းဆွတ်ဆွတ် ရွတ်လို့ပေါ့။ တစ်စွန်းတစ ကြားခွင့်ရတဲ့သူတွေကတောင် ရင်နာအောင်စာနာမိကြတယ်။

သူ့ခြေသံကို ပွဲတော်တစ်ခုလို မှတ်မိနေတယ်။

ငါ့အတွက် တစ်ခုခု ယူဆောင်လာမှာမို့။

သူ နောက်ကျနေရှာတာ . . .



သူ့စကားလုံးလေးတွေဟာ ကြားရတဲ့ သူကို ရင်အေးရင်နွေး ဖြစ်စေတယ်။ သူ့ရဲ့ ရင်တွင်းမှာ လဲပြိုနေတဲ့ လက်ကာတွေ ဘယ်လောက်များများ ရှိလိမ့်မလဲလို့ ဝင်ကြည့်ချင်တဲ့သူတွေလည်း ရှိမှာအမှန်ပဲ။

ကြီးမားမာကျောတဲ့ ကျောက်တောင်တန်းကြီးတွေကသာ ပျက်ချင်ပျက်သွားမယ်။ သူ့ရဲ့ တစ်ခုတည်းသော လုပ်ငန်းကတော့ မပျက်။ စောင့်မျှော်ဆဲ။ နေအောက်လအောက် သူတစ်ယောက်တည်း သူ စောင့်နေဆဲပါ။ သစ္စာတရားတွေ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး သူမျှော်နေတယ်။ အခု ဘာတွေဖြစ်နေပါစေ၊ သူ ဂရုမစိုက်။ သူ့အတွေးထဲမှာ တစ်ချိန်က ပျော်ရွှင်ခဲ့ဖူးတဲ့ ရည်းစားဦးလေးအကြောင်းပဲ ရှိနေလိမ့်မယ်။ ရည်းစားဦးဆိုပေမဲ့ သူ့အတွက် ထာဝရပေါ့။

သူ အဲ့ဒီလို အတိတ်တွေကို တန်ဖိုးထားတယ်။ အနာဂတ်တွေအပေါ် သစ္စာရှိတယ်။ ဒါပေမဲ့ ပစ္စုပ္ပန်မှာတော့ သူဟာ အရူးတစ်ယောက်ပေါ့။

"ယဉ်ယဉ်လေးနဲ့ ရူးနေတာပဲနော်"

လူတွေက သူ့အတွက် အကိုက်ညီဆုံးစကားနဲ့ ညည်းတွားကြတယ်။ ဟုတ်ပါတယ်။ သူ့ရင်ဟာ ယဉ်ယဉ်လေးနဲ့ ရူးနေပါတယ်။ လူတစ်ယောက်ကလည်း ထပ်ဖြည့်ပြောသေးတယ်။

"ယဉ်ယဉ်လေးနဲ့ရူးတာက ကောင်းကောင်းကြီးနဲ့ ရိုင်းနေတာထက်တော့ အများကြီး တန်ဖိုးရှိပါတယ်ဗျာ"

ဒီစကားကြားတော့ ခပ်လှမ်းလှမ်းက လူဝကြီးက အိုးမလုံ အုံ့ချင်းကာ မျက်နှာပျက်သွားပါရော။ ကပ်စေးနှဲ၊ စိတ်တို၊ လောဘကြီး၊ သောက်ဝါးကြီးအုပ်၊ နှမချင်းမစာနာ၊ လူကြီးမရှိသေ၊ နိုင့်ထက်စီးနင်းစသော မိုက်ရိုင်းမှုအထွေထွေနှင့် ပါမောက္ခဖြစ်လောက်တဲ့ အဲ့ဒီလူဝကြီးကတော့ မြို့တော်ချဉ်ဖက်ပေါ့။

အခုတောင် သူ့မှာ အရူးကို မနာလိုဖြစ်ပြီး ပြုံးမရဲ မဲ့မရနှင့် နှာခေါင်းကြီး ရှုံ့ပွပွဖြစ်လို့နေသတဲ့။



www.burmeseclassic.com

www.burmeseclassic.com

"တော်စမ်းပါဗျာ . . . အရူးက အရူးပေါ့။ ဘာမှ သနားမနေနဲ့။ အလကား ဘာမှမလုပ်ချင်တာနဲ့ ဟိုလူမျှော်တာလိုလို၊ ဒီလူ့မျှော်တာလိုလိုနဲ့။ ဒါမျိုးတွေကို သနားလို့ ဘာအကျိုးရှိမှာလဲ"

လူဝကြီးက လူအုပ်ကြီးနဲ့ ဆန့်ကျင်ပြီး အဲ့ဒီလို စကားဆိုလိုက်တယ်။ ဒါပေမဲ့ သူ့အကြောင်းသိနေတဲ့ မြို့သူမြို့သားတွေက လေကုန်ခံပြီး ဘာမှပြန်မပြောကြဘူး။

အဲ့ဒီလို မပြောတော့လည်း လူဝကြီးက ပိုပြီး ရောင့်တက်လာတာပဲ။ အရူးကြီး အနားကိုသွားပြီး မြင်သူတိုင်း ရွံမုန်းမိကြမဲ့ မျက်နှာပေးနဲ့ . . .

"ဟော့ . . . အရူးကြီး၊ မျှော်မနေနဲ့။ မိန်းမဆိုတာ ရင်ခွင်ကို ပခြုပ်လုပ်ပြီး အူအနာခံသိမ်းထားရင်တောင် စိတ်ချရတဲ့ အမျိုးမဟုတ်ဘူး။ မင်းမိန်းမလည်း ဒီအိုင်ထဲက ဒီရေပဲ။ အခုထိ ချိန်းထားတဲ့နေရာ ရောက်မလာမှတော့ နားလည်လိုက်ပါတော့။ မင်း ဒီမှာ သစ္စာရှင်ကြီးလုပ်နေလို့လည်း ဘာမှထူးလာမှာမဟုတ်ဘူး"

လို့ နာနာကျင်ကျင်ပြောလိုက်တော့ အရူးကြီးရဲ့မျက်နှာ တစ်မျိုးပြောင်းသွားတယ်။ ဆတ်ခနဲ ရုတ်တရက် ကြည့်လိုက်တယ်။ မျက်လုံးစိမ်းဖန့်ဖန့်ကြီးတွေနှင့် လူဝကြီးကို ကြည့်လိုက်တယ်။ သူ့ပါးပြင်တွေ တဆတ်ဆတ် တုန်ခါနေတယ်။ သူ လူဝကြီးကို ဝါးစားမတတ်ကြည့်ရင်း . . .

"မင်း ဘာပြောလိုက်တာလဲ"

လို အသံနက်ကြီးနဲ့ အော်ဟစ်လိုက်တယ်။

လူဝကြီးလည်း ကြောက်ကြောက်နဲ့ နောက်ကို ခြေတစ်လှမ်း ဆုတ်သွားတယ်။ ဖြတ်သွားဖြတ်လာ မြို့သူမြို့သားတွေကလည်း အရူးကြီးနဲ့ လူဝကြီးရဲ့အဖြစ်ကို စိတ်ဝင်တစား ဝိုင်းကြည့်လာကြတယ်။ အရူးကြီးရဲ့ မျက်နှာက ခက်ထန်နေတာကိုတွေ့တော့ အားလုံးက အံ့သြကြတယ်။



လူဝကြီးက သူ့စကားကြောင့် အရူးကြီး စိတ်တိုသွားမှန်းသိပေမဲ့ လူအုပ်ကြားထဲ ထွက်ပြေးရင် အရှက်ကွဲရမှာမို့ ဟန်ကိုယ့်ပြီး နေနေရတာပေါ့။ အရူးကြီးက လူဝကြီးအနား တဖြည်းဖြည်း တိုးလာတယ်။ လူဝကြီးရဲ့ လက်တစ်ကမ်းအကွာမှာ ရပ်လိုက်တယ်။ အရူးကြီးက ခေါင်းတစ်လုံး လောက် ပိုမြင့်နေတာကို မြို့သူမြို့သားတွေ တွေ့လိုက်ရတယ်။

"မိတ်ဆွေ ခုနက စကားအမှန်ပဲလား၊ ပြန်ပြောကြည့်ပါ"

အရူးကြီးက အချိုသာဆုံး ပြန်မေးလိုက်မှ လူဝကြီးက နည်းနည်း အကြောက်ပြေသွားတယ်။

"မှန်တာပေါ့ဗျ။ သူ ခင်ဗျားကို ချစ်တယ်ဆိုရင် ဒီအချိန်ဆို ရောက်လာသင့်ပြီပေါ့။ ခင်ဗျားချစ်သူဟာ တခြားသူတွေနဲ့ တွဲလို့ ပျော်နေလောက်ပါပြီဗျာ"

လူဝကြီးစကားဆုံးတော့ အရူးကြီးရဲ့ မျက်လုံးက ခပ်လေးလေး မှိတ်သွားတယ်။ ခေါင်းတဆတ်ဆတ်ညိတ်ပြီး အရာရာ နားလည်သွားသလို တည်ငြိမ်နေတယ်။

မြို့သူမြို့သားတွေက သူ့ကို ပိုပြီး ကရုဏာသက်သွားကြတယ်။ ဘာတွေဖြစ်ဦးမလဲဆိုပြီး စောင့်ကြည့်နေကြတယ်။ လူဝကြီးကတော့ အောင်နိုင်သူခြေလှမ်းနဲ့ လေချွန်ပြီး ထွက်သွားတော့တယ်။ အရူးကြီးကတော့ အလေးနက်နက် စဉ်းစားနေသလို။ ခေါင်းတွေခါတယ်။

"မဟုတ်ဘူး . . . ဒါ . . . မဟုတ်ဘူး၊ သူ နည်းနည်း နောက်ကျနေတာပါ"

သွေးပျက်စွာ ကလေးတစ်ယောက်လို အော်တယ်။ သူ မျက်ဝန်းဆီက မျက်ရည်တွေကလည်း စီးဆင်းခွင့်အမိန့်ကျတာနဲ့ ပါးပြင်တွေကို ဖြတ်သန်းကြတော့တယ်။ သူ ငိုတယ်။

"သနားပါတယ်ကွာ"

"ဟို . . . ဗိုက်ပူကြီးကိုက မိုက်ရိုင်းတာပါကွာ"

"အေးလေ . . . သူ့ဘာသာသူ နေနေတဲ့ဟာကို"



www.burmeseclassic.com

www.burmeseclassic.com

မြို့မြို့သားတွေကလည်း အဲ့ဒီလိုပဲ သူတို့အချင်းချင်း ထင်မြင်ချက်တွေ ပေးပြီး လှုံ့ရခဲ့လိုက်ကြတယ်။ အရူးကြီးဖြစ်တဲ့သူကတော့ မျက်ရည်တို့ကို အဖော်ပြုရင်း ကျန်နေခဲ့တော့တယ်။

ခရေရွက်တွေ အခါမဟုတ်ကြွေတဲ့ တစ်နေ့မှာ သူဟာ ကမ္ဘာပေါ်က ရုတ်တရက် ထွက်ခွာသွားပါတော့တယ်။ သူ သေသွားပြီ။

"ဟေး . . . အရူးကြီး သေသွားပြီတဲ့ကွ"

"ဟို . . . ဗိုက်ပူကြီးစကားတွေကြောင့် စိတ်ထိခိုက်ပြီး သေသွားတာထင်တယ်"

"ဖြစ်မှဖြစ်ရလေရှင်"

"တကယ် သနားစရာပါပဲရှင်"

အရူးကြီးသေသွားတဲ့ သတင်းကတော့ မြို့စားမင်းသေသွားတဲ့ သတင်းထက်တောင် ပိုပြီး ကျော်ကြားနိုင်ပါတယ်။ တစ်မြို့လုံး အုတ်အုတ်ကျက်ကျက်နဲ့ သွားကြည့်လိုက်ကြ၊ တစ်ယောက်တစ်မျိုး မရိုးနိုင်တဲ့ ထင်မြင်ချက်တွေ ပေးလိုက်ကြနဲ့။ တချို့ဆို ကိုယ်ဆွေမျိုးသားချင်းတစ်ယောက် သေသလို မျက်ရည်လည်မိကြသတဲ့။

သူကတော့ သေရှာပြီ။

သူ့ကောင်မလေးကတော့ ဘယ်မှာမသိ။

မြို့သူမြို့သားတွေပဲ စုပေါင်းပြီး သူ့ကို သင်္ဂြိုဟ်လိုက်ကြတယ်။ သူ့ရဲ့ ဈာပနက ပွဲတော်ကြီးတစ်ခုလို စည်ကားနေတယ်လေ။

မီးခိုးတွေ တလူလူထွက်သွားပုံက သူ့ကောင်မလေးလာပြီလား လို့ မေးမော့ကြည့်နေသလိုပဲ။ ကောင်းကင်တစ်ခုလုံးလည်း မှိုင်းညို့နေသလို အဲ့ဒီနားက လူတွေကလည်း မီးပုံထဲကို ထင်းတွေထည့်ပြီး ကောင်းရာဘုံဘဝရောက်ဖို့ ဆုတောင်းနေကြတယ်။ အဲ့ဒီအချိန်မှာပဲ . . .

"ဟော့ . . . ရပ်လိုက်ကြစမ်း"

ထူးထူးဆန်းဆန်း တားမြစ်သံနဲ့အတူ မှော်ဆရာလို လူတစ်ယောက် အရှေ့အရပ်က လျှောက်လာတယ်။ အားလုံးက အထူးအဆန်း



အနေနဲ့ သူ့ကို ဝိုင်းကြည့်ကုန်ကြတယ်။ သူ့ဆီက ခရေရနံ့တွေ မွှေးနေတာကိုလည်း အားလုံးက သတိပြုမိလိုက်ကြတယ်။ သူကတော့ ဘယ်သူ့ကိုမှ မကြည့်။ ရုတ်တရက်မှာပဲ သင်္ဂြိုဟ်နေတဲ့ မီးပုံကြီးထဲကို ခုန်ဝင်ပြီး အလောင်းကောင်ကြီးကို ဆွဲထုတ်လိုက်တယ်။ အလောင်းကောင်ကြီးဟာ ညည်းနက်ကြွပ်ဆတ်လို့တောင် နေပြီပေါ့။

အားလုံးက အလောင်းကောင်ကြီးကို တစ်လှည့်၊ မှော်ဆရာလိုလူ ဒါမှမဟုတ် ခရေရနံ့ထွက်နေတဲ့လူကို တစ်လှည့်ကြည့်ရင်း မျက်တောင်မခတ်ချင်ကြတော့။

မှော်ဆရာက ချက်ချင်းဆိုသလိုပဲ သူ့လက်ထဲက ဓားနဲ့ အလောင်းကောင်ရဲ့ ရင်ခွင်ကို ခွဲလိုက်တယ်။ ပြီးတော့ ဘယ်ဘက်ရင်အုံထဲက အရာဝတ္ထုတစ်ခုကို ဆွဲထုတ်ပြလိုက်တယ်။

သူ ထုတ်ပြလိုက်တဲ့ ဆရာကတော့ . . .

"ဟာ . . ."

"အို . . ."

"ဟင် . . ."

အာမေဍိတ်သံတွေ အက်ကွဲစွာ လွင့်ပျံကုန်ကြတယ်။

"တစ်ကိုယ်လုံး မည်းနက်လောင်ကျွမ်းနေတာတောင် ဒီနှလုံးသားက . . . ဒီ . . . နှ . . . လုံး . . . သား . . . က ဘာလို့ ဖြူနေရတာလဲ"

မေးခွန်းတွေ သွေးစွန်းကုန်ကြပါတော့သတဲ့။



www.burmeseclassic.com

www.burmeseclassic.com

ပုံပြင်အဆုံးတွင် သူမပါးနှစ်ဖက်မှာ မျက်ရည်စီးကြောင်းတွေ ဟိုတစ်ကြောင်း၊ ဒီတစ်ကြောင်း မြင်မကောင်းအောင် ပြိုကျလျက်ရှိသည်။ ဖျော့တော့နေသော နှုတ်ခမ်းသားတစ်စုမှာလည်း တုန်ယင်နေလို့၊ နလုံးငယ်မှာ စိုက်စူးနေသော မြားနက်နက်တစ်ချောင်းကို ဆွဲနှုတ်လိုက်ရသူလို မောပန်းနာကျင်နေသည်။

ဒီပုံပြင်သည် သူမနှင့် တိုက်ရိုက်သက်ဆိုင်သော ပုံပြင်မှန်း သူ သိနေခဲ့ပါပြီ။

"ငါ့ရည်းစားက ငါတို့ အသိုင်းအဝိုင်းထက်စာရင် အများကြီး ဆင်းရဲတယ်။ ဒါကြောင့် ငါ့အဖေက သဘောမတူဘူး။ သူ ငါ့ကိုယူဖို့ ငါနဲ့ မခွဲဘဲ အတူနေနိုင်ဖို့ ပြည်ပထွက်ပြီး အလုပ်သွားလုပ်ခဲ့တယ်။ ဒါပေမဲ့ . . ."

" . . ."

"ဒါပေမဲ့ သူ ပြန်မလာတော့ဘူးဟာ"

"ပုံပြင်ထဲက လူဝကြီးပြောသလို နင့်ရည်းစားက ဟိုမှာ အိမ်ထောင်တွေ ဘာတွေများကျ"

မင်းဘွဲ့ စကားမဆုံးလိုက်ပါ။ သူမ ဆတ်ခနဲ စိန်းစိန်းကြည့်လာပြီး . . .



"နင်ကလည်း အဲ့ဒီလိုပုံပြင်ထဲက လူဝကြီးလို လူစားပဲလား။ တစ်ဖက်လူရဲ့ စိတ်ဒဏ်ရာကို အက်စစ်နဲ့ လောင်းချချင်တာလား"

"ဟာ . . . မဟုတ်ဘူး . . . အဲ့လိုသဘောနဲ့ ပြောတာမဟုတ်ဘူး . . . ရွှေလွှာ . . . ငါ . . . "

မေးစေ့အထိစီးလာသည့် မျက်ရည်စလေးကို လက်ချောင်းနဲ့ တောက်ပြီး သုတ်လိုက်သည်။

"ဟင်း . . . ပတ်ဝန်းကျင်က ဘယ်လိုပြောပြောပါ။ ငါကလည်း ပုံပြင်ထဲက အရူးကြီးလို ငြိမ်ခံနေမှာမဟုတ်ဘူး။ အေး . . . ပျင်းစရာကောင်းအောင်လည်း စောင့်ဆိုင်းနေမှာမဟုတ်ဘူး။ ငါက လိုက်သွားမှာ"

ထိုစကားပြောသည့်အခိုက် သူမမျက်နှာမှာ ပြတ်သားမာကျော၍ နေသည်။

"ဒါကြောင့် ငါ ငွေစုနေတာပေါ့။ ရတဲ့နည်းလမ်းနဲ့ ရအောင်စုမယ်။ ငါ့အဖေက တစ်ပြားတစ်ချပ်မှ ထုတ်မပေးလည်း၊ ဘယ်လို ငါ့အပြင်မှာ အလုပ်မရအောင် တားဆီးလည်း၊ ငါ ကြိုးစားငွေစုမှာပဲ။ ရှားရှားပါးပါး ငါ့ကို ငွေရအောင် အလုပ်ပေးတဲ့ နင့်ကိုလည်း ကျေးဇူးတင်ပါတယ် . . . မင်းဘွဲ့"

ထိုမှ သူမ ဘာကြောင့် ငွေသဲကြီးမဲကြီး လိုချင်နေရသလဲဆိုသည်ကို သူ သိရတော့သည်။ ထိုသို့သိသည်နှင့်တစ်ပြိုင်နက် နာကျင်မှုတို့ သွေးကြောတွေထဲကို ပိုးကောင်ငယ်တွေလို ရွတက် ပြေးဝင်လာသည်။

ဒါပေမဲ့ သူ သူ့ကြေကွဲမှုထက် သူမ၏ ကြေကွဲမှုအပေါ် ပို အရေးထားချင်နေသည်။ သူ သူမကို နှစ်သိမ့်ချင်နေသည်။ မျက်ရည်တစ်စက်လောက်ပဲ သက်သာသက်သာ သူမရဲ့ ဝမ်းနည်းမှုကို သူ တားဆီးချင်နေသည်။

ရွှေလွှာက မျက်ရည်တွေဖြင့် ဓားကပ်ပြည့်တင်းနေသည့် မျက်နှာနှင့် မင်းဘွဲ့ကို တည့်တည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းဘွဲ့ နင် ငါ့ကို သနားသွားတာလား ဟင် . . ."

" . . ."

"အဟင်း . . . နင်ငါ့ကို သနားနေတဲ့ ပုံကလည်း ငါ့ရည်းစား သနားတဲ့ပုံနဲ့ တူလိုက်တာ။ မှန်းစမ်း . . . နင် ဒီအတိုင်းနေနော်"

"ဘာလုပ်မလို့လဲ"

"အဲ့ဒီအတိုင်း ငြိမ်နေလို့"

သူမ အိတ်ထဲမှ ဖောင်တိန်တစ်ချောင်း နှိုက်ယူသည်။ နောက် ဖောင်တိန်အဖုံးကို ချွတ်ပြီး မင်းဘွဲ့နားထင်နား တိုးကပ်လာကာ . . .

"ငါ့ရည်းစားက နားထင်မှာ မှည့်သေးသေးလေးပါတယ်ဟ"

ဆိုပြီး ဖောင်တိန်နှင့် သူ့နားထင်မှာ မှည့်ပုံစံအစက်သေးသေး လေးတို့လိုက်သည်။

"အဟင်း . . . ငါ့ရည်းစားနဲ့ တော်တော်တူသွားပြီ"

ဘယ်အချိန်ထိ ကြေကွဲဖွယ်ကောင်းအောင် နင့်ရည်းစားနဲ့ တူ နေရဦးမှာလည်း ရွှေလွှာရယ်။

ရွှေလွှာက ဆံပင်စလေးကို ဆွဲသပ်ချရင်း မျက်မှောင်ကုတ်နေ သည်။ ဒါသူမ တစ်ခုခု စဉ်းစားနေတာမှန်း သူ သိနှင့်သည်။

"ဟုတ်ပြီ။ နင်နဲ့ငါ ဓာတ်ပုံရိုက်ရအောင်။ ငါ ဓာတ်ပုံမရိုက်ရ တာ ကြာလှပြီ"

"ဟင် . . ."

"ဟင်မနေနဲ့ . . . အချိန်မရှိဘူး ထ ထ . . ."

တကယ်ပင် သူမက နှစ်ယောက်တွဲပြီး ဓာတ်ပုံရိုက်စေပါသည်။ ဖုန်းကင်မရာလေးရှေ့မှာ ပို့စ်တွေအမျိုးမျိုးပေးကာ ရိုက်ကြသည်။

"ငါ့ခါးကို လက်တစ်ဖက်နဲ့ ခပ်ဖျော့ဖျော့ဖက်ထား အဲ့ဒီလို ပို့စ် နဲ့ရိုက်မယ်"



သူ ကြောင်သွားသည်။ အူကြောင်ကြောင်နှင့်ပင် သူ ပြောသလို ရိုက်ရပြန်သည်။ သူမမှာ ခုန ပုံပြင်အဆုံးတုန်းကလို သောကဆင်းရဲတွေ ကင်းတော့ဘဲ နဂိုပုံစံအတိုင်း အပျော်ဓာတ်ကလေးတွေ ပြန်ရနေသည်။ ထိုအပျော်ဓာတ်လေး အရည်ပျော်မသွားအောင် မင်းဘွဲ့ စောင့်ရှောက် ချင်နေသည်။ ထို့ကြောင့် သူမ ပြောသမျှ အကုန်လိုက်လျှောက်လုပ်ပေး နေသည်။

"တစ် . . . နှစ် . . . သုံး ဆိုတာနဲ့ ကင်မရာရှေ့ကို ဟီးခနဲ ပြိုင်တူ ပါးစပ်ဖြဲပြီး ရယ်တဲ့ပုံရိုက်ရအောင်"

"ကျွတ် . . . ပေါလိုက်တာ"

"ပေါမနေနဲ့ ကြာတယ်။ ကဲ . . . တစ် နှစ် သုံး"

"ဟီး . . ."

"ဟာ . . . ဟ . . . ဟား . . ."

ကိုယ်က ဟီးတော့ သူမက တဟားဟားထရယ်သည်။

နောက်လက်ချောင်းတွေ ထောင်ပြီးရော၊ ပါးတွေဖောင်းပြီးရော၊ နှုတ်ခမ်းကိုက်ပြီးကော၊ လက်တွဲပြီးကော၊ တစ်ယောက်နှာခေါင်း တစ် ယောက်ညှစ်ပြီးကော၊ တစ်ယောက်ပါးကို တစ်ယောက်လက်သီးနှင့် ထိုး နေသည့် (Pose)တွေကော စုံမှစုံနေသည်။

"အေး . . . ဟုတ်ပြီ၊ နမ်းတဲ့ပုံ ရိုက်ရမယ်"

"ဟမ် . . ."

မင်းဘွဲ့ ကြက်သီးထသွားသည်။ ရင်ကလည်း ရုတ်တရက် ဒုန်း ဆို မိုင်းပေါက်ကွဲပြီး ထခုန်သည့် ပေပါစည်ပိုင်းတွေလို။ မင်းဘွဲ့ မယုံ နိုင်သလို သူမကို ကြည့်မိသည်။

သူမကလည်း ပြောတုန်းက ပြောပြီးမှ နည်းနည်း ရှက်ကိုးရှက် ကန်းဖြစ်သွားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"တ . . . တ . . . တကယ် နမ်းရမှာ မဟုတ်ဘူးလေ။ ငါ့ ငါ့ပါးနဲ့ လက်သုံးလုံး . . . အဲ . . . လက်ငါးလုံးလောက် ခွာပြီး နမ်းတဲ့ပုံ သရုပ်ဆောင်ရမှာ။ အဲ့ဒီလို (Pose) ရိုက်မလို့ပါ"

ဒီကောင်မလေးကတော့ ဘာဂေါက်သည်မသိ။

မင်းဘွဲ့ ခင်းကလေးပြောသည့်အတိုင်းပင်။ သူ့ပါးလေးနှင့် လက်ငါးလုံးလောက်ကနေ နမ်းသည့်ပုံ သရုပ်ဆောင်ရသည်။ ရင်ထဲ ဘာတွေဖြစ်ကုန်မှန်း မသိတော့ပါ။ စိတ်ကို တော်တော်ထိန်းနေရမှန်းတော့ သိသည်။ သူမ၏ ကိုယ်သင်းရနံ့လေးများ သူ့ဆီ ကျဲချလိုက်သလို ရှာကျလာသည်။ ရင်ဘတ်ကြီး၏ ရင်ခုန်နေသံကလည်း ကိုယ့်ဘာသာကိုယ် ကျယ်မှန်းသိနေသဖြင့် မလုံမလဲဖြစ်နေသည်။

"mood သွင်းထား ရိုက်တော့မယ်"

သူ mood သွင်းလိုက်သည်။ ကင်မရာအသံထွက်လာသည်။ ချလက် . . . ။

ᨏ ᨏ ᨏ



**(10)**

"ဘာ . . . သူက နိုင်ငံခြားက သူ့ရည်းစားနောက်လိုက်သွားဖို့ ပိုက်ဆံစုနေတာ . . . ဟုတ်လား"

စောချို့ဝင်းအသံက တော်တော်ကျယ်သည်။ တော်တော်ကျယ်သည့် အသံထဲမှာ အနာဓာတ်တွေ ပါနေသည်။

ကြီးဖေကလည်း သက်ပြင်းချရင်း အဆီဝေ့နေသည့် ခွက်ကလေးသုံးခွက်ထဲ ရေခဲတုံးတွေကို ရေခဲညှပ်နဲ့ ညှပ်ပြီးလိုက်ထည့်နေသည်။

"ဒါဆို မင်းပုံစံက ကိုယ့်ကိုတိုက်သတ်မဲ့ကားကို ကိုယ်တိုင်ဆတ်ဆီထည့်ပေးသလို ဖြစ်နေပြီပေါ့"

မင်းဘွဲ့ ဘာမျှပြန်မပြော။ တကယ်လည်း သူ့အဖြစ်က ဒီလိုချည်းပါပဲ။ သူ ကောင်မလေးကို ကူညီခဲ့တာတွေက တစ်ချိန်မှာ သူ့ရည်းစားနောက်လိုက်ဖို့ ဖြစ်နေသတဲ့။

"ငါ့အထင်တော့ သူ့ဘဲက လစ်နေပါပြီကွာ။ ဒီအချိန်ထိ ပြန်မလာမှတော့ ဟိုမှာ နှပ်နေလောက်ပြီပေါ့"

စောချို့ဝင်း၏ အချဉ်ဓာတ်ပါသည့် ခန့်မှန်းသံက ပုံပြင်ထဲက သူဝကြီး၏ အသံလိုလို။



www.burmeseclassic.com

www.burmeseclassic.com

ကြီးဖေက တစ်ကျိုက်မော့ချပြီး ပဲပြားကင်ကို တူနှင့် ဖဲ့မြည်းတာ . . .

"ဟူး . . . အစောကြီးကတည်းက မလွယ်တဲ့ဇာတ်က အခု ပို ခက်လာပြီပဲ။ မင်းကိုယ်တိုင်ကတဲ့ဇာတ်မှာ မင်းက ရင်နာစရာ ဇာတ်ရဲ ကြီး လာဖြစ်နေတာကတော့ ခံစားရခက်လွန်းပါတယ် . . . မင်းဘွဲ့ရာ။ ဒီလို ပေပေတေတေ ဆက်ခံစားရင်တော့ မင်း မသက်သာဘူးနော်။ သူ ထွက်သွားတဲ့တစ်နေ့မှာ မင်း အရူးတစ်ပိုင်း ကျန်ခဲ့လိမ့်မယ်"

တစ်ပိုင်းတည်းရူးရင် တော်သေးတာပေါ့လေ။ ဟူး . . . သက် ပြင်းနဲ့ သူ နှုတ်ဆိတ်။

ပြတင်းအားလုံး ဖွင့်ထားသည့် တိုက်ခန်းလေးထဲ လေညင်း တွေ ဝင်ဝင်လာနေသည်။ သူတို့သုံးယောက်ပေါင်းဌားနေသည့် တိုက်ခန်း က ရုံးခန်း၏ အနောက်ဘက်ကပ်လျက် တိုက်ခန်းမှာပါပဲ။

"ဒါပေမဲ့ ကောင်မလေးကလည်း မင်းကို တဖြည်းဖြည်း သံယောဇဉ် ရှိလာတဲ့ပုံပဲကွ။ ဒီနေ့ မင်းနဲ့ ဓာတ်ပုံတွေ ဘာတွေတောင် တွဲရိုက်တယ်ဆိုတော့"

စောချိုဝင်းက ခပ်လေးလေးမျက်နှာပေးနှင့် . . .

"ငါတော့ မထင်ပါဘူး။ ကောင်မလေးက ငါကြည့်နေတာ တစ် ခါတလေ အရူးမလေးလိုပဲ။ သူ့စိတ်ထဲပေါက်တာတွေ လျှောက်လုပ်နေ တာကွ။ ဘာမှ အတည်ယူလို့ မရဘူး"

"အတည်ယူလို့ရတာ တစ်ခုတော့ရှိတယ်"

ယမကာဝိုင်းလေး၏ ပထမဆုံး မင်းဘွဲ့ထံမှစကား။

"ငါ သူ့ကို မဝံ့မရဲ ဆက်ချစ်နေမယ်ဆိုတာတော့ မင်းတို့အတည် ယူပေးပါကွာ"

ပြောပြီး မင်းဘွဲ့လည်း တစ်ကျိုက်တည်း တစ်ခွက်လုံးမော့လိုက် သည်။

စောချိုဝင်းက . . .



"မင်းစကား ရေမရောထားမှန်း ငါသိပါတယ်။ ဒါကြောင့် ဘာအားခါးနေတာပေါ့ကွာ"

ကြီးဖေက အရက်ခွက်ပုလင်းလေးကိုကိုင်ပြီး ပြတင်းပေါက်ဘက် လျှောက်သွားရင်း . . .

"အချစ်ဆိုတာ ရောင်စုံဝဋ်ဒုက္ခကြီးဟေ့ . . ."

လို့ အော်ဟစ်လိုက်လေတော့သည်။

ⵋ ⵋ ⵋ



www.burmeseclassic.com

www.burmeseclassic.com

## (11)

သည်နေ့ တနင်္ဂနွေ၊ ရုံးမှာအလုပ်မရှိ၊ ညက ပုံပြင်စာမူအသစ်တွေကို ဘယ်ကဏ္ဍာဘယ်ကဏ္ဍာစသဖြင့် ခွဲပြီး ရုံးကို ပို့ပြီးတော့ ကိုယ့်အပိုင်းက အလုပ်ပြီးနေပြီ။

"ရွှေသဝဏ်လွှာရှိတဲ့ဆီ မသွားဘူးလား . . . ဘွဲ့"

လို့ ဝင်းဝင်းဖြိုးကပြောတော့ ထိန်းထားသည့် စိတ်တွေ လှုပ်ရှားလာသည်။

"ဒီနေ့က သူ့ပြက္ခဒိန်အရဆိုရင် 'ဒါလင်နေ့'ဟ။ သူအားမှာမဟုတ်ဘူး"

"ဘာ ဒါလင်နေ့လဲ"

နန်းပိုင်က ဝင်မေးသည်။

အများကြီး ရှင်းပြရမှာမို့ မရှင်းပြချင်တော့။ သူ့ကို ကိုယ်တိုင်မေးဟုဆိုတာ ရုံးအပြင်ထွက်ခဲ့သည်။

ရုံးအပြင်ရောက်တော့ ဒီနေ့ သိပ်လှနေမှန်း သိလိုက်ရသည်။ သစ်ရွက်တွေလေမှာ အနွေးပြကွက်နှင့် လွင့်နေသည်။ ကောင်းကင်တိမ်တွေက နတ်သမီးတွေ စားမကုန်တဲ့ ရေခဲမုန့်တွေလို။ ဟွန်းသံတွေက



[illegible]ာမှုရှိသလို ပျော့ပျောင်းနေပြီး နေရောင်ခြည်က အားလုံးလက်ခံနိုင်[illegible]အောင် နွေးလင်းနေသည်။

အစားကောင်းစားရသည့်အခါ ချစ်ရသူကို သတိရသတဲ့။ ဒီ[illegible] သာယာသောနေ့လေးနှင့် ရှင်သန်ရသောအခါတွင်လည်း ချစ်သူကို [illegible]တိရရသည့်ပင်။

သူ ဒီနေ့ကို ရွှေလွှာနှင့် ကုန်ဆုံးချင်လာပြန်သည်။

စိတ်ထိန်းမရသည့် အဆုံးသူ . . .။

* * *



www.burmeseclassic.com

www.burmeseclassic.com

မင်းဘွဲ့ ပန်းခြံထဲက ပုံပြင်ပြောနေကျ နေရာခုံတန်းဆီ ရောက်သွားသည့်အခိုက်နှင့် ရွှေလွှာလည်း ထိုနေရာသို့ အချိန်တိုက်တိုက်ဆိုင် တူညီနေသည်။ ခုံတန်းလျားဆောတွင် အမည်မသိ ပန်းပင်ကလေးတောင် ပန်းအသစ်တွေ ပွင့်နေသည်။

"ဟယ် . . . မင်းဘွဲ့ . . . အဟွတ် . . . အဟွတ် . . . နင် ဘာလာလုပ်တာလဲ"

"ဩော် . . . အဟဲ . . . ဒီလိုပါပဲ"

ကြိုတင်မပြင်ဆင်လာခဲ့၍ သူ မဖြေနိုင်ပါ။

သူမက ခုံတန်းလျားတွင် ခါးလွှဲ၍ ဝင်ထိုင်သည်။

အဟွတ် . . . အဟွတ် . . . နှင့် ချောင်းဆိုးသည်။ နားကြပ်ကို နားရွက်ထဲထိုးထည့်ကာ သူ၏ 'ဒါလင်နေ့'၏ ထုံးစံအတိုင်း ဒါလင် သီချင်းကို နားထောင်သည်။ ပြီး . . .

"ဒါလင် . . . ဒါလင် . . . ဒါလင် . . . အဟွတ် . . . ဒါလင် . . . ဒါလင် . . . ဒါလင့် ဒါ"

သီချင်းကို လိုက်ဆိုနေသည်။ သီချင်းထဲတွင်တော့ 'အဟွတ်' မပါပါ။

တအောင့်လောက်နေမှ နားကြပ်ပြန်ချွတ်ပြီး . . .



"ဟိုနေ့က ငါတို့ရိုက်တဲ့ ဓာတ်ပုံတွေ ရပြီဟ"

အိတ်ထဲမှ အထပ်လိုက်နှိုက်ထုတ်ကာ . . .

"ရော့ . . . ကြည့် . . . ကြည့်ဦး၊ အဟွတ် . . . အဟွတ်... အို"

သူမ တော်တော်ချောင်းဆိုးနေသည်။ သလိပ်တွေ ထွေးထုတ်နေသည်။

မင်းဘွဲ့ သူမပေးသည့် ဓာတ်ပုံတွေကို ယူကြည့်လိုက်သည်။

"ဟင် . . ."

မင်းဘွဲ့လက်တွေ ပျာပျာသလဲ ဖြစ်သွားသည်။ ဓာတ်ပုံတွေ တစ်ပုံပြီးတစ်ပုံ ဆွဲယူကြည့်တော့သည်။ ဟင် . . . ဟင် . . . နှင့် သူ နံ့သြနာကျင်လာသည်။

"ဒါ . . . ဘယ်လိုဖြစ်တာလဲ . . . ရွှေလွှာ"

သူ အော်ဟစ်မေးလိုက်မိသွားသည်။

"အဟွတ် . . . ဟွတ် . . .ဘာဖြစ်လို့လဲ"

သူမ နားကြပ်ကို ချွတ်ပြီး ပြန်ပြောသည်။

"ဘာဖြစ်ရမှာလဲ ဓာတ်ပုံထဲက ပုံတွေက ငါ့ပုံတွေမှ မဟုတ်တာ"

ဟိုတစ်နေ့ကရိုက်ခဲ့သည့် ပုံတွေတော့ ဟုတ်သည်။ သို့သော် ဓာတ်ပုံထဲမှာပါသည့် ယောကျ်ားသားက မင်းဘွဲ့မဟုတ်။ မင်းဘွဲ့နှင့် မျက်နှာပေါက်ချင်းနည်းနည်းဆင်သည့် တခြားယောကျ်ားသားတစ်ယောက်။

"ဩော် . . . ဒါလား။ Photoshop နဲ့ ဓာတ်ပုံထဲက နင့်ခေါင်းကို ဖြတ်ပြီး ငါ့ရည်းစားခေါင်း တပ်ထားလိုက်တာလေ။ ဒါမှ ငါ့ရည်းစားနဲ့ ငါရိုက်ခဲ့သလို ခံစားလို့ရမှာပေါ့ဟ။ နင် ကူညီပြီး ဓာတ်ပုံရိုက်ပေးခဲ့တာ . . . အဟွတ် . . . အဟွတ် . . . ကျေးဇူးပဲ"



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာက ဖောင်းခနဲ ပေါက်ကွဲသွားပေါ့။ ဆူပွက်စွာ မေးလိုက်သည့် သူ့မေးခွန်းကို သူမက ပုံမှန်ထက် ထူးခြားမှုလုံးဝမရှိသော လေသံနှင့် ရေအေးတစ်ခွက်သောက်သလို အေးဆေးစွာ ပြန်ဖြေခဲ့ပြီ။

"ဒါဆို ဓာတ်ပုံစရိုက်ကတည်းက နင်ဒီလိုလုပ်လို့ အစီအစဉ်ရှိပြီးသားပေါ့ . . . ဟုတ်လား"

"အေးလေ . . . "

ဝုန်းခနဲ သူထရပ်မိသွားသည်။ ရွှေလွှာရာ . . . . . ။

သူမက မော့ကြည့်သည်။ သူ ဟိုဘက်လှည့်လိုက်သည်။ သူမနှင့် မျက်နှာချင်းမဆိုင်တော့။ အလိုလို လက်သီးတွေ ကျစ်အောင်ဆုတ်မိသွားသည်။ ဘာသိက္ခာမှ မရှိတော့၊ ဘာမာနမှ မရှိတော့၊ အလိုလို ကျိုးကျသွားပြီ။ အရည်ပျော်လို့ တစ်စစ ယိုကျပုံပျက်လာတဲ့ ငါ့ရဲ့ပန်းခင်းသက်တံ့။ နင်းချေ . . . နင်းချေ . . . နင်းချေ . . . နင်းချေ . . . နင်းချေ . . . နင်နင်းချေ။ အား . . . ။

ငါ့ကို သတ်ပစ်လိုက်ပါတော့လား။

ရွှေလွှာရာ ငါက နင့်အရိပ်လေးပေါ်တောင် တခြားအရိပ်ထိုးမကျအောင် ကာကွယ်ပေးချင်သူပါ။ ဘာလို့ အနီးဆုံးကို လက်နဲ့သပ်ပြီး အဝေးဆုံးဆီပဲ မျှော်ကြည့်ခဲ့တာပဲ။ ဘာကြောင့်လဲ . . . ဘာကြောင့်လဲ ငါ့ကို ပျောက်ကွယ်ခွင့်ပေးပါတော့။

"ဘာဖြစ်လို့လဲ . . . မင်းဘွဲ့"

မျက်နှာလွှဲထားရာက ပြန်လှည့်လိုက်ပြီ။

"ဟင့်အင်း . . . ဘာမှမဖြစ်ပါဘူး . . . ရွှေလွှာ"

သူ တည်ငြိမ်အောင် ထိန်းချုပ်ပြီး ပြောလိုက်သည်။ သူ့ဖြေထွက်သွားသင့်ပေမယ့် ပြန်ထိုင်ချလိုက်သည်။ သူမအနားမှာ ပေကပ်နေဖြစ်သွားသည့်စိတ်ကို သူမှန်းတီးခဲ့။

သူမက သူ့အမူအရာတွေကို ထူးဆန်းသလို လည်စောင်းကြည့်သေးပေမယ့် ခဏပါပဲ။ နားရွက်ထဲ နားကြပ်တွေကို ပြန်ထိုးထည့်လိုက်ပြီး သူ့သီချင်း သူဆက်၍ဆိုသည်။

"ဒါလင် ဒါလင် ဒါလင် ဒါလင် ဒါလင့် . . . ဒါ . . . အဟွတ် . . . အဟင်း . . . ဟင်း . . . အဟွတ် . . . "

သူမဘေးမှာ သူ့အသက်မဲ့စွာထိုင်နေမိပြီး မျက်လုံးနဲ့ စိတ်တွေကို . . . ဟိုးအဝေး . . . ထပ်ဝေး . . . အဝေး . . . အဝေးဆုံးသို့ လွှင့်ထားသည်။ သူ့နံဘေးမှာ သူမကလည်း အသက်မရှိသလိုထိုင်ရင်း သီချင်းကိုပဲ တစ်ကျော့ပြီးတစ်ကျော့ ထပ်ပြီးတစ်ကျော့ မပြီးနိုင်အောင် ဆိုနေသည်။

"ဒါလင် . . . ဒါလင် . . . ဒါလင် . . . အဟွတ် . . . အဟင်း"

ချောင်းဆိုးရလွန်း၍ အမောသံပင် ပါလာသည်။ သူမ ထပ်ဆိုနေဆဲပါ။ မင်းဘွဲ့အဝေးကို ကြည့်နေရာမှ သူမဆီ မျက်လုံးပြန်ရောက်သည်။ ပြုံးတော့မလို ဆွေးမြေ့နေသော သူမမျက်နှာကိုမြင်သည်။ ထို့အပြင် အားနည်းပြီး နွမ်းအိုနေသေးသည်။ နေမကောင်းသည့်ပုံစံမျိုးဟု ဆွေးသိလိုက်သည်။ သူ့တခြားခံစားချက်တွေ ခဏမေ့သွားပြန်ပြီး သူမအတွက် စိုးရိမ်စိတ်တွေ ဝင်လာသည်။

မသက်သာသည်နှင့် . . .

"ရွှေလွှာ . . . နင် ဖျားနေတာလား"

သူမ သီချင်းဆိုတာကို ခဏရပ်ပြီး . . .

"နည်းနည်း ကိုယ်နွေးနေတာလောက်ပါ"

"အဲ့ဒါဆိုလည်း ဒီလို လုပ်မနေနဲ့တော့လေ၊ အိမ်ပြန်ပြီး နားပါလား"

"ရပါတယ်၊ ဒီနေ့ 'ဒါလင်နေ့'ပဲ။ ငါ သတ်မှတ်ထားတဲ့အတိုင်း ဒီနေ့ကို ငါရအောင် ဖြတ်သန်းမယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ ခါတိုင်း သီချင်းပဲနားထောင်တာပါ။ ဒီလို လိုက်မဆိုဝါဘူး"

သူမ နေးနေးကွေးကွေး အေးအေးစက်စက်ဖြေသည်။

"ဒီနေ့ လေးနှစ်ပြည့်လေ။ ငါ့ရည်းစားထွက်သွားတာ လေးနှစ်ပြည့်။ ဒါကြောင့် ဝေးကွာခြင်းနှစ်ပတ်လည်အထိမ်းအမှတ်အနေနဲ့ တစ်နေ့လုံး ငါဒီသီချင်းကိုဆိုမယ်လို့ ဆုံးဖြတ်ထားတယ်"

တစ်နေ့လုံးဆိုသည့် စကားလုံးက မင်းဘွဲ့ကို မျက်လုံးပြူးသွားစေသည်။

"ဟ . . . တစ်နေ့လုံးဆိုလို့ ဘယ်ဖြစ်မလဲ။ နင် . . . ဒီလောက်ချောင်းဆိုးပြီး ဖျားနေတာကို"

သူမက သူ့မျက်လုံးထဲစိုက်ကြည့်လာသည်။ စူးစူးရှရှအကြည့်။

"ဒါ ငါ့ကိစ္စပါ"

ထို တစ်ခွန်းသာပြောပြီး သူမ သီချင်းကို ဆက်ဆိုသည်။

မင်းဘွဲ့ သက်ပြင်းချ ခေါင်းယမ်း။ ဘာလုပ်ရမှန်းမသိဘဲ သူ့အားနားပဲ ထိုင်နေဖြစ်သည်။

သူမ ထို 'ဒါလင်' ဆိုသည့် သီချင်းကို အဆက်မပြတ်ဆိုနေသည်။ မောလျှင် ရေသောက်ကာ ပြန်ဆိုသည်။ ဂါထာတစ်ပုဒ်လို ရွတ်ဆိုနေသလိုမျိုး သူဆိုနေတော့သည်။ ဒီလို တခေါက်ကန်းမလေးအနေနှင့် သူဆုံးဖြတ်ထားလျှင် ဆုံးဖြတ်ထားသည့်အတိုင်း လုပ်တတ်မှန်း မင်းဘွဲ့သိသည်။ သူတကယ်များ တစ်နေ့လုံး သီချင်းဆိုတော့မှာလား။

တကယ်ပင် သူမ ဆိုနေပါသည်။ နောက်ထပ်တစ်နာရီပြည့်သွားပြီ။ သူမ အသံတွေဝင်လာပြီ။ ချောင်းပင် ရှိုစုမဲ့စု အားလေးနှင့် ဆိုးနေရသည်ထင်၏။

"ရွှေလွှာရာ . . . နင့်အသံတွေ ဝင်နေပြီဟ ရပ်ပါတော့"

"ဒါ့ ဒါ့ ဒါ့ ဒါ့ ဒါ့ ဒါ့ . . . ဒါဒါဒါဒါဒါဒါ . . . ဒါလင် ဒါဒါဒါဒါ . . . ဒါ ဒါ ဒါလင် . . ."



"ကျွတ် . . . နင်တစ်နေကုန် ဒီလို ရူးကြောင်ကြောင်တွေ လျှောက်မလုပ်နဲ့ဟာ။ နင့်အတွက် ဘာအကျိုးမှမရှိဘူး"

"ကိုမင်းဘွဲ့ . . . ရှင် ဘာမှလာပြီး ကျွန်မကို ဝေဖန်စရာ အကြောင်း မရှိဘူး။ လူတစ်ယောက်ချင်းစီမှာ သူတို့ကိုယ်တိုင်ပိုင်တဲ့ အခွင့်အရေး ကိုယ်စီရှိတယ်။ အဲ့ဒါ လူ့အခွင့်အရေးပဲ။ အခု ဒါ ကျွန်မအခွင့်အရေးပဲ"

"ဟာ . . . မင်းအသံတောင် ဝင်နေပြီကို"

"ဒါလင် . . . ဒါလင် . . ဒါလင် . . .ဒါ့ဒါဒါ"

သူမ သီဆိုနေဆဲ။ ချောင်းတွေဆိုးသည့်ထက်ဆိုးလာ။ ထို့အပြင် သီဆိုနေရင်းနှင့် စို့နင့်လာကာ မျက်လုံးမှပါ မျက်ရည်များကျလာသည်။ သူမ မျက်ရည်တွေ မျက်နှာတစ်ခုလုံး စိုရွှဲနေပုံက မြင်မကောင်းပါ။ နာကျင်နေပြီဖြစ်သည့် လည်ချောင်းက ထွက်လာသည့် အသံကလည်း ကြားမကောင်းတော့။

တားဖြူလည်းမရတော့ မင်းဘွဲ့ စိတ်ညစ်လာသည်။ သူမ . . . သူ့ကိုယ်သူမ ညှင်းဆဲနေတာမှန်း သူသိသည်။ သူမ လွှမ်းဆွတ်ခြင်းနှင့် ခေါင်းမာခြင်း ပေါင်းစပ်နေပြီ။ မင်းဘွဲ့ စိုးရိမ်လာသည်။ မနက်ကတည်းက စဆိုလာတာ အခု နေ့လယ်ဘက်ယိမ်းလာပြီ။ သူမ သီချင်းဆိုနေတာ အနည်းဆုံး နှစ်နာရီကျော်ပြီ။ အသံတွေအားတွေ ကုန်နေပြီ။ စိတ်မကုန်သေး။

"ရွှေလွှာ . . . နင် တော်တော့ဟာ"

"ဒါလင် ဒါ့ ဒါ့ ဒါ . . . ဒါလင် . . . ဒါလင် . . . ဒါလင့် ဒါလင့် . . . ဒါ"

"ရွှေလွှာ . . . လာ ဆေးခန်းသွားရအောင်။ နင်ပုံကြည့်ရတာ အားအရှိတော့ဘူး"

"ဒါလင့် ဒါ့ ဒါ့လင် ဒါ့ ဒါလင့် ဒါ ဒါ ဒါဒါဒါ ဒါ"



www.burmeseclassic.com

www.burmeseclassic.com

သူမ သူ့စကားလုံး၀ ဂရုမစိုက်။ သေးသေးလေး ကျန်တော့သည့် လည်ပင်းထဲက ထွက်လာသည့်အသံနှင့် ရအောင် ညစ်ဆိုနေသည်။ ချောင်းက ဆိုးသည်။ မျက်ရည်တွေ ရွှဲနေသည်။

"ရွှေလွှာ . . ."

သူ သူမပခုံးနှစ်ဖက်ကို တဝုန်းဝုန်းခါပြီး အော်လိုက်သည်။ သူမ သီချင်းဆိုတာ ရပ်သွားပြီး သူ့ကိုကြည့်ကာ . . .

"ဘာလဲ . . ."

"နင် ဘာဖြစ်နေတာလဲ။ ဒီလိုဆက်ဆိုနေရင် နင် လဲကျသွားလိမ့်မယ်"

"အဲ့ဒါဘာဖြစ်လဲ နင်နဲ့ ဘာဆိုင်လဲ"

"ဆိုင်ဆိုင်မဆိုင်ဆိုင် ငါဂရုမစိုက်ဘူး။ နင်တော်တော့ဟာ . . . လာ . . . ဆေးခန်းသွားမယ်"

"နင် ငါ့ကို မနှောင့်ယှက်စမ်းနဲ့ဟာ။ အခု ငါဆိုနေတဲ့ သီချင်းတွေဟာ ဟိုးအဝေးမှာရှိနေတဲ့ ငါ့ရည်းစားဆီ ရောက်သွားမှာ။ သူ ငါ့သီချင်းတွေကြားရင် ငါ့ဆီ ချက်ချင်း အပြေးပြန်လာမှာ"

"ရူးမနေနဲ့"

သူ အော်ပစ်လိုက်သည်။ သူမ မျက်ရည်တွေ စီးကျလာသည်။

"အေး . . . ငါရူးတယ်၊ နင်သွားတော့ဟာ"

"ရွှေလွှာရာ တော်ပါတော့ဟာ။ ငါစေတနာနဲ့ ပြောနေတာပါဟာ။ နင်ကိုယ့်ကိုယ်ကိုယ် မညှင်းဆဲစမ်းပါနဲ့"

သူမ မောနေ၍ ထင်သည်။ ချက်ချင်းပြန်မပြောနိုင်၊ ခဏကြာမှ . . .

"နင် ဒီလောက်မှ ငါ့ကိုသီချင်းဆိုတာ ရပ်ခိုင်းချင်ရင် နင်တစ်ခုလုပ်ရမယ်"

"ဘာလုပ်ရမှာလဲ"



"ဒီဥယျာဉ်ကြီးထဲမှာ ရှိသမျှလူတွေအကုန်လုံး အခု ငါဆိုနေတဲ့သီချင်းကို တစ်ခေါက်လောက် လိုက်ဆိုပေးရင် ငါဆက်မဆိုတော့ဘူး"

"ဟာ . . . အဓိပ္ပာယ်မရှိတာတွေ"

"အေး . . . အဓိပ္ပာယ်မရှိဘူး။ နောက်ပြီး ငါ့မှာလည်း ဘာမှ မရှိတော့ဘူး။ နင်ထွက်သွားတော့ . . . နင့်မျက်နှာ ငါမမြင်ချင်ဘူး၊ ထွက်သွား . . ."

"အေး . . . သွားမယ်ဟာ"

ﾟﾟﾟ



www.burmeseclassic.com

www.burmeseclassic.com

သွေးတွေဆူပွက်ကာ အစီးမြန်နေသည်။ ခုနက ခတ်ပုံကိုစွကော၊ အခု ဒါလင် သီချင်းကိုစွရေပေါင်းပြီး မင်းဘွဲ့ စိတ်ခတ်တွေ တွင်းဆုံးကျသွားသည်။

နာကျင်မှုတွေ၊ မှားယွင်းမှုတွေ တစ်ကိုယ်လုံးကို စီးပိုးထားသလို မွန်းကြပ်စုတ်ပြတ်လာသည်။ ငါ . . .

မင်းဘွဲ့ သူ့ကိုယ်သူ သတိထားမိတော့ သူမနှင့် တော်တော် ဝေးဝေးထိ ရောက်လာနေပြီဖြစ်သည်။ ဘာကြောင့် အံကြိတ်ပြီး လျှောက်နေမိတာလဲမသိ။ အမြင်အာရုံထဲ ဝင်လာသမျှအရာတိုင်းကို ကုတ်ဖဲ့ရိုက်ချိုး ပစ်ချင်နေသည်။

ဘီယာသံဘူးခွံတစ်ခုက လမ်းဘေးမြက်ခင်းစပ်နားမှာ ထောင်နေသည်။ အသေးစား စိတ်ထွက်ပေါက်တစ်ခု အဖြစ်ဖြစ်သွားမလား။

"ဟာ . . . ကဲကွာ"

ပြေးကာ လွဲကန်လိုက်သည်။

လွင့်သွားသည်။ သံဘူးခွံကော၊ နောက်တစ်ခုကော။

နောက်တစ်ခုဆိုတာက သူ့ဖိနပ်။ လွင့်မြောက်တက်ပြီး မြက်ခင်းပြင်ထဲက သစ်ပင်ကြီးပေါ် သွားတင်တော့သည်။

"ဟာ . . . ဘာလဲကွာ"



တောက် . . . နေ့ကောင်းနေ့မြတ်ဟု ထင်ခဲ့သမျှ အခုမှ နတ်ဆိုးက အိုးမည်းသုတ်ထားတဲ့ ပြဿဒါး စုတ်စုတ်ကြီးမှန်းသိတော့သည်။ ဆော်တော်သောက်ကျိုးနည်းသည့်နေ့၊ အဆင်မပြေခြင်းများ ဆက်တိုက်။

သစ်ပင်အောက်ကနေ ခဲနှင့်ထုတာ အကြိမ် (၂၀)ရှိပြီ။ ဖိနပ်ကို မထိ။ ထိတော့လည်း ပြုတ်ကျမလာ၊ ပြုတ်မကျခြင်းမှာ ဖိနပ်၏ တွင်းထဲကို သစ်ကိုင်းတစ်ခု တိုက်တိုက်ဆိုင်ဆိုင် အရင်းထိ တိုးဝင်နေသွားခြင်းကြောင့် ဖြစ်သည်။

"ဟူး . . ."

သူမောလာသည်။ စိတ်ညစ်ရတာတောင် ဖြောင့်ဖြောင့်မညစ်ရပါလားဟ။

မထူးတော့။ သစ်ပင်ခြေရင်းတွင် ဖိနပ်တစ်ဖက်ကို ချွတ်ကာ ဆောင်းဘီကို ဒူးအထိ ခေါက်တင်လိုက်သည်။ ပြီး ငထွေးရှူးဇာတ်ခင်းပေတော့သည်။ အပင်က အခက်အလက်တွေ အုပ်ဖြာနေသည့် အပင်ဖြစ်၍ အတက်ရလွယ်တာတော့ တစ်ချက်ကောင်းသည်။

ဖိနပ်တင်နေသည့် အကိုင်းသို့အရောက် မောလည်း မော၊ စိတ်ညည်း ပျက်ပျက်နှင့် သစ်ကိုင်းကြီးကိုဖက်ကာ ဒီအတိုင်းပင် နေနေမိသေးသည်။

ထိုအချိန်ခဏအတွင်းတွင်ပဲ သစ်ပင်အောက်သို့ ထူးဆန်းမှုတွေ တစ်ပြုံကြီး ဝင်လာတော့သည်။

"ဟေ့လူ . . . ဟေ့လူ . . . ခင်ဗျား ကျုပ်သားကို မထိနဲ့"

"ရဲစခန်း ဖုန်းဆက်ပါဟ"

"စိတ်ကျန်းမာရေးဆေးရုံ လှမ်းဆက်ရင်လည်း ဆက်ကြည့်ဦးလော့"

". . . . . . . . . ."

သစ်ပင်အောက်သို့ လူတစ်ယောက်က ကလေးငယ်တစ်ယောက်ကို လည်မျိုမားနဲ့တော့ပြီး နောက်ဆုတ်နောက်ဆုတ်နှင့် ရောက်လာ။



www.burmeseclassic.com

www.burmeseclassic.com

လူအုပ်က သူတို့ကို ရှေ့သို့ ရွေ့ကာရွေ့ကာနှင့် ဝိုင်းလာသည်။

"အရူးကြီး . . . ခင်ဗျား ကျုပ်သားကို မထိနဲ့နော်၊ အသက်ချင်းလဲဝစ်မယ် ခင်ဗျား"

"ဟား . . . ဟား . . . ဟား . . . ဟဲ . . . ဟဲ"

လူအုပ်ထဲမှ အသားဖြူဖြူ ဆံပင်ရှည်ရှည်နှင့်လူက လှမ်းပြောတာကို အရူးကြီးက ရယ်နေသည်။ အရူးကြီး၏ ဓားနှင့်တွေ့ခံထားရသော ကလေးငယ်မှာ ကြောက်ရွံ့ကာ တုန်ယင်နေသည်။

ဆံရှည်အသားဖြူနှင့်လူက ကလေးအဖေဖြစ်ပုံရပြီး သူ့ဘေးရှိ စိုးရိမ်စိတ်ကဲနေသော မျက်နှာနှင့် အမျိုးသမီးက ကလေးအမေဖြစ်မည်။ သူမသည် လက်ထဲတွင် လက်ကိုင်ပဝါကို လုံးချေ၍ ငိုမဲ့မဲ့ဖြစ်နေသည်။

အရူးကြီးပုံမှာတော့ ပေရေနေသော အဝတ်အစားစုတ်ဖွာနေသော ဆံပင်၊ ချေးညော်တွေ အစင်းလိုက်ထင်နေသော အသားအရေ ဘောင်းဘီကိုတစ်ဖက်တို၊ တစ်ဖက်ရှည်၊ ခေါက်ထားသဖြင့် အရူးတစ်ယောက်၏ သဘာဝအတိုင်းရှိနေသည်။ သွားကြိုကြိုများဖြင့် ခဏခဏ ရယ်နေပြီး . . .

"ရှေ့မတိုးနဲ့ ရှေ့တိုးရင် ဒီကလေးကို ငါသတ်ပစ်မှာနော်။ ငါ သတ်လိုက်ရင် မင်းတို့ကလေးလေး သေသွားမှာ သေချာတယ်။ ဟိ . . ဟိ"

လူအုပ်ကြီး ရှေ့ဆက်မတိုးရဲ။ တွန့်ဆုတ်ကုန်ကြသည်။ ဥယျာဉ်စောင့်တွေ လုံခြုံရေးတွေလည်း အရဲမစွန့်ရဲကြ။ လူတွေလည်း တစ်စတစ်စနှင့် များပြားကာ ဝိုင်းကြည့်လာကြသည်။ အားလုံး စိတ်လှုပ်ရှားနေကြသည်။ ဥယျာဉ်တစ်ခုလုံးရှိသူများ လာစုနေကြပြီ။

ထိုအခြင်းအရာတွေကို ကိုယ့်သစ်ပင်အောက်မှာ လာဖြစ်နေတာဆိုတော့ သစ်ပင်ပေါ်ကနေ မင်းဘွဲ့ ကောင်းကောင်းမြင်နေရသည်။ ရုပ်ရှင်ရိုက်ကွင်းများလားဟု ပထမ ထင်မိသေးသည်။ နောက်မှ ဖြစ်ရပ်မှန်



ဖြစ်စဉ်ကြီးမှန်း သိတော့သည်။ သိသိချင်း မင်းဘွဲ့ကြောင်နေသည်။ တခြားစိတ်ခံစားမှုမှ ခဏကင်းလွတ်ကာ ထိုအဖြစ်အပျက်များကို အူကြောင်ကြောင် ငုံ့ကြည့်နေမိသည်။

ကမ္ဘာပေါ်မှာ ရှိသမျှလူတိုင်းက ကိုယ့်အတွက်နှင့်ကိုယ် ရူးနေကြသည်သာ။ အခု အရူးကြီးလို သွပ်သွပ်ခါခါ ရူးနေသည်မှာလည်း ကောင်းသောအရာမဟုတ်။ လက်နက်ဆိုသည်မှာလည်း ဆိုးရွားစွာ ဖန်တီးမိသည့်ထိရိယာ။ အခုမကောင်းသည့် အရူးလက်ထဲ ဆိုးရွားသည့် လက်နက်ရောက်နေသည်မှာ အန္တရာယ်တွေ တသီကြီးဖြစ်ပေါ်စေရန် လမ်းစပင်။

တစ်နေ့ကမှ မှုခင်းထဲတွင် စိတ်မနှံ့သည့်သူက သူ့အဖေရယ်၊ အမေရယ်၊ အစ်ကိုရယ်ကို ဓားနှင့်ခုတ်သတ်လိုက်သည့် သတင်းဖတ်လိုက်ရသေးသည်။ မင်းဘွဲ့ ခဏချင်းပင် အကြောင်းအရာများစွာ ချိတ်ဆက်သွားမိသွားသည်။

မင်းဘွဲ့ ဘာလုပ်ရမည်ဆိုသည့်အသိက ခက်ခက်ခဲခဲ ထွန်းညှိစရာမလိုဘဲ ဉာဏ်ထဲမှာ လင်းသွားသည်။ သူ အခု အရူးကြီး၏အနောက်ဘက်ရှိ သစ်ပင်ပေါ်ရောက်နေမှန်း မည်သူမှ မသိကြပါ။ အရူးကြီးလက်ထဲမှကလေးကို ကယ်ရန် အခွင့်အရေးပင်။ မင်းဘွဲ့ ချက်ချင်းပဲ လှုပ်ရှားလိုက်တော့သည်။

"ဟင် . . ."

"အို: . . ."

". . . . . . . ."

သစ်ပင်ပေါ်က လူတစ်ယောက်ခုန်ချလာတော့ အားလုံး အံ့အားသင့်ကုန်ကြသည်။

အရူးကြီးလည်း ကြောင်သွားသည်။ မင်းဘွဲ့ ချက်ချင်းပဲ အရူးကြီး၏ ဓားကိုင်ထားသည့် လက်ကောက်ဝတ်ကို ဆွဲကိုင်ကာ ဘေးသို့ တွန်းလှဲလိုက်သည်။ ကလေးနှင့် အရူးကြီးလည်း ကွာသွားသည်။ ကလေးမှာ သူ့မိဘတွေဆီကို ပြေးသည်။



www.burmeseclassic.com

www.burmeseclassic.com

မင်းဘွဲ့ တွန်းလှဲလိုက်ပေမယ့် အရူးကြီးက လဲမသွား။ အရူးကြီးက မင်းဘွဲ့ လက်ထဲမှ သူ့လက်ကို ပြန်ရုန်းယူလိုက်ရာ . . .

"အား . . ."

ဓားက မင်းဘွဲ့ဗိုက်ကို ထိသွားသည်။

မင်းဘွဲ့ ခွေကျသွားသည်။ ပြေးလာသည့် လုံခြုံရေးတွေက အရူးကြီးကို ဝိုင်းချုပ်ကြသည်။ လက်နက်ကို လုကြသည်။

မင်းဘွဲ့ ဗိုက်ကို လက်နှင့် ဖိသိပ်ထားသည်။ သွေးနည်းနည်း ယိုစိမ့်လာသည်။ လူတွေ ပြေးဝင်လာသည်။ ကလေးမိဘတွေ ပြေးလာသည်။ ဆံပင်ရှည်နှင့် ကလေးအဖေက . . .

"ဟာ . . . ညီလေး၊ ကိုယ့်သားကို မင်းကယ်တင်လိုက်တာ ကျေးဇူးပါပဲကွာ။ လာ . . . လာ . . . ညီ ဆေးရုံသွားမယ်၊ ကိုယ် ကားပါတယ်"

မင်းဘွဲ့အနားမှာ လူတွေ ဝိုင်းအုံနေသည်။ မင်းဘွဲ့ ဒဏ်ရာကို လက်နှင့်ဖိလျက်နှင့်ပင် . . .

"ဆေး . . . ဆေးရုံ . . . သွား . . . သွားစရာမလိုပါဘူး — အစ်ကို။ အစ်ကိုနဲ့ ဒီကလူတွေ . . . တစ် . . . တစ်ခုလောက်ကူညီရင် ရပါပြီ"

"ဟာ . . . မင်းဒဏ်ရာကို ဆေးရုံကပဲ ကူညီနိုင်မှာပေါ့။ ကိုယ်က ဘယ်ကူညီနိုင်မှာလဲ။ ကိုယ်က ဆရာဝန်မဟုတ်ဘူး၊ ဂီတသမားကွ"

"ဟာ . . . ဒါ . . . ဒါဆို . . . ပို . . . ပိုကူညီနိုင်မှာပါ။ ဒီကလူတွေအကုန်လုံးလည်း ဝိုင်းဝန်းအားဖြည့်ကူညီပေးကြပါလို့ တောင်းတောင်းဆိုပါတယ်"

ဝိုင်းကြည့်နေသူများ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကုန်ကြသည်။ သူ့ဒဏ်ရာသူ ဂရုမစိုက်ဘဲ တခြားအကူအညီတောင်းနေသည့် သူ့ကို ထူးဆန်းသွားကြခြင်း ဖြစ်သည်။

"မင်းဒဏ်ရာက အရေးကြီးတယ်နော်"



"ရ . . . ရပါတယ် . . . အစ်ကို၊ ရုပ်ထိသွားတာပါ။ သွေး — သွေးတောင် သိပ်မထွက်တော့ဘဲ"

မင်းဘွဲ့ ဒဏ်ရာကို လက်နှင့် အတင်းဖိသိပ်ထားသည်။ သူ့ကို ကြည့်ပြီး စိတ်မသက်မသာဖြစ်နေသည့်ကလေးအဖေက သက်ပြင်းတစ်ချက်ချပြီး . . .

"ကဲ . . . ပြော။ ဒါဆို အစ်ကိုတို့ ဘယ်လိုကူညီရမှာလဲ"

မင်းဘွဲ့ ဒဏ်ရာကို မအုပ်ထားသည့် တခြားလက်တစ်ဖက်နှင့် သူ့အိတ်ကပ်ထဲက ဖုန်းကို နှိုက်ယူသည်။ ထို့နောက် ဖုန်းထဲမှ သီချင်းတစ်ပုဒ်ကို ရှာကာ အားလုံးကြားနိုင်အောင် အသံချဲ့၍ ဖွင့်ပြလိုက်သည်။

ထိုသီချင်းကတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

မွန်းတည့်ခါနီးနေသည် သစ်ရွက်များကြားမှ တိုးဖြတ်ကာ သူမ ပါးပြင်ကို ထိုးစိုက်နေသည်။ နေရောင်တွေထဲမှာ မျက်ရည်တွေက ကြည်၍ လက်နေသည်။ ဆံပင်များကြားမှ ကျနေသော နားကြပ်ကြိုးဖြူဖြူကို ကိုင်ထားသည့်လက်မှာ ရှိုက်ငိုနေသောသူမကြောင့် တုန်ယင်၍နေသည်။

အခုတော့ နင်ပါ ငါ့ကို ထားသွားပြီပေါ့။ သူမ စိတ်ထဲမှ ရေရွတ်နေမိသည်။ နင်လည်း ငါ့ကို သည်းမခံနိုင်တော့ဘူးပေါ့ . . . ဟုတ်လား . . . မင်းဘွဲ့။ အေး . . . ငါဟာ အားလုံးထားခဲ့ဖို့ ထိုက်တန်တဲ့သူပါ။ နင် ငါ့ကို နာကြည်းနိုင်ပါစေဟာ။

သူမ နှုတ်မှတော့ သီချင်းတစ်ပုဒ်ကိုသာ တွင်တွင်ဆိုနေရှာ။

"ဒါလင် . . . ဒါလင် . . . ဒါလင် . . . "

သူမ နားထဲတွင်လည်း နားကြပ်ဆီမှ ကြားရသော ဒါလင် . . ဒါလင် ဟူသည့် သီချင်းသံသာ စီးမိုးထားသည်။

သို့သော် မကြာခင်မှာပဲ သူမဆီ မျက်မှောင်ကြုတ်စရာအဖြစ်များက ရောက်ရှိလာတော့သည်။ သီချင်းကို နားထောင်ရင်း လိုက်ဆိုရင်း သူမ တစ်မျိုးဖြစ်လာသည်။



သီချင်းသံကို ပိုမိုကျယ်လောင်စွာ ကြားလာရသည်။ နောက်မှ ချက်ချင်း သတိထားမိလိုက်သည်က သီချင်းက နားကြပ်ထဲမှ ကျယ်လောင်လာခြင်းမဟုတ်ဘဲ ပြင်ပလေထုထဲက စီးဝင်လာခြင်းဖြစ်နေသည်။ နှုတ်မှလည်း သီချင်းကိုလိုက်မဆိုမိတော့ဘဲ သူမနားကြပ်ကို ဆတ်ခနဲ အလိုလို ဆွဲချွတ်မိသည်။

ထိုအချိန်ထိ သီချင်းသံကို ကြားနေရဆဲ။ ပို၍ထူးဆန်းသည်က သီချင်းက အရပ်ရှစ်မျက်နှာလုံးဆီမှ လာနေခြင်းမျိုး။ ပြီးလျှင် လူတွေ အုပ်လိုက် သံပြိုင်ဆိုနေသလိုမျိုး။

"ဟင် . . . "

သူမ နောက်လှည့်ကြည့်လိုက်တော့ သူမ အံ့သြလွန်း၍ မျက်လုံးပြူးသွားသည်။ လူတွေ အုပ်လိုက်ကြီး သီချင်းဆို၍ ချီတက်လာသည်။

"ဒါလင် ဒါလင် ဒါလင် ဒါလင် ဒါလင် ဒါ ဒါ ဒါ ဒါလင် ဒါလင် ဒါလင် ဒါ ဒါ ဒါး ဒါ့ ဒါ့ဒါ ဒါလင်ဒါ ဒါဒါ ဒါလင် ဒါ"

သူမ အသံတွေ ထပ်ကြားလာရ၍ ဘေးဖက်ဆီ လှည့်ကြည့်လိုက်တော့သည်။ ခုနလောက်ပင် လူတွေအုပ်လိုက်ကြီး သီချင်းဆို၍ ချီတက်လာနေပြန်သည်။ ရွှေလွှာမျက်ခုံးတွေ မြင့်တက်သွားရပြန်သည်။

"ဒါလင် ဒါလင် ဒါလင် ဒါလင် ဒါ . . . ဒါလင် ဒါလင် ဒါလင် ဒါဒါ့ဒါး ဒါ့ ဒါ့လင် ဒါ့လင်"

သူမ အသံတွေပို၍ ကြားလာရပြန်သည်။ ချက်ချင်း နောက်ထပ်ဘေးဘက်ဆီ လှည့်ကြည့်လိုက်ပြန်သည်။ လူတွေ တစ်အုပ်တမကြီးပါပဲ။ သီချင်းကို သံပြိုင်ခံစားသီဆို၍ ချီတက်လာလျက် မြင်နေရသည်။

"ဒါလင် ဒါလင် ဒါလင် ဒါ့ ဒါ့လင် ဒါ့လင် ဒါ ဒါ့လင် ဒါ့လင် ဒါ့ ဒါလင် ဒါလင် ဒါလင့် ဒါလင် ဒါ"

သူမ ရင်ထဲတွင် မသက်သာ၍ ရှေ့ဆီသို့ တည့်တည့်လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အိုး . . ."

လူတွေ အများကြီးပါလား။

သည်လူတွေထဲမှာ တံမြက်စည်းကိုင်လျက် သန့်ရှင်းရေး ဝန်ထမ်း၊ ရေခဲမုန့်စည်ကြီး လွယ်ထားသော ရွှေခဲမုန့်သည်ကြီး၊ ကလေး ပွေ့ထားသည့် ကလေးအမေတွေကော၊ ငယ်ရွယ်တဲ့ သမီးရည်းစားစုံတွဲ တွေကော လူအလွှာမျိုးစုံ အကုန်လုံး ပါလာကြသည်။

ပန်းခြံထဲက လူတွေ ကုန်ပါပြီလား။ သူမအတွက် အထူးဆန်း ဆုံးက သူတို့အားလုံး၏ရှေ့မှ လျှောက်လာသူက မင်းဘွဲ့ဖြစ်နေခြင်းပင်။

"ဒါ့ ဒါ့ ဒါ့လင် ဒါ့ဒါ ဒါလင် ဒါ ဒါး ဒါး ဒါးဒါး ဒါ ဒါးဒါး ဒါး"

သူမ အလိုလို မတ်တတ်ရပ်မိသွားသည်။ နှုတ်ခမ်းများက အံ့ဩ လွန်း၍ ဝန်းဟသွားသည်။ မျက်တောင်ပင် ပုတ်စရာမလိုဘဲ မျက်ရည် တွေ ပြိုကျလာသည်။

ခုနက ငိုခြင်းနှင့် ယခုငိုခြင်း မတူညီဟု သူမ မသိစိတ်ထဲတွင် သိနေသည်။ ယခု ကျဆင်းနေသော မျက်ရည်များက အေးနေသည်ဟု သူမ ခံစားနေရသည်။

"မင်းဘွဲ့ရယ်"

သီချင်းက ဆုံးတော့မည်။ မင်းဘွဲ့အား သူပြုံးပြုံးလျက် သူမ ရှိရာအရပ်ရှေ့ဆီသို့ အရောက်လာနေသည်။ သူမ မျက်ရည်ဖြိုင်ဖြိုင်ကျ လျက် စောင့်နေသည်။

သီချင်းက ဆုံးတော့သည်။

"ဒါလင် ဒါ ဒါလင် ဒါဒါ့ဒါ . . . ဒါဒါဒါ ဒါလင့် ဒါလင့် အိုး . . . ဝိုး . . . ဒါလင့်ဒါ"

သီချင်းဆုံးဆုံးချင်း ပစ်လဲသွားသူက မင်းဘွဲ့။

"ဟင်"



ရွှေလွှာ မျက်လုံးဝိုင်းသွားသည်။ မင်းဘွဲ့ဗိုက်မှာ သွေးတွေ နဲ့ လျက်နှင့်ကို သူမ မြင်လိုက်ရသည်။ လူတွေ ပျာယာခတ်လျက် မင်းဘွဲ့ ကို ပွေ့ထားကြသည်။

ရွှေလွှာမျက်ရည်များ ပေါက်ပေါက်ကျလျက် သူ့ဆီ အလိုလို ပြေးသွားမိပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## (12)

သွေးထွက်လွန်သွားသဖြင့် မင်းဘွဲ့ကို ဆေးရုံပို့ရသည်။ အခြေအနေ ထင်သလောက် မဆိုးပါ။ ဆေးရုံရောက်ပြီး ဒုတိယမြောက်နေ့တွင် ထူထူထောင်ထောင် ပြန်ဖြစ်သည်။

ယခု အိပ်ပျော်၍နေသည်။

ရွှေသဝဏ်လွှာက အိပ်နေသော သူ၏မျက်ခွံများကို မေးထောက်၍ ကြည့်နေသည်။ ပြီး ပြုံးသည်။ နောက် မျက်ရည်လုံးလေးများ လိမ့်ကျလာသည်။

"နင် ဘာလို့ ငါ့အပေါ် ဒီလောက်ကောင်းနေရတာလဲ ဟင်"

သူ့မျက်နှာသည် အင်မတန် ကြည့်ကောင်းနေသည်ဟု သူမ ထင်နေသည်။ တစိမ့်စိမ့်လေးကြည့်၍ သူမ နေသာနေခဲ့သည်။

"လူတွေက မကောင်းဘူး။ ကိုယ့်အပေါ် ကောင်းတဲ့သူဆိုရင် အနိုင်လိုချင်ပြီး ကိုယ့်ကို ပစ်ခါတဲ့သူဆိုရင် တမ်းတမ်းတတနဲ့။ ငါဟာ လူဆိုးမပါ . . . မင်းဘွဲ့ရယ်၊ နင်နဲ့ မတန်ပါဘူး"

သူမ သူ့အပေါ် အသုံးချသလို ဖြစ်နေပါပြီလား။ ထိုသို့ဖြစ်နေလျှင် သူမ ထိုသို့မဖြစ်ချင်တော့ပါ။ သူ သူမအတွက် ခံစားရတာများပြီ။ ကိုယ့်အတွက် လူတစ်ယောက်ခံစားနေရတာ မည်သို့မျှ မကောင်း



သူမ ပြတ်ပြတ်သားသား တွေးသင့်ပြီ။ နှစ်ယောက်သား နာကျင်မှုအနည်းဆုံး နည်းမည့်လမ်းကို သူမ ရှာဖွေချင်နေပါပြီ။

သူမ အများကြီး အကြာကြီး တွေးနေမိသည်။ ပြတင်းပေါက်အပြင်ရှိ လှမ်းမြင်ရသော သစ်ပင်မှ အမည်မသိ ငှက်ကလေးတစ်ကောင်ဆီ နောက်ထပ် သူမ မသိသော ငှက်လေးတစ်ကောင် ရောက်လာစဉ်မှာ မင်းဘွဲ့နိုးလာသည်။

မင်းဘွဲ့မျက်လုံးများ ပွင့်လာချိန်တွင် ငှက်ကလေးနှစ်ကောင် အတူတူ ထပြန်သွား၍ သစ်ကိုင်းငယ်လေး လှုပ်လီလှုပ်လဲ့ ဖြစ်နေသည်။

မျက်လုံးဖွင့်ဖွင့်ချင်း ရွှေလွှာကို မြင်ရသဖြင့် သူ ကျေနပ်သွားဟန်တူသည်။ ပြုံးလာသည်။

သူမကလည်း နှစ်လိုဖွယ် ပြုံးပြသည်။

"ပြုံးမနေနဲ့ နင်ပုံကြီးက အားမပြည့်တဲ့ပုံကြီး"

"အဟင်း . . . "

သူမက ဆူပုပ်ပုပ်နှင့် ပြောတော့လည်း သူမကို မက်မက်မောမော ကြည့်လျက်သာ။ သူ ရွှင်လန်းလာစေရန် သူမ စကားတွေလျှောက်ပြောရန် စဉ်းစားဖြစ်သည်။ ထို့နောက် သူ့ကို ရေပတ်အဝတ်ဖြင့် ကိုယ်သက်သန့်ရှင်းပေးရင်း . . .

"မင်းဘွဲ့ နင် ရည်းစားဘယ်နှယောက်ရခဲ့ဖူးလဲ"

မင်းဘွဲ့ တုံးတိတိဖြေသည်။

"သုံးယောက်"

"အလဲ့ . . . ငါ့မင်းဘွဲ့ တော်တော်စွံခဲ့တာပဲ"

သူမက 'ငါ့မင်းဘွဲ့' ဟု အမှတ်တမဲ့ ပြောမိသွားတာကိုကြားပြီး မင်းဘွဲ့ ပျော်ရွှင်သွားသည်။ သူမကတော့ ပြောပြီးတဲ့စကားပြောပြီးသလိုပင် လေထဲ . . . ။

"ဒါနဲ့ ပြောပါဦး၊ အဲဒီသုံးယောက်နဲ့ ဘယ်လိုတွေ ပြတ်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"တစ်ယောက်နဲ့က ကျောင်းပိတ်ပြီးပြန်ဖွင့်တော့ သူက ကျောင်းပြန်မတက်တာနဲ့ အလိုလိုပြတ်သွားရော။ နောက်တစ်ယောက်နဲ့ကလည်း ဒီလိုပါပဲ။ သူက သူ့မိဘတွေစီစဉ်တဲ့ လူနဲ့ လက်ထပ်ရတော့မှာလိုလိုနဲ့ ဟုတ်လည်းဟုတ်ဘဲနဲ့ သူ့ဘာသာသူ တခြားတစ်ယောက်နဲ့ လိုက်ပြေးသွားတာ"

ရွှေလွှာ ခွိခနဲ ရယ်မိသည်။ မင်းဘွဲ့က ဆက်ပြီး . . .

"နောက်ဆုံးတစ်ယောက်ကကျတော့ ပဲများတယ်ဟ။ ငါက သူ့ဖိနပ်တက်နင်းမိပြီး ပြတ်သွားတော့ လူကြားထဲ အရှက်ခွဲရမလားဆိုပြီး ငါ့ကိုကောတာ။ ငါက ဘယ်ခံမလဲ ပြန်ကောတာပေါ့။ အဲဒါနဲ့ ပြတ်ရောဟ"

"ခစ်ခစ် . . ."

"ဒါပေမဲ့ အဲဒီကလေးမက အကျင့်ယုတ်တယ်ဟ။ ဖိနပ်ဖိုး ပြန်အလျော်တောင်းသေးတယ်။ ငါတော့ ပတ်ပြေးတာပဲ"

"တကယ် . . . ဟက် . . . ဟက်"

သူမ တသိမ့်သိမ့်တုန်အောင် ရယ်မိသွားသည်။

ပြီးတော့မှ သုံးဆင့်ချိုင့်၏ ချိုင့်အဆင့်များကို ဖြုတ်ကာ သူ့ကို ကြက်တောင်ပံစွတ်ပြုတ်တိုက်သည်။ မင်းဘွဲ့မှာ ရွှေလွှာ နှုတ်ခမ်းလေး တဖူးဖူးနှင့် မှုတ်တိုက်တာခံရ၍ ပီတိတွေဖြိုးနေသည်။ ကြက်တောင်ပံစွတ်ပြုတ်၏ အရသာမှာလည်း နှစ်ဆတိုး၍ အရသာရှိသွားပြီး ကိုယ်ကိုယ်တိုင် တောင်ပံတွေပေါက်လာသလို ခံစားရသည်။

"မင်းဘွဲ့ . . . နင်ကျောင်းတက်တုန်းက ဘာမေဂျာလဲ"

"ဇီဝဓာတု (Biochemistry) မေဂျာ"

သူမကတော့ နိုင်ငံခြားဘာသာ တက္ကသိုလ်မှ ဘွဲ့ရခဲ့သည်။ ထို့ကြောင့် အခု သူပြောသည့် မေဂျာကို သိပ်မကြားဖူးသဖြင့် 'ဩော်' ဟုသာ ရေရွတ်သည်။

"နင် စာရေးဆရာ သူဝေးကို သိလား"



"အေး . . . နည်းနည်းကြားဖူးတယ်။ နှုတ်ခမ်းမွေးတစ်ဖက်ပဲပေါက်တာဆို"

"အေး . . . သူလည်း ငါနဲ့ မေဂျာတူတယ်လေ"

"ဟုတ်လား . . . ဒါနဲ့ နင်တို့မေဂျာက ဘာတွေသင်လဲ"

"ငါအတန်းတက်သလောက်တော့ ခါကြက်ဥအကြောင်းတွေ သင်တယ်ဟ။ ငါလည်း ခါကြက်ဥကြိုက်တယ်။ အဲ . . . အဲဒီစာရေးဆရာ သူဝေးလည်း ခါကြက်ဥကြိုက်တယ်တဲ့ဟ။ ငါနဲ့ တော်တော်တူတယ်"

"ဟုတ်လား . . . ဒါဆို အဲဒီ 'သူဝေး' ဆိုတဲ့ လူကလည်း နင့်လို အူကြောင်ကြောင်ပဲ ထင်တယ်"

"အေး . . . အူလည်း ကြောင်လိမ့်မယ်။ ပြီးတော့ ငါနဲ့တူတော့ ထိုင်းလည်း ကြောင်ရင်ကြောင်ဦးမှာဟ။ ငါကလည်း ဟိုဟာလုပ်ချင်၊ ဒီဟာလုပ်ချင် ဘာမှအလွတ်မပေးချင်တော့ . . ."

"အေးပါဟာ . . . ကြောင်ကြပါ၊ ဟို 'ဖွန်' ဆိုတာ ကြီးမ'ကြောင်' ရင် ပြီးရော"

ထို့နောက် 'ဒီနေ့ ငါ့ပြက္ခဒိန်အရ အရည်မရ အဖတ်မရနေ့' ဆိုကာ ပေါ့ပေါ့ပါးပါး ပေါက်ကရများကို ဆက်ပြောကြလေသည်။

အတန်ကြာအောင် ပြောပြီးမှ သူမ ပြန်သွားသည်။

သူမ ပြန်သွားပြီး မကြာ သူငယ်ချင်းတွေ အဖွဲ့လိုက်ရောက်လာကြသည်။

သူငယ်ချင်းတွေက ခုတင်ပေါ်မှာလှဲနေသော သူ့ကို အမျိုးမျိုးသော မျက်နှာထားနှင့် ဝိုင်းကြည့်နေသည်။

"မင်းတို့ အကြည့်တွေကလည်း ငါ့ကို ဘေးမဲ့ပေးထားတဲ့ အကြည့်မျိုးတွေပါလား"



www.burmeseclassic.com

www.burmeseclassic.com

မင်းဘွဲ့က ဒီလိုပြောမှ သူတို့ပြုံးကြသည်။ ခေါင်းများယမ်းကြသည်။ သူကို ဒီလို ဆေးရုံပေါ်ကို ရောက်စေခဲ့သော 'ဒါလင်'နေ့နဲ့ ပတ်သက်ပြီးတော့လည်း သူတို့ဘာမျှ အကောင်းအဆိုး မပြောကြ။

"နင် ဒီလိုဖြစ်ရတာ ကျေနပ်တယ်မို့လား"

လို့ လဲ့ဝါဆိုက တစ်ချက်သာ ခပ်ပါးပါးဆိုသည်။ ချစ်မှုရေးရာတွေက ခက်ခဲကြောင်း လူငယ်တွေချင်းပင်မို့ အားလုံးသိကြသည်။ နောက် စိုးရိမ်ရသည့် လူနာမဟုတ်ပေမယ့် အားရှိမည့်အစာများ စိမ်ကျွေးကြသည်။ စောချို့ဝင်းနှင့် ကြီးဖေကလည်း သူတို့ယူလာသည့် ကွေကာအုတ်များကို သူတို့ဘာသာပြန်ဖျော်သောက်ပြီး တဟားဟားနှင့် ဟာသတွေချည်း ပြောနေသည်။

ထိုအချိန်တွင်ပဲ သူတို့မသိသော လူသုံးယောက် သူတို့ဆီရောက်လာသည်။ ထိုရောက်လာသော သုံးယောက်အနက် နှစ်ယောက်မှာ လူလတ်ပိုင်းအရွယ်ဖြစ်ပြီး အနောက်တိုင်းဝတ်စုံအား အပြည့်အစုံဝတ်ထားပြီး နားထဲဝင်လာမည့် အမိန့်သံတစ်ခုအတွက် အမြဲအသင့်ရှိနေသလို သတိကပ်လျှက် ပုံစံမျိုးနှင့် တောင့်တောင့်တင်းတင်း ရှိနေကြသည်။ ကျန်သည့်လူမှာတော့ သက်ကြီးပိုင်းအရွယ်ဖြစ်ပြီး အပေါ်ကုတ်အင်္ကျီမပါဘဲ ရှပ်အင်္ကျီအဖြူနှင့် ကြက်သွေးရောင် နက်ခ်တိုင်ကို လိုက်ဖက်စွာ တွဲ၍ ဝတ်ထားသည်။ ထိုလူကြီး၏ ဝတ်ဟန်စားဟန်နှင့် အသားအရည်တို့မှာ ငွေကြေးပြည့်စုံသော အတန်းအလွှာ တစ်ခုက လူမှန်း သိသာစေသည်။ ထိုလူက . . .

"ဦးလေးနာမည် ဦးနိုင်ရွှေအောင်ပါ"

ဟု လေးလေးစားစား စတင်မိတ်ဆက်သည်။

မိတ်ဆက်သော်လည်း ကိုယ်နှင့် သိထားဖူးသူမဟုတ်၍ မင်းဘွဲ့အပါအဝင် အနည်းငယ် ကြောင်စီစီအနေအထားနှင့်ပဲ ပြုံးပြဖြစ်လိုက်ကြသည်။



မင်းဘွဲ့ ခေါင်းချလှဲနေရတာ ခက်မတ်မတ်ဖြစ်အောင် အမှီနှင့် ပြန်ပြင်ထိုင်ကာ အရိုအသေပေးလိုက်သည်။ ထိုစဉ်မှာပဲ ထိုလူကြီးက နောက်ထပ်တစ်ခွန်း ထပ်ဟလာတော့သည်။

"ဦးလေးက ရွှေသဝဏ်လွှာရဲ့ အဖေပါ"

အားလုံး မျက်လုံးဝိုင်းကုန်ကြသည်။ ဘာကိစ္စ ဒီကို လိုက်လာတာလဲဆိုသည့် အမေးက ချက်ချင်းဝင်လာပြီး အားလုံး စိတ်ထဲဝင်စား၊ စိတ်လည်း လှုပ်ရှားသွားကြသည်။

ဦးနိုင်ရွှေအောင်က မင်းဘွဲ့တစ်ယောက်ကို ခပ်ကြာကြာကြည့်နေပြီးမှ ကျန်သူများကို တစ်ချက်စီ လိုက်ကြည့်ကာ . . .

"ကျေးဇူးပြုပြီး ဦးလေးနဲ့မင်းဘွဲ့နဲ့ သီးသန့်စကားပြောချင်လို့၊ တခြားသူတွေ ကူညီပေးနိုင်မလားမသိဘူး"

ဦးနိုင်ရွှေအောင်၏ သိမ်မွေ့၍လိုရင်းပါသော စကားကို ရုတ်တရက်တော့ ကြီးဖေတို့ နားမလည်လိုက်ကြ။ နောက်မှ ဆိုလိုချက်သဘောပေါက်ပြီး စောချို့ဝင်းက . . .

"လာ . . . လာ . . . ငါတို့ ဆေးရုံထဲ ခဏ လမ်းလျှောက်ကြတာပေါ့"

ဟု ဦးဆောင်ကာ မင်းဘွဲ့ကို တစ်ချက်လှည့်ကြည့်ပြီး အနားမှ ခွာသွားကြသည်။

ဦးနိုင်ရွှေအောင်က နောက်လှည့်မကြည့်ဘဲ လက်ကာပြကာ အသာယမ်းလိုက်တော့ သူ့နောက်ပါ နှစ်ယောက်ကလည်း အပြင်ထွက်သွားကြသည်။

နှစ်ယောက်တည်း ကျန်တော့မှ မင်းဘွဲ့ လူနာခုတင်ဘေးမှ ခုံတွင် သူ ဝင်၍ထိုင်သည်။

"သက်သာရဲ့လား . . . မောင်ရင်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ် . . . သက်သာသွားပါပြီ . . . ဦးလေး။ ဒါနဲ့ ဦးလေးက ဒီကို ဘာကိစ္စရှိလို့လဲ"

ဦးနိုင်ရွှေအောင် ချက်ချင်းမဖြေဘဲ ခေါင်းညိတ်ပြသည်။ ပြီးမှ စကားပေါင်းများစွာကို ဖြည်းဖြည်းပြောပြသွားပါသည်။ စကားပြောရင်းလည်း ပြတင်းပေါက်အပြင်က အဆုံးဝေးတဲ့ ကောင်းကင်ဆီ လှမ်း၍ ငေးငေးနေတတ်သေးသည်။

"ဦးလေးသမီး ရွှေလွှာက သိပ်အစွဲအလမ်း ကြီးရှာတယ်။ သူ့အမေဆုံးခါစတုန်းကလည်း သူ့အမေသေတာကို ဘယ်လိုမှ လက်မခံခဲ့ဘူး။ သူ့အမေကို သတိရစိတ်နဲ့ တစ်လလောက် ကြောင်သလိုလို ဖြစ်သွားသေးတယ်"

"ဪ . . ."

"သူ အရွယ်ရောက်တော့လည်း ရည်းစားသနာ ရခဲ့တယ်ပေါ့။ သူ့ရည်းစားက မပြည့်စုံသူမို့ စည်းစိမ်အတန်းအစားခွဲခဲ့တာ မဟုတ်ပါဘူး။ အဲဒီတုန်းက အရွယ်ငယ်သေးတာကြောင့် မဖြစ်သင့်တာ မဖြစ်အောင် သဘောတူကြောင်း မပြခဲ့တာပါ။ ဒါကို သူ့ရည်းစားက တလွဲတွေးပြီး မခံချင်စိတ်နဲ့ စီးပွားရှာဖို့ ပြည်ပထွက်သွားခဲ့တယ်။ ဦးသမီးလေး ကျန်ရစ်ခဲ့တာပေါ့။ ဦးလေးကလည်း သူ့ရည်းစားကောင်လေးရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုပါတယ်။ လူငယ်တစ်ဦးရဲ့ မာနနဲ့ မခံချင်စိတ်ကိုလည်း လေးစားပါတယ်။ သူသာ သင့်တော်တဲ့အချိန်မှာ သင့်တော်တဲ့ လုပ်ရည်ကိုင်ရည်နဲ့ ရင့်ရင့်ကျက်ကျက် ပြန်လာခဲ့ရင် ဦးသမီးနဲ့ သဘောတူလက်ထပ်ပေးဖို့လည်း ဦးလေး ရည်ရွယ်ခဲ့ပါတယ်"

"ဟုတ် . . ."

ဟု တိုးတိုးဖြေပြီး သူခေါင်းညိတ်ပြသည်။ ဦးနိုင်ရွှေအောင်က ဆက်ပြီး . . .



"ဒါပေမဲ့ သူ ပြန်မလာဘူး။ ဒါ့အပြင် ဦးသမီးကို အစပိုင်းလတွေမှာသာ အဆက်အသွယ်လုပ်ပြီး နောက်ပိုင်းမှာ ရုတ်တရက် အဆက်အသွယ်ပြတ်သွားတယ်။ ဘာကြောင့်လဲပေါ့။ ဦးဘက်ကလည်း စုံစမ်းခဲ့ပါတယ်။ ဒါပေမဲ့ တိကျတဲ့သတင်း မရဘူး။ သူ နောက်ထပ်တစ်နိုင်ငံကို ထပ်ကူးသွားတယ်ဆိုတဲ့ သတင်းမျိုးတော့ ရတာပေါ့။ ဒါပေမဲ့ တစ်နှစ်ကျော်တဲ့အထိ အဆက်မသွယ်မရတော့ ဦးလေး ထင်လိုက်တယ်။ ဦးလေးကလည်း ပြည်ပနိုင်ငံတွေကို မကြာခဏ သွားနေရတဲ့သူဆိုတော့ သိပါတယ်။ သူ ပြန်လာမှာ မဟုတ်တော့ဘူး။ သူ ပုံစံတစ်မျိုးမျိုးနဲ့ တစ်နေရာရာမှာ အခြေကျနေပြီလို့ ဦးခန့်မှန်းမိတယ်"

" . . . . . . . . . . "

"ဘာပဲဖြစ်ဖြစ် တကယ်နာရတာတော့ ဦးသမီးပါပဲ။ သူပြန်လာမလား၊ လာမလားနဲ့ မစားမသောက် စောင့်ခဲ့ရတဲ့ နေ့တွေရက်တွေလည်း ရှိတယ်။ ပြက္ခဒိန်တွေထဲမှာလည်း သူ့ဘာသာသူ သူတို့သမီးရည်းစားဘဝက အမှတ်တရနေ့လေးတွေကို သတ်သတ်မှတ်မှတ် ရေးခြစ်မှတ်သားပြီး သူ့ရည်းစားကို လွမ်းတယ်၊ စိတ်ကူးယဉ်ပြီး သတိရနေရှာတယ်။ သိပ်သနားစရာ ကောင်းပါတယ်ကွယ်"

မင်းဘွဲ့ ရင်ထဲမကောင်းတော့။ ပြောနေသည့် ဦးနိုင်ရွှေအောင်၏မျက်နှာကလည်း ဆင်းရဲပင်ပန်းမှု အတိနှင့်သာ။

"ဒီလိုနဲ့ နှစ်နှစ်ကျော်တဲ့အထိ အဆက်အသွယ်မရတော့။ ဦးသမီးရွှေလွှာက ဆုံးဖြတ်လာတယ်။ သူ သူ့ရည်းစားရှိရာဆီ လိုက်သွားမယ်တဲ့။ သူ့အတွက် ကံကောင်းချင်တော့ သူ့ရည်းစားရဲ့လိပ်စာကို ပြည်ပပြန် အသိတစ်ယောက်ဆီက မထင်မှတ်ဘဲ ရလိုက်တာပဲ။ ဒါပေမဲ့ အဲဒါ ဦးလေးအတွက် ကံဆိုးခြင်းလေ။ သူ့ရည်းစားနောက်ကို လိုက်ပြီး သွားတွေ့ဖို့ ဆုံးဖြတ်စေခဲ့ပြီလေ"

" . . . . . . . . . . . . . "



www.burmeseclassic.com

www.burmeseclassic.com

"ဦးလေး နည်းမျိုးစုံနဲ့ တားတာပေါ့။ တရားချတယ် မရဘူး။ ခြိမ်းခြောက်တယ်၊ မကြောက်ဘူး။ နောက်ဆုံး သူ နိုင်ငံခြားကို လိုက်သွားဖို့မလွယ်အောင် ငွေကြေးအပိုင်းကနေ ဦးလေး ထိန်းချုပ်လိုက်တယ်။ သူ့ရဲ့ ဘဏ်အကောင့်တွေကို ဦးလေး သိမ်းဆည်းတယ်။ သူ့ကို ဘယ်နည်းနဲ့မှ ငွေမရအောင် ထိန်းချုပ်လိုက်တယ်။ ဦးလေးသမီးကိုလည်း မောင်ရင် သိမှာပါ။ စိတ်ကြီးတယ်၊ ခေါင်းမာတယ်။ သူ ဦးလေးဆီက ငွေလုံးဝမရနိုင်မှန်းသိတော့ အပြင်ထွက်အလုပ်လုပ်ပြီး ရှာဖို့ကြံတယ်။ ဒါကိုလည်း ဦးလေးက နောက်ကွယ်ကနေ ကြိုတင်ထိန်းချုပ်ရတာပေါ့။ သူ အလုပ်သွားလျှောက်တဲ့ ကုမ္ပဏီတိုင်းကို သူ့ကို အလုပ်မခန့်စေဖို့ တိတ်တဆိတ် ဦးလေး တားဆီးနေခဲ့တာပေါ့"

ရွှေလွှာလို ဘွဲ့တွေ ဒီဂရီတွေ တန်းစီရထားသည့် ပညာတတ်ကောင်မလေးက ဘာလို့ အလုပ်ရှားခဲ့ရမှန်း အခုမှ မင်းဘွဲ့ သိတော့သည်။

"နောက်ပိုင်း ဦးသမီး အလုပ်တစ်ခုရနေတယ်ဆိုတော့ ဦးလေး အံ့သြနေခဲ့တယ်။ အလုပ်ကလည်း အလုပ်နဲ့ သိပ်မတူတော့ ဦးလေးက သူ အလုပ်ရနေမှန်း သိပ်မရိပ်မိခဲ့ပါဘူး။ သမီးလေးက ဦးလေးရဲ့ညီ သူ့ ဦးလေးလိုပဲ ပုံပြင်ရေးရတာ သိပ်နှစ်သက်တယ်။ ငယ်ငယ်က အိပ်ရာဝင်ရင် ဦးလေး သူ့ကို ပုံပြင်မပြောရဘူး။ သူက ဦးလးကိုချည်း ပုံပြင်ပြောပြတာပဲ။ အခုလည်း ပုံပြင်ရေးတဲ့ အလုပ်ရနေတယ်ဆိုတော့ ဦးလေး အံ့သြသွားတယ်။ နောက်တော့ ဒီအလုပ်ကို ပေးတဲ့သူက မောင်ရင်ပဲဆိုတာ ဦးသိခဲ့တယ်။ မောင်ရင်က လိုတာထက်ပိုပြီး ဦးသမီးကို ထောက်ခံကူညီနေတာကိုလည်း ဦး စုံစမ်းသိရပါတယ်"

မျက်နှာချင်းမဆိုင်ဝံ့သလို မင်းဘွဲ့ နည်းနည်း ခေါင်းငိုက်လိုက်သည်။ ဦးနိုင်ရွှေအောင်က ဆက်ပြီး . . .



"အခုလို မောင်ရင် ဆေးရုံရောက်ရတာလည်း ဦးလေးသမီး ပယောဂမကင်းမှန်းသိလို့ ဦးလေး လာတွေ့တာပါ"

"အာ . . . ရွှေလွှာ့အပြစ်မဟုတ် . . . "

"မောင်ရင် ဒီလိုပဲ ကာကွယ်ဖြေလိမ့်မယ်ဆိုတာ ဦးလေးသိပါတယ်။ ပြီးတော့ မောင်ရင် ကူညီနိုင်မယ်ဆိုတာပဲ ဦးသိတယ်"

မင်းဘွဲ့ မျက်မှောင်ကုတ်သွားသည်။

"ကူညီနိုင်တယ်၊ ဘာကိုဆိုလိုတာလဲ . . . ဦးလေး"

"ဘာကူညီရမလဲဆိုတော့ ရွှေလွှာကို နိုင်ငံခြား လိုက်မသွားအောင် ကူညီပေးဖို့ပါပဲ"

မင်းဘွဲ့ ငြိမ်သက်သွားသည်။ အတွေးတွေ အသိတွေများစွာ ခေါင်းထဲဝင်လာသည်။ သူ ရွှေလွှာကို ကူညီနေခြင်းက သူမ နိုင်ငံခြားသွားဖို့ဖြစ်ပြီး ယခု ရွှေလွှာ့အဖေ အကူအညီတောင်းသည်က သူမကို နိုင်ငံခြားမသွားစေဖို့။

"သမီးသာ ဟိုကိုလိုက်သွားရင် သူ့အတွက် အဆိုးပဲကြုံကြုံ၊ အကောင်းပဲကြုံကြုံ ဦးလေးခံစားရမှာ။ သူ့ရည်းစားနဲ့သူ အရင်လိုပဲ ကြည်ကြည်ဖြူဖြူ ပြန်တွေ့နိုင်ရင်လည်း ဦးလေးသမီးက ဦးလေးဆီ ပြန်လာတော့မှာမဟုတ်ဘူး။ သူ့ရည်းစားက အရင်လိုမဟုတ်ဘဲ ပြောင်းလဲနေခဲ့ရင်လည်း ရွှေလွှာ စိတ်ထိခိုက်ရမှာ။ ဒါကြောင့် မောင်ရင် ကူညီမှဖြစ်မှာပါ။ မောင်ရင် လုပ်နိုင်မှာပါ။ မောင်ရင်က ဦးသမီးရဲ့ ဆုံးဖြတ်ချက်ကို ပြောင်းလဲစေနိုင်မှာပါ"

သူ့မှာ ဒီလောက်အထိ လုပ်နိုင်စွမ်းရှိပါ့မလား။ မင်းဘွဲ့ ကိုယ့်ကိုယ်ကိုယ် မယုံကြည်ပါ။ သို့သော် ဦးနိုင်ရွှေအောင်ဆီမှ အရည်ကြည်လဲ့နေသော ဖခင်တစ်ယောက်၏ မျက်လုံးကို မြင်ရသောအခါ သူ အလိုလို ခေါင်းညိတ်မိသည် ထင်ပါသည်။ မင်းဘွဲ့အကူအညီကိုရတော့ ဦးနိုင်ရွှေအောင် အားရှိသည့်ရုပ်သွင်နှင့် ပျော်ရွှင်စွာ ပြန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းတွေ အနားပြန်ရောက်လာသည်။

ဘာတွေပြောနေကြတာလဲ၊ ဘာလျှို့ဝှက်ကိစ္စလဲ စသည်ဖြင့် သိချင်စိတ်တွေနှင့် ထိုးကြိတ်မေးကြသည်။ မင်းဘွဲ့ ဘာမျှပြန်မဖြေဖြစ်။ ဒီအတိုင်းသာ မကြားသလို ငြိမ်နေဖြစ်ခဲ့ပါသည်။

လုံ့ဝါဆို ရေရွတ်သည့် တစ်ခွန်းကိုတော့ မင်းဘွဲ့ ကောင်းကောင်းကြားလိုက်ပါသေးသည်။

"ရွှေလွှာအဖေဆိုတဲ့ လူကို မြင်ဖူးပါတယ်လို့ ကြည့်နေတာ။ လက်စသတ်တော့ ဂျာနယ်ထဲမှာ တွေ့ဖူးတာကိုးဟ။ အဲဒီလူကြီးက တို့နိုင်ငံရဲ့ ထိပ်တန်းသူကြွယ်ကြီးတစ်ယောက်ပဲ"

အားလုံး ကိုယ်စီအတွေးနှင့် ငြိမ်သက်သွားကြသည်။

ᨏ ᨏ ᨏ



**(13)**

သူ ဆေးရုံကဆင်းတော့ သူမနှင့် နဂိုပုံစံအတိုင်း တတွဲတွဲပြန်ဖြစ်သည်။

အရာရာပုံမှန်အတိုင်းနှင့် ဆက်စီးဆင်းကြသည်။ ဒီလိုတော့ [illegible]တ်ပါ။

သူ တနင်္ဂနွေနေ့နှင့် ပတ်သက်လျှင်တော့ စိတ်နာသွားခဲ့ပါပြီ။ တနင်္ဂနွေနေ့ဆိုတာ သူမအတွက်ဆိုလျှင်တော့ ဒါလင်နေ့။ သူ့အတွက်ဆိုလျှင်တော့ ကိုယ့်နှလုံးသားကို ကိုယ် ငရဲမီးဖြင့် တစ်စက်ချင်း (drop by drop) ချသလို စပ်ဖျင်းလောင်ငွေ့ပျံစေသော နေ့ပင်။

တနင်္ဂနွေတိုင်း သူ သူမရှိရာဆီ မသွားတော့ပါ။ စိတ်က ထိန်း[illegible]ခက်စွာ အပြင်းအထန် သွားချင်နေလျှင်ပင် အလုပ်တွေ ဖိလုပ်ပစ်[illegible] လုပ်သာလုပ်သည်၊ စိတ်က ကိုယ်နှင့်မကပ်တော့။ အလွဲလွဲ အချော်[illegible] ကော်ဖီခွက်နှင့် ဖောင်တိန်တွေ ထည့်သည့်ခွက်ပင် မှားကိုင်ပြီး [illegible]ထဲ လောင်းထည့်ခဲ့ဖူးပြီ။ သူငယ်ချင်းတွေက သူတို့အချင်းချင်း [illegible]ချင်းဆုံ၊ ပခုံးတွန့်သက်ပြင်းချရင်း သူ့ကြောင့် ဝင်ပြီး စိတ်ညစ်[illegible]သည်။

ထိုသို့ပင် သူ ဒါလင်နေ့များစွာကို ရွှေလွှာ့ဆီမသွားဘဲ လိမ်[illegible]န်းခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ လွှတ်လွှတ်လပ်လပ် သူ့ရည်းစားကိုသူ လွမ်းပါစေ။ ဒါလင်

*နေ့၊ တိုယ့်ချစ်သူကို ကိုယ်လွမ်းတဲ့နေ့။ ငါနဲ့ ဘာဆိုင်လို့လဲ။ သူ့ဘာ*
သာသူ သူ့ချစ်သူကို လွမ်းတာနဲ့ ငါနဲ့ ဘာဆိုင်လို့လဲ။ ဒါပေမဲ့ . . .
ဒါပေမဲ့ နင့်ကို . . . ငါ . . . နေတော့။ ဒါကြောင့် ငါကလည်း နင့်ကို
လွမ်းခွင့်တွေရှိနေတယ်။

ရွှေလွှာက သူ့ရည်းစားသူ လွမ်းနေချိန် မင်းဘွဲ့ကလည်း ရွှေလွှာကို ပြန်လွမ်းနေခြင်းသည် ကမ္ဘာပေါ်ရှိ ဖြစ်ရပ်ဆန်းတစ်ခုထဲတွင် ဘယ်သောအခါမှ မပါဝင်ခဲ့ပါ။ ကိုယ်ချစ်သော သူကို ကိုယ်လွမ်းခြင်းသည်ရိုးစင်းသော ဖြစ်နေမြဲ ထာဝရသဘာဝတစ်ခုသာ။

ထိုသို့ပင် သူ ဒါလင်နေ့များစွာကို ရွှေလွှာ့ဆီမသွားဘဲ လိမ်ပိန်ဖြတ်သန်းခဲ့ပါသည်။

⚘ ⚘ ⚘



သို့သော် ကြီးဖေနှင့် စောချိုဝင်းတို့ ရောစပ်ပေးသော ယမကာနှစ်ခွက်ကို မှီဝဲမိသည့်ညက သူ့ထံ သူမ ဖုန်းဆက်သည်။ သူ့ပါးစပ်မှ အွားရည်တွေ အတန်းလိုက် ထွက်ကျလျက်နှင့်ပဲ ဖုန်းကို နားရွက်နားဆော့လိုက်ပြီး . . .

"ဟဲရို . . . ဘူရဲ . . ."

အိပ်ချင်မူးတူးနှင့် သူ့စကားသံတွေပင် တဲ့တွေးတွေ ရောနေသည်။

ဟိုဘက်က သူမက ခပ်မြန်မြန်ပြောပြီး ဖုန်းချသွားသည်။ သူသည်း အိပ်ပျော်သွားသည်။

မိုးလင်းမှ သူ ကြောင်တောင်တောင် ဖြစ်၍နေသည်။ ညက သူမ ဖုန်းဆက်တာ တကယ်လား၊ အိပ်မက်လားဆိုတ မကွဲပြားဖြစ်နေသည်။

"ရွှေလွှာက ဘယ်လိုပြောလို့တုံး"

"နက်ဖြန်မနက်ခြောက်နာရီ ဘူတာကို လာခဲ့ပါလို့ ပြောတာပဲ"

"ဟား . . . ဒါဆို သေချာတယ် အိပ်မက်ပဲ။ မင်း ရွှေလွှာကို စိတ်စွဲလို့မက်တာ။ ငါလည်း တစ်ခါက ဝင်းပပမျိုးကို စိတ်စွဲပြီး မက်



www.burmeseclassic.com

www.burmeseclassic.com

ဖူးတာပဲ။ သူနဲ့ငါ ချောင်းသာမှာ လှိုင်းစီးကြတာတဲ့။ အဲ့ဒီအချိန် ငါးမန်းကြီးက ဝင်လာပြီး ငါ့ကိုကိုက်တာတဲ့။ ဒါနဲ့ ငါလည်း လန့်ပြီးနိုးလာတာ။ ဒီတော့မှ ငါ့ခြေမကို ကြွက်ကိုက်နေတာတွေ့တာပဲ"

"ဟုတ်တယ် . . . အိပ်မက်ပဲ နေမှာပါကွာ။ ဒီနေ့ ဒါလင်နေ့ပဲ။ သူက ဘာလို့ မင်းနဲ့ ဘူတာမှာ ချိန်းရမှာလဲ။ သူ့ဘာသာသူ ဥယျာဉ်ထဲမှာပဲ ခါတိုင်းလို ဒါလင် . . . ဒါလင် . . . သွားဆိုနေမှာပေါ့ကွ"

"အင်း . . ."

စောချိုဝင်းနှင့် ကြီးဖေက ဒီလို ယတိပြတ် တွက်ချက်ကောက်ချက်ချတော့ မင်းဘွဲ့လည်း အိပ်မက်ပဲ မှတ်လိုက်သည်။

ထို့ကြောင့် လုပ်စရာရှိတာတွေ ပုံမှန်အတိုင်းလုပ်ရန် ရေချိုးခန်းထဲ ဝင်ခဲ့သည်။ သွားတိုက်နေရင်းနဲ့မှ မသင်္ကာလို့ ဖုန်းကို သွားစစ်ကြည့်မှ သူမ၏ အဝင် 'Call' ကို တွေ့လိုက်ရသည်။ နာရီကိုကြည့်တော့ 5:40AM သူ ပျာသွားသည်။ သူမ ဒီလိုခေါ်လျှင် ကိစ္စထူးရှိလို့ဖြစ်မည်။ အရေးကြီးမည်။

အဝတ်အစားမြန်မြန်လဲပြီး ဟိုနစ်ကောင်ကို စိတ်ပေါက်ပေါက်နှင့် ဆောင့်ကန်ကာ ဘူတာသို့ အမြန်ဒိုးတော့သည်။

ဘူတာကိုရောက်တော့ ခြောက်နာရီကျော်ပါပြီ။ ကံကောင်းချင်တော့ သူတို့စီးနင်းရမည့် ရထားက မိနစ်တချို့နောက်ကျမှ စတင်ထွက်ခွာခဲ့သည်။ သူက ဘူတာကြီးစင်ဝင်နားမှာ မိုးလည်းမရွာဘဲ ထီးဆောင်းကာ ခြေစုံရပ်၍ စောင့်နေခြင်းဖြစ်သည်။ သူရှေ့ရောက်တော့ သူမက 'ရော့ . . . ' ဟု ဆိုကာ ရထားလက်မှတ်တိုတိုလေးတစ်ခုကို ထိုးပေးသည်။

"ဘယ်သွားမလို့လဲ"

"ငါ ဘယ်သွားသွား၊ နင် နည်းနည်းလိုက်ချင်မယ်မဟုတ်လား"

သူမ စကားပြောလိုက်ရင်ကို ဘယ်လိုလေးမှန်းမသိ၍ မင်းဘွဲ့ ရင်ခုန်သွားရစမြဲ။



ရထားထွက်တော့ ပြတင်းပေါက်က လေတွေ စတင်ဝင်လာသည်နှင့် သူမဆံပင်တွေလည်း စတင် လွင့်ဝဲတော့သည်။

ဘယ်သွားမလဲမသိသည့် ခရီးကို သူ အလွယ်တကူ လိုက်ခဲ့မိသည့်အတွက် သူ့ကိုယ်သူ အံ့သြဖြစ်သေးသည်။ သို့သော် ထိုခရီးက သူမနှင့် အတူဆိုတာကို ပြန်သတိရတော့ မအံ့သြတော့ပေ။ ဒီတစ်ခါ ဒါလင်နေ့မှာ သူမသီချင်းလည်းမဆို၊ သီချင်းလည်း နားမထောင်ဘဲနေတာတော့ ထူးဆန်းစရာပင်။

သူမက သူ့ဘက်မျက်နှာပြန်လှည့်လာပြီးမှ ခရီးစဉ်အကြောင်းကို ရှင်းပြသည်။

ခရီးစဉ်က ရွှေလှသာ သူမအဘိုးဆီ သွားခြင်းဖြစ်သည်။ အကြောင်းက အဘိုးက ရွှေလှသာအိမ်ထောင်ပြုတော့မည်ဆိုလျှင် အိမ်ထောင်ဘက်ကို ခေါ်လာတွေ့ရမည်။ ထိုသို့ခေါ်တွေ့၍ စိတ်တိုင်းကျလျှင် အမွေတွေကို သူမအား လွှဲပေးမည်ဟု သူမကို အမြဲတမ်းပြောခဲ့သည်။ သူမက အဘိုး၏ မြောက်မြားလှစွာသော စည်းစိမ်တွေကို မမက်မောပါ။

သို့သော် ယခုတော့ သူမလိုအပ်သလောက် ငွေပမာဏကိုတော့ လိုချင်နေပါသည်။ အဘိုးကလည်း သူမကို အလွန်ချစ်ခင်အလိုလိုက်တတ်သည်။ ဒါကြောင့် သူမ လိုချင်သည့်ငွေတွေ အဘိုးထံမှ ရယူနိုင်လိမ့်မည်ဟုလည်း သူမ ယုံကြည်နေသည်။

"နင်နဲ့ငါ ရည်းစားဖြစ်တာ နှစ်နှစ်ရှိပြီလို့ မှတ်ထား။ ပြီးရင် ငါနဲ့ မကြာခင် လက်ထပ်ဖို့အတွက် ငွေကြေးတွေ ကြိုးစားစုဆောင်းနေတာကြောင့်လို့လည်း ပြော . . . ကြားလား"

သူမက သင်ပေးနေသည်။ သူက မှတ်သားရ၊ ခေါင်းညိတ်ပြသည်။ သူမ မင်းဘွဲ့ကို ရှုတည်တည် ကြည့်ပြန်သည်။

"နင်ရုပ်က ရိုးသားတဲ့ဟန်ပေါ်ပြီးသားဆိုတော့ ဘာမှ အပိုဟန်ဆောင်စရာမလိုဘူး။ ဒါပေမဲ့ နင်က သူစိမ်းနဲ့ဆိုရင် အူကြောင်ကြောင် နည်းနည်းဖြစ်တတ်တယ်။ အဲ့ဒါကိုတော့ ပြင်ရမယ်"

www.burmeseclassic.com

"ဘယ်တုန်းက ငါ အူကြောင်ကြောင်ဖြစ်လို့လဲ"

"နင်က အူကြောင်ကြောင်ဖြစ်နေလို့ပဲ နင်နဲ့ငါစတွေ့တော့ ငါ့နှင့်ဆီက မျက်ရည်ဖိုး အလျော်တောင်းရဲတာပေါ့ဟ"

သူမကလည်း ပြန်အော်မှ မင်းဘွဲ့ကိုယ့်ကိုယ်ကိုယ် ကြောင်တစ်ကောင်လိုဖြစ်နေလား ပြန်စဉ်းစားခန်း ဝင်မိတော့သည်။ သူတို့သို့ ရှုပ်ပုပ်အတွေးဝင်နေသည်ကို ရွှေလွှာက နှုတ်ခမ်းလေးမဲ့၍ ကြည့်ပြီး ပြုံးစစနှင့် . . .

"နင် အူကြောင်တဲ့ပုံစံက စိတ်ထားကောင်းလွန်းတဲ့ ပုံစံမျိုးပါဟ။ နင်က အားနာတတ်တော့ သူတစ်ပါးအတွက် ကြည့်လွန်းတော့ ဒီလိုပုံ ပေါက်နေတာလို့ ပြောတာပါ။ ငါသိပါတယ်။ နင်က ပုပြင်တွေကို ချစ်တတ်တဲ့ လူတော်လူကောင်းတစ်ယောက်ပါ"

သူမဆီက ချီးကျူးစကားကြားရတော့ သူပြုံးပြီးသွားသည်။ နောက် . . . သူမက အဘိုးနှင့်တွေ့လျှင် ဖြေရမည့် အမေးအဖြေတွေကို ကြိုတင် သင်ပေးနေသည်။ ကြိုတင်လက်ဝါးချင်းရိုက်၊ ဇာတ်တိုက်ထားသည်။ သို့သော် မင်းဘွဲ့မှာ မေးစရာက ရှိနေပြန်သည်။

"ဒါနဲ့ နင့်အဘိုးက နင်ပြောတာဟုတ်မဟုတ်၊ နင့်အဖေကို လှမ်းမေးရင် ဘယ်လိုလုပ်မလဲ။ နင့်အဖေကတော့ ငါက နင့်ရည်းစားမဟုတ်မှန်း သိနေမှာလေ"

"အဲ့ဒါအတွက် ဘာမှ စိတ်ပူစရာမလိုဘူး။ ငါ့အဘိုးက ငါ့အဖေစကားနဲ့ ငါ့စကားဆိုရင် ငါ့စကားကို ပိုယုံလိမ့်မယ်။ အဘိုးအသူ့သားဖြစ်တဲ့ ငါ့အဖေရဲ့ စကားဆိုရင် မယုံတတ်ဘူးဟ။ အဖေကလည်း စီးပွားရေးသမားဆိုတော့ တစ်ခါတလေ ချဲ့ကား၊ တစ်ခါတလေ ဖားယား တစ်ခါတလေ ချိုးနှိမ် စသဖြင့် မာယာလေးတွေ ပါတယ်ဟ။

အဘိုးက အဲ့ဒီလို စကားတွေကို စက်ဆုပ်တယ်။ ရိုးသားမှုကို နှစ်သက်နှလုံးသွင်းတယ်။ ငါ့ကိုဆို ပွင့်လင်းရိုးသားလို့ဆိုပြီး အဘိုးက အရမ်းချစ်တာ။ ဒါကြောင့် ငါ့စကားကိုပဲ ယုံမှာ။ နောက်ပြီး ငါက အဘိုး



ဆီက အမွေတောင်းမှာလည်း မဟုတ်ဘူး။ စီးပွားရေးတစ်ခုလုပ်မှာဆိုပြီး ငွေချေးတဲ့သဘောနဲ့ နည်းနည်းပါးပါး တောင်းမှာဆိုတော့ ငါတို့ရတိုရမှာ သေချာတယ်"

သူမ လေသံက ပိုင်ပိုင်နိုင်နိုင်ရှိလှပေမဲ့ မင်းဘွဲ့က . . .

"ဒီလိုနည်းလမ်းရှိတာများ ဘာလို့ အခုမှလုပ်ရတာလဲ"

သူမ အားဖျော့စွာ ပြုံးရှာသည်။

"အခုမှ အချိန်တန်လို့လို့ပဲ ပြောရမှာပေါ့။ ငါ ငါ့အဘိုးကို လိမ်သင့် မလိမ်သင့် တွေဝေနေခဲ့တယ်လေ။ နောက်ပြီး ဒီလိုလိမ်ဆင်တစ်ခုလုပ်ဖို့ကလည်း နံဘေးမှာ နင့်လို ယုံကြည်ရပြီး ငါ့ကို တကယ်ကူညီမဲ့လူလည်း လိုတယ်လေ။ ပြီးတော့ . . ."

ပြီးတော့ . . . အခု ပြတ်သားသင့်ပြီလေ . . . မင်းဘွဲ့ရဲ့။ နင့်ရှေ့မှာ ငါ အကြာကြီး မရှိသင့်တော့ဘူးလေ။ ငါ့ကြောင့် နင် စိတ်ဒုက္ခအကြိမ်ကြိမ် ရောက်ပြီးပြီမို့လား။ ဒါကြောင့် ငါ နင့်အနားက ထွက်ခွာသင့်ပြီ။ ပြီးတော့ ငါ့ရည်းစားရှိရာဆီလည်း အရောက်သွားသင့်ပြီ။ သူ ဘာကယ်ပြောင်းလဲသွားလို့ ငါ့ဆီ ပြန်မလာတာလား။ ဒါမှမဟုတ် ကံကြမ္မာတွေက သူ့ကို ငါ့ဆီမလာနိုင်အောင် တားဆီးနေတာလားဆိုတာလည်း ငါ ရှင်းရှင်းလင်းလင်း သိချင်နေပြီလေ။ ငါ ဒီထက်ပို အချိန်မပေးချင်တော့ဘူး။ ငါလိုက်သွားတော့မယ်။ ပြီးတော့ နင့်ကိုလည်း ချန်ခဲ့တော့မယ် . . . မင်းဘွဲ့ရယ်။

"ပြီးတော့ . . . ဘာဖြစ်လဲ၊ ဆက်ပြောဦးလေ"

"ဩော် . . . အင်း . . . အဟင်း . . . ပြီးတော့ဟာ ငါ့အဘိုးက တကယ့် အမွေတွေပေးမှာ ကြောက်လို့ဟ"

"ဟာ . . . အမွေရပြီ။ ပွပေါက်တိုးမှာများ ကြောက်ရတယ်ဆို"

"ကြောက်တာပေါ့ဟ။ ငါ ငွေတွေ၊ စည်းစိမ်တွေ အများကြီးရှိနေရတာကို စိတ်မသန့်ဘူး။ ပိုလျှံနေရတာဟာ လိုအပ်နေရတာထက်



www.burmeseclassic.com

www.burmeseclassic.com

အဆင်ပြေတယ်ဆိုပေမဲ့ လောကမှာ ညီမျှနေတာကသာ အကောင်းဆုံးပဲ။ ငါ ညီမျှခြင်းတွေကိုပဲ လိုချင်တယ်။ ငါ လိုအပ်သလောက်ပဲ လိုချင်တယ်။ အခုလည်း အဘိုးက မုန့်ဖိုးလောက်ပေးရင်ကို ငါ ပြည်ပထွက်ဖို့ လုံလောက်နေမှာပါ"

"ဩော် . . . ဟုတ်တာပေါ့နော်"

မင်းဘွဲ့ ခေါင်းညိတ်ပြလိုက်ပါသည်။ သူ့အဘိုးကလည်း ဘယ်အဆင့်ထိတောင် ချမ်းသာလိမ့်ဦးမလဲဟု မတွေးတတ်အောင် ဖြစ်နေသေးသည်။ တခြားသူတွေ ပြည်ပထွက်ရန် နှစ်ချီစုဆောင်းရ၊ ရှိသမျှတွေ ရောင်းချပေါင်နှံရဖြင့် စွန့်လွှတ်စွန့်စားရပေမဲ့ ရွှေလွှာတို့အနေနှင့် ဆိုလျှင်တော့ မုန့်ဖိုးပေးသလောက်ပင် ရှိကြောင်းလည်း မင်းဘွဲ့ ကွာကွာခြားခြား မြင်မိသည်။

သူတို့တစ်ယောက်နှင့်တစ်ယောက် လက်မဖမ်းတမ်း ကစားလိုက်ကြ၊ ရထားပေါ်တက်လာသည့် ဈေးသည်မှန်သမျှထံက ဝယ်စားလိုက်ကြ၊ ရေသန့်ဘူးကောက်သည့် ကလေးတွေမှန်သမျှကို 'ပညာတတ်အောင် ကြိုးစားကြ . . . ကြားလား' ဟု လူတတ်ကြီးလုပ်ကာ ပြောဆိုပြီး မုန့်ဖိုးအကြွေလေးတွေ ပေးလိုက်ကြနှင့် လိုက်ပါလာကြသည်။ ရထားကြီးကလည်း သံချေးတက်နေသော မြွေအိုကြီးတစ်ကောင်လို တလှုပ်လှုပ် သွားနေခဲ့သည်။

နှစ်နာရီလောက် ရထားစီးပြီးတော့ သူမ မတ်တတ်ရပ်လိုက်သည်။

"ငါတို့ဆင်းမဲ့ဘူတာက ရွာဘူတာသေးသေးလေး။ ရထားက အရှိန်ပဲ လျှော့ပေးမှာ။ ငါတို့က ကိုယ့်ဘာသာကိုယ်ပဲ ခုန်ဆင်းရမှာ"

ရထားက အရှိန်လျှော့တော့ သူတို့ ခုန်ဆင်းကြသည်။

မြေပေါ်လေးဘက်ထောက်ပြီး ကုန်းကုန်းကွကွ ကျသည်။ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ရယ်ကြသေးသည်။ မင်းဘွဲ့က ရွှေလွှာ ခေါင်းပေါ်မှ အမှိုက်စတွေကို လက်နှင့်ခါပေးတော့ ရွှေလွှာကလည်း အား



ကျမခံ မင်းဘွဲ့တင်ပါးကို လက်နှင့်လှမ်းရိုက်ကာ ဖုန်ခါပေးသည်။ ကိုယ့်တင်ပါးကို သူ့လက်နှင့်လာရိုက်တော့ မင်းဘွဲ့ တွန့်သွားသည်။ ဒါကို ကြည့်ကာ ရွှေလွှာ တသိမ့်သိမ့်ရယ်ပါသည်။

ထို့နောက် သူတို့ ရထားလမ်းဘေးအတိုင်းဆင်းကာ မြေလမ်းအတိုင်း လျှောက်ခဲ့ကြသည်။ နံနက်ခင်းပင်ဖြစ်သော်လည်း နေက ဝင်းနေအောင် ပူသည်။ ခေါက်ထီးတစ်လက် ပါလာသောကြောင့် တော်သေးသည်။ အိမ်ခြေလည်း ဝေးလံကြဲပါး၊ သစ်ပင်များလည်း ခေါင်းပါးနေသေးသဖြင့် မိနစ်နှစ်ဆယ်လောက်လျှောက်ပြီးမှ အရိပ်ခိုနိုင်လောက်သော သစ် ပင်တစ်ပင်အောက် ရောက်သည်။

"ဟူး . . ."

လေပူတွေကို မှုတ်ထုတ်ရသည်။ ချွေးတွေလည်း စို့ရသည်။

သူမက ချွေးသုတ်ရင်း အရိပ်ခိုနေသော သစ်ပင်ကို မော့ကြည့်ကာ ကျေနပ်နေသည်။ ဒီအပင်လေးရှိလို့သာပဲဟု သစ်ပင်ကို ကျေးဇူးတင်နေသည်။

"ကျန်တဲ့နေရာတွေက ပူလောင်နေသလောက် ဒီနေရာလေးက အေးဆေးတယ်နော်။ တစ်နေ့ကျရင် ဒီသစ်ပင်အောက်မှာ နင့် ငါ့အတွက် ခုံတန်းလျားလေးတစ်လုံး ရိုက်ပေးမလား"

"အေး . . ."

သူမ တောင်းဆိုလိုက်တိုင်း သူ့စိတ်က အသင့်ဖြစ်နေကျအတိုင်း အလွယ်တကူပဲ သဘောတူလိုက်သည်။ သူမက ဆက်ပြီး . . .

"ဒါပေမဲ့ ငါ အရူးတွေကို ကြည့်မရဘူးဟ။ ဟိုပုံပြင်ထဲက သူ့ဆောင်မလေးကို နှစ်ရှည်လများစောင့်နေတဲ့ အရူးကြီးကိုလည်း ကြည့်မရဘူး။ နောက်ပြီး နင့်ကို ဓားနဲ့ထိုးသွားတဲ့ ဟိုအရူးကြီးကိုလည်း မုန်းတယ်။ ဒါကြောင့် ဒီနေရာကို အရူးတွေလာမှာတော့ ငါ မကြိုက်ဘူး"

မင်းဘွဲ့ အသံမထွက်ဘဲ ရယ်မိသွားသည်။ သူမ အတည်ရုပ်နှင့် ဆက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"ဒီတော့ ဒီနေရာကို မရှုးရနယ်မြေအဖြစ် သတ်မှတ်ထားမယ်။ နင် ခုံတန်းလျားလေးဆောက်ပြီးရင် ဒီသစ်ပင်မှာပဲ No Fool Zone ဆိုပြီး သတိပေးဆိုင်းဘုတ်ပါ . . . ကပ်ထား၊ ကြားလား"

"အေးပါဟာ"

သူမက ကိုယ့်စကားကိုယ် ပြန်သဘောကျပြီး ပြုံးနေသည်။

ကောင်းကင်ထဲတွင် လေယာဉ်ပျံတစ်စင်း ပျံနေသည်ကို မြင်မှ သူမ နှုတ်ခမ်းတွင် ခြယ်နေသော အပြုံးလေးလွင့်သွားသည်။ ထိုလေယာဉ်ပျံထဲတွင် သူမ ချစ်သူပါမလာမှန်း သူမ အလိုလို ကြိုသိနေခြင်းကြောင့် ဖြစ်သည်။

သူမ မျက်နှာ ပြန်နွမ်းသွားမှန်းသိတော့ မင်းဘွဲ့က လှမ်းအားပေးဖြစ်သည်။

"ငါ ညအိပ်ရာဝင်တိုင်း နင့်အတွက် ဆုပိုတောင်းပေးနေပါတယ်။ နင့်ဆန္ဒတွေ တစ်နေ့ ပြည့်ဝမှာပါ"

"ဆုတောင်းတိုင်းသာပြည့်ရင် ချီးယားမလို၊ ဘုရားသခင်မလိုဖြစ်နေမှာပေါ့"

သူမ ပြောပြောဆိုဆိုပဲ ခပ်ဆတ်ဆတ်ထကာ ရှေ့မှ လျှောက်သွားသည်။ သူလည်း တုံ့နှေးမနေဘဲ ပြေးလိုက်ရတော့သည်။

နောက်ထပ် ဆယ်မိနစ်လောက်ရောက်တော့ သစ်ခွဲစက်တစ်ခုကို ရောက်သည်။ သစ်လုံးတွေကို ဆူညံနေအောင် ခွဲနေသည်။ နောက်ထပ်ဆယ်မိနစ်လောက် ထပ်လျှောက်တော့ တောင်ကုန်းသဏ္ဌာန် ခပ်မို့မို့ ကုန်းမြင့်ပေါ်၌ အဆောက်အဦးတွေကို တွေ့ရလေသည်။

"ငါ့အဘိုးဆီ ရောက်ပြီ"

ဟု သူမက အော်လိုက်လေသည်။

သူမအဘိုးသည် မိဘမဲ့ကျောင်း ဖွင့်လှစ်ထားသည်။ သစ်ပင်ပျိုးပင်များကိုလည်း ကျယ်ကျယ်လွင်လွင် စိုက်ပျိုးထားသည်။ ဝါသနာအလျောက် စိုက်ပျိုးရာက စီးပွားပါ ဖြစ်လာပုံရသည်။ ပန်းတွေပွင့်နေသည်ကို ဝေးဝေးမှပင် လှမ်း၍မြင်ရသည်။ ပိုင်ဆိုင်ရာ နယ်မြေအနေအထားကလည်း တမျှော်တခေါ်ပင်။ ဟိုးအနောက်ဘက် ဘေးမဲ့တောနှင့် ဆက်စပ်ကျယ်ပြန့်သွားသည်။ စိုက်ခင်းဝင်အလုပ်သမားတွေ ခမောက်ကိုယ်စီနှင့် ဥဒဟို အလုပ်များနေကြသည်ကို တွေ့ရသည်။ အလုပ်များနေသော်လည်း သူတို့မျက်နှာတွင် မောပန်းဆင်းရဲမှု ရှာမတွေ့။ ကြည်လင်သာယာနေသည်။

သူတို့ရထားပေါ်ကအဆင်း လျှောက်ခဲ့သော နေရာများမှာ အရိပ်မရှိ၍ ပူလှသော်လည်း ဒီဘက်မှာတော့ သစ်ပင်တွေ ခပ်စိပ်စိပ်ပြန်ပေါက်ကာ အေးမြစိမ်းလန်းလှသည်။

ကုန်းမြင့်ပေါ်သို့ရောက်တော့ တစ်ထပ်ဆောင်တိုက်ခန်းရှည်များကို လေးငါးခုထပ်မနည်း တွေ့ရသည်။ အလယ်မှ သုံးထပ်ဆောင် အဖြူရောင်တောက်ပသော တိုက်အိမ်ကလေးမှ ထွက်လာသော အဘိုးအိုက သူမအဘိုးပင်ဖြစ်သည်။

အဘိုးက သူမကိုတွေ့တော့ အလွန်အမင်း ဝမ်းသာသွားပါသည်။ သုံးထပ်ဆောင်တိုက်အိမ်ထဲသို့ ဖိတ်ခေါ်သည်။

"ငါ့မြေးလေး အဘိုးဆီလာလည်တာလား။ ဒါ မင်္ဂလာပဲဟေ့"

အဘိုးက တအားပျော်နေသည်။ ရွှေလွှာကလည်း . . .

"ဒါ့ပေါ့ မင်္ဂလာပေါ့။ ဒီနေ့ အဘိုးကို မုန့်တစ်ခုခု လုပ်ကျွေးပြီးမှကို ပြန်မှာ"

"ဟာ . . . အဘိုးကို မုန့်လုပ်ကျွေးမှာ ဟုတ်လား။ ကြားရရုံနဲ့တောင် စားချင်လာပြီကွယ်"

သူတို့စကားတွေကို အလောတကြီး ပြောနေကြသည်။ မြေးအဘိုးနှစ်ယောက် အလွမ်းသည်နေကြတာကိုကြည့်ပြီး မင်းဘွဲ့ ကြည်နူးပါသည်။ ဘေးမှ လူပိုကြီးလိုထိုင်နေရသော သူ့ကြောင့် သူတို့ မလွတ်လပ်သလို ဖြစ်နေမှာကို မင်းဘွဲ့ စိုးရိမ်မိသည်။ ထို့ကြောင့် . . .

"ရွှေလွှာ . . . ငါ အပြင်ခဏ လျှောက်ကြည့်လိုက်ဦးမယ်"




www.burmeseclassic.com

www.burmeseclassic.com

ရွှေလွှာက အဘိုးနှင့် ကစားနေရာမှ လှည့်ပြီး ခေါင်းဆတ်ညိတ်ပြသည်။ သူ အဘိုးကိုပါ ကိုင်းညွတ်ဂါရဝပြုပြီးမှ ထွက်လာခဲ့သည်။

အိမ်အပြင် မြက်ခင်းထဲတွင် ကလေးတွေ လွတ်လပ်စွာ ဆော့ကစားနေသည်။

မြေးအဘိုး စကားကောင်းနေသည်။ မင်းဘွဲ့ထွက်သွားပြီး တစ်အောင့်လောက်ကြာမှ အဘိုးက . . .

"သူက ဘယ်သူလဲ . . . မြေး။ မြေးရဲ့ . . . "

"ဟုတ် . . . အဘိုးထင်တဲ့အတိုင်းပါပဲ အဘိုး"

အဘိုးက ဘာမျှမပြောရသေး၊ ရွှေလွှာက ဦးအောင် ခေါင်းညိတ်ပြလိုက်သည်။

"သူနဲ့ သမီးနဲ့ရည်းစားဖြစ်တာ နှစ်နှစ်ကျော်ပြီ။ သူက ဦးငယ်လေးရဲ့ ပရိသတ် ဘိုးဘိုးရဲ့။ ပုံပြင်ရှူးလေ၊ ပုံပြင်တွေလွှင့်တဲ့ ရေဒီယိုလိုင်းတစ်ခု ထောင်ထားတယ်။ သမီးကို လက်ထပ်ဖို့ ပိုက်ဆံစုနေတာတဲ့"

ရွှေလွှာက ပိုပိုသာသာလေး ကြိုတင်ပြောနေသည်။ စကားထဲမှာပါသွားသည့် ဦးငယ်လေးဆိုသည်မှာ အဘိုး၏ သားငယ်၊ သူမဖခင်၏ညီဖြစ်သူ မြတ်ထွန်းသစ်ဇော်အမည်ရှိ လူဖြစ်သည်။ အဘိုးက စကားထဲတွင် ဆုံးသွားသည့် သူ့သားငယ်အမည်ပါတော့ ခဏသတိရသွားသေးပေမယ့် ပြုံး၍ပင် နေပါသည်။

"သူက မြေးကို တော်တော့်ကိုချစ်တာ . . . အဘိုးရဲ့"

ဟု သူမက ရှက်စနိုးနှင့်ပြောတော့ အဘိုးက သဘောကျသလို အကြာကြီး ရယ်တော့သည်။ သူ့မြေးရည်းစား သန့်ရတာကို ကျေနပ်ပျော်ရွှင်သည့်အဘိုးပင်။

"ဒါဆို အဘိုးက အမွေတွေ လွှဲပေးရတော့မှာပေါ့"

"အာ . . . အဘိုးအမွေတွေ မလိုချင်ပါဘူး။ အဲ့လောက်အများကြီး အလကားရမှာကျတော့ ပျင်းပါတယ်။ အခု သမီးကို မြို့ထဲမှာ ကော်ဖီဆိုင်ဖွင့်ဖို့လောက် မုန့်ဖိုးပေးရင် ရပြီ"



"ဟား . . . ပေးရမှာပေါ့ . . . မြေးရဲ့"

သူ့အဘိုး၏ မုန့်ဘိုးဆိုသည်မှာက သာမန်ချောင်လည်သော မိသားစုတစ်စု၏ အမွေဆိုင် ငွေကြေးပမာဏလောက်ရှိသည်။

"အဘိုး အခု သူနဲ့ စကားပြောကြည့်မလား။ သမီး သွားခေါ်လိုက်မယ်လေ"

"နေပါဦးကွယ် . . . မြေးလေးနဲ့ စကားဝအောင် ပြောပါရစေဦး"

အဘိုးက စကားတွေ တတွတ်တွတ်ပြောနေသည်။ ရွှေလွှာက အဖေ့အကြောင်း အတင်းတုတ်သည်။ အဘိုးလုပ်သူက ယုံသည်။

"ဟုတ်တယ် . . . အဲ့ကောင်ငါ့သားပဲ။ ငါသိတာပေါ့။ ဒီကောင် ငွေနောက်ပဲ လိုက်တတ်တဲ့ကောင်၊ အလကားကောင်"

ဟု အဘိုးက အဖေ့ကို ကျိန်ဆဲတော့ ရွှေလွှာ ကြိုက်နေသည်။ ပြီး အဘိုးကလည်း အမျိုးတွေအကြောင်းပြောသလို ရွှေလွှာလည်း ရှင်းလွှာ နားထောင်သည်။ သို့သော် မျက်လုံးက တစ်ချက်တစ်ချက် ပြတင်းပေါက်အပြင်က မြင်ကွင်းကို ကြည့်ကြည့်နေမိသည်။

ပြတင်းပေါက်အပြင်ဘက်ရှိ မြက်ခင်းပြင်ထဲတွင်တော့ မင်းဘွဲ့ ကလေးတွေနှင့်။ ကလေးတွေက မင်းဘွဲ့ကို ကစားစရာအမှတ်နှင့် ကစားနေသည်ဟု ပြောလျှင် ပိုမှန်မလားမသိ။ မင်းဘွဲ့တစ်ကိုယ်လုံးအပေါ် သစ်ပင်အမှတ်နှင့် ကလေးတွေက ဝိုင်းတက်နေကြတာမှ မျောက်တွေနှင့်ပင် တူသေး။ ပခုံးပေါ်မှာ နှစ်ကောင်။ ပေါင်ကိုဆွဲနေသည်က တစ်ကောင်၊ ခါးပတ်ကြားထဲ လက်နှိုက်ပြီး အပေါ်တက်တက်ဖို့ ဆွဲအားယူနေသည်က တစ်ယောက်။ စုံလို့ပါပဲ။ မင်းဘွဲ့မှာ ကိုးရိုးကားရားကို ဖြစ်လို့။

ဒီကြားထဲ လက်ဟန်ခြေဟန်နှင့် တစ်ခုခု ပြောနေသေးသည်။ ကလေးတွေငြိမ်အောင် ပုံပြင်ပြောနေခြင်းဖြစ်မည်။ သို့သော် ကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com

က ခငြိမ်။ ကလေးတစ်ယောက်က ဘာစိတ်ပေါက်လဲမသိ။ ထပြေးလာပြီး မင်းဘွဲ့ပေါင်ကြားကို ပစ်ကန်သည်။ မင်းဘွဲ့ ပါးကြီးဖောင်းတက်လာပြီး မျက်နှာကြီး နီရဲရှုံ့သွားသည်။ တော်တော် အီသွားပုံရသည်။

"ခွီး . . . "

"ဘာရယ်တာလဲ . . . မြေးရ၊ အဘိုးပြောတဲ့အထဲ ဘာရယ်စရာ ပါလို့လဲ"

အဘိုးက သူ့စကားကို ရယ်သည်အမှတ်နှင့် ပြောသည်။ ရွှေလွှာက မင်းဘွဲ့အဖြစ်ကို ရယ်ခြင်းပါ။ အသာခေါင်းယမ်းပြပြီး . . .

"ဒီလိုပဲ ရယ်မိတာပါ . . . အဘိုးရဲ့"

"အေး . . . ရယ်တာ ကောင်းတယ်။ ဒါနဲ့နေဦး . . . "

ဘာကိုနေခိုင်းမှန်းမသိ။ အဘိုးက ထိုင်ရာကထပြီး အနောက်ထဲ ဝင်သွားသည်။ အဘိုးမရှိတော့မှ ရွှေလွှာပြတင်းပေါက်မှ သူ့ကို ချောင်းချာကြည့်ပြုံး၍ ခေါင်းခါနေရပါသည်။

တအောင့်နေတော့ အဘိုးပြန်ထွက်လာသည်။

"ကလေးတွေကို ဒီနေ့ ခြံတစ်ပတ် ပတ်ပြမယ်လို့ အဘိုးပြောထားတယ်။ အခုတော့ မြေးရယ်၊ မြေးရဲ့ကောင်လေးရယ်က လိုက်ပြလိုက်တော့၊ မြေးလေးတို့ ကိုယ်တိုင်လည်း လျှောက်ကြည့်ရင်းပေါ့"

ရွှေလွှာနှင့်အိမ်အပြင် ပြန်ထွက်လာရင်း အဘိုးက ပြောခြင်းဖြစ်သည်။ ရွှေလွှာက မျက်ခုံးလှုပ်ရသည်။

"အဘိုးရဲ့ ဒီကလေးတွေနဲ့လား"

မြက်ခင်းပြင်ထဲမှာ မင်းဘွဲ့ကို နှိပ်စက်နေသည့် ကလေးတွေကို ရွှေလွှာက ညွှန်ပြရင်း မျက်လုံးပြူးပြူးနှင့် ပြန်ပြောတော့ အဘိုးက ခေါင်းညိတ်ပြသည်။

အဘိုးလာတာတွေ့တော့ မင်းဘွဲ့က ကိုယ်ပေါ်က ကလေးတွေကို ခါချပြီး အရိုအသေပေးသည်။ အဘိုးက သူ့မြေးဘက်လှည့်ပြီး --



"ကဲ . . . ကလေးတွေကို လိုက်ပြလိုက်တော့ ပြီးလို့ ဒီပြန်ရောက်ရင် မြေးရဲ့ကောင်လေးကို အဘိုးဆီတစ်ယောက်တည်း လွှတ်လိုက်။ အဘိုး စကားပြောကြည့်မယ် . . . ဟုတ်လား"

ဟုတ်ဟု ရွှေလွှာ ခေါင်းညိတ်ဖြေလိုက်သည်။

ပြီးနောက် ကလေးတွေ တစ်ပြုံတစ်မနှင့်တကွ ရွှေလွှာနှင့် မင်းဘွဲ့ ခြံတစ်ပတ် ခရီးထွက်ခဲ့တော့သည်။

ခြံတစ်ပတ်သာဆိုသည် ခြံက ကိုယ့်အသိနှင့်ကိုယ်သာ ကန့်သတ်ထားပြီး စည်းရိုးကလနားမရှိတာကြောင့် ဘယ်လောက်အထိ ကျယ်ခန့်မှန်းမသိ။ ထို့ကြောင့် လမ်းအတိုင်း လျှောက်ခဲ့သည်။

ရှုခင်းများက သာယာသည်။ ငှက်တွေကို သစ်ကိုင်းစိမ်းစိမ်းနှင့်တကွ တွဲမြင်ရသည်။ ထိုင်ချင်စရာကောင်းသည့် ကျောက်တုံးများကိုလည်း တွေ့ရသည်။ သို့သော် မထိုင်အား။ မင်းဘွဲ့မှာ ကလေးတစ်ယောက်ကို ကုန်းပိုးနေရသည်။ ညောင်းလို့ လမ်းမလျှောက်ချင်ဘူးဆို၍ ဆကပ်ကပ်လုပ်နေ၍ ကုန်းပိုးထားရသည်။ ရွှေလွှာကိုတော့ မပိုးရ။

ကျောပိုးလျက်နှင့် ချော်လဲသေးသည်။ မင်းဘွဲ့ မှောက်ခုံကြီးသကျသည်။ ကလေးတွေ ရယ်သည်။ ရွှေလွှာပါ ခစ်ခနဲ ရယ်မိသေးသည်။ မင်းဘွဲ့ချော်လဲတာက အကြောင်းမဲ့မဟုတ်။ ကလေးတွေက လမ်းလျှောက် ရင်းပြေးလွှားကစားရာက ဝင်တိုက်လိုက်ခြင်းကြောင့်ဖြစ်သည်။ သုံးဝ မျောက်ရှုံးတွေချည်းပဲ။ ကလေးစုစုပေါင်း (၁၅)ယောက်ပါသည်။ အမ်းတစ်ထောက်မှာ ရေတွက်ကြည့်တော့ တစ်ယောက်လိုနေသည်။ စိုးမိလို့ နောက်ကြောင်းပြန်ရှာတော့ သစ်ပင်ပေါ်ရောက်နေကာ ပြန်မဆင်းဆတ်၍ ငိုနေသည်။ မင်းဘွဲ့ကပဲ အောက်ကနေဖမ်းမယ် ခုန်ချခဲ့ဟုပြောမှ ခုန်ချခဲ့သည်။ ခုန်ချတော့လည်း ကလေး၏ဖနောင့်နှင့် မင်းဘွဲ့၏ နှာခေါင်း ကွက်တိ။ မျက်ကွင်းတစ်ဖက် ညိုသွားသည်။

ဆက်လျှောက်လာခဲ့သည်။ လမ်းမှာ ဝမ်းမနိုင်သည့် ကလေးက ဝမ်းသွားလေသည်။ ရွှေလွှာက နှာခေါင်းပိတ်လျက် လက်တာစြ



www.burmeseclassic.com

www.burmeseclassic.com

တော့ မောင်မင်းဘွဲ့ကပင် အီးကုံးပေးခဲ့ရသည်။ ကလေးနှစ်ယောက်အ ရန်ဖြစ်၍ ဝင်ခွဲရသေးသည်။ မင်းဘွဲ့မှာ ရှုပ်ယှက်ကို ခတ်လို့ပါ။

ရွှေလွှာမှာ မင်းဘွဲ့ကို ကလေးတွေပေးသော ပြဿနာတွေနှင့် ပင် လက်မလည်အောင် ချာလပတ်ယမ်းနေတာပဲ တွေ့ရသည်။

လမ်းတစ်ဖက်ရောက်တော့ မြောင်းတစ်ခုဆီ ရောက်သည်။ လယ်ကွင်းတွေရှိရာဆီသွားမည့် ချောင်းထင်သည်။ ရေက လူကြီးတစ် ယောက်အတွက် မနက်သော်လည်း ကလေးတွေအတွက်ဆို 'ပလုံ' နိုင် သည်။ တံတားကလည်း တစ်ဝက်ကနေစပြီး ကျိုးနေသည်။

ထို့ကြောင့် နောက်ကြောင်းပြန်လှည့်မည်ဟု ပြင်တော့ 'ကလေး တွေက ရှေ့ဆက်သွားမည်' ဟုပင် တကြော်ကြော် အော်နေကြသည်။ မင်းဘွဲ့ ဘာတတ်နိုင်မည်နည်း။ ကလေးတွေကို ရေမစိုစေဖို့ မင်းဘွဲ့ တစ်ယောက်ချင်းဆီ ချီပြီး ဟိုဘက်ကမ်း ဒီဘက်ကမ်း ညောင်ဦးဖိရ တော့သည်။ ရွှေလွှာကပါ မျက်နှာမလွှဲသာတော့ဘဲ ဘောင်းဘီခေါင် ကာ ရေထဲဆင်း၍ ကူညီပေးရတော့သည်။

ကလေးတွေက အဆိုးလေးတွေချည်းပင်။ မိမဆုံးမ၊ ဖမဆုံးမ လေးတွေဟုတော့ မဆဲသာ။ သူတို့က မိဘမဲ့တွေ မဟုတ်ပါလား။

အဘိုးနေထိုင်ရာ သုံးထပ်တိုက်အိမ်ဖြူလေးကို ဟိုး . . . မနီး မဝေးမှာ လှမ်းမြင်ရမှ စိတ်အေးရတော့သည်။ တစ်လမ်းလုံးက ရှခင်း တွေလည်း ဖုတ်ပူမီးတိုက်သာ သူတို့ခံစားနိုင်ခဲ့သည်။ ရွှေလွှာက လမ်း တစ်လျှောက်လုံး မညည်းမညူ ကလေးတွေကို ကြင်နာလာခဲ့သည်။ မင်းဘွဲ့ကို မချီးကျူးဘဲ မနေနိုင်။

"မင်းဘွဲ့ နင်ကလေးတွေအပေါ် တော်တော် စိတ်ရှည်နိုင်တာ ပဲ"

"ဩော် . . . သူတို့ကို ဒီအရွယ်လေးမှာတောင်မှ ငါတို့က စိတ်မရှည်ပေးနိုင်ရင် ဘယ်သူက စိတ်ရှည်မှာလဲ . . . ရွှေလွှာရဲ့။ နောက် ပြီး နင် တစ်ခုမေ့နေပြီထင်တယ်"



"ဘာလဲ"

"ငါကလည်း မိဘမဲ့လေ"

"ဩော် . . . "

ရွှေလွှာ ကိုယ့်နှုတ်ခမ်းကို ကိုယ့်လက်ချောင်းများနှင့် ပြန်ကာ ပြီး 'ဩော်' မိသည်။ သူမ တကယ် မေ့လျော့နေခဲ့မိပါသည်။

မင်းဘွဲ့လည်း ပြောတုန်းကပြောပြီးမှ ကိုယ့်စကားနှင့် ဆက် နိုင်ရာ အတွေးတစ်ခု ဝင်လာသည်။ သူက မိဘမဲ့တာ မှန်သည်၊ ရွှေ လွှာမှာတော့ ဖခင်ရှိသေးသည်။ သူမသာ ပြည်ပထွက်သွားရင် ပြန်လာ မလား၊ ပြန်မလာဘဲ နေသွားမလား၊ ရွှေလွှာသွားမည့်ခရီးက သေချာ ရေရာသည့် ခရီးမဟုတ်။ ဘယ်လောက်ကြာမလဲ မပြောနိုင်။ ဒီမှာတော့ သူ့ဖခင် ကျန်ခဲ့မည်။ ရှင်ကွဲကွဲရမည်။ သားသမီးတစ်ယောက်အနေနှင့် လည်း ရင်ကျိုးမည်။

"ရွှေလွှာ့ကို နိုင်ငံခြားလိုက်မသွားအောင် ကူညီပေးပါ . . . မောင်ရင်ရယ်"

ဆေးရုံမှာတုန်းက ရွှေလွှာ့ဖခင်က သူမကို တိတ်တဆိတ် အကူ အညီတောင်းသည့် စကားသံတွေကို သူပြန်ကြားယောင်လာသည်။ ထို ထို့ကြားယောင်မှုက အဘိုးအိမ်ရှေ့ရောက်သည်အထိ မပြယ်ခဲ့။

ရွှေလွှာက သူ့ကို စကားပြောနေသည်ကိုပင် သူမကြားပဲ သူ့ အိုစကားကိုသာ အထပ်ထပ် ကြားယောင်နေပါသည်။ သူမက ပခုံးချင်း တိုက်၍ လှုပ်နိုးကာ . . .

"မင်းဘွဲ့ . . . ဘာတွေ တွေးနေတာလဲ"

"ဟင် . . . ဩော် . . . ဘာမှမဟုတ်ပါဘူး"

"အင်း . . . စိတ်လှုပ်ရှားနေလို့မို့လား။ စိတ်ငြိမ်ငြိမ်ထားနော် ငါတို့ ရထားပေါ်မှာ ဓာတ်တိုက်ထားတဲ့ အတိုင်းပဲနော်။ နင်နဲ့ငါ သိခဲ့ ခိုက်ကြတာ နှစ်နှစ်ရှိပြီ။ လက်ထပ်ဖို့ အတူကြိုးစားနေကြပြီ ဘာညာနော်။



www.burmeseclassic.com

www.burmeseclassic.com

တခြားမေးခွန်းတွေ မေးလာရင်လည်း ပါးပါးနပ်နပ် ဖြေနော်။ ကဲ . . . သွားတော့ အထဲမှာ အဘိုးစောင့်နေလောက်ပြီ"

သူမက သူ့ကိုအဘိုးနှင့် ထိပ်တိုက်တွေ့ရမှာကြောင့် စိတ်လှုပ်ရှားနေသည်ဟု ထင်နေ၏။ သူ့အိမ်ထဲဝင်ခဲ့တော့ တကယ်ပင် အဘိုးက ကော်ဖီငှဲ့လျက် သူ့ကို စောင့်နေသည်။

"လာ . . . ထိုင် . . . ။ မျက်ကွင်းက ညိုလာပါလား"

အဘိုးစကားကြောင့် သူမျက်လုံးကိုလည်း လက်ဖြင့် စမ်းလိုက်မိသေး။

"ငါ မင်းတို့နဲ့ ထည့်လိုက်တဲ့ကလေးတွေက ငါ့မိဘမဲ့ဂေဟာက အဆိုးဆုံး လက်ရွေးစင်ကလေး ဆယ့်ငါးယောက်ပဲကွ။ မင်း ဘယ်လောက် သည်းခံနိုင်မလဲဆိုပြီး စမ်းသပ်ချင်လို့ ထည့်ပေးလိုက်တာပဲ"

"အာ . . . အဘိုးကလည်း"

"ငါ့လူတချို့ကိုလည်း နောက်ယောင်ခံ လိုက်ကြည့်ခိုင်းခဲ့တယ်။ မင်းက ကလေးတွေအပေါ် စိတ်ရှည်သားပဲ။ ရေထဲဆင်းပြီးတော့တောင် ကလေးတွေကို မြောင်းကူးပေးသေးတယ်ဆိုတော့ အနစ်နာခံစိတ်လည်း ရှိသား။ ဘာပဲပြောပြော အဲဒီအတွက်တော့ မင်းကို အမှတ်ပေးပါတယ်။ ငါ့မြေးကလည်း မင်းကို တော်တော်ညွှန်းထားပါတယ်။ မင်းက ပုံပြင်တွေလည်း ကြိုက်တယ်ဆို"

မင်းဘွဲ့က ဟုတ်ကဲ့ဟု ရိုရိုကျိုးကျိုး ခေါင်းညိတ်ဖြေသည်။ အဘိုးက ထိုင်ရာကထကာ လမ်းဖြည်းဖြည်းလျှောက်ရင်း . . .

"ဒါဆို မင်းကို ငါ ပုံပြင်တစ်ပုဒ်ပြောပြမယ်"

ဟုဆိုကာ အောက်ပါပုံပြင်တစ်ပုဒ်ကို ပြောပြပါတော့သည်။



တစ်ခါတုန်းက တောင်ပေါ်က ဘုရားကျောင်းတစ်ခုမှာ ဆုတောင်းပြည့် ရွှေခေါင်းလောင်းကြီးတစ်ခုရှိတယ်။ ရွှေအတိနဲ့ သွန်းလုပ်ထားတာကြောင့် အင်အားကြီးမားတဲ့ လူတစ်ယောက်မဟုတ်ဘဲ ခေါင်းလောင်းကြီးကို မ,လို့မရဘူး။

ဘုရားကျောင်းမှာနေတဲ့ ရသေ့ကြီးလေးပါးကတော့ အားလုံး စိတ်မနှံ့တဲ့အရူးတွေ ချည်းပဲတဲ့။ တစ်ပါးက အချိန်ရှိတိုင်း တုတ်နဲ့ သိုင်းလေ့ကျင့်နေတယ်။ သိုင်းရူးပေါ့။ နောက်တစ်ပါးကကျတော့ အားတိုင်း ကျောက်တုံးကြီးကို မ,မနေတာတဲ့။ ကျောက်တုံးအရူးပဲ ထားပါတော့။ နောက်တစ်ပါးကကျတော့ အမြဲတမ်း ဟိုအရွက်ပြုတ်လိုက် အမြစ်သွေးလိုက်နဲ့ ဆေးဖော်နေတာ။ ဆေးဆရာ အရူးပေါ့။ နောက်တစ်ပါးကကျတော့ တောင်အောက်မြို့ထဲသွားလိုက်၊ အိပ်ချိန်မှ တောင်ပေါ်ပြန်လာလိုက်၊ တစ်ခါတလေ ပြန်မလာလိုက်နဲ့ လျှောက်သွားတတ်တဲ့ အရူးပေါ့။ လမ်းသလား အရူးပဲထားပါတော့။ ထူးခြားတာက လမ်းသလားအရူးအပြင် ကျန်တဲ့အရူးတွေက တောင်အောက် သိပ်မဆင်းကြဘူးတဲ့။ တစ်နေ့ လမ်းသလားအရူးဟာ မြို့ထဲက ပြန်လာပြီး . . .

"ဟေ့ . . . ငါ မြို့ထဲက သတင်းကြားခဲ့တယ်။ ဓားပြတွေဟာ ငါတို့ခေါင်းလောင်းကြီးကို လာလုကြမလို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ အရှုးလေးယောက် တိုင်ပင်ကြတယ်။ ခေါင်းလောင်းကြီးကို အဝတ်နဲ့အုပ်ပြီး ဂုက်ထားဖို့ပေါ့။ ပြီးရင် ခိုးသားတွေကို စားစရာတွေနဲ့ ချက်ပြုတ်တည်ခင်းကျွေးမွေး ဧည့်ခံပြီး ခေါင်းလောင်းကြီး တကယ်မရှိတဲ့အကြောင်း ချော့မော့ပြောပြီး ပြန်လွှတ်လိုက်မယ်လို့ သူတို့ စီစဉ်ကြတယ်။

"ကဲ . . . ငါက ခိုးသားတွေအလာ စောင့်ကြပ်ဖို့ တောင်တက်လမ်း အရှေ့ဖက်သွားမယ်"

လို့ သိုင်းရူးရသေ့က အော်ဟစ်ပြီး တောင်အနောက်ဘက်ကို ထွက်သွားတယ်။

ဆေးဆရာအရူးကျတော့ ဓားပြတွေလာရင် ဧည့်ခံဖို့ ဟင်းချွဲတွေချက်တယ်။ ကျောက်တုံးအရူးနဲ့ လမ်းသလားအရူးကကျတော့ ခေါင်းလောင်းကြီးနားမှာပဲ စောင့်ကြပ်တယ်။ တော်တော်လေးကြာတော့ ကျောက်တုံးအရူးက ဗိုက်ဆာလို့ဆိုပြီး ဆေးဆရာအရူး ဟင်းချက်တဲ့ဆီ ထွက်သွားတယ်။ လမ်းသလားအရူးလည်း ဘယ်နေခဲ့မလဲ။ သူလည်း သူ့ဝသီအတိုင်း သူ့ဘာသာသူ သက်သက်လျှောက်သွားတာပေါ့။ ရေတွင်းနားရောက်တော့ ဆေးဆရာအရူးနဲ့ တွေ့တယ်။ ဆေးဆရာအရူးက ဟင်းချက်ပြီးလို့ လက်ဆေးနေတာပဲ။ ဒါကို လမ်းသလားအရူးက ရေတွင်းထဲမှာ လရောင်နဲ့အတူ ထင်နေတဲ့ ဆေးဆရာနဲ့အရိပ်ကိုတွေ့ပြီး . . .

"ဆေးဆရာရေ့ . . . ရေတွင်းထဲမှာ မင်းနဲ့သိပ်တူတဲ့ ရသေ့တစ်ပါးပါလား။ မင်းအဖေ ဖြစ်မယ်၊ မြန်မြန်သွားနှုတ်ဆက်ချေ"

ဆိုပြီး ခြေနှစ်ချောင်းကနေ ကိုင်ပြီး ရေတွင်းထဲ ပစ်ချလိုက်တယ်တဲ့။ ဆေးဆရာအရူးလည်း ကြောက်လန့်တကြား ငြင်းဆန်အော်ဟစ်ပေမယ့် မရတော့ဘဲ ဗွမ်းခနဲ ရေတွင်းထဲကျသွားတော့တယ်။ တော်တော်ကြာတဲ့အထိ ဆေးဆရာအရူး ပြန်ပေါ်မလာတော့ လမ်းသလားအရူး လန့်လာတယ်။ မဖြစ်ဘူး မြန်မြန်ပြန်ပေါ်လာအောင် ဆုတောင်းမှာပဲဆိုပြီး ခေါင်းလောင်းကြီးဆီ ပြေးတော့တယ်။



ဒီအချိန်မှာတော့ ကျောက်တုံးအရူးဟာ မီးဖိုဆောင်ထဲကဟင်းတွေ နှိုက်စားပြီး အမြှုပ်တွေထွက်လို့ သေနေပါပြီ။ ဆေးဆရာအရူးကဟင်းတွေထဲကို သူ့ဆေးတွေပါ ရောပြွန်းပြီး ချက်လိုက်လို့ ထင်ပါတယ်။ ကျောက်တုံးရသေ့အရူး အဆိပ်သင့်ပြီး သေသွားတယ်။

လမ်းသလားအရူးက ခေါင်းလောင်းဆီရောက်တော့ ကျောက်တုံးအရူးကိုလည်း မတွေ့၊ ဆေးဆရာအရူးလည်း ရေတွင်းထဲက ပေါ်မလာတာကြောင့် ကြောက်လန့်စိုးရိမ်ပြီး ခေါင်းလောင်းကြီးကို တအားထိုးတော့တယ်။ သူ့ရဲ့ အကြမ်းပတမ်း ထိုးနှက်ချက်ကြောင့် ဆွေးရိနေတဲ့ ခေါင်းလောင်းစင်ကြီးက ပြိုပြီး ခေါင်းလောင်းကြီးဟာ တောင်ပေါ်ကနေ တဒေါင်ဒေါင်မြည်ပြီး လိမ့်ကျသွားတယ်။ လိမ့်ကျသွားတဲ့ ခေါင်းလောင်းကြီးဟာ တောင်အနောက်ဘက်မှာ စောင့်ကြပ်နေတဲ့ သိုင်းရူးရသေ့ရဲ့ တစ်ကိုယ်လုံးကို သွားဖွပ်အုပ်မိရောတဲ့။ အဲဒီ့အထဲမှာပဲ သိုင်းရူးရသေ့ပဲ အသက်ရှူကြပ် သေရပါလေရော။

နောက်ဆုံး ဓားပြတွေလည်း ရောက်မလာဘဲ တောင်ပေါ်မှာ လမ်းသလားအရူးတစ်ယောက်ပဲ ဘာလုပ်ရမှန်းမသိဘဲ ကျန်ခဲ့ရှာတော့တယ်တဲ့ကွယ်။

• • •

အဘိုးက ပုံပြင်အဆုံးမှာ မေးခွန်းကို ပွတ်လို့နေတယ်။

"ဒီပုံပြင်နဲ့ ပတ်သက်ပြီး မင်းကို မေးစရာတွေရှိတယ်။ အဲဒါကတော့ ဒီပုံပြင်ထဲက ရသေ့လေးပါးမှာ ဘယ်ရသေ့က တကယ်ရူးနေတာလဲ၊ အဲဒါ ဖြေစမ်း"

မင်းဘွဲ့ တော်တော်ကြာကြာ စဉ်းစားနေသည်။ ပုံပြင်ထဲမှာ ဖြစ်ရပ်တွေ ကွန်ယက်တည်ဆောက်ထားမှုန်း နားထောင်ရစဉ်ကတည်းက သိသည်။ အခု အမေးရှိပြီး အဖြေရှာရတော့မည်။ အစအဆုံး ပြန်



www.burmeseclassic.com

www.burmeseclassic.com

တွေးကာ အချက်အလက်တွေကို ချိတ်ဆက်သည်။ တအောင့်လောက်ကြာမှ . . .

"ကျွန်တော့်အထင်တော့ လမ်းသလားအရူး၊ ရသေ့တစ်ပါးကဝဲ တကယ်ရူးတာလို့ ထင်ပါတယ်"

အဘိုးက ပြုံးပြီး . . .

"ရှင်းပြစမ်းပါဦး"

"ကျွန်တော့်အထင် ကျောက်တုံးအရူးဟာ နေ့စဉ် ကျောက်တုံးတွေ မ,နေတာဟာ ရူးလို့မဟုတ်ဘူး။ တစ်နေ့မှာ ခေါင်းလောင်းကြီးကို မ,နိုင်ဖို့အတွက် လေ့ကျင့်နေတာဖြစ်မယ်။ သူမ,နိုင်တဲ့တစ်နေ့မှာ ခေါင်းလောင်းကြီးကို အလစ်သုတ်သွားဖို့ပေါ့။ နောက် သိုင်းအရူးရသေ့။ သူကလည်း နေ့စဉ် သိုင်းကျင့်နေတာဟာ ရူးလို့မဟုတ်ဘဲ တစ်ချိန်မှာ ကိုယ်ခံပညာတစ်ဘက်ကမ်းခတ်လာတဲ့အခါ ကျန်တဲ့ရသေ့တွေကို လုပ်ကြံပြီး ခေါင်းလောင်းကြီးကို အပိုင်စီးဖို့ပဲ။

နောက်ပြီး ဓားပြတွေလာမယ်ဆိုတဲ့ ညက အရှေ့ဘက်တောင်တက်လမ်းမှာ သွားကင်းစောင့်မယ်ဆိုပြီး အနောက်ဘက်ထွက်သွားတယ်။ ဒါဟာ ရသေ့တစ်ပါးပါးက ခေါင်းလောင်းကို အလစ်သုတ်လာရင် ရှေ့က မဆင်းဘဲ နောက်ကဆင်းအောင် အသံကောင်းဟစ်ခဲ့တာပဲ။ အနောက်ကိုဆင်းမှ သူက အသင့်ဖြတ်လုမှာပေါ့။

နောက်ထပ် ဆေးဆရာရသေ့ဟာလည်း သူ့ချက်တဲ့ ဟင်းလျာတွေထဲမှာ အဆိပ်တွေ တမင်ထည့်ထားတာလို့ မြင်ပါတယ်။ တမင်လုပ်ကြံဖို့ စီစဉ်ထားတာပဲ။ သူ မရူးဘူးဆိုတာ သူသေခါနီးမှာ ပေါ်လွင်ခဲ့တယ်။ သူ့ကို ရေကန်ထဲပစ်ချဖို့လုပ်တော့ သူ အကြောက်အကန် ငြင်းနေတဲ့ပုံက လူကောင်းတစ်ယောက်နဲ့ ပိုတူပါတယ်။ လူကောင်းဆိုတာ မရူးတဲ့လူလို့ ပြောချင်တာပါ။ နောက်ပြီး ဆေးဆရာအရူး၊ ကျောက်တုံးအရူး၊ သိုင်းရူးတို့ ရသေ့သုံးပါးဟာ တောင်ပေါ်ကမဆင်းကြတဲ့ အချက်ပဲ။ ဒါဟာ သူတို့အချင်းချင်း မြွေမြွေချင်း ခေါင်းလောင်းကြီးကို မျက်ခြည်မပြတ်မခံချင်တဲ့ သဘောပဲ။



ဒါကြောင့် ဟိုလျှောက်သွား ဒီလျှောက်သွား ဟိုလျှောက်လုပ် ဒီလျှောက်လုပ်လုပ်တဲ့ လမ်းသလားအရူးသာ တကယ် အရူးစစ်စစ် ဖြစ်နိုင်ပါတယ် အဘိုး"

အဘိုးက သူ့ရှင်းပြချက်ကို အားရကာ လက်ခုပ်ပင် တဖြောင်းဖြောင်း ထတီးပါသည်။ ပြုံးရယ်၍လည်း နေနေသည်။

"တော်တယ် . . . သိပ်တော်တယ်။ မင်း လူဆိုးလူကောင်းကို အချက်ကျကျ ခွဲတတ်တယ်။ ယုတ္တိဗေဒကို နိုင်နင်းတယ်။ ကောင်းတယ်၊ မင်းကို ငါ့ရဲ့မြေးသားမက်အဖြစ် ငါလက်ခံလိုက်ပြီကွ . . . ဟား . . . ဟား"

အဘိုးက အရမ်းချီးကျူးတာ ဒီလိုပြောလာတော့ သူ ခေါင်းခါမိပါသည်။ ပုံပြင်တစ်ပုဒ်ထဲနှင့်ပင် အဘိုးကိုလည်း သံယောဇဉ်ဖြစ်မိပါသည်။ သို့သော် အခု သူအာရုံထဲ တိုးဝင်နေသည်က ရွှေလွှာအဖေ၏ အကူအညီတောင်းစကားသာ။

"တကယ်တော့ ကျွန်တော်က ရွှေလွှာ့ရည်းစား မဟုတ်ပါဘူး"

အဘိုး သူ့ဆီက ရုတ်တရက်ထွက်လာသည့် စကားကြောင့် အဘိုး ကြောင်သွားသည်။ အဘိုးက သူ့ကို လေးလေးနက်နက် ကြည့်လာတော့ သူ အမှန်အတိုင်း ပြောပြလိုက်မိတော့သည်။

"ဟင် . . . ဘာပြောတာလဲ"

"အဖြစ်မှန်က ဒီလိုပါ . . . အဘိုး"

ရွှေလွှာ သူ့ကို ရည်းစားအဖြစ် ဟန်ဆောင်ခိုင်းတာ။ ရွှေလွှာ ဘာကြောင့် ငွေလိုအပ်နေတာ။ ဒါ့အပြင် ရွှေလွှာဖခင်၏ အကူအညီတောင်းစကားတွေကောပါ သူ အစုံအလင် ရှင်းပြလိုက်သည်။

အကြောင်းစုံသိတော့ အဘိုးမျက်နှာလေး အိုမင်းရှုံ့ကျသွားပါသည်။

မင်းဘွဲ့ လုပ်သင့်တာကို လုပ်ခဲ့ပြီးသလို ဖြစ်လာမှာတွေကို ခံစားနိုင်အောင်လည်း အသင့်ပြင်လိုက်တော့သည်။ ရွှေလွှာ သူ့ကို စက်ဆုပ်

www.burmeseclassic.com

www.burmeseclassic.com

သွားတော့မှာလား။ ရွှေလွှာက သူ့ကို ယုံယုံကြည်ကြည်ဖြင့် ဟန်ဆောင်ခိုင်းခဲ့သည် မဟုတ်လား။

အဘိုး နဖူးကို လက်ထောက်ပြီး ဘာတွေ တွေးနေမှန်းမသိ။ နောက်မှ ထိုင်ရာကထပြီး . . .

"မြေးလေးကို ငါ့ဆီလွှတ်လိုက်"

မင်းဘွဲ့ ခေါင်းညိတ်ပြကာ ထွက်ခဲ့သည်။

အပြင်ရောက်တော့ သူ့ကိုစောင့်နေသည့် ရွှေလွှာက ဝမ်းပန်းတသာ ပြေးလာသည်။ မင်းဘွဲ့ကို လက်မ,ထောင်ပြရင်း . . .

"အိုကေတယ်မို့လား . . . မင်းဘွဲ့။ နင့်ကို အဘိုးက သဘောကျတယ်မို့လား"

"အင်း . . . အဘိုးနဲ့ အဆင်ပြေပါတယ်။ အခု နင့်ကို ခေါ်နေတယ်။ သွားလိုက်ဦး"

သူမ ဝမ်းသာအားရ အထဲဝင်သွားတော့ မင်းဘွဲ့ခပ်ဝေးဝေးက သစ်ပင်တစ်ပင်အောက်မှာ သွားထိုင်နေလိုက်သည်။

ရွှေလွှာ ပြန်ထွက်လာရင် ဘာတွေဖြစ်မလဲ။ သူ မစဉ်းစားရဲ။ သူမ သူ့ကို နားလည်ပါစေဟုသာ မျှော်လင့်နေမိသည်။ သူလုပ်ခဲ့တာ ရွှေလွှာ့အတွက် စစ်မှန်သော ကောင်းကျိုးရရန်အတွက်ဟု သူယုံကြည်သည်။ ထို ယုံကြည်မှုအတွက် ရင်ဆိုင်စရာတွေလည်း မကြာခင်လာတော့မည်။

တကယ့်ကို မကြာပါ။ သူမ အဘိုးအိမ်ထဲက ထွက်လာပါသည်။

သူမ မျက်နှာသိပ်တည်နေမှန်း သူသိပါသည်။ အဘိုးက သူ့ကို ဘာတွေပြောလိုက်ပြီလဲ။ သူ့အလိုလို မတ်တတ်ရပ်မိသလို သူမကလည်း သူ့ရှေ့မှာ လာရပ်သည်။ နောက် . . .

"ဖြန်း . . . "

ခနဲ သူ့ဆံပင်တွေ ယမ်းခါသွားသည်။



"နင် ရှုးနေလို့ ငါ့ကို ဒီလိုလုပ်တာလား။ ငါ အနှစ်နှစ် အလလ ကြိုးစားခဲ့တဲ့ အိပ်မက်ကလေး အကောင်အထည်ဖော်ခါနီးမှ နင်က သစ္စာဖောက်ရတယ်။ နင် . . . ဘာကြောင့်လဲ"

" . . . . . . . . . . . "

သူမ၏ မုန်တိုင်းကြားမှာ သူ နှုတ်ဆိတ်လျှက်။

"ဘာလဲ . . . နင်က ငါ နိုင်ငံခြားမသွားရတော့ရင် ကြာရင် နင်နဲ့ သံယောဇဉ်ဖြစ်ပြီး နင့်ကို လက်ခံလိမ့်မယ်လို့ ထင်လို့လား။ သွားသေလိုက်။ နင့်ကို ငါ အရမ်းနာသွားပြီ။ ဘဝမှာ ဘာလို့ နောက်ကျောဓားနဲ့ထိုးတဲ့သူတွေ ဒီလောက်များရတာလဲ ဟင်"

" . . . . . . . . . . . "

သူမ ပါးပေါ်က မျက်ရည်ကို ဆွဲသုတ်သည်။

"အခု ငါ့မျှော်လင့်ချက်တွေ အကုန်လုံး . . . အကုန်လုံးကို နတ်ပြတ်သတ်ကုန်ပြီ။ ငါ့အဘိုးကတောင် ငါ့ကို မယုံတော့ဘူး။ နင်လုပ်လိုက်တာတွေလေ။ အဲ့ဒါ နင့်ကြောင့် . . ."

သူမ လက်ဖဝါး နောက်တစ်ကြိမ် လေထဲမြှောက်တော့ သူ မေးမော့ပေးလိုက်သည်။ သူမ နှုတ်ခမ်းတွေ တုန်ယင်နေသည်။ လက်ဖဝါးက ဆက်မရွေ့လာ။ သူမ သူ့ကို နောက်တစ်ချက် မရိုက်ရက်ပါ။

သူမ လက်ကိုဆွဲချပြီး အဝေးကို ပြေးထွက်သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## (14)

တချို့က တုံးလွန်းစွာ ဇာတ်သိမ်းခန်းကို ကျော်ဖတ်၍ မင်းသား မင်းသမီး ညားမညားကို ကြိုသိချင်ကြသည်။ သူလည်း ကိုယ့်လက်ဖဝါးကိုယ် ငုံ့ကြည့်မိသား။ ဖူးစာရေးလမ်းကြောင်းထဲက သူ့အမည်ပါသော ငှက်ကလေး ထပျံသွားခဲ့။ သူကလည်း မင်းသားမဟုတ်သို သူမကလည်း မင်းသမီး မဟုတ်ခဲ့ပါ။

သို့သော် ဖြစ်ခဲ့နိုင်ဖူးသည်မှာတော့ သူမက သူ၏ ချစ်လှစွာသော နတ်သမီး။ သူ ကိုယ်ဇာတ်သိမ်းကိုယ်ကျော်မဖတ်ဘဲ ကြိုသိနေခဲ့ပြီးတာ ကြာပြီ။ သူ့ကို စချစ်မိပါပြီဆိုကတည်းက သူနှင့် ဝေးရတော့မည်ဆိုတာ သိနှင့်သည်။ မနီးခင်က ဝေးနှင့်သည်ဟု ဆိုကြပါစို့။

ဒါ ဇာတ်သိမ်းလား။ ရင်ဘတ်ထဲမှာ လင်းနို့တွေ ကိုက်ဆွဲထားသလို နာကျင်နေ။ ကဗျာဆရာတစ်ယောက်၏ အဆိုရှိသည်။ ဘဝကို ပိုကောင်းအောင် လုပ်တဲ့အထဲမှာ ကဗျာလည်း ပါတယ်လို့ ယုံကြည်သည်တဲ့။ သူလည်း အမှောင်ကြယ်တွေအောက်မှာ အေးစက်စက်ထိုင်ရင်း ဘဝကို ပိုယုံကြည်ပြီး လုပစေတဲ့အထဲမှာ ချစ်ခြင်းမေတ္တာလည်း ပါတယ်လို့



ရေရွတ်မိခဲ့သည်။ ငါလုပ်ခဲ့တာ နင့်ဘဝလေးလှဖို့ပေါ့ . . . **မိရွှေလှသာရဲ့။**

ဇာတ်သိမ်းမှာ ညားမညားတော့ သူ စတေးခဲ့ရသည်။

အလွမ်းသည် သန်းခေါင်ထက် ညဉ့်မနက်တော့သော သဘောနှင့် မနားမနေ ကူးခတ်နေသည်။ ဘယ်သူက လှမ်းခေါ်ခေါ် သူ့အသံမဟုတ်လျှင် မကြားချင်တော့သော နားရွက်တို့ဖြင့် တမ်းတမှုသည် ခေါင်းမာနေခဲ့တော့၏။

ᨒ ᨒ ᨒ



www.burmeseclassic.com

www.burmeseclassic.com

သူ့ထံ သူမ မလာတော့ပါ။

သူမ Story FM ရုံးသို့ မလာခဲ့တော့ပါ။

သူမ သူ့အပေါ် နာကျည်းသွားလေပြီလား။ သူ မတွေးရဲ။

မည်သူက ချစ်သူ၏ နာကြည်းမှုကြောင့် ပျော်ရွှင်ခဲ့ဖူးပါသလဲ။ ယခုလည်း သူ ဆွေးမြည့်နေခဲ့သည်။ မိုးနှင့် မြေမဟုတ်။ အရှေ့အနောက် မဟုတ်။ ရေနှင့်မီးမဟုတ်။ မျဉ်းပြိုင်နှစ်စင်းဆိုတာလည်း မဟုတ်ပါ။ သို့ သော် . . . ဆုံနိုင်ဦးမည်ဟုလည်း သူ မယုံကြည်တော့ပါ။

လုပ်သင့်တာကို လုပ်ခဲ့တာပဲဟု ကိုယ့်ကိုယ်ကိုယ် ဖြေတွေးမိ စဉ်မှာပဲ လုပ်ချင်တာကိုတော့ မလုပ်နိုင်ခဲ့ဘူးမို့လားဆိုသည့် ကိုယ့်ခံစား ချက်ကို ကိုယ်သတ္တာဖောက်သလို အမေးမျိုးလည်း အတွေးတစ်ထောင့် မှ ချုံခိုတိုက်ခိုက်နေသလိုပါ။

တွေ့ချင်လိုက်တာ . . . ရွှေလွှာရယ်။

သူမ လုံးဝအဆက်အသွယ်မလုပ်တော့တာ ရက်သတ္တပတ်နှစ် ပတ်ရှိခဲ့ပြီ။

ငါ့ကို မုန်းလည်း လာတွေ့သင့်တာပေါ့။ ငါ့ကို ခနဲ့တဲ့တဲ့ နှုတ် ဆက်သွားတာမျိုးဖြစ်ဖြစ် နင် လုပ်မကြည့်တော့ဘူးလား။ ငါဘယ်ဘက်



ပါးလေး အကောင်းအတိုင်း ရှိသေးတာကို နင် လာရိုက်ပါဦးလား။ ဘယ် လိုပုံစံနှင့်ပဲဖြစ်ဖြစ် ငါ နင့်မျက်နှာကို ခဏလေးတော့ ပြန်တွေ့ချင်ပါ တယ်ဟာ။

သူငယ်ချင်းတွေကလည်း အလိုက်တသိ သူ့အပေါ် နားလည် ဆီးထားကြသည်။ သူ့ဓာတ်လမ်းကိုလည်း ဒီအတိုင်းပြီးသွားပါပြီဟု အား လုံးက ဓာတ်သိမ်းမကောင်းစွာ ထင်မှတ်ခဲ့သော်လည်း သူမ သူ့ဆီမလာ အဲနေသည့် တစ်ဆယ့်ရှစ်ရက်မြောက်နေ့မှာတော့ ဖုန်းဝင်လာခဲ့သည်။ နံနံပါတ်ကိုမြင်တော့ သူ ဝမ်းသာသွားပုံများ မီးနေသည်မိန်းမက တစ်ခုခု ကို ကုတ်ဆွဲချင်နေပုံမျိုးနှင့် တူလှသည်။

“တွေ့နေကျ ကစားကွင်းဥယျာဉ်ထဲ အခုလာခဲ့”

ဟု သူမဘက်က တုံးတိတိပြောကာ ဖုန်းချသွားသော်လည်း သူ ပျော်ပါသည်။ သူမနှင့်ဓာတ်လမ်းက မပြီးသေးဘူးဆိုသည့်အသိက သူ့ကို ထိန်းမရအောင် ပျော်စေသည်။ နောက်ဆုံးတော့ သူ့ကို ပြန်အခေါ် အပြောလုပ်ပြီး သူ့အပေါ် နားလည်ပေးနိုင်ပြီဟု သူသိလိုက်သည်။

“အေပေး . . . ခုနကသောက်ခွက်ကျ သေတော့မယ့်အတိုင်း ပဲ”

“ခုနက ရွှေလွှာ ဆက်တာလား၊ OK ပြီလား”

“အဆင်ပြေပါစေ . . . မင်းဘွဲ့ရေ။ နင် ခံစားနေရတဲ့ ပုံကြီး ကြည့်ပြီး တစ်ရုံးလုံး စိတ်မချမ်းသာလွန်းလို့”

“ဟုတ်တယ်၊ အဆင်ပြေရင် ရွှေလွှာ့ဆီက ပုံပြင်စာမူအသစ် လေး ထပ်တောင်းခဲ့ဦး”

သူငယ်ချင်းတွေကလည်း အခုမှ တစ်ယောက်တစ်ပေါက် ဝင် ပြောနိုင်ကြတော့သည်။

သူမ စောင့်နေမည့် တွေ့နေကျနေရာသို့ သူ အမြန်သွားခဲ့ပါ သည်။



www.burmeseclassic.com

www.burmeseclassic.com

ဟိုရောက်တော့ သူမက ခါတိုင်းပုံပြင်ပြောနေကျ နေရာတွင် ထိုင်၍မနေဘဲ မတ်တတ်ရပ်လျက် စောင့်နေပါသည်။ သူ လမ်းလျှောက် လာသည်ကိုမြင်တော့ သူမက ကြည်ကြည်လင်လင် ပြုံးပြပြီး ခြေလှမ်း လေး ခုန်ဆော့ခုန်ဆော့လုပ်ကာ သူ့ဆီပြေးလာသည်။

သူ့ဆီရောက်တော့ သူမ မျက်စောင်းတစ်ချက် ထိုးကြည့်ပြီး မသပ်မရပ်ဖြစ်နေသည့် သူ့အင်္ကျီကော်လံကို စမတ်ကျကျ ရွှေလွှာအာ အတွန့်ချိုးပေးလိုက်သည်။

"နင့်ကြည့်လိုက်ရင် အမြဲ ဖိုသီဖတ်သီချည်းပဲ"

သူမက ဥယျာဉ်လမ်းလယ်ခေါင်မှာ ဒီလိုကော်လံချိုးပေးတော့ မင်းဘွဲ့ ပတ်ဝန်းကျင်ကို မျက်လုံး ဝေ့ကြည့်ရသေးသည်။ သူများတွေ တွေ့ပြီး ဘယ်လိုဖြစ်သွားမလဲလို့။ သူ့အမူအရာကိုသိသော သူမက..

"ဘာလဲ ရှက်လို့လား"

"ရှက်ပါဘူး"

"သိသားပဲ၊ နင် အရှက်မရှိတာ"

သူမ ပုံစံက အရင်နေ့ရက်များအတိုင်း ကြည်ကြည်လင်လင် မိုးသားပြင်ပါ။ အမုန်းအတီး အညိုးအတေးတွေ သူမမျက်နှာမှာ ငွေ့ငွေ့ လေးပင် ဖွေရှာမတွေ့။

"ငါ နင့်ကို လက်ဆောင်ပေးချင်လို့ ဒီကိုခေါ်လိုက်တာ"

"ဘာလက်ဆောင်လဲ ပေးလေ"

ဘာပေးပေး ယူရန်အသင့်ဖြစ်နေသည့် မင်းဘွဲ့ပင်။ သူမက ဆက်ပြီး . . .

"ခဏနေဦး၊ အခု မပေးသေးဘူး။ နင်နဲ့ အပြေးပြိုင်ချင်သေး တယ်"

ဟု ပြောလာသည်။



ပြီးတော့ ရေခဲမုန့်တစ်ခုကို သူမဘာသာ သူမ ဝယ်စားနေသေး သည်။ ရေခဲမုန့်သည်ကြီးက သူတို့အတွဲကို မှတ်မိသလို . . .

"ဟား . . . ဟား . . . ဟိုတစ်ခါက ငါတို့တွေ ဒါလင်သီချင်း ဝိုင်းဆိုပေးလိုက်ရတဲ့ အတွဲပဲ။ ငါတောင် အခု အဲဒီသီချင်း ခဏခဏ နားထောင်ပြီး အတော်ကြိုက်နေပြီကွ"

ဟု ပြောသေးသည်။ ဒီလိုကျတော့ သူမက ရယ်သည်။

ရေခဲမုန့်စားရင်း လမ်းလျှောက်ကြသည်။ ရေခဲမုန့်ကုန်ခါမှ . .

"တစ် . . . နှစ် . . . သုံးဆိုတာနဲ့ စပြေးမယ်။ ဟိုး . . . သစ်ပင်က ပန်းတိုင်ပဲ။ ကဲ . . . စပြီ . . . တစ် . . ."

"နှစ် . . . သုံး . . ."

သူမက ဦးအောင်ပြေးသည်။ သူမက လုံးတုံးလုံးတုံးနှင့် ပြေး ပေမဲ့ ပြေးနှုန်းက သာမန်ပါ။ မင်းဘွဲ့လည်း သူမကို အနိုင်ယူချင်စိတ် ရှိသည့်အတိုင်း သူမနှင့် ခပ်ခွာခွာကနေ နောက်ချန်ပြေးလိုက်မိပါသည်။

သူမက သူ့ကို လှည့်ကြည့်လှည့်ကြည့်နှင့် ပြေးသည်။ သူက လည်း သူမ လှည့်ကြည့်တိုင်း အားသွန်ခွန်စိုက်ပြေးသည့်ဟန် သရုပ် ဆောင်ရသည်။ သူ အလျှော့ပေးမှန်းသိလျှင် စိတ်ကောက်ချေဦးမည်။ ပန်းတိုင်ရောက်ခါနီးမှာ သူမ တစ်ခါ လှည့်ကြည့်ပါသည်။ မင်းဘွဲ့ မလှမ်း ကမ်းက ကပ်ပါလာနေဆဲ။

သူမ ဆက်မပြေးတော့ဘဲ ရပ်၍ သူ ပြေးလာသည်ကို ကြည့်နေ သည်။

"မင်းဘွဲ့ရယ် . . ."

သူမ မျက်ရည်တွေ လိမ့်ဆင်းလာသည်။ မျက်ရည်တွေကပဲ ညင်သာလွန်းတာလား သူမကပဲ ပူဆွေးလွန်းတာလားမသိ။ သူမကိုယ် ကိုယ်ကိုယ် မျက်ရည်ကျနေမှန်း မသိရှာပါ။

အနားရောက်လာသည့် မင်းဘွဲ့က . . .

"ဘာလို့ ငိုနေပြန်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com

လို့မေးမှ သူမ မျက်ရည်ကို မြန်မြန်သုတ်ပြီး ပြုံးပြသည်။ သူမ ပြောပြသည်။

"ငါ့ရည်းစား ငါ့ကိုထားခဲ့တုန်းက ဒီလိုမျိုးထားခဲ့တာဟ။ ငါက အပြေးပြိုင်မယ်လို့ပြောတော့ သူက ခေါင်းညိတ်တယ်။ တစ် . . . နှစ် . . . သုံး . . . အော်ပြီး ငါက စပြေးတယ်။ သူ နောက်က ပါလာသလား၊ မပါသလား၊ မသိဘဲ ဖွတ်ပြေးခဲ့တယ်။ ပန်းတိုင်နား ရောက်ခါနီးကျမှ လှည့်ကြည့်လိုက်တော့ သူမရှိဘူး ဖြစ်နေတယ်။ သူ ပွဲစကတည်းက ငါနဲ့အတူ လိုက်မလာတာလား၊ ဒါမှမဟုတ် လမ်းတစ်ဝက်ကနေ လှည့်ပြန်သွားတာလားတော့ ငါမသိဘူးပေါ့။ အဲ့ဒီနေ့ကစပြီး ငါ့အနားက သူထွက်သွားတာပဲ"

သူမ မျက်ရည်တွေ ကျလာပြန်သည်။ သူမ စကားက တော်တော် တာသွားပါသည်။ ဒါ အပြေးပြိုင်ပွဲတစ်ခုထက်ပိုသော နိမိတ်ခဲ့တွေ ပါသည်။ သူမ ဝမ်းနည်းနေတော့ မင်းဘွဲ့လည်း ရင်ထဲတွင် နာမှန်းမသိအောင် နာကျင်လာသည်။

"အခု နင်ကကျတော့ ငါ့ရဲ့အရိပ်လိုပဲ ငါ့နောက်ကနေ တစ်လိုက်လာခဲ့တယ်နော်"

" . . . . "

ဩော် . . . ရွှေလွှာရယ်။

သူမက မျက်ရည်ကို ဖြစ်သလိုသုတ်ပြီး ခေါင်းယမ်းကာ . . .

"ထားပါတော့ဟာ။ ကဲ . . . နင့်ကို လက်ဆောင်ပေးမယ်"

ဟုဆိုကာ ကျောမှာလွယ်ထားသည့် ကျောပိုးအိတ်သေးသေးလေးထဲက စာအုပ်တစ်အုပ်စာလောက်ရှိသည့် ပါဆယ်ထုပ်ပြားပြားလေးကို ထုပ်ပေးသည်။

"ဘာတွေလဲ"



ဟု မေးရင်း ပါဆယ်ထုပ်ကိုပါ ဖြည်ကြည့်ဖို့လုပ်တော့ သူမက တားသည်။ အခု မကြည့်နဲ့ဦးတဲ့။

"ဟိုးရေကန်ထဲမှာ ခြေနင်းလှေတွေရှိတယ်။ နင် အဲ့ဒါတွေ စီးဖူးလား"

"ငယ်ငယ်ကတော့ စီးဖူးပါတယ်။ ဒါပေမဲ့ နင်းရတာနဲ့ မတန်ဘူးဟ။ သူက နှေးနှေးလေးရွေ့တာ"

"လာ . . . နင် ငါ့ကို လိုက်စီးပြ"

သူ လက်ကို ပိုက်ဆွဲကာ ထိုခြေနင်းလှေတွေရှိသည့် ရေကန်သို့ သွားကြပြန်သည်။ ကန်စပ်ရောက်တော့ သူ့ကိုတစ်ယောက်တည်း စီးခိုင်းသည်။

"နင်ကျ ဘာလို့မလိုက်တာလဲ"

"နင်စီးတာကို ကြည့်ချင်လို့ပါ။ ကန်အလယ်ရောက်ရင် ငါ ခုနပေးတဲ့ လက်ဆောင်ကို ဖောက်ဖွင့်ကြည့်နော်"

"ဩော် . . . ကန်အလယ်ရောက်ရင် ကြည့်လို့ရပြီလား။ အေးအေး . . ."

နောက် သူ လှေပေါ်တက်သည်။ ခြေထောက်တွေနှင့် စက်ဘီးနင်းသလို စနင်းတော့ လှေကလည်း စတင်ရွေ့သည်။ သို့သော် စက်ဘီးနင်းသလောက်တော့ မရွေ့။ ခပ်နှေးနှေး ခပ်လေးလေးသာ။ သူ့လှေရွေ့တော့ သူမက ပြုံး၍ လက်လှမ်းပြသည်။

ကန်ရေပြင်ထဲမှာ တခြားသမီးရည်းစား စုံတွဲလေးတွေလည်း လှေစီးနေကြသည်။ တစ်ယောက်နှင့်တစ်ယောက် ရှုခင်းတွေ လက်ညွှန်ပြီး ပြောလိုက်၊ မုန့်ခွံ့ကျွေးလိုက်၊ ခိုးခိုးခစ်ခစ်ရယ်ကြ၊ တီတီတာတာ ကြိုကြိုက်ကြနှင့်။ သူ့ကျမှ တစ်ယောက်တည်း။ သူမက ဘာလို့လိုက်မစီးပါလိမ့်။ ဒါတော့ နည်းနည်းထူးဆန်းသလို။



www.burmeseclassic.com

www.burmeseclassic.com

သူ ကန်ရေပြင်အလယ်ရောက်တော့ သူမကို လှမ်းကြည့်သည်။

သူမက အမူအရာနှင့် ပါဆယ်ထုပ်ဖောက်လို့ရပြီဖြစ်ကြောင်း လှမ်းပြောပြသည်။

သူ တလက်လက်တောက်နေသော ပလတ်စတစ်လှလှများနှင့် ထုပ်ထားသည့် လက်ဆောင်ထုပ်ကို ဖွင့်ကြည့်လိုက်သည်။ အဖုံးတွင် အဝါရောင် ပန်းပွင့်ပုံများပါသော ဓာတ်ပုံ Album တစ်ခုဖြစ်နေသည်။ ဖွင့်ကြည့်လိုက်တော့ သူ အံ့သြသွားရသည်။ သူ တော်တော် အံ့သြသွားလေသည်။ သူ လုံးဝ ထင်မှတ်မထားသော လက်ဆောင်တစ်ခုပါပဲ။

သူ ချက်ချင်း ကမ်းစပ်လှမ်းကြည့်လိုက်တော့ သူမက သူ့ကို ကြည့်နေသည်။ သူမ ပြုံးနေသည်။

သူ ဓာတ်ပုံ Album ဆီ မျက်လုံးပြန်ရောက်ရင်း အလွန်အမင်း ဝမ်းသာနေသည်။

Album ထဲက ဓာတ်ပုံတွေမှာ သူနှင့်ရွှေလွှာ ဟိုတစ်ခါက ဒါလင်နေ့တွင် ရိုက်ခဲ့သော ဓာတ်ပုံများပင်ဖြစ်သည်။ ဒီတစ်ခါတော့ ဓာတ်ပုံထဲက အမျိုးသားနေရာတွင် မင်းဘွဲ့ပုံစစ်စစ်တွေ။ မင်းဘွဲ့ ဘယ်ဝမ်းမသာဘဲ နေနိုင်မည်နည်း။ Album ထဲတွင် ထိုနေ့က ရိုက်ခဲ့သောပုံများ အကုန်ပါသည်။ နှစ်ဦးသား လက်ချောင်းတွေ ထောင်ပြနေသည့်ပုံကော၊ တစ်ယောက်နှာခေါင်း တစ်ယောက်ညှစ်နေသည့်ပုံလည်း ပါသည်။ တစ်ပုံပြီးတစ်ပုံ သူလှန်ကြည့်သည်။ ကန်စပ်ကို လှမ်းကြည့်တော့လည်း သူ့ကို ကြည့်လျက်သားဖြစ်နေသည့် သူမကို တွေ့ရသည်။

လက်တွဲပြီး ရိုက်နေသည့် ပုံလည်းပါသည်။ ပါးတွေဖောင်းပြီး ရိုက်သည့်ပုံကော၊ တစ်ယောက်ပါးကို တစ်ယောက် လက်သီးနှင့်ထိုးနေသည့် ပုံကော၊ သူမပါးပြင်သို့ နမ်းဟန်ပြုနေသည့်ပုံလည်း ပါသည်။ ထိုပုံထဲတွင် ရွှေလွှာက နည်းနည်းရှက်နေပုံရသည်ဟု သူထင်မိသည်။



Album နောက်ဆုံးတစ်ရွက်ကို လှန်လိုက်တော့ ဓာတ်ပုံတွေမရှိတော့။ ဓာတ်ပုံတွေ ကုန်သွားပြီ။ သို့သော် စာရွက်ခေါက်လေးတစ်ခေါက်ကတော့ ဓာတ်ပုံထည့်ရမည့်နေရာတွင် ညှပ်ထည့်ထားတာ တွေ့ရသည်။ သူ စာရွက်ခေါက်လေးကို ဆွဲယူကာ ဖွင့်ကြည့်လိုက်သည်။ အထဲတွင် စာတွေရေးထားသည်။ သူ ဖတ်ကြည့်လိုက်သည်။

သို့

မင်းဘွဲ့

*ငါ နင်နဲ့ ရေစက်ဆုံရတဲ့အတွက် ဒီကမ္ဘာကြီးကို ကျေးဇူးတင်မဆုံးပါဘူး။ ငါ ဒီစာနဲ့ နင့်ကို တောင်းပန်နှုတ်ဆက်သွားချင်တယ်။*

*တောင်းပန်ချင်တာက ဒီအတောအတွင်း နင့်ကို အနိုင်ကျင့်ခဲ့တာတွေ၊ အသုံးချခဲ့တာတွေ။ နင်ဒုက္ခရောက်အောင် လုပ်မိခဲ့တာတွေ။ နင့်ကို အလုပ်ရှုပ်ခဲ့တာတွေအတွက်ပေါ့။ ပြီးတော့ ဟိုတစ်နေ့က ငါ့အဘိုးအိမ်မှာ နင့်ကို ပြုမူခဲ့တာအတွက်ကောပေါ့။ ငါ နင့်ကို အထင်လွဲမိတယ်။ ငါ တော်တော် မကောင်းဘူးနော်။*

*ငါနှုတ်ဆက်ချင်တာကတော့ ငါ့အဘိုးက ငါ့ကို အမွေတစ်ဝက် ခွဲပေးလိုက်ပြီဟ။ ငါ ပြည်ပထွက်ပြီး ငါ့ရည်းစားကို ထွက်ရှာတော့မယ်။ အားလုံး စီစဉ်ပြီးသွားပြီ။ နောက်တစ်ပတ်ဆို သွားရတော့မယ်။*

*ငါ ကတိတွေလည်း တောင်းချင်သေးတယ်။*

*နင် ငါထွက်သွားတဲ့နောက်ပိုင်း ငါတို့အတူရှိခဲ့ဖူးတဲ့ နေရာတွေဆီ ခဏခဏပြန်သွားကြည့်ပြီး ငါ့ကို သတိရမနေပါဘူးလို့ ကတိပေးပါလား။ ငါ တောင်းဆိုတာပါ . . . မင်းဘွဲ့ရယ်။ နင်သိလား။ ငါ့ကမ္ဘာပေါ်မှာ နင့်မေ့ပစ်ဖို့ အသင့်လျော်ဆုံးလူ တစ်ယောက်ပဲ . . . မင်းဘွဲ့ရဲ့။*



www.burmeseclassic.com

www.burmeseclassic.com

ဒါမှ ငါစိတ်ကောင်းမှာ။ နင်မြန်မြန်မေ့ပစ်နိုင်အောင် ကြိုးစား

ငါတို့ပုံပြင်က ဆုံးပြီလေ။ ငါတို့ မနှစ်သက်လည်း ဒီမှာပဲ ရပ်တန့်ရမယ်။ ငါတို့ ရှေ့ဆက်ချင်လည်း ဒီနေရာမှာပဲ အဆုံးသတ်ရမယ်။ ငါတို့ ပုံပြင်ထဲမှာ မဆုံနိုင်ခြင်းတွေ အစကတည်းက ရှိနေတယ်လေ။

ဒါပဲနော်။ ငါ့ကို မေ့ပါ။ ငါ တောင်းဆိုတာကို မမေ့ပါနဲ့။

ရွှေလွှာ

စာအဆုံးမှာ သူမော့ကြည့်လိုက်တော့ ရေကန်အစပ်မှာ သူမ မရှိတော့ပါ။

သူ သေလုအောင်ကြိုးစားနင်းလည်း အသုံးမကျသည့် ခြေနင်းလှေက နှေးမြဲနှေးဆဲ။ သူ ကန်စပ်ကိုရောက်တော့ သူမကို အမြန်လိုက်ရှာသည်။ မတွေ့။ သစ်ပင်တွေနောက် လိုက်ရှာသည်။ ရွှေလွှာ နင်တကယ်သွားတော့မှာလား။ ရေခဲမုန့်သည်ကြီးကို သွားမေးသည်။ ခေါင်းယမ်းပြသည်။ ရွှေလွှာက နင်ဘယ်မှာလဲ။ သူ့ကို ဒါလင်သီချင်းကိုဆိုကတည်းက သိနေပြီဖြစ်သော ဥယျာဉ်စောင့်တွေကို မေးကြည့်တော့ လက်ခါပြသည်။ သန့်ရှင်းရေးလုပ်နေသည့် အဒေါ်ကြီးကို မေးကြည့်တော့ သူ့ကို သနားသလို ပြန်ကြည့်နေသည်။ ရွှေလွှာ ငါ့ကို နောက်ဆုံး ခဏလေးဖြစ်ဖြစ် တွေ့ခွင့်ပေးပါဦးလားဟာ။

သူများ သမီးရည်းစားတွေကို ထီးတွေ ဆွဲလှန်ပြီး လိုက်မေးသည်။

သူ့ကို အရူးတစ်ယောက်လို ကြည့်ကြပြီ။ သူ တကယ်ရူးနေခဲ့ပါပြီ။ ရွှေလွှာ နင် ငါ့ကို ရူးအောင်လုပ်နေတာလား။

ဥယျာဉ်ကျယ်ကြီးကို နံ့အောင်ပတ်ပြီး၊ ရေကန်စပ်အနားပြန်ရောက်တော့ ဝမ်းနည်းစိတ်တွေနှင့် သူ ထိုင်ကျသွားသည်။



ထားခဲ့တော့မယ်ဆိုရင်လည်း ခဏ . . .

ငါ့ရဲ့နံဘေးနားမှာ စကားတစ်ခွန်းလောက်နဲ့တော့ လာနှစ်သိမ့်ပေး မစာနာနိုင်ဘူးလား အားလုံးရှုံးနိမ့်ပြီဘာ၀။

ငါကလေးလေးတစ်ယောက်လို တွယ်ရာမဲ့တုန်း အားဟာ . . .

. . . . . . . . . . . .

အနီးဆုံး အအေးဆိုင်လေးဆီက ပျံ့လွင့်လာသည့် သီချင်းအပိုင်းအစ။ မောင်မောင်ဇော်လတ်၏ 'လမ်းခွဲချိန်' ဖြစ်နေခြင်းက တကယ်ပဲ တိုက်ဆိုင်မှုလား။

နင်နဲ့ငါ . . . နင်နဲ့ငါ . . .

နောက်ဆုံး တစ်ခေါက်လောက်တော့ နင့်မျက်နှာ ငါ့တစ်ဖက် မမေ့အောင် ကြည့်ခွင့်လေးတော့ ပေးခဲ့ပါလား . . .

နင်နဲ့ငါ နင်နဲ့ငါ ခဏလောက်အတူ နေခွင့်ပေးပါ . . .

. . . . . . . . . . . .

ရွှေလွှာရယ် . . . ။

သူပါးပြင်မှာ မိန်းကလေးတစ်ယောက်ကြောင့် စတင်စိုစွတ်ဖူးခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

## (15)

မင်းဘွဲ့ ရွှေလွှာကို စာမူခဆိုပြီး တစ်လျှောက်လုံးပေးခဲ့သည့် ငွေများကိုလည်း အတိအကျပင် ရွှေလွှာက ပြန်ပေးခဲ့သည်။ မင်းဘွဲ့ ပန်းခြံထဲမှာ သူမကို လိုက်ရှာနေစဉ် သူမက ရုံးသို့လာပြီး ပေးသွားခြင်း ဖြစ်သည်။ ရုံးရှိ စောချိုဝင်း၊ ကြီးဖေ၊ နန်းပိုင်၊ လဲ့ဝါဆို၊ ဆွေဆွေ၊ ဝင်းဝင်းဖြိုးတို့ကိုလည်း နှုတ်ဆက်သွားခဲ့သည်။ အပြန်အလှန် စိတ်မကောင်း ဖြစ်ခဲ့ကြရသည်။

"ငါ အခု ဘာလုပ်ရင်ကောင်းမလဲ"

အကြံပေးသံများ ထွက်မလာ။ သူ တစ်ချိန်လုံးသူမကို ကူညီခဲ့သော်လည်း သူမ တကယ်ထွက်သွားဖို့ ဖြစ်လာချိန်တွင်တော့ သူခြောက်ခြားနေခဲ့သည်။

"မင်း အခု ငါဘာလုပ်ရင်ကောင်းမလဲ ဆိုတဲ့မေးခွန်းက ဘာကိုပြောတာလဲ။

သူ့ကို ထွက်မသွားအောင် ဘာလုပ်ရမလဲလို့ မေးတာလား၊ ဒါမှမဟုတ် သူထွက်သွားရင် ငါဘယ်လိုနေရမလဲဆိုပြီး မေးတာလား"

ကြီးဖေ မေးခွန်းက အသေးစိတ်သည်။ ဟုတ်သည်။ သူ့ဆန္ဒတွေ ရောထွေးနေသည်။ အခု သူ ဘယ်လိုအခြေအနေကို လိုချင်နေမှန်းကို ကိုယ့်ကိုယ်ကိုယ် ပြန်မေးရဦးမည်။



"ငါ . . . ငါတကယ်တော့ မသွားစေချင်ဘူးပေါ့။ ဒါပေမဲ့ သွားလည်း သွားစေချင်တယ်။ သူ အနှစ်နှစ်အလလ သွားချင်နေတဲ့ခရီးကို ငါဘယ်လိုလို့ တားရက်မှာလဲ။ အဟင်း . . . တားနိုင်စွမ်းလည်း မရှိပါဘူး။ ဒါကြောင့် ငါဘာလုပ်ရရင် ကောင်းမလဲဆိုတာ သူမရှိတဲ့နောက် ငါဘယ်လိုနေရမလဲလို့ မေးတာဖြစ်မယ်"

သက်ပြင်းတွေ ရောထွေးနေသည်။ သူတို့ရှေ့တွင် ဖန်ခွက်ပုပုလေးများနှင့်အတူ ရေခဲတုံးများလည်း မရှိပါ။ ဒီအချိန် ယမကာအကူအညီနှင့် စိတ်သက်သာရာ ထွက်ပေါက် ခဏရှာကြည့်မည့်နည်းကို စောချိုဝင်းနှင့် ကြီးဖေက ငြင်းဆန်ထားသည်။

"မင်း သူ့ကို မမေ့နိုင်သေးတဲ့အထိတော့ သူနဲ့သွားခဲ့ဖူးတဲ့နေရာလေးတွေ ပြန်သွားပြီး သူ့အကြောင်းတွေ အလွမ်းပြေ တွေးကြည့်ပေါ့။ အဲ့ဒီလိုနည်းနဲ့ပဲ စိတ်ဖြေကြည့်ရင်း တဖြည်းဖြည်း မေ့ရမှာပဲ"

ဒီနည်းက လွမ်းစိတ်ကို ပိုမိုတိုးရန်သာရှိမည်။ နောက်ပြီး ရွှေလွှာကလည်း သူ့ကို တောင်းဆိုထားသေးသည်ကို သူသတိရမိသည်။ ပြတင်းပေါက်အပြင်တွင် လသည် တိမ်မျှင်များကြားမှ ရုန်းထွက်ရန် တွန်းကန်နေသည်။ ကြယ်တွေ မျက်နှာငယ်နေကြသည်။

"သူပေးခဲ့တဲ့ စာထဲမှာ ငါ့ကို တောင်းဆိုထားတာရှိတယ်"

". . . . . . . . . . . ."

"နင်တဲ့ ငါထွက်သွားပြီးနောက်ပိုင်း ငါတို့ အတူရှိခဲ့ဖူးတဲ့နေရာတွေဆီ ခဏခဏ ပြန်သွားကြည့်ပြီး ငါ့ကို သတိရမနေပါဘူးလို့ ကတိပေးပါလားတဲ့"

ထိုသို့ သူ့ကို ရွှေလွှာ လေးလေးနက်နက် တောင်းဆိုခဲ့သည် မဟုတ်ပါလား။ ပြတင်းပေါက်အပြင်တွင် လကို တိမ်မျှင်တို့က ရုန်းထွက်ခွင့်မပေးကြောင်း ပြန်လည်ပြောဆိုနေသည်။ ကြယ်တွေကတော့ မျက်နှာငယ်လျက်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေလွှာညဏ်ကောင်းတယ်ဟု ကြီးဖေက တီးတိုးရွတ်သည်။ စောချို့ဝင်း၏ အတွေးပါပါ ပြောလိုက်သည့်စကားက ပိုကောင်းနေပါသည်။

"ဒါပေမဲ့ သူမှ မထွက်သွားသေးတာ၊ မင်း သူတောင်းတဲ့ကတိကို သေချာစောင့်ထိန်းချင်တယ်ဆိုရင်တောင် ဒီတစ်ပတ်အတွင်း သူ ထွက်မသွားခင်အထိ မင်းမှာ အခွင့်ရှိသေးတာပဲ"

" . . . . . . . . . . . "

ရွှေလွှာ သူ့ကိုဘာကြောင့် ဒီလိုတောင်းဆိုခဲ့တာမှန်း သူသိပါသည်။ သူမအတွက်နှင့် အချိန်တွေများစွာ နစ်မွန်းလွမ်းမောရင်း မကုန်ဆုံးစေချင်တာကြောင့်မှန်း သူသိပါသည်။ သို့သော် ယခု စောချို့ဝင်း၏ စကားက ဆွေးမြေ့မှေးစင်းနေသည့် သူ့မျက်လုံးကို ဝင်းသွားစေသည်။ သူ့အတွက် လုပ်စရာတချို့ကိုလည်း သူ ပြန်သတိရမိသည်။

"ဟုတ်ပြီ"

သူ ရေရွတ်သည်။

"ငါ အိပ်တော့မယ်။ မနက်ကျ ငါ့ကို ငါးနာရီနှိုးစမ်းပါ"

ပြောပြီး မင်းဘွဲ့ သူ့အိပ်ရာရှိရာသို့ ထွက်သွားတော့သည်။

မင်းဘွဲ့ထွက်သွားပြီးမှ ကြီးဖေက . . .

"အဲဒါကြောင့် မင်းကို ခပ်ခွာခွာခံစားဖို့ ပြောခဲ့သားပဲ"

ဟု တီးတိုးရေရွတ်ပြန်သည်။ စောချို့ဝင်းက ခေါင်းယမ်း၍ထကာ ဗီရိုပေါ်က နာရီကို လက်တံများလှည့်၍ နှိုးစက်ပေးလိုက်လေသည်။



သူ နံနက်စောစော နှိုးစက်မမြည်ခင် ထခဲ့သည်။ ဘူတာသို့သွားကာ ရရာလက်မှတ်ယူ၍ သူထွက်ခဲ့သည်။ ရွှေလွှာနှင့် အတူသွားခဲ့ဖူးသော ရွှေလွှာ့အဘိုးရှိရာဆီသို့။ သို့သော် အဘိုးအိမ်အထိ မသွား။ ရထားပေါ်ကဆင်းပြီး မြေလမ်းအတိုင်းလျှောက်၍ အဘိုးအိမ်မရောက်ခင် လမ်းမှာရှိသည့် ရွှေလွှာနှင့်အတူ အရိပ်ခိုခဲ့ဘူးသော သစ်ပင်ဆီသို့ သွားခြင်းဖြစ်သည်။ ထိုသစ်ပင်အောက်တွင် ခုံတန်းလျားတစ်ခု သူ ဆောက်လုပ်ပြီး ပြန်လာခဲ့သည်။

တိုက်ခန်းပြန်ရောက်တော့ သူ့အဝတ်အိတ်တွေထဲ အဝတ်အစားတွေ ခေါက်ခတ်ထည့်နေတော့သည်။

"ဟေ့ကောင် . . . အဲ့ဒါ ဘာတွေလုပ်နေတာလဲ"

"ဟာ . . . အဝတ်တွေသိမ်းပြီး ဘယ်သွားမလို့လဲဟ"

သူငယ်ချင်းနှစ်ယောက်က နားမလည်စွာ မေးကြသည်။ သူ သေပ္ပမှုတ်ပြီး . . .

"ငါ ငါ့ဦးလေးရှိတဲ့ရွာဆီ ခဏပြန်ဦးမယ်ကွာ။ ငါ့စိတ်ကိုငါ သက်သက်သာသာ ထိန်းချုပ်နိုင်ဖို့ ခရီးထွက်ဖို့ လိုအပ်တယ်လို့ ငါထင်တယ်။ ပြီးတော့ သူနဲ့ အမှတ်တရတွေ များဖူးတဲ့ ဒီမြို့မှာ သူတောင်းတဲ့ ကတိကို ငါထိန်းနိုင်မယ်မထင်ဘူး။ ငါ့ကို အလုပ်လည်း ခဏနားခွင့်ပြုကြကွာ"



www.burmeseclassic.com

www.burmeseclassic.com

"အလုပ်ကိစ္စက ထားစမ်းအသာ။ အခု မင်းထွက်သွားမယ်ဆိုတဲ့ခဏက ဘယ်လောက်ကြာမှာလဲ"

မင်းဘွဲ့ တစ်ချက် ပြန်တွေးကြည့်သည်။ သူမကို တမ်းတစိတ်များ အနည်းထိုင်ချိန်အထိပေါ့။ သို့သော် တစ်ဘဝလုံး အနည်ထိုင်ပါ့မလား။

"နှစ်လလောက် ဖြစ်ဖြစ်ပေါ့ကွာ"

"ကောင်းပါတယ်။ ရွှေလွှာထွက်သွားတော့မှာက သေချာနေပြီပဲ။ သူမသွားခင် မင်းအရင်ထွက်သွားတော့ ခေါင်းပေါ်က လေယာဉ်ပျံ ဖြတ်ပျံသွားရင်လည်း ဝမ်းမနည်းရတော့ဘူးပေါ့"

"ဘာပဲဖြစ်ဖြစ် လောလောလောလော မလုပ်စမ်းပါနဲ့ . . . သူငယ်ချင်းရာ။ ညနေကျမှ နန်းပိုင်တို့၊ ဝင်းဝင်းဖြိုးတို့လည်း ခေါ်ပြီး အသိပေးပြီးမှ မင်းကို လက်မှတ်လိုက်ဖြတ်ပေးမယ် ဟုတ်ပြီလား"

သူငယ်ချင်းတွေက ကောင်းကြပါသည်။

စောချို့ဝင်းနှင့်ကြီးဖေမှာ ခေါက်လည်း မခေါက်တတ်ဘဲ အဝတ်တွေ ကူခေါက်ပေးနေကြသည်။

သူ . . .

သူမကို တစ်ခါလောက်ပဲဖြစ်ဖြစ် ထပ်တွေ့ချင်စိတ်များ ဖြစ်ပေါ်နေပါသည်။



## (16)

ရထားတစ်တန်၊ ကားတစ်တန်နှင့် ခရီးရှည်ဆက်ရသည့် မြန်မာပြည်မြောက်ပိုင်းရှိ ဦးလေးတို့ရွာသို့ သူရောက်သည်။

မရောက်တာကြာပြီဖြစ်သည့်သူ့ကို ဦးလေးက လှိုက်လှိုက်လှဲလှဲ ကြိုဆိုသည်။ ဦးလေးက သူ့ကို ငယ်စဉ်ကတည်းက ထိန်းကျောင်းကျွေးမွေးခဲ့သူ။ သူ၏ ဝမ်းမနာဒူးမနာ မိဘပင်။

"အထူးအဆန်းပဲ။ ဘယ်လိုစိတ်ကူးပေါက်ပြီး ရောက်လာတာလဲ"

"အသည်းကွဲလို့"

လို့ မင်းဘွဲ့က တစ်ခွန်းတည်းဖြေတော့ ဦးလေးက မရယ်။ ရှင့်ကားနေသည့် နှုတ်ခမ်းမွေးနှစ်ဖက်ကို သပ်ရင်းသာပြုံးသည်။ သူ ဒီမှာ ဘယ်လောက်ကြာမည် မသိကြောင်းလဲ ပြောပြလိုက်သည်။

ဦးလေးက လယ်များစွာ ပိုင်သည်။ မွေးမြူရေးခြံတွေ များစွာပိုင်သည်။ အလုပ်သမားတွေ များစွာရှိ၍ မင်းဘွဲ့ အထူးပိုင်းဝန်းကူညီရာမလို။ ဦးလေးကလည်း မခိုင်း။ မင်းဘွဲ့ တောရန့်တောင်ရန့်ကြားမှာ သူ့ကို အလွမ်းဖြေသည်။ ရံဖန်ရံခါ ဘုန်းကြီးကျောင်းသွား၍ ရွာထဲမှ ကလေးငယ်များကို အင်္ဂလိပ်စာ သင်ပေးတတ်သည်။ ပြီးလျှင် ပုံပြင်များလည်း ပြောပြတတ်သည်။ သူခေါင်းထဲမှ ရွှေလွှာကို တတ်နိုင်သလောက် ထုတ်ထားလိုက်သည်။ သို့သော် မတတ်နိုင်ပါ၊ သူမ ပြန်ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

စမ်းချောင်းနံဘေးမှာ ထိုင်တော့လည်း ရေထဲကအရိပ်မှန်သမျှ သူ့ပုံရိပ်တွေချည်း ဖြစ်နေသည်။ ရေထဲက ငါးကလေး ခုန်ပွက်တော့လည်း ရွှေလွှာ့မျက်ခုံးမွေးလေးများကို ခုံးဝန်းသွားသည်ဟု သူမြင်သည်။ လိပ်ပြာတွေ၊ မြက်ပင်တွေကြားမှာ လျှောက်ပျံနေတာမြင်တော့လည်း အခုချိန် ရွှေလွှာ တခြားနိုင်ငံမှာ ဘယ်တွေလျှောက်သွားနေမလဲ တွေးမိသည်။ ဘာပန်းကို မွှေးမွှေး သူ့ရနံ့ကလေးသာ အပြေးရရှိနေသည်။

တောင်တန်းပေါ်ကနေကြည့်တော့ ဆည်းဆာဘက်ဆီက ပျံသန်းလာသည့် အမည်းရောင်ငှက်ကလေးများက မင်းဟာ အသည်းကွဲသမားလားဆိုပြီး ပြိုင်တူအော်မေးကြသည်။ တောင်တန်းစောင်းစောင်းတွေ များစွာကလည်း သူမ မျက်စောင်းလောက်ပင် မက်မောစရာမကောင်း။

အဝေးမှာ လယ်ပြင်ဝါဝါများ၊ ကောက်ပဲသီးနှံတွေထဲက အလွမ်းတွေ ထ,ထခုန်ပျံနေတာကို သူမြင်သည်။ ဒီအချိန်ခေါင်းပေါ်က လယ်ဘုံပျံတစ်စင်း ဖြတ်ပျံသွားမှာကို စိုးရိမ်နေသည်။

ဘာရယ်မဟုတ်ဘဲ ခြံထဲက ကြက်တွေ ဥ,ဥနေရင် လွမ်းသည်။ ဒီနေ့ဟာ သူ့ပြက္ခဒိန်အရဆိုရင် 'ကြက်ဥနေ့' များဖြစ်နေမလား။ အင်း သူ သူ့ရည်းစားနဲ့ပြန်တွေ့လို့ အခုချိန်ဆို ပျော်ရွှင်နေမလား၊ မီးဖိုခန်းထဲအတူဝင်ပြီး စားစရာတွေ အတူတူချက်စားနေမလား၊ အတွေးတွေက ဆက်စပ်ပြန့်ကျဲ။

ဒီရွာတွင် မင်းဘွဲ့ဖုန်းက လိုင်းမမိ။ ဓာတ်ပုံရိုက်ရန်နှင့် ဂိမ်းဆော့ရန်သာ အသုံးဝင်။ ကမ်းရိုးတန်းဒေသလည်း မဟုတ်ဘဲနှင့် ကမ်းရိုးတန်းဖုန်းတွေသာ လိုင်းမိသည်။ ရွာက အတန်ငယ် တိုးတက်အဆင်ပြေသဖြင့် ရွာထဲတွင် ဖုန်းဆိုင်သိပ်မရှားပါ။ သို့သော် မင်းဘွဲ့ ဘယ်သူ့ဆီမှ ဖုန်းမဆက်ဖြစ်။

ဆက်ချင်စိတ်လည်း မရှိ။

တချို့တွေအတွက် နေ့ရက်တွေက အကုန်မြန်နေသည်။ တချို့တွေအတွက်တော့ လက်တံတွေကော၊ နေလုံးကိုယ်တိုင်ကော နှောင့်နှေးနေသလို၊ မင်းဘွဲ့အတွက်ကော ဘယ်လိုလဲ။ ပုံမှန်ပါပဲ။ နေဝင်၊ လထွက်၊ ငှက်ပျံ၊ ပန်းတွေပွင့်၊ ထိုသို့ဖြင့် တစ်နေ့ပြီး တစ်နေ့ . . . တစ်နေ့။



တစ်ရက် . . .

တစ်ပတ် . . .

နှစ်ရက် . . .

နှစ်ပတ် . . .

သုံးရက် . . .

သုံးပတ် . . .

လေးရက် . . .

တစ်လ . . .

နှစ်လလောက်ရှိတော့ သူပြန်ရန် ဆုံးဖြတ်သည်။

ဒီနေ့ရက်တွေမှာ သူမေ့ဖို့ တကယ်ကြိုးစားခဲ့ပါသည်။ သို့သော် တကယ်မေ့လို့ မရကြောင်းလည်း တကယ်သိခဲ့ပါပြီ။

သူ ဒီလိုအချိန်တွေ ဖြုန်းနေတာကို ရွှေလွှာသိရင်လည်း နှစ်သက်မည်မဟုတ်။ သူမသည် သူ့ဘဝအတွက် နှလုံးသားအလယ်ခေါင်က ပန်းရောင်အမှာစွတ်တစ်ခုဖြစ်ခဲ့ပြီးပါပြီ။ ဘဝမှာ လုပ်စရာတွေ များလွန်းသေးသည်။ သူ သူမကို မမေ့သလို လူငယ်တစ်ယောက်၏ တာဝန်များကိုလည်း မေ့ရန်မသင့်။ သူ့စိတ်ကို အလုပ်လုပ်လို့ရအောင် ထိန်းနိုင်ပြီဟု စိတ်ချရ၍ သူပြန်ရန် ဆုံးဖြတ်ခဲ့သည်။

သူ့ဦးလေးကလည်း သူ့ကို ထွေးဖက်နှုတ်ဆက်ရင်း . . .

"ဘဝဆိုတာ အရှင်ကြီးကွ။ သေနေတာမဟုတ်ဘူး၊ အမြဲတမ်းကြည့်ကျက်ဖြတ်သန်းနေရမှာ"

ဟု သူပြောတတ်သလို ပြောကြည့်သေးသည်။

သူ့ ဦးလေးကို ကန်တော့၍ ပြန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## (17)

မရောက်တာကြာပြီဖြစ်သည့် ကိုယ့်ရုံးကိုပြန်ဝင်ရမှာ အနည်းငယ် ရင်ခုန်သလို ဖြစ်နေသည်။ ရုံးခန်းထဲတွင် ပုံပြင်တွေ၊ သူငယ်ချင်းတွေ စောင့်နေကြမည်ဟု သူမြင်ယောင်သည်။ သူဝင်လာတာ မြင်လျှင် အပြုံးအမျိုးမျိုးနှင့် သူ့ကို ပြန်လည်ကြိုဆိုကြမည်ဟု သူသိနေသည်။

ထိုအသိ လုံးဝမှားယွင်းခဲ့သည်။

သူ ပြုံးရွှင်စွာနှင့် ရုံးခန်းအတွင်းဝင်လိုက်တော့ . . .

သူငယ်ချင်းတွေကို တွေ့ပါသည်။ သူငယ်ချင်းတွေ အားလုံးကလည်း သူ့ကို အတွေ့မှာ ကျောက်ရုပ်တွေလို ရပ်တန့်သွားကြသည်။ အားလုံး၏ မျက်နှာများ ပျက်ယွင်းနေကြသည်။

ပြုံးလျက်ဝင်လာသည့်သူတောင် ကြောင်သွားသည်။ စောချိုဝင်းက သက်ပြင်းချကာ သူ့ရှေ့ဆီလာပြီး . . .

"မင်း ပြန်လာပြီပေါ့။ ကဲ . . . ဒါဆို ငါတို့ ရွှေလွှာအိမ်သွားကြမယ်"

"ဟင် . . ."

စောချိုဝင်း ဘာသဘောနှင့်ပြောတာလဲ မင်းဘွဲ့ လုံးဝနားမလည်။ လှဲဝါဆိုကလည်း အံဆွဲထဲက သော့ကိုဆွဲယူပြီး သွက်သွက်လာကာ . . .



"လာ . . . ငါ့ကားနဲ့ သွားကြမယ်"

ကားဖြူတစ်စီးက လမ်းမပေါ်မှာ တလိမ့်လိမ့် ပြေးနေသည်။ ကားထဲမှာ မင်းဘွဲ့၊ လှဲဝါဆို၊ ဝင်းဝင်းဖြိုး၊ စောချိုဝင်း။

"ဘာတွေဖြစ်လို့လဲ ငါ့ကို အရင်ပြောပါဦး"

မင်းဘွဲ့၏ မျက်မှောင်ကုတ်လျက်အမေးကို ဝင်းဝင်းဖြိုးက အမေးနှင့်ပြန်တုန့်ပြန်သည်။

"နင့်ဖုန်းက ဘာလို့ ငါတို့ဆက်မရတာလဲ"

"ငါ့ဦးလေးတို့ဘက်က G လိုင်း မမိဘူး"

"ဒါဆိုလည်း ရတဲ့ ဖုန်းနဲ့ နင် ငါတို့ဆီ ဆက်ဖို့ကောင်းတာပေါ့"

"ငါ . . . ငါ နင်တို့အသံကြားရင် ရွှေလွှာကို ပြန်သတိရနေမှာစိုးလို့ပါ"

"အခုကော နင်မေ့နိုင်ခဲ့လို့လား"

မင်းဘွဲ့ မဖြေ။ ဝင်းဝင်းဖြိုး အသံထဲမှာ သူ့ကို အပြစ်တင်လိုဟန်တွေ ပါနေသည်။ 'ဘာတွေလဲ' ဟူသည့် မျက်လုံးနှင့် ကြီးဖေကို ကြည့်တော့ ကြီးဖေက အကြည့်လွှဲရင်း . . .

"ရွှေလွှာအိမ်ရောက်ရင် မင်းသိရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ရွှေလွှာ့အိမ်က ခြံဝကနေ အိမ်ဆင်ဝင်ရှေ့ရောက်ဖို့ပင် အတော်မောင်းယူရအောင် ကျယ်ဝန်းသော ဧရိယာရှိသည်။

အိမ်ထဲဝင်လိုက်တော့ မျက်နှာကြက်မြင့်မြင့်နှင့် အိမ်ကြီးက နေရာတိုင်း တောက်ပြောင်နေသည်။ အိမ်အပေါ်ထပ်မှ လက်ရမ်းကို ကိုင်တွယ်၍ဆင်းလာသော ရွှေလွှာ့ဖခင် ဦးနိုင်ရွှေအောင်ကို အဆင်သင့်တွေ့လိုက်ရသည်။ ဦးနိုင်ရွှေအောင်က ဦးစွာပင် . . .

"ဪ . . . မောင်မင်းဘွဲ့ ပြန်ရောက်ပြီကိုး"

မင်းဘွဲ့ လှေကားတွေပေါ် ပြေးတက်သွားပြီး . . .

"ဦးလေး . . . ဘာတွေဖြစ်လို့လဲ။ ရွှေလွှာကော . . ."

ဦးနိုင်ရွှေအောင်က မင်းဘွဲ့ပခုံးမှကျော်ကာ မင်းဘွဲ့သူငယ်ချင်းများသို့ လှမ်းကြည့်သည်။ ကြီးဖေတို့၊ လဲ့ဝါဆိုတို့ မျက်နှာအိုအိုနှင့် ခေါင်းငိုက်ချသွားသည်။

"မောင့်ရင်ကို မောင်ရင့် သူငယ်ချင်းတွေကလည်း မပြောပြထားကြသေးဘူးကိုး"

" . . . . . . . . . . . . "

အားလုံး မင်းဘွဲ့ကို တစ်ခုခု လျှို့ဝှက်ထားကြပြီမှန်း မင်းဘွဲ့သိလိုက်သည်။



"လာ . . . ဦးလေးနောက်က လိုက်ခဲ့"

ဦးနိုင်ရွှေအောင်နောက်က လိုက်သွားသည်။ ဦးနိုင်ရွှေအောင်မှာ သူ ပထမဆုံးအကြိမ်တွေ့ဖူးသည့် အခေါက်ကထက် များစွာ အိုမင်းညှိုးရော်နေသည်ဟု သူမြင်မိသည်။

အပေါ်ထပ် အခန်းတစ်ခုရှေ့ရောက်တော့ ဦးနိုင်ရွှေအောင် ရပ်လိုက်သည်။ မင်းဘွဲ့ကို မည်သည့်အကြည့်ဟု ပြောရန်ခက်သော ပင်ပန်းသောအကြည့်တစ်မျိုးနှင့် အရင်ကြည့်သည်။ ပြီးမှ ထိုအခန်း၏ တံခါးလက်ကိုင်ဘုကို အသာလှည့်ပြီး . . .

"ဒီအခန်းထဲကို ကြည့်လိုက်ပါ . . . မောင်ရင်"

မင်းဘွဲ့ တုန်တုန်လှုပ်လှုပ်နှင့် တံခါးကို အသာလှပ်၍ ကြည့်လိုက်သည်။ သူ မြင်လိုက်ရသည်က . . .

"ဟာ . . . "

သူမြင်လိုက်ရတာက ရွှေလွှာ မဟုတ်ပါ။ သို့သော် ရွှေလွှာပါပဲ။ သို့သော် . . .

"ဒါ . . . ဒါ . . . "

"ဦးရဲ့သမီးအစစ် ရွှေသဝဏ်လွှာပါပဲ"

ဟု ဦးနိုင်ရွှေအောင်ကပြောလိုက်တော့ သူ့ဝှန်းခနဲ ကျွံကျသွားသလို ခံစားလိုက်ရသည်။

"ရွှေလွှာရယ် . . ."

သူ နာကျင်လွန်းစွာ တမ်းတမိတော့သည်။

ရွှေလွှာ့ပုံစံက သူတွေ့မြင်နေကျ ရွှေလွှာ့ပုံစံမဟုတ်ပါ။ ရွှေလွှာအခန်းတစ်ခုလုံး ရှုပ်ပွနေပါသည်။ ဆွဲဖြဲထားသော စာရွက်အပိုင်းအစများ၊ ပန်းပွင့်များ၊ ပေါက်ခွဲထားသော ပစ္စည်းအစအအနများဖြင့် ရှုပ်ထွေးညစ်ပတ်နေသည်။ သူမကိုယ်တိုင်လည်း ဆံပင်များမှာ ဖွာလျားရှုပ်ထွေးလျက် ဖြစ်နေသည်။ ဆံပင်များ ဖရိုဖရဲဖုံးအုပ်နေသည့်ကြားထဲမှ



www.burmeseclassic.com

www.burmeseclassic.com

မြင်နေရသည့် မျက်လုံးများမှာ ကြောင်သေသေနှင့် မျက်ဆံများ နက်နေသည်။ ဒါ ဘယ်လိုအမူအရာမျိုးလဲ။

"ဒါ . . . ဒါ . . . ဘယ်လိုဖြစ်တာလဲ . . . ဦးရယ်"

ဦးနိုင်ရွှေအောင်က အောက်ထပ် ပြန်ခေါ်ဆင်းခဲ့သည်။ ညှိခန်းတွင် ဝိုင်းထိုင်ပြီးမှ သူတစ်ယောက်တည်းသိရန် ကျန်ရှိနေသောအဖြစ်ကို ဦးနိုင်ရွှေအောင်ကပင် ပြောပြတော့သည်။

"အဖြစ်ကတော့ . . ."

ဦးနိုင်ရွှေအောင် မျက်လုံးများမှာ တုန်ယင်လာပါသည်။

ℼ ℼ ℼ



သူမ ဖေဖေ့ကို ကန်တော့လိုက်သည်။ ဖေဖေက သူမ၏ လက်အုပ်ချီထားသော လက်ချောင်းများကို ဆုပ်ကိုင်၍ သမီးလေးရယ်ဟု တီးတိုးရေရွတ်သည်။ သူမ စိတ်ထဲမကောင်းပါ။

ပြီးတော့ ဖေဖေက လမ်းခရီး ဘေးအန္တရာယ်ကင်းစေရန် အမိကဆုတောင်းပေးနေသည်။ သူမ ဘယ်အချိန်ပြန်လာမယ်၊ ဟိုမှာ ဘယ်လောက်အထိ ကြာမယ်၊ ပြန်မလာဘဲ ဟိုမှာပဲ အခြေချသွားနိုင်သလားစတာတွေကို သူမဘက်က မပြော။ ဖေဖေကလည်း မမေးပါ။ ဖေဖေက မမေးရဲခြင်းဖြစ်မည်။ သူမဘက်ကတော့ ယတိပြတ် မပြောနိုင်ခြင်းဖြစ်သည်။

သူမ သူမ၏ချစ်သူဖြစ်သူကို မတွေ့မချင်း ရှာဖွေနေမှာဖြစ်ပြီး ကမ္ဘာပတ်ရလည်း ပတ်ရန် ဝန်မလေးတတ်သော သူမအတွက် အိမ်ပြန်ခရီးကို ကြိုတင်မှန်းဆဖို့ ခက်နေပါသည်။ သူမ၏ ခေါင်းမာသောစိတ်ဖြင့် တစ်ခုခုများ အဆင်မပြေဖြစ်ခဲ့ပါလျှင် ထိုခရီးက ဆန့်နိုင်သမျှ ဆန့်သွားဦးမည်။ ဖေဖေက ဝမ်းနည်းနေတော့ သူမကိုယ်သူမ မကောင်းမှန်းပြန်သိမိနေသည်။

"သမီးက ဖေဖေ့အပေါ် အမြဲဆိုးခဲ့ပေမယ့် သမီးဘယ်နေရာရောက်ရောက် ဖေဖေ့သမီးပဲ ဖြစ်နေမှာပါ . . . ဖေဖေရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေါ့ . . . ကလေးရဲ့။ ဖေဖေကလည်း တစ်ခါတလေ လစ်လျူရှုခဲ့တာတွေရှိပေမယ့် သမီး ဘယ်လိုအခြေအနေဖြစ်နေပါစေ ဖေဖေ့သမီးပါပဲ"

သူမ မျက်ရည်ဝဲလျက် 'ဟုတ်' ဟု ခေါင်းညိတ်ပြလိုက်တော့ ဖေဖေ နည်းနည်း ပြန်ရွှင်သွားပုံရပါသည်။ ဖေဖေ့လည်ပင်းကို ဖက်ကာ နောက်ဆုံး နှုတ်ဆက်ခဲ့သည်။ ဖေဖေ လေယာဉ်ကွင်းအထိ မလိုက်ပါ။

အိမ်က ဒရိုင်ဘာနှင့်သာ သူမထွက်ခဲ့ရသည်။ ကားပေါ်ရောက်တော့ စိတ်အပြောင်းအလဲဖြစ်အောင် နားကြပ်တပ် နားထောင်လာခဲ့သည်။ ဘာကြောင့်မှန်းမသိ ရေဒီယိုလိုင်းဖမ်းတဲ့ နေရာအထိ ဝင်မိပြီး ခလုတ်နှိပ်မိတော့ Story F.M မှ အသံလွှင့်နေတာကို ကြားလိုက်ရသည်။

"Story F.M ချစ်ပရိသတ်များအားလုံး မင်္ဂလာပါလို့ Story F.M တစ်ခုလုံးကိုယ်စား ကျွန်မ လဲ့ဝါဆိုက နှုတ်ခွန်းဆက်ပါရစေရှင်။ အခု ပရိသတ်တွေ စောင့်မျှော်နေတဲ့ ပုံပြင်သစ်ကဏ္ဍအစီအစဉ် ရောက်ရှိလို့လာခဲ့ပါပြီ။ ခါတိုင်း ဒီပုံပြင်သစ်ကဏ္ဍကို အသံလွှင့်နေကျ ကိုမင်းဘွဲ့က ခရီးစဉ်တစ်ခုရှိနေတာကြောင့် ကျွန်မက အစားဝင်ရောက်တင်ဆက်မှာ ဖြစ်ပါတယ်ရှင်။ ကိုမင်းဘွဲ့အသံကို မျှော်လင့်နေသော ပရိသတ်များအားလုံးကလည်း စိတ်ကွက်ခြင်း အလျင်းမရှိဘဲ ဝါဆို့ရဲ့တင်ဆက်မှုကို စောင့်မျှော်အားပေးကြမယ်လို့ ယုံကြည်ပါတယ်ရှင့်။ အခုပြောမယ့် ပုံပြင်ကတော့ . . ."

ဝါဆိုအသံကလည်း ကြည်လင်သော ဆွဲဆောင်မှုရှိသည်။ သို့သော် အခု ရှွေလွှာ့စိတ်ထဲ ဝင်လာသည်က မင်းဘွဲ့ ဘယ်ထွက်သွားလဲပင်။ ခုနက ဝါဆိုပြောသွားသည့်အထဲမှာ မင်းဘွဲ့ခရီးစဉ်တစ်ခုရှိနေသည်တဲ့။ Story F.M တွင် သူမလည်း ပါဝင်ပတ်သက်ခဲ့ဖူးသည်ပဲ။ ခရီးထွက်ရသော အရေးကိစ္စများ မရှိခဲ့ပါ။ ထို့ကြောင့် မင်းဘွဲ့ထွက်သွားသည်မှာ သူမကြောင့်ဟု သူမ အလိုလိုသိမိသည်။



"မင်းဘွဲ့ရယ် . . ."

သူမ နားကြပ်ကို ဆွဲချွတ်လိုက်သည်။ ဝါဆို အသံဆက်ကြားနေရင် မင်းဘွဲ့ကို အတွေးထဲက ဆွဲထုတ်လို့ ရမည်မဟုတ်တော့။ သူမ ရအောင် မင်းဘွဲ့ကို အာရုံထဲမှာ ဆွဲထုတ်ပစ်ပြီး တခြားအကြောင်းအရာများပြောင်းလဲ၍ တွေးနေလိုက်သည်။

အခုသွားမည့် ခရီးအတွက်သာ သူမအကောင်းတွေ ရွေးချယ်မြင်ယောင်နေလိုက်သည်။ ဟိုရောက်ရင် နှစ်တွေကြာအောင် ဝေးကွာနေသော သူမချစ်သူနှင့် သူမ ပြန်တွေ့ရမည်။ ချစ်သူက အလုပ်တွေ ကြိုးစားကာ ငွေတွေစုထားမည်။ နောက် သူမတို့နှစ်ယောက် နွေရာသီတစ်ခုမှာ လက်ထပ်ကြမည်။ ပြီးလျှင် ကမ်းခြေတွေဆီ ခရီးထွက်ကြမည်။ ပျော်စရာဘဝတစ်ခုကို လက်တွေ့တည်ဆောက်ကြတော့မည်။ တနင်္ဂနွေနေ့တိုင်း ချစ်သူကို ဒါလင်သီချင်းလေး ပြန်ဆိုပြခိုင်းမည်။

ခြံထဲတွင် အဝါရောင်ပါသော ပန်းပင်တွေ အမြောက်အမြားစိုက်ကာ ထိုပန်းခင်းအလယ်မှ မြက်ခင်းပြင်တွင် နှစ်ယောက်သား လဲလျောင်းကာ မြင်နေရသော ကောင်းကင်ထဲက တိမ်မျှင်များကို ဝေဖန်စကားဆိုကြမည်။ ညနေခင်းတွေမှာ သစ်ပင်တွေအောက် လမ်းလျှောက်လျှောက်ကြမည်။ သူမက သူမ နှစ်သက်သော ပုံပြင်များကို သူမချစ်သူလည်း နှစ်သက်လိမ့်မည်အထင်နှင့် ပြောပြဦးမည်။ ချစ်သူနေမကောင်းလျှင် အရသာရှိသော စွတ်ပြုတ်တွေ တိုက်မည်၊ ငွေတွေအများကြီး စုဆောင်းမိသည့် တစ်နေ့မှာ မိမိနိုင်ငံသို့ ပြန်ကြမည်။ မတိုင်ခင်မှာတော့ နှီးစက်တွေကို အားကိုးကာ နံနက်ခင်းအတူတူ စောစောထ၍ အလုပ်အတူတူသွားကြမည်။ ချစ်သူ၏လည်စည်းကို သပ်သပ်ရပ်ရပ် စည်းပေးရန်သာ သူမ တာဝန်ဖြစ်သည်။ သည်လိုသာဆို သူမ ပြက္ခဒိန်ထဲ ကြယ်ဆသော ညများပင်သာ ရှိတော့မည်။ သူမ ခရီးစဉ်လေးကိုတွေး၍ နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com

က အလိုလို ပြုံးလာသည်။ ချစ်သူနှင့် တွေ့ရမည့်အရေးအတွက် ရင်တွေ ခုန်နေခဲ့သည်။

သို့သော် ထိုအချိန်မှာပဲ . . .

"ဟင် . . . "

သူမ တွေ့လိုက်ရသည်။

ကားမှန်ကို ထိုးဖောက်၍ ဟိုအရှေ့လမ်း စင်္ကြံပလက်ဖောင်း ရင်ပြင်ရှိ တစ်ခုခုကို သူမ တွေ့လိုက်ရသည်။ မြင်ကွင်းနှင့် သူမကား က အနည်းငယ်ကျော်သွားသည့်တိုင် သူမ လည်ပြန်ကြည့်နေမိလျက်။ သူမမြင်ရသည်က အမျိုးသားတစ်ယောက်နှင့် ထိုအမျိုးသား၏ လက်ကို ချိတ်ထားသော အမျိုးသမီးတစ်ယောက်။ အမျိုးသား၏ လက်ထဲတွင် ဆွဲ ချီထားသော ကလေးငယ်တစ်ယောက်။

"ကားရပ် . . . "

"ခင်ဗျာ"

"ကားရပ်လိုက်လို့ ပြောနေတယ်"

ကားက လမ်းဘေးကပ်၍ တုံ့ခနဲ ရပ်သွားသည်။ ဝုန်းခနဲ သူမ ကားတံခါးကိုဖွင့်ကာ သူမဆင်းသည်။

အမျိုးသားက ကျီစယ်စကားဆိုလိုက်၍ ထင်သည်။ အမျိုးသမီး က ပြုံးစူစူမျက်နှာထားနှင့် အမျိုးသား၏ပခုံးကို လက်တစ်ဖက်နှင့် မနာ မကျင်ထုပြီး ရယ်လေသည်။ ပြီးလျှင် အမျိုးသမီးက အမျိုးသားလက်ထဲ မှ ကလေးငယ်ကို နမ်းရှုံ့သည်။ အမျိုးသားကလည်း အမျိုးသမီးနမ်းရှုံ့ သည့်နေရာကိုပင် ထပ်မံနမ်းရှုပ်သည်။ ပြီးလျှင် ကလေးကို ပြန်ပြင်မြှောက် ချီကာ သူတို့ ရယ်မောအေးချမ်းနေကြသည်။

လမ်းတစ်ဖက်ပလက်ဖောင်းတွင် လမ်းလျှောက်ရင်း ထိုသို့ ပြုမူ နေသော အမျိုးသားနှင့် အမျိုးသမီးတို့၏ အမူအရာအားလုံးကို ဒီဘက် လမ်းပလက်ဖောင်းပေါ်မှ ရှေလွှာက ကောင်းကောင်းမြင်နေခဲ့ရသည်။



ထိုအမျိုးသားကို ရှေလွှာသိသည်။ သူမ ထိုအမျိုးသားကို ကြည့် ရင်း နှုတ်ခမ်းတွေ ရှုန်းကန်လာသည်။

"ကို . . . "

ထိုအမျိုးသားက သူမ၏ရင်ခွင်ထဲမှာ ထွက်ခွာသွားခဲ့သော သူမရဲ့ ရည်းစားပင်။ အခု သူမ လှမ်းမြင်နေရသည့် မြင်ကွင်းအရ သူ့ ဘေးက အမျိုးသမီးနှင့် လက်ထဲက ကလေးငယ်က ဘာလဲ။ အရာရာ စွန့်ပစ်နောက်ကျခံလိုက်ရပြီမှန်း စိတ်က အလိုလိုသိလာသည်။ ဟင့် . . ဟင့်အင်း . . . ။

"မ . . . မ . . . ဖြစ်နိုင်ဘူး"

တစ်ဖက်ကမ်း ပလက်ဖောင်းတွင် အမျိုးသားက လမ်းဘက် လက်တစ်ဖက်ဆန့်ထုတ်ကာ တက္ကစီငှားသည့်ဟန် ပြုလုပ်နေပြီ။

"ဟင့် . . . ဟင့်အင်း . . . ကို . . . ကို ကျွန်မကို ဒီလိုမလုပ် ရဘူး။ ကို . . . မသွားရဘူး၊ ဒါ . . . ဒါတွေ . . . မဖြစ်နိုင်ဘူး"

သူမစိတ်ထဲတွင် မီးတွေ တဖျစ်ဖျစ် တောက်လောင်လာသည်။ လက်တွေ တုန်ယင်နေပုံက တခိုက်ခိုက်နှင့် လှုပ်ခါမှု ပြင်းထန်လွန်းနေ သည်။ အဆမတန်သော နာကျင်အံ့သြစရာများ သူမထံ အရှိန်အပြင်း ဆုံး ဝင်ဆောင့်ကုန်သည်။ သူမ အနှစ်နှစ်အလလ မက်ခဲ့သော အိပ်မက် ကလေးအခု တစ်ခဏတွင်း တစ် . . . စ . . . စီ . . . ။

ကားပေါ်မှတွေးခဲ့သည့် စိတ်ကူးတွေ စိတ်ရူးတွေအဖြစ် ပြောင်း လဲ။ သူမခေါင်းထဲ အတွေးပေါင်းစုံ တရစပ်ဝင်ထွက်။

လမ်းတစ်ဖက်ရှိ အမျိုးသားတို့က တက္ကစီပေါ် တက်ရန်ပြင် နေပြီ။ သူမခေါင်းတွေ ခါယမ်းပစ်နေမိသည်။

"ကို . . . ကိုရေ . . . နင် မသွားရဘူး"

ဒရိုင်ဘာက လှမ်းတားတာ သူမ မကြားတော့။

သူမ ကိုယ့်ကိုယ်ကိုယ် သတိမထားမိဘဲ သွေးရူးသွေးတန်း ခြေ ထောက်တွေနှင့် ဟိုဘက်ကမ်းသို့ ပြေးအကူး . . .



www.burmeseclassic.com

www.burmeseclassic.com

"ကျွိ . . . ပွမ် . . . ပွမ်"

အနီးတစ်ဝိုက်က မြင်လိုက်သူအားလုံး ရင်ဘတ်လက်ဖိ၊ မျက်လုံးအဝိုင်းသား၊ ပါးစပ်အဟောင်းသား၊ နောက် အာမေဋိတ်သံများ။

"ကျွိ . . ."

"အား . . . "

သူမ နားနှစ်ဖက်နှင့်ညှပ်ပိတ်ရင်း အရူးတစ်ယောက်လိုလဲကျ။

. . . . . . . . . . . . . . . . . . . . . . . ။



"ကားနဲ့တော့ မတိုက်ခံခဲ့ရပါဘူး။ ဒါပေမဲ့ အရှိန်နဲ့ဝင်လာတဲ့ ကားကို ထိတ်လန့်သွားတာရယ် စိတ်ခံစားမှုတွေ မခံနိုင်အောင်လို့ ထိုးနက်နေတဲ့ အချိန်ရယ်ပေါင်းစုံပြီး အဲ့ဒီနေရာမှာ ရှော့ခ်ရိုက်ပြီး လဲကျသွားတာလို့ ပြောရမှာပဲ"

ဦးနိုင်ရွှေအောင်အတွက် ထိုအကြောင်းများကို ထပ်ပြောပြနေရတာ မကျက်သေးသည့် အနာကို ကုတ်ဖွဲ့နေရသလိုပါ။ မင်းဘွဲ့ စားပွဲလက်ထောက်ကာ ခေါင်းငိုက်ကျနေသည်။

စောချိုဝင်းက . . .

"ဆေးရုံရောက်ပြီး သူ သတိပြန်ရလာတော့ ကြောင်စီစီဖြစ်နေပြီ။ လူတွေကို မှတ်မိသလိုလို မမှတ်မိသလိုလိုနဲ့ ဖြစ်နေတယ်။ မှုမမှန်တော့တဲ့ မျက်လုံးတွေနဲ့။ ပြီးတော့ လူတွေ သူ့အနားကပ်တာကို မကြိုက်တော့ဘူး။ ရိုင်းရိုင်းစိုင်းစိုင်း တုံ့ပြန်ချင်လာတယ်။ နောက်ထပ်ဆိုးတာတစ်ခုက . . ."

စောချိုက ခဏနားလိုက်တော့ မင်းဘွဲ့က ဖြတ်မေးသည်။

"ဘာများလဲ"

"သူ . . . သူ . . . စကားမပြောနိုင်တော့ဘူးကွ။ ရုတ်တရက် ထိတ်လန့်လွန်ပြီး စိတ်ကြောင့် ဖြစ်သွားတာမျိုးပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ဘာလဲကွာ။ တောက် . . . ဘာတွေလဲ . . ."

မင်းဘွဲ့ မခံနိုင်တော့။ နံဘေးမှာ နံရံရှိရင် လက်နှင့် တဒိုင်းဒိုင်း ကုတ်ခြစ်ထိုးပစ်လိုက်မိမည်။ ရွှေလွှာရာ . . .။

အခုမှ အကြောင်းစုံသိသည့် မင်းဘွဲ့၏ ခံစားနေရပုံက ကျန်တဲ့လူတွေကိုပါ ကူးစက်နာကျင်လာစေသည်။ ဝင်းဝင်းဖြိုးနှင့် လဲ့ဝါဆို မျက်ရည်စို့နေသည်။

"ဒီလို ရွှေလွှာဖြစ်သွားတော့ ဦးလေးတို့ ဘာလုပ်ရမှန်းမသိဘူး။ မသိတဲ့ကြားက အားကိုးချင်လာတာကတော့ မောင်ရင့်ကိုပဲ။ ဆရာဝန်တွေက သမီးလေး နဂိုအခြေအန စိတ်ရှည်ရှည်နဲ့ စောင့်ရမယ်။ ကောင်းကောင်းစောင့်ရှောက်ရမယ်လို့ ပြောကြတယ်။ မောင်ရင်က သမီးလေးနဲ့ အနီးကပ်နေဖူးတယ်။ စိတ်နေစိတ်ထားခက်တဲ့ သမီးလေးကို မောင်ရင်က အနွံတာခံနိုင်ခဲ့သူ၊ ပျော်ရွှင်စရာတွေ ဖန်တီးပေးနိုင်ခဲ့သူဆိုတာလည်း ဦး သိတယ်။ ဒါကြောင့် ဦးသမီး နဂိုအခြေအနေပြန်ရဖို့ အနီးကပ် ကူညီနိုင်မယ့်သူအဖြစ် မောင်ရင့်ကိုပဲ မြင်တယ်။ ဒါ ဦးလေးစိတ်ထဲမှာ ဖြစ်နေတာတွေကို အမှန်အတိုင်း ပြောတာပါ . . . ငါ့တူရာ"

ဦးနိုင်ရွှေအောင် ပြောရင်းပင် မျက်လုံးမှာဝေ့နေသည့် မျက်ရည်ကို သုတ်လိုက်သည်။ လဲ့ဝါဆိုက . . .

"ငါတို့ နင့်ကို အမြဲဆက်သွယ်နေခဲ့တယ်။ ဘယ်လိုမှ ဆက်သွယ်လို့မရခဲ့ဘူး။ နင်စောစောသိရင် ရွှေလွှာ့အနား စောစောပြန်လာလို့ရအောင်ပေါ့။ အင်းလေ . . . ကံကိုက ဆိုးလွန်းတာပါ။ ဆက်သွယ်လို့ မရတဲ့ အခြေအနေတွေကလည်း ရှိခဲ့တာကိုး"

စကားတွေ တိုးတိတ်သွားကြသည်။

အားလုံး ကိုယ့်အတွေးနှင့်ကိုယ် ပူနေကြသည်။ မင်းဘွဲ့ ရင်ထဲ အစိတ်အပိုင်းတိုင်း ကြေမွနေသလို ခံစားရသည်။ ဒီလိုတွေ ဖြစ်မယ်မှန်းသိရင် ရွှေလွှာ့အနားက သူ ဦးအောင်ထွက်ခွာသွားမည်မဟုတ်။



ဖြစ်နိုင်ပါရင် အချိန်တွေကို သူမ ပြည့်ပသွားမည့် **အစီအစဉ်**ကို တားနိုင်မည့်အချိန်အထိ ပြန်ဆုတ်လိုက်ချင်သည်။ အခုတော့ . . .

သူတို့ အပေါ်ထပ် ပြန်တက်ခဲ့သည်။ တံခါး အသာလှပ်ကာ ရွှေလွှာ့ကို ကြည့်ရင်း ဦးနိုင်ရွှေအောင်ကို မင်းဘွဲ့ ကတိပေးဖြစ်သည်။

"ကျွန်တော် ရွှေလွှာ နဂိုပုံစံပြန်ရတဲ့အထိ စောင့်ရှောက်သွားပါ့မယ်"

⁂ ⁂ ⁂



www.burmeseclassic.com

www.burmeseclassic.com

## (18)

သူ ခိုင်မာစွာ ယုံကြည်ထားသည်။ သူ ဆရာဝန်တွေနှင့်လည်း တိုင်ပင်ကာ အစွမ်းကုန်ကြိုးစားသည်။ စိတ်ပညာစာအုပ်တွေလည်း ရှာဖတ်သည်။

အစပိုင်းမှာတုန်းကတော့ အဆင်မပြေ။ သူ ဆေးသွားတိုက်တိုင်း ဆေးလုံးတွေ လွှင့်ပစ်သည်။ အစာသွားခွံ့တိုင်း ပန်းကန်တွေ ရိုက်ချသည်။ သူ့ကိုပင် နီးရာပစ္စည်းများနှင့် ကောက်ပေါက်သည်။ ဆူပွက်စွာ အော်ဟစ်မောင်းထုတ်သည်။ သူမ ထိုသို့ တိရစ္ဆာန်အရိုင်းတစ်ကောင်လို ပြုမူတိုင်း သူ့ရင်ထဲ နင့်နင့်ပြီးတော့ နာသည်။ သို့သော် ကိုယ့်ကိုယ်ကိုယ်မှလွဲလျှင် ဘယ်သူမှ လာထိန်းချုပ်မပေးနိုင်သောစိတ်ကို သူ့ဘာသာ သူ သတိချုပ်၍ ပြန်ထိန်းချုပ်နေရသည်။ ခိုင်မာစွာ သူရှေ့ဆက်သည်။

ဘယ်လောက်ဆိုးနိုင်မလဲ လာခဲ့။ သူ သူမအနားမှာ ပေကပ်ရပ်ရပ်တည်သည်။ သူမ ဘယ်လောက်ရိုင်းစိုင်းစိုင်း သူ သည်းခံသည်။ သူ သည်းခံရကျိုး နပ်ပါသည်။ သူတိုက်သည့် ဆေးကို သူမ ကြည်ကြည်ဖြူဖြူသောက်သည့်နေ့က မင်းဘွဲ့ ဝမ်းသာလွန်း၍ တလောကလုံးကိုပင် ဖုန်းဆက်ပြောနေခဲ့သည်။ ဦးနိုင်ရွှေအောင်ကလည်း ဝမ်းသာသည်။ သူငယ်ချင်းတွေကလည်း အားတက်သွားကြသည်။



သူလည်း ပိုမိုယုံကြည်စွာ ဆက်ကြိုးစားနိုင်ခဲ့သည်။ သည်ကြားထဲ သူ နည်းလမ်းတစ်ခုကို ကံကောင်းစွာ ရှာဖွေရရှိခဲ့သည်။ သူ သန်ရာနည်းလမ်းပါပဲ။ ပုံပြင်ပြောခြင်းပင်။ ပုံပြင်နားထောင်ရတာကို သူမ နှစ်သက်ပုံရသည်။ သူ ပုံပြင်လေးတွေပြောပြီး ချဉ်းကပ်ရသည်။

"အဲဒီလိုနဲ့ စုန်းမကြီးရဲ့ ခြေထောက်ကို အချိုချက်စားလိုက်ရောတဲ့"

"ကောင်ကလေးက သူ့ခွေးလေးစားဖို့ကျတော့ ခုနက စားထားတဲ့ အစာတွေကို ပြန်အန်ကျွေးတာတဲ့"

သံသရာတစ်ပတ်လည်ပုံက မြန်လွန်းလှသည်။ သူမ သူ့ကို ပြောပြခဲ့သည့် ပုံပြင်များကို အခု သူက သူမကို တစ်ဖန် ပြန်ပြောပြရသည့် အဖြစ်နှင့် ကြုံနေခဲ့ရပြီ။

"နောက်ဆုံးတော့ မိန်းကလေးဟာ ခုံဖိနပ်လေးကို စီးနင်းလို့ ငြိမ်းချမ်းတဲ့နေရာဆီကို ထွက်သွားခဲ့ပါတော့တယ်ကွယ်"

ပြောစရာပုံပြင်တွေ ရှားလာတော့ သူ့ကိုယ်ပိုင် ပုံပြင်တွေလည်း ပြောပြရသည်။

သူမ ပုံပြင်တစ်ပုဒ် နားထောင်ပြီးတိုင်း ဆေးတိုက်၍ ရသည်။ အစာခွံ့၍ ရသည်။ ယခု အိပ်ခိုင်း၍ပင်ရပြီ။ မအိပ်မချင်းတော့ မင်းဘွဲ့က ခုတင်ဘေးကနေ ပုံပြင်များကို သီချင်းလို ဆိုပေးနေရသေးသည်။ ထိုအခါ သူမ ပြုံး၍ပင် ပြုံးလာတတ်ပြီ။ အရင်လို တွေ့ကရာပစ္စည်းများကို ဖျက်ဆီးတာ လွှင့်ပစ်တာမျိုး မရှိတော့။ စူးစူးဝါးဝါး အော်ဟစ်တာမျိုးလည်း မရှိတော့။ ရိုင်းစိုင်းသည့်အမူအရာများ တဖြည်းဖြည်း ပြန်ယဉ်ကျေးလာသည်။

ဆရာဝန်တွေပင် ရွှေလှ့အခြေအနေ တိုးတက်လာမှုနှင့် ပတ်သက်ပြီး မင်းဘွဲ့ကို ချီးကျူးကြသည်။ မင်းဘွဲ့လည်း အပင်ပန်းခံပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သူမကို အစစအရာရာ အသေးစိတ် ဂရုစိုက်လေ့လာသည်။ သူမကို ဘယ်လို စကားပြောရမည်လဲ။ ထိုပြဿနာကိုလည်း ခြေဟန်လက်ဟန်နှင့် အချင်းချင်း နှားလည်လာကြပြီ။

တစ်ခါတလေ သူတို့တစ်ယောက်နှင့်တစ်ယောက် သဘောပေါက်ကွဲသည့်အခါ သူမက စိတ်မရှည်ဘဲ အသံထွက်ပြောချင်လာသည်။

ထိုအခါတွင်တော့ . . .

"အ . . . အာ . . . အား . . . အာ . . ."

ထိုသို့ အသံပြွန်၏ ရုန်းကန်သံကိုသာ ကြားရပြီး စကားလုံးပီသစွာ မကြားရချေ။ သူမဆီမှ ထိုသို့ အသံကြားရသည့်နေ့မျိုးဆိုလျှင် မင်းဘွဲ့ရင်ထဲ မခံစားနိုင်။ ချောင်တစ်ခုကို ပြေးသွားကာ နံရံကို လက်သီးနှင့် ထိုးမိသည်။ သူကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် ပေါက်ကွဲစွာ စိတ်ထွက်ပေါက်မရှာမိအောင် ထိန်းချုပ်နေရသည်။ သူထိုသို့ဖြစ်တိုင်း ဦးနိုင်ရွှေအောင်ကလည်း ပခုံးလာပုတ်ကာ အားပေးရှာပါသည်။

ဒီအချိန် မင်းဘွဲ့က ဦးနိုင်ရွှေအောင်တို့ သားအဖအတွက် ဆရာဝန်များထက်ပင် ပိုအားကိုးရသော အကောင်းဆုံး သူစိမ်းဖြစ်နေပါပြီ။

မကြာခဏပင် စောချိုဝင်း၊ နန်းပိုင်၊ ကြီးဖေ၊ ဆွေဆွေ၊ ဝင်းဝင်းဖြိုး၊ လှဲ့ဝါဆိုတို့ကလည်း လာကြည့်ကြသည်။ ရွှေလွှာကို ရွှင်ရွှင်လန်းလန်းစကားပြောကာ အဖော်လုပ်ပေးကြသည်။ မင်းဘွဲ့က ဒါဘယ်သူ ဒါဘယ်သူဟု သူမကို အစက ပြန်မိတ်ဆက်ပေးရသည်။ ရွှေလွှာတွင် ရိုင်းစိုင်းသော အမူအရာများ လုံးဝပျောက်သွားခဲ့ပြီဖြစ်ပေမယ့် အတိတ်ကိုတော့ ကောင်းကောင်းသတိရသေး။ အရင်က ဘာတွေဖြစ်ခဲ့သည်ကို ပြန်မမှတ်မိသေး။ အရင်က သိကျွမ်းဖူးသူတွေကို ပြန်မမှတ်မိသေးသည့် အပိုင်းများ ရှိသေးသည်။ မင်းဘွဲ့ကိုလည်း မင်းဘွဲ့အဖြစ်မသိ။ သူမကို အနီးကပ်စောင့်ရှောက်နေသော လူတစ်ယောက်အဖြစ်သာ သိသေးသည်။



ဦးနိုင်ရွှေအောင်ကိုပင် ဖခင်အဖြစ် ပြန်မိတ်ဆက်ပေးထားရသည်။ အရာရာ သူမအတွက် အသစ်တွေ ပြန်ဖြစ်နေသည်။

အချိန်တစ်ခုကို စောင့်ရမည်သာ။ သူမ ဒီလောက်ကောင်းကောင်းမွန်မွန် ရှင်သန်နိုင်တာကို သူတို့ ဝမ်းသာနေကြသည်။ သပ်သပ်ရပ်ရပ်လေး နေထိုင်လာနိုင်သည်။ ခြံထဲဆင်းပြီး လမ်းလျှောက်၍ ပန်းပင်တွေနား သွားထိုင်တာမျိုး လုပ်တတ်လာသည်။ သဘာဝပတ်ဝန်းကျင်နှင့်ပင် ဆက်စပ်နိုင်နေပြီ။

မင်းဘွဲ့ကတော့ ညဏ်ရှိသမျှ သူမအတွက်သာ စဉ်းစားနေတော့သည်။

"ထိုင်ပါ . . . ငါ့တူ"

သူ ဦးနိုင်ရွှေအောင် ရှေ့ ဝင်ထိုင်လိုက်သည်။

"ဘာပြောစရာရှိလို့လဲ"

"ကျွန်တော် မနက်ဖြန် ရွှေလွှာကို အပြင်တစ်နေရာခေါ်သွားဖို့အတွက် ဦးလေးဆီ ခွင့်တောင်းချင်လို့ပါ"

မင်းဘွဲ့ သူ့စိတ်ကူးကို ပြောလိုက်သည်။ ဦးနိုင်ရွှေအောင် စဉ်းစားရသည်။ မင်းဘွဲ့ကိုက စိတ်မချချင်စရာမရှိ။ ကိုယ့်သမီးကိုယ်သာ မယုံကြည်သေးခြင်းဖြစ်သည်။ အပြင်ရောက်မှ သူမ စိတ်ပြန်လည်ဖောက်ပြန်ကာ ရိုင်းစိုင်းရမ်းကားလာမည်ကို စိုးရိမ်သည်။ လူကြားထဲ မင်းဘွဲ့လည်း အရှက်ကွဲရလိမ့်မည်။

"ငါ့တူက ဦးသမီးကို ကောင်းကောင်းစောင့်ရှောက်နိုင်တာ ဦးသိပါတယ်။ ဒါပေမဲ့ လူကြားထဲ ခေါ်သွားရလောက်အောင် ဦးသမီးကို စိတ်ချရပါဦးမလား။ မဟုတ်ရင် အားလုံး စိတ်ညစ်စရာကိစ္စတွေ ဖြစ်လာဦးမယ်"

"အဟင်း . . . ကျွန်တော်ခေါ်သွားမယ့်နေရာက လူအများကြီးမရှိတဲ့နေရာပါ . . . ဦးလေး။ မစိုးရိမ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com

မင်းဘွဲ့ဘက်က သေချာတောင်းဆိုနေတော့ ဦးနိုင်ရွှေအောင် ခေါင်းညိတ်လိုက်ပါသည်။

"ကျေးဇူးပါပဲ . . . ငါ့တူရယ်၊ ဒါဆို သွားရင် အိမ်ကကြိုတဲ့ကားတစ်စီး သုံးသွားနော်"

"နေပါစေ . . . ဦးလေး။ ကျွန်တော်တို့ခရီးက ရထားနဲ့ သွားရမှာပါ"

ᅏ ᅏ ᅏ



**(19)**

BURMESE CLASSIC .com

ရထားပေါ်ကဆင်းတော့ သဘောကောင်းသော မိုးတိမ်များက အုံ့ဆိုင်းနေ၍ သည်နေရာလေး အတန်ငယ် အပူလျော့နေသည်။

သူမက ခြေဟန်လက်ဟန်ဖြင့် သူမကို ဘယ်ခေါ်လာတာလဲဟု မေးသည်။ သူက ပြန်မဖြေဘဲ ပြုံးပြ၍သာ ဆက်လျှောက်စေခဲ့သည်။ မိနစ်နှစ်ဆယ်ခန့်လျှောက်လာပြီးတော့ သည်နေရာလေးကို ရောက်လာခဲ့ပါပြီ။

သစ်ပင်တစ်ပင်။ သစ်ပင်အခြေမှာတော့ မယွင်းမပျက်သေးသော ခုံတန်းလျားလေး။ ခုံတန်းလျားလေးကို မြင်တော့ မျက်လုံးဝင်းသွားသေးသဖြင့် သူမစိတ် တစ်မျိုးဖြစ်သွားပုံရသည်ဟု သူ ခန့်မှန်းမိသည်။

"ထိုင်ရအောင် . . . ရွှေလွှာ"

သူမနှင့်သူ အတူထိုင်ဖြစ်သည်။

သူတို့ထိုင်နေသည့် ဦးခေါင်းအထက် နည်းနည်းအကွာတွင်တော့ No Fool Zone ဆိုသည့် ဆိုင်းဘုတ်လေး ပင်စည်နှင့်ကပ်လျက်ရှိနေသည်။ ထိုဆိုင်းဘုတ်အောက်တွင် သူနှင့်အရူးမလေး အတူတွဲ၍ ထိုင်နေခဲ့ပါသည်။ ဟင့်အင်း . . . သူမ မရူးပါ။ အခု အတိတ်ကို သတိမရ ရှိလေးပါဟု သူ့စိတ်ထဲမှ ကဲကြမ္မာကို ပြန်လည်ချေပ ခွန်းတုံ့နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ ဒီနေရာမှ ခုံတန်းလျားလေးကို စလုပ်တော့ တူနှင့်လက်ကို ထုမိကြောင်း၊ ဖင်ကို သံစူးကြောင်း၊ သစ်ပင်ပေါ်က မြွေပြုတ်ကျကြောင်း၊ ချုံပုတ်က မီးထတောက်၍ ပျာပျာသလဲ ငြိမ်းရကြောင်းတွေ မင်းဘွဲ့ကပြောပြတော့ သူမက အသံမထွက်ဘဲ တသိမ့်သိမ့် ရယ်ရှာသည်။

ဒါ ခဏတာပါ။

ပြီးတော့လည်း ဘာမှ မပြောဖြစ်တော့ပြန်ပါ။

သူမက စကားမပြောနိုင်တာကြောင့် တိတ်ဆိတ်တာထားဦး။ သူကကော ဘာကြောင့် တိတ်ဆိတ်နေမိတာလဲ။ အတိတ်ကို ပြန်တွေးပြီး သူ ဆွံ့အနေခြင်းဖြစ်မည်။

ဘာကြောင့်မှန်းမသိ မင်းဘွဲ့အလိုလို နှုတ်ခမ်းက ရွတ်ဆိုချင်လာသည်နှင့် ရွတ်ဆိုနေမိသည်။

"ဒါလင် . . . ဒါလင် . . . ဒါလင် . . . ဒါလင် . . . ဒါလင် ဒါ . . . ဒါလင် . . . ဒါလင် . . .ဒါလင် . . . ဒါ . . . ဒါလင် . . . ဒါလင် . . . ဒါလင် . . . ဒါ"

သီချင်းဆိုနေရင်းနှင့် သူ သတိရမိသည်က ဒီကနေ့ တနင်္ဂနွေဖြစ်ခြင်းကိုပင်။ သူ ဆက်ဆိုနေမိသည်။

"ဒါလင် ဒါလင် ဒါလင် ဒါ့လင် ဒါလင့် ဒါ . . . ဒါ့လင် ဒါ ဒါလင့် ဒါ့ . . . ဒါလင့် ဒါဒါ ဒါဒါ့ ဒါဒါ . . . ဒါ ဒါဒါဒါ ဒါဒါဒါ"

ဆိုရင်း မောလာသဖြင့် သူ ခဏရပ်ကာ နားလိုက်သည်။

ထိုအချိန်မှာပဲ . . .

"ဒါ ဒါ ဒါ ဒါ ဒါ ဒါ့ ဒါ ဒါ ဒါ ဒါ့ ဒါ ဒါ ဒါ့ ဒါး ဒါ့ ဒါ့ ဒါ ဒါ ဒါး ဒါ့ ဒါ"

"ဟင် . . . "

သီချင်းသံက သူ့ဆီက ထွက်လာတာမဟုတ်။

သူမဆီက ထွက်လာခြင်းပါ။ သီချင်းသံက ပီသစွာပင်။



သူ သူမကိုကြည့်လိုက်တော့ သူမက သူ့ကို ကြည့်နေပြီးသားဖြစ်နေသည်။ မျက်ခမ်းစပ်မှာ တွန်နေသည့် မျက်ရည်ဥလေး လှစ်ခနဲ စီးကြောင်းအဖြစ် သူမပါးပေါ် ထင်ကျန်စေလာသည်။ သူမ ဆက်ဆိုနေခဲ့သည်။

"ဒါး ဒါ ဒါး ဒါ ဒါး ဒါး ဒါ . . . ဒါ ဒါ ဒါ ဒါ့လင် ဒါ့လင် အိုးဝိုး . . . ဒါ့လင် ဒါ"

သူမ သီချင်းဆုံးသည်အထိ ဆက်ဆိုသွားသည်။

မင်းဘွဲ့ ပါးစပ်အဟောင်းသားနှင့် အံ့ဩတုန်လှုပ်စွာ ငေးနေမိသည်။ သူထိုသို့ အံ့ဩနေစဉ်ပဲ သူမက . . .

"မင်း . . . ဘွဲ့ . . . "

"နင် . . . နင် . . . စကားပြောနိုင်ပြီ"

" . . . . . . . . . . . "

"ပြီး . . . ပြီးတော့ ငါ့ကိုလည်း မှတ်မိပြီ . . . ဟုတ် . . . ဟုတ်လား"

သူမ ဖြည်းညင်းစွာ ခေါင်းညိတ်ပြရင်း အတည်ပြုပေးသည်။ ပြီး သူ့လိုပဲ မတ်တတ်ရပ်လာပြီး . . .

"ငါ အားလုံးကို သတိရပြီ"

"ကောင်းတယ်။ အဲဒါ အကောင်းဆုံးပဲ"

မင်းဘွဲ့ ဝမ်းသာပြီး စိတ်လှုပ်ရှားလွန်းတာကြောင့် စကားတွေ တုန်ယင်မြန်ဆန်နေသည်။ မင်းဘွဲ့ သူမကို မျက်လုံးများဖြင့် ခွင့်တောင်း၍ လက်များဖြင့် ထွေးဖက်ထားမိပါတော့သည်။

"မင်းဘွဲ့ရယ် . . . "

သူမ မငြင်းပါ။ သူ့ပခုံးတွင် သူမပါးပြင်နှင့် မျက်နှာကို ကျေကျေနပ်နပ် အပ်ထားလိုက်ပါသည်။ သည်အတိုင်းလေးပဲ တစ်ဘဝလုံး နေသွားချင်ပါတော့သည်။ သည်အတိုင်းလေးဖြင့် လုံလောက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ရိုက်သိမ်းခံ
အမှန်တရားတစ်ခုအကြောင်း
ဒီနေ့ ပြောပြမယ်။ ။

ပြန်လာမလေးနဲ့ ဖျော်မိတဲ့ ကော်ဖီခွက်ထဲ
လေယာဉ်ပျံဖြူဖြူ ဆောက်ထိုးပျက်ကျ
လေထီးမပါတဲ့ ပိုင်းလော့ရဲ့
လေထဲအိပ်မက်တစ်ခုကြောင်း
ဒီနေ့ ပြောပြမယ် ။ ။

ကြာသပတေးမရှိဘူး စနေမရှိဘူး
ပြီးတော့ . . . မရှိဘူး
ကမ္ဘာဦးတုန်းက ကမ္ဘာဦးပဲရှိတယ်
ချစ်သူရယ်
လောကကြီးရဲ့ ငယ်ထိပ်မှာ
မက်မန်းသီးတစ်လုံးတင်ပြီး
ညို့ကြိုးမှာ နဂါးတပ်လို့ ပစ်ခတ်လိုက်ချင်တယ်
တို့တစ်တွေကို ကံကြမ္မာက လုပ်ရက်သွားပုံများ
တံခါးမရှိ ဓားမရှိ
အဲ့ဒီအကြောင်း ဒီနေ့ပြောပြမယ်။ ။



မီးတောင်အပုပ်ကြီးက
ခြေလှမ်းတိုင်းကို ချော်ရည်တွေ
တဖွက်ဖွက် လိုက်မှတ်နေတယ်
ချစ်သူ မင်းအိပ်မက်မှာ မပျော်တဲ့အခါ
ကိုယ့်အိပ်မက်ဆီ ခုန်ကူးခဲ့ပါ
ကိုယ့်ညတွေ မင့်ကြောင့် ကျယ်ဝန်းတဲ့အကြောင်း
ဒီနေ့ ပြောပြမယ် ။ ။

ဘယ်သူ့ရဲ့ သောက်သုံးမကျတဲ့ အရေးအသားပါလဲ
ဂျစ်ပစီတွေကို တောင်ကပ်ပြီးသွားလို့
ရူမဆန်တဲ့ရူတွေ
ရူနံ့လိုက်ဝယ်နေတာ တွေ့ခဲ့တဲ့အကြောင်း
ဒီနေ့ပြောပြမယ် ။ ။

ဝံ့လက်ဖဝါးပျောက်တိုင်း
နင့်လက်ဖဝါးထဲ ပြန်ရှာရတဲ့ အချိန်ကို ချစ်တယ်
ဘယ်လောက် အတိတ် အတိတ်
ရေညှစ်ပြီး ပြန်ဝတ်
ကိုယ့်အင်္ကျီလေး ခေတ်မတုံးသေးတဲ့ အကြောင်း
ဒီနေ့ပြောပြမယ် ။ ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဘုရားသခင်က
ငှက်ကလေးအဖြစ် ဖန်ဆင်းပေးလို့
မြန်မြန်ပျံသန်းလာတုန်း
နတ်ဆိုးက
မင့်ရင်ထဲမှာ စာခြောက်ရုပ်ကြီးမြေစိုက်
ခပ်မိုက်မိုက်ရပ်နေခဲ့ပြီ
ဒီလို မျက်နှာဖုံးအတုရဲ့ ကြင်နာမှုအကြောင်း
ဒီနေ့ပြောပြမယ် ။ ။

ဒီစည်းကျော်ရင် ပစ်မယ်လို့
အသံရင့်ရင့်နဲ့ ပြောထားပေမယ့်
တစ်လှမ်းပြီးတစ်လှမ်း ကန်းသောအလွှမ်းတွေ
ရင်ထဲ ကင်းခြေများလို တရွရွဝင်လာတဲ့အကြောင်း
ဒီနေ့ပြောပြမယ် ။ ။

ဘဝဆိုတာ
ဘယ်သူ့အိပ်ရာ အဝင်မှာ
ဘယ်သူကပြောပြနေမှန်းမသိတဲ့ ပုံပြင်ရှည်ကြီးပါပဲ
ကိုယ်တို့က ချော်လဲတတ်တဲ့ ဇာတ်ကောင်တွေအဖြစ်
ပုံပြင်တိုင်းမှာ လာဖြစ်နေရတဲ့အကြောင်း
ဒီနေ့ပြောပြမယ် ။ ။



ပြန်တွေးကြည့်ရင်း
ဝမ်းနည်းပြီး ပျော်ရတယ်
ဝမ်းနည်းပြီး ပျော်ရတိုင်း
ဒီလို စိမ့်ဝင်မှုတွေ ပက်ကြားအက်ရှာနေတဲ့အကြောင်း
ဒီနေ့ ပြောပြမယ် ။ ။

တော်ပြီ ... တော်ပြီ ... တော်ပါပြီ အချစ်ရယ်။
မော ...
ဒီနေ့ ဘာဆိုတာမှ မပြောတော့ဘူး
မင်းပခုံးမှာပဲ တကယ်မှီအိပ်
ညနေခင်းလေးကို ကြိုးဆွဲခလုတ်နဲ့
တိတ်တိတ်လေး မှိတ်လိုက်မယ် ။ ။
.............................
.............................
ကိုယ်အေးမြနေတဲ့ အကြောင်း
အခုပဲ ပြောပြခဲ့ပါတယ်။

သုဝေး
APRIL, 2013
05:45 PM



www.burmeseclassic.com